အရှင်ဇနကာဘိဝံသ

၏

အမှတ်(၃၄)ကျမ်းစာ

ဗုဒ္ဓါနုဿတိဘာဝနာ

၁၃၆၂-ခုနှစ် ကဆုန်လ

နယူးဘားမားအော့(ဖ)ဆက်ပင်ရကပ်နှင့်ပတ်ဝိုက်

အမရပူရမြို့။

အချိန်ဒါန်း

ဗုဒ္ဓါနုဿတိဘာဝနာ။ ။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို အဖန်ဖန်အထပ်ထပ် သတိရနေခြင်းကို "ဗုဒ္ဓါနုဿတိ"ဟုခေါ်၏။ ထိုသတိကို မိမိစိတ်အစဉ်၌ ဖြစ်စေခြင်း, ထိုသတိဖြင့် မိမိစိတ်ကို ထုံမွှမ်းထားခြင်းကို "ဗုဒ္ဓါနုဿတိဘာဝနာ"ဟုခေါ်သည်။

ဘုရားရှိခိုး။ ။ ယခုအခါ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် တစ်နေ့လျှင် နံနက်တစ်ခါ ညဉ့်တစ်ခါအားဖြင့် အနည်းဆုံး ၂ကြိမ်မျှ ဘုရားရှိခိုးလေ့ရှိကြ၏။ ထိုသို့ ဘုရားရှိခိုးသောအခါ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို ရွတ်ဆိုရ၍ ရှိခိုးကြ၏။ ထိုသို့ နှုတ်ကရွတ်ဆိုသည့်အတိုင်းစိတ်ကလည်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို သတိရနေပါမူ ထိုအချိန်၌ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေရာ ရောက်ပါသည်။

လွယ်ကူသော ကမ္မဋ္ဌာန်း။ ။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းသည် နေ့စဉ် ဘုရားရှိခိုးလေ့ရှိသော ဗုဒ္ဓဘာသာဝင်တို့အတွက် လွယ်ကူသောကမ္မဋ္ဌာန်းဖြစ်ပါသည်၊ သို့ဖြစ်၍ ဤစာစောင်ကလေး၌ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ သာ၍စိတ်ရှင်စရာ ကဗျာလင်္ကာများဖြင့်လည်းကောင်း, ဂါထာနိဿယဖြင့်လည်းကောင်း, ဗုဒ္ဓဂုဏ်တော်များကို ဖွဲ့စီထားပါသည်၊ ကြည့်ရှုရင်း ရွတ်ဖတ်ရင်း နားထောင်ရင်း ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်နေပါလိမ့်မည်။

ဤစာစောင်ဖြစ်ရခြင်း၏အကြောင်း။ ။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၏ ကျောင်းအမကြီး(ပြန်လွန်တော်မူပြီးသော)ခေမာသီဝံဆရာတော်ဘုရားကြီး

နှင့် အဘိဝေမဟာရဋ္ဌဂုရု မဟိုးရိမ် ဆရာတော်ဘုရားကြီးတို့၏ ပစ္စယ ဒါယိကာမ, စစ်ကိုင်းတောင်– သုဗောဓာရုံတိုက်၏ ကျောင်းအမ, ရဟန်းအမကြီးဖြစ်သော မန္တလေးမြို့ဆိုင်းတန်းရပ် ကျောင်းအမကြီး ဒေါ်ကျင်သည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း၌ ဆောက်လုပ် အပ်သော ၂ထပ်ကျောင်းကြီး ပြီးစီးသောအခါ ကျောင်းပူဇော်ပွဲ ရေစက်ချအခမ်းအနားသို့ သီလရှင်များနှင့် လူဝတ်ဘကြောင်အချို့ကို ဖိတ်ရာဝယ် မှတ်သားဖွယ်ကောင်းသော စာအုပ်ငယ်ကလေးဖြင့် ဖိတ်ရလျှင်ကောင်းလိမ့်မည် ထင်ပါကြောင်း လျှောက်လာပါသည်၊

ထိုအခါ ရှေးက ရိုက်နှိပ်အပ်ပြီးသော ဂါထာပေါင်းချုပ်စာအုပ် ကလေးကိုထပ်၍ရိုက်နှိပ်ဖို့ပြောလိုက်ပါသည်၊ ထို့နောက် စက္ကူစျေး, ရိုက်နှိပ်ခ,ကောင်းသောအချုပ်–အဖုံးတို့အတွက် ကုန်စရာများဖွယ် တွေကို စဉ်းစားမိ၍ အသစ်စာစောင်တစ်မျိုးရေးပေမှသာ တာဝန်ကျေ ပေလိမ့်မည် ဟုယူဆမိပါသည်၊ ထိုသို့အသစ်ရေးရလျှင် "ကျောင်း တိုက်၌ ပို့ချလေ့ ဟောပြောလေ့ရှိသော ဗုဒ္ဓါနုဿတိဘာဝနာကို ရေးမှသာ ပြီးလည်းပြီးလွယ်, ကျောင်းရေစက်ချနှင့်လည်း သင့်လျော်ဖွယ်ရှိ၏" ဟုစဉ်းစားမိသောကြောင့် ပူအိုက်၍ စာမချဘဲ အနားယူနေစဉ် စာစောင်ကလေးစီရင်မှုကြောင့် ထွက်လာသော ရွှေးဖြင့် ထိုနွေအပူကို အေးစေရပါသတည်း။

အရှင်ဇနကာဘိဝံသ

၁၃၃၆–ခုနှစ်
နယုန်လ

ဗုဒ္ဓဘွဲ့ ရထိုက်သောပုဂ္ဂိုလ်	၁
ကျက်မှတ်ရန် လက်ာနှင့်အဓိပ္ပာယ်	၃
သဗ္ဗညုတ္တညာဏ်တော်၏ အစွမ်း ၃ ပါး	၁၁
ဥပယျဝမ်တရား ၅ ပါး	၁၂
ဘုန်းခေါင် ငါတို့ ဘုရားတည်း	၁၉
ဖိနဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ်	၂၀
ဘဂဝါဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ်	၂၄
အာဝေဏိကဂုဏ်တော် ၁၈ ပါး	၃၀
ဉာဏ်တော်အား ၁၀ ပါး	၃၆
ကာဠီသူဌေးသမီး	၄၇
သာတာဂိရ, ဟေမဝတနတ်များ	၄၈
ကာဠီ သောတာပန်တည်	၅၄
သောတာပန် ပယ်နိုင်သော အကုသိုလ်များ	၅၅
သောတာပန်ဖြစ်ခြင်း၏အကြောင်း	၅၆
သောတာပန်၏လက္ခဏာ	၅၇
သုရမ္ဘဋ္ဌက၏ သက်ဝင်၍ ယုံကြည်ပုံ	၅၈
အရိယာနှစ်သက်အပ်သော ၅ ပါးသီလ	၅၉
သောတာပန်နှင့်တူသူများ	၆၀
မဟာနာမ်မင်းကြီးလျှောက်ပုံ	၆၁
ပဌမတရားပွဲ ကျွတ်ကြသူများ	၆၃
ခုနစ်နှစ်အရွယ် အရိယာများ	၆၄
ဖုဿဒေဝမထေရ်ဝတ္ထု	၆၄
ဗုဒ္ဓအသံတော်နှင့် အသန္ဓိမိတ္တာဒေဝီ	၆၆

အနာထပိဏ်သူဌေး	၆၈
တရုတ်အမျိုးသမီးတစ်ယောက်	၇၂
မဟာကပ္ပိနနှင့် အနောဇာဒေဝီ	၇၃
ဓနဥ္စာနီဝတ္ထု	၈၁
မဟာဂန္ဓာရုံဆရာတော်	၈၅
ပြည်သစ်ဥပါသိကာမ	၈၇
ဗုဒ္ဓါနုဿတိအကျိုးရ	၉၀
အခွင့်ကောင်း အခါကောင်း	၉၁
ကမ္မဋ္ဌာန်းအားထုတ်ပါ	၉၄
သက်သာသလို ထိုင်ပါ	၉၆
ဗုဒ္ဓါနုဿတိ ကြိုးစားနည်း	၉၈
ရတနာ၏ မွန်မြတ်ပုံ	၁၀၀
အတူမဲ့ ရတနာ ၃ ပါး	၁၀၂
ခေမာထေရီဝတ္ထု	၁၂၂
သုမေဓာထေရီဝတ္ထု	၁၂၉
ဆုတောင်းခန်း	၁၃၇
လောဘ–ဒေါသ ဓာတ်လိုက်ပုံ	၁၄၅
ကျမ်းပြီး နိဂုံး	၁၄၇
နောက်ထပ်ဖြည့်စွက်ချက်	၁၅၁
အဇာတသတ် မဟာရာဇာ	၁၅၅
ဓမ္မာသောက မဟာရာဇာ	၁၇၂
ခရစ်တော်	၁၇၈

ဗုဒ္ဓါနုဿတိဘာဝနာ

ဗုဒ္ဓဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ်

မမှန်သောဘွဲ့နာမည်။ ။ "ဗုဒ္ဓ"ဟူသောပါဠိသည်သိစရာအားလုံးကို အကုန်သိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အပေါ်၌သာ တင်ထားရသော ဘွဲ့တော် နာမည်တော်ဖြစ်၏။ ထိုဘွဲ့တော် နာမည်တော်ကို နောက်လိုက် နောက်ပါ တပည့်ပရိသတ်များသော ဆရာတိုင်း၌ မတင်နိုင်၊ မိမိတို့၏ တပည့်များက မိမိတို့ဆရာကြီးကို အမှန်းတင်ကာ ဗုဒ္ဓ–ဗုဒ္ဓဟု ခေါ်နေကြ ဆရာကြီးတို့ကိုယ်တိုင်ကလည်း ဗုဒ္ဓ–ဗုဒ္ဓဟု ဝန်ခံနေကြစေကာမူ ဗုဒ္ဓအစစ် မဖြစ်နိုင်ပါ။

မှန်သောဘွဲ့နာမည်။ ။ ဗုဒ္ဓအမည်တော်ကို အမှန်အတိုင်း ရထိုက်သောပုဂ္ဂိုလ်သည် လက်ဘ၌ပါသော ဂုဏ်တော်အားလုံးနှင့် ပြည့်စုံ ရပါသည်၊ ဘုန်းကြီးနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးစား အားထားအပ်သော ဘုရားရှင်သည် ထိုဂုဏ်တော်များနှင့် ပြည့်စုံ–မပြည့်စုံကို လေးလေးနက်နက် အာရုံပြု၍ ကြည့်တတ်ဖို့ရန် ဘုန်းကြီးရေးပြအပ်သော စကားအစဉ်ကို ကြည့်ရုံဖတ်ရုံမျှမကဘဲ စိတ်ထဲ၌ စွဲနေအောင် သတိစိုက်လိုက်ပါ။ မိမိစိတ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း (ဖြစ်မှန်းမသိ) ဖြစ်နေပါလိမ့်မည်။

သီလကိုအခြေခံပါ။ ။ ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်း ဖြစ်သည့်တိုင်အောင် ဤစာကိုကြည့်ရင်း ကြိုးစားလိုသော သူတော်စင်သည် လူဝတ်ကြောင်ဖြစ်လျှင် အနည်းဆုံးအသက်မွေးမှုနှင့်

ဆိုင်သော အာဇီဝဋ္ဌမကသီလကို စင်ကြယ်ပါစေ၊ သီလရှင်ရဟန်းသာမဏေ ဖြစ်လျှင်လည်း အသက်မွေးမှုစင်ကြယ်ဖို့နှင့်ဟကွ မိမိသီလကို စင်ကြယ်ကြပါစေ။

သီလအကျိုး။ ။ သီလစင်ကြယ်လျှင် စိတ်နှလုံးကြည်ရှင်၏။ စိတ်ကြည်ရှင်လျှင် ဝမ်းမြောက်နှစ်သက်မှု နုသောပီတိဖြစ်၏။ နုသော ပီတိဖြစ်လျှင် သာ၍နှစ်သက်မှုဟူသော ရင့်သောပီတိဖြစ်၏။ ပီတိဖြစ်လောက်အောင် ဝမ်းမြောက်သောအခါ ကိုယ်စိတ် ၂ပါးငြိမ်းအေးလာ၏။ ချမ်းသာသုခ ဖြစ်လာ၏။ ချမ်းသာသုခ ဖြစ်သောအခါ၌ တောင်တောင်ဤဤ မကြံ့စည်တော့ဘဲ စိတ်တည်ကြည်မှုသမာဓိဖြစ်၏။ ထိုသို့စိတ်တည်နေမှသာ ဗုဒ္ဓမြတ်စွာကို ဉာဏ်ဖြင့် ထင်ထင် မြင်နိုင်ပါသည်။

သာမညအကျိုးမဟုတ်။ ။ ထို့ကြောင့် ငါးပါးသီလစသော မိမိသီလ စင်ကြယ်မှုကြောင့် ရနိုင်သောအကျိုးကို "သာမညအကျိုးကလေး" ဟု မယူဆပါနှင့်၊ ဤဘဝ၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်မှုမှ စ၍နောက်ဘဝအတွက် အပါယ်လေးပါးမှ လွတ်မြောက်၍ ကောင်းရာသုဂတိသို့ ရောက်စေနိုင်လောက်သော အကျိုးကိုပင် ရစေနိုင်၏။ ကမ္မဋ္ဌာန်းအားထုတ်သူဖြစ်လျှင် ဤဘဝ၌ပင် တရားပေါက်နိုင်သော အကျိုးထူးကို ရစေနိုင်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာအထိ အကျိုးရှိအောင် ဤစာကိုကြည့်ရှုလို (သူတစ်ပါးဖတ်သည်ကို) နားထောင်လိုသော သူတော်စင်သည် မိမိထိန်းနေကျ သီလကို စင်ကြယ်အောင်ကြိုးစားစပါ၊ ထိုအခါ စာဖတ်ရင်း စာနာရင်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို အာရုံပြုနေရသည်မှာ အလွန်အရသာ ရှိပါလိမ့်မည်။

အရသာပေါ်အောင်ကြည့်ရှုပါ။ ။ ဤနေရာမှစ၍ ဗုဒ္ဓမြတ်စွာ၏ ပုံတော်ဂုဏ်တော်များကို ဖူးမျှော်ရ ကြည်ညိုရပါတော့မည်၊ ကိစ္စတစ်စုံတစ်ခုရှိနေသော် လည်းကောင်း, အိပ်ချင်နေသော် လည်းကောင်း, မျက်လုံးညောင်းနေသော် လည်းကောင်း, ပျင်းနေသော် လည်းကောင်း, ဤစာကို မကြည့်ရှုသေးဘဲ ထိုကိစ္စပြီးမှ, သို့မဟုတ် အိပ်ချင်ပြေ, အညောင်းပြေ, အပျင်းပြေမှ ဤစာကိုကြည့်ရှုပါ၊ ပေါ့ပေါ့ဆဆကြည့်ရှု ကြားနာလျှင် အရသာ ပေါ်မည်မဟုတ်ပါ။

ကျက်မှတ်ရန် လက်စာ

လက္ခဏာတော် ကြီးငယ်, အသွယ်သွယ်ဖြင့်, သပ္ပါယ်လှစွာ, ကိုယ်အင်္ဂါဝယ်, ပါရမီတော် အဟုန်, ကိုယ်လုံးခြုံ၍, မွမ်းထုံသင်းကြူ, . . . သယမ္ဘူဟု, ဉာဏ်တူကင်းလတ်, အရဟတ်ဖြင့်, သတ်ဖြတ်ခပင်း, ကိလေရှင်းသား, ... ဉာဏ်ရင်းမဟာ, ကရုဏာနှင့်, သမ္မာသမ္ဗောဓိ, အစရှိလတ်, ဉာဏ်တော်မြတ်၏, ကိန်းဝပ်စံပျော်, ခန္ဓာပေါ်ဝယ်, ဘွဲ့တော်ဗုဒ္ဓ, တင်ပါရသည်, ... လောကထွဋ်ထား မြတ်ဘုရား။

လက်စာ၏အဓိပ္ပါယ်

လက္ခဏာတော်ကြီးငယ်။ ။ "လက္ခဏာ" ဟူသော ပါဠိစကားသည် မြန်မာလို "အမှတ်အသား"ဟု အနက်အဓိပ္ပါယ်ပြု၏။ ထိုအမှတ်အသားသည် ရှေးရှေးဘဝက ပြုခဲ့အပ်သော ကံနှင့်ဆိုင်၏။ မျက်လုံး မျက်ခုန်း လက်ခြေစသော ကိုယ်အင်္ဂါ အစိတ်အပိုင်းနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ဝယ် ရှေးကံအားလျော်စွာကောင်း–

မကောင်းသော အမှတ်လက္ခဏာများ ပါရှိကြ၏။ ထိုလက္ခဏာကို ကြည့်၍ ဗေဒင်ပညာရှိတို့သည် ယောက်ျားကောင်း ယောက်ျားမြတ်, မိန်းမကောင်း မိန်းမမြတ်ဟု အတတ်သိနိုင်ကြသည်၊ [ထိုလက္ခဏာများကို ရတနာ့ဂုဏ်ရည် နောက်ဆက်တွဲ (နောက်ရိုက်စာအုပ်ဝယ်) ပြထားခဲ့ပါပြီ] အချုပ်မှတ်ဖွယ်ကား– ဗုဒ္ဓမြတ်စွာ၌ လက္ခဏာတော်ကြီး၃၂ပါး, လက္ခဏာတော်ငယ် ၅၀ဆယ်ရှိ၏။ ထိုတွင်....

အရပ်အမောင်း။ ။ ဗုဒ္ဓမြတ်စွာသည် မြင့်သောအရပ် တော်နှင့် လိုက်လျောသော ကိုယ်လုံးတော်, ထိုကိုယ်လုံးတော်မှ ပေါ်ထွက်သောကြောင့် "ကိုယ်ပေါက်" ဟု ခေါ်ဝေါ်ရသော လက်မောင်းတော်, ခြေတော်, လက်ချောင်းတော်, ခြေချောင်းတော်တို့နှင့် အဂါတိုင်းမှာ လွန်စွာတင့်တယ် သပ္ပါယ်တော်မူ၏။ အသားအရေတော်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်းနေ၏။

မျက်နှာတော်။ ။ မျက်နှာတော် ဖူးမျှော်၍မဝနိုင်အောင် လှပတင့်တယ် သပ္ပါယ်တော်မူ၏။ မျက်နှာတော်ဝယ် မျက်လုံးတော်အစုံသည် ညိုသင့်ရာအရပ်၌ ညို၍ ဖြူသင့်ရာအရပ်၌ ဖြူနေ၏။ ထိုမျက်လုံးတော်သည် ကြီးကြီးမားမား အလျားရှည်၍ ခပ်ကော့ကော့ စီရရီ ပေါက်နေသော မျက်မွေးများဖြင့် ထူးခြားစွာ တင့်တယ်တော်မူ၏။ မျက်ခုန်းတော်သည် မျက်လုံးတော်နှင့် လိုက်လျောအောင် ကြီးကြီးမားမားရှည်လျား၍ မျက်ခုန်း၏ အမွေးတော်များလည်း မကြမ်းတန်းဘဲ သိမ်မွေ့လျက် ၃ရက်လအရေးကဲ့သို့ ညွှတ်ကွေးတော်မူ၏။ နှာတံတော်သည် များစွာသော မြန်မာလူမျိုးများ၏ နှာတံကဲ့သို့ ပိပိပြားပြားမဟုတ်ဘဲ ခပ်မြင့်မြင့် တင့်တယ်တော်မူ၏။

နဖူးတော်။ ။ လက်ျာဘက်နားတော်၏ အစွန်မှစ၍ အထက်သို့ တက်သွားသော အသားပြင်သည် အထက်တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနား၏ အစွန်တိုင်အောင် တည်တော်မူ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် သင်းကျစ်ပြားဖြင့် ရစ်ပတ်ထားသကဲ့သို့ အလွန်တင့်တယ်တော်မူ၏။ ထိုနဖူးတော်ကို အတုလိုက်၍ ယခုအခါ အချို့ဆင်းတုတော်၏ နဖူးတော်၌ လည်းကောင်း ရှင်ဘုရင်တို့၏နဖူး၌လည်းကောင်း သင်းကျစ်ပြားကို ဖွဲ့ကပ်ထားကြသည်။

ဥဏ္ဏလုံ(မွေးရှင်တော်)။ ။ မျက်ခုန်းတော် ၂သွယ်၏ အလယ်ဗဟိုဝယ် နှာတံတော်၏ အဆုံးအထက်၌ ပေါ်ပေါက်၍ အထက်သို့တက်ပြီးလျှင် နဖူးတော်၏အလယ်မှာ လဝါဂွမ်းအစုကဲ့သို့ အလွန်ဖြူဖွေးစွာတည်နေ၏။ ထိုအမွေးတော်သည် ဆွဲ၍ဆန့်လိုက်သောအခါ လက်မောင်းတစ်ဝက်မျှ ရှည်လျား၍ လက်မှလွှတ်လိုက်သောအခါ လက်ျာရစ်လည်၍ စုသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်နေတော်မူသောကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရကား "ဥဏ္ဏလုံမွေးရှင်တော်"ဟု ခေါ်ဝေါ်ကြရသည်၊ ရွှေအဆင်းရှိသော နဖူးတော်အပြင်၌တည်သော ထိုမွေးရှင်တော်သည် ကောင်းကင်၌ အရုဏ်ရောင်လာခိုက်ဝယ် သောကြာကြယ်ကဲ့သို့ အလွန်တင့်တယ်တော်မူသည်။

နှုတ်ခမ်းတော်စသည်။ ။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတော်ဖြင့် တင့်တယ်နေသော မျက်နှာတော်ဝယ် နီမြန်းသောနှုတ်ခမ်းတော်, နီမြန်းသော သွားဖုံးတော်, ဖြူစင်သော

သွားတော်စွယ်တော်, ပြည့်သော အထက်မေး အောက်မေးတော်တို့သည် မျက်နှာတော်ကို ဖူးမျှော်ချင်ဖွယ် သာ၍တင့်တယ်အောင် တန်ဆာဆင်သကဲ့သို့ဖြစ်ကြသည်။ ဤနည်းအားဖြင့် ဦးခေါင်းတော် မျက်နှာတော်မှစ၍ ခြေဖဝါးတော်တိုင်အောင် လက္ခဏာတော်ကြီး ၃၂ ယ်, အသွယ်သွယ်ဖြင့် သပ္ပါယ်တော်မူသော ဘုရားရှင်ကို တွေ့မြင်ရသောအခါ ရုပ်လက္ခဏာ၌ ကျွမ်းကျင်သော ဝေဒပါရဂူတို့သည် ဘုရားအလောင်းတော်ကို လူ့ဘောင်၌ နေလျှင် စကြာမင်း, တောထွက်တော်မူလျှင် ဗုဒ္ဓစင်စစ်ကောန်ဖြစ်မည်ဟု အတတ်ဟောကြပါသည်။ [ဤနေရာ၌ "ပစ္ဆိမံ ဖလဒါနေန" စသော ရတနာ့ဂုဏ်ရည်ဂါထာကို ရပြီးသူတို့ကရွတ်ဆို၍ အာရုံပြုကြပါ။]

ပါရမီတော်အဟုန်, ကိုယ်လုံးခြုံ၍။ ။ ဗုဒ္ဓမြတ်စွာ၏မျက်နှာတော်စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ လေးအသခ္ခေ်နှင့်ကမ္ဘာတစ်သိန်း ကာလက ဖြည့်ကျင့်တော်မူအပ်ခဲ့သော ဒါနသီလစသော ပါရမီတော်တို့သည် တစ်ကိုယ်လုံးခြုံထားသကဲ့သို့ဖြစ်၏။ ပါရမီတော် အမွှေးအကြိုင်တို့ဖြင့် တစ်ကိုယ်လုံးမွှမ်းထုံ၍ထားသကဲ့သို့ဖြစ်၏။

အမျက်မထွက်, အဝတ်ကောင်းလျှ။ ။ ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူစဉ်အခါဝယ် သတ္တဝါတို့အပေါ်၌အမျက်ဒေါသ မထွက်ရအောင် မေတ္တာဖြင့် စောင့်စည်းတော်မူခဲ့၏။ သိမ်မွေ့နူးညံ့သော အဝတ်တို့ကိုလည်း ပေးလှူခဲ့၏။ ထို့ကြောင့် ရှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းတော်ကို ရတော်မူ၏။ ဤသို့အမျက် ဒေါသ မထွက်ရအောင် ချုပ်တည်းခဲ့သော ကောင်းမှု, နူးညံ့သောအဝတ်ကို ပေးလှူခဲ့သော ကောင်းမှုတော်အဟုန်သည် ဝါဝင်းသော အဆင်း

တော်ဖြင့် တစ်ကိုယ်လုံးလွှမ်းခြုံ၍မွှမ်းထုံထားသကဲ့သို့ဖြစ်ပေသည်။

ဂုဏ်နှင့်လိုက်အောင်ချီးမြှောက်။ ။ ဗုဒ္ဓမြတ်စွာသည် ပါရမီ ဖြည့်တော်မူစဉ်အခါ၌ ချီးမြှောက်ထိုက်သူကို ချီးမြှောက်သောအခါ သူ၏ဂုဏ်နှင့်လိုက်အောင် ချီမြှောက်လေ့ရှိ၏။ ပို၍လည်း မချီမြှောက်လျှော့၍လည်း မချီမြှောက်၊ ထိုသို့ချီမြှောက်ခြင်းအားဖြင့် အကဲ့ရဲ့ မခံရဘဲ လူအများကို နှစ်သိမ့်စေခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဖြစ်မည့်ဘဝ၌ အရပ်တော်အမြင့်နှင့် ကိုယ်လုံးကိုယ်ပေါက်တို့ လိုက်လျောသော ကိုယ်တော်ကို ရတော်မူ၏။ ဤသို့ရှေးရှေးဘဝ၌ သူ၏ဂုဏ်နှင့် လိုက်လျောအောင် ချီမြှောက်ခဲ့သော ကောင်းမှုပါရမီတို့က အရပ်အမောင်းကိုယ်လုံးကိုယ်ပေါက်တို့ကို လိုက်လျောအောင် လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

ဝိယစက္ခုဖြင့် ကြည့်ရှုခဲ့။ ။ ဗုဒ္ဓမြတ်စွာသည် ဘဝများစွာ ရှေးရှေးအခါတို့၌ သူတပါး၏ ကောင်းကျိုးကိုသာ လိုလားသဖြင့် ချစ်ကြည်သော ဝိယစက္ခုဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏။ ထို့ကြောင့် ဘုရားဖြစ်မည့်ဘဝ၌ အများ၏ချစ်စရာ ကြည်ညိုစရာကောင်းသော မျက်လုံး, မျက်ခုန်း, ကော့နေသော မျက်တောင်မွေးတော်တို့ကို ရတော်မူ၏။ ဤသို့ မေတ္တာရှေးရှု၍ ချစ်ကြည်သော စက္ခုဖြင့် ကြည့်ခဲ့သော ကောင်းမှုပါရမီတော်က မျက်လုံး မျက်ခုန်း မျက်မွေးတော်များကို လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

ကြက်သရေရှိတော်မူခြင်း။ ။ ဤပြအပ်ခဲ့သော နည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းဝယ် ယောက်ျားထူး ယောက်ျားမြတ်ဖြစ်ကြောင်းသိဖို့ရာ လက္ခဏာတော်ကြီး လက္ခဏာ

တော်ငယ်တို့ဖြင့် အမှတ်တံဆိပ်ခပ်နှိပ်ပါရှိရကား ထိုလက္ခဏာတော်တို့ကိုလည်း ရှေးရှေးကောင်းမှုပါရမီတော်တို့က တစ်ကိုယ်လုံးခြုံ၍ မွမ်းထုံနေသကဲ့သို့ ဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် လူမင်းနတ်မင်း ပြဟ္မာမင်း ပရိသတ်တို့အလယ်၌ သီတင်းသုံး၍ တရားဝမ္မသြဝါဒပေးတော်မူသောအခါ အမင်းမင်းတို့ကို လွှမ်း၍ ကြက်သရေမင်္ဂလာဖြင့် လွန်စွာသပ္ပါယ် တင့်တယ်တော်မူပါသည်။

စိတ်တော်အရည်အခြင်း။ ။ ဗုဒ္ဓမြတ်စွာ၏ လူ့လောကဝယ် ရုပ်လက္ခဏာအားဖြင့် အသာဆုံးယောက်ျားမြတ်ဖြစ်ပုံကို ပြပြီးပါပြီ၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဟူသည် လူ၌ဖွားမြင်၍ လူသားတစ်ယောက်ဖြစ်ကြောင်း (ရှေးခေတ်က ကပ္ပိလဝတ်နေပြည်– ယခုနီပေါပြည်, လုမ္ဗနီဥယျာဉ်ဝယ် မယ်တော်မာယာဒေဝီမှ ဖွားမြင်သော သာကီဝင်မင်းသားဖြစ်ကြောင်း) ကောင်းကောင်းသတိပြုခဲ့ပါ။ ယခုအခါ ထိုလူသားဖြစ်သော ဘုရာအလောင်း၏ စိတ်ဓါတ်တော် အရည်အချင်းကိုပြပါမည်။

သယမ္ဘူဟု။ ။ ဗုဒ္ဓမြတ်စွာသည် လူ့ဘဝ၌နန်းပြာသာဒ်သုံးဆောင်ဝယ် ယသော်ဝရာအမှုးရှိသော မောင်းမမိသံ်အခြွေအရံတို့နှင့်အတူ ထုံးစံအတိုင်းစံစားတော်မူစဉ် မင်္ဂလာဥယျာဉ်သို့ ထွက်လာသောအခါ သုဒ္ဓါဝါသပြဟ္မာမင်းတို့ ဆောင်ပြအပ်သော သူအို သူနာ သူသေတို့ကို မမြင်စဖူး မြင်ရသဖြင့် လူ့စည်းစိမ်၌ ငြီးငွေ့သော သံဝေဂဉာဏ်ဖြစ်တော်မူသည်၊ ထို့နောက်အလွန်တည်ငြိမ်စွာ တရားကျင့်နေသော ရဟန်းတော်ကိုမြင်ရသောအခါ ထိုရဟန်းတော်၏ ကျင့်ပုံကိုနှစ်သက်၍ တောထွက်တော်မူ၏။ တောသို့ရောက်သောအခါ အခြားယောဂီပုဂ္ဂိုလ်တို့ ကျင့်ဖို့ခဲယဉ်းလှသော

အကျင့်ကိုဖြေနှစ်ပတ်လုံးကျင့်တော်မူ၍ အလွန်ထူးခြားသောဉာဏ်တော်ကို ရတော်မူသည်၊ ထိုဉာဏ်တော်သည် ဆရာ တပါးပါး၍ နည်းပြ ခြင်းကြောင့် ရအပ်သောဉာဏ် မဟုတ်၊ ဘုရားအလောင်းကိုယ်တိုင် ကျင့်၍ ဖြစ်ပေါ်လာသော ဉာဏ်တော်ဖြစ်၏။ ထို့ကြောင့် "သယမ္ဘူဉာဏ်" မည်၏။ [သယံ– ဆရာမရှိ မိမိဘာသာ+ ဘူ– ဖြစ်ပေါ်လာသော ဉာဏ်တော်။]

ဉာဏ်တူကင်းလတ်, အရဟတ်။ ။ ထိုဉာဏ်တော်ဖြစ်ပေါ်လာသောအခါ ရာဂစသော ကိလေသာ အညစ်အကြေး ဟူသမျှတို့ လုံးဝဥဿုံ အကုန်သန့်ရှင်းသွား၏။ ထို့ကြောင့်ထိုဉာဏ်တော်ကို "အရဟတ္တမဂ်ဉာဏ်" ဟုခေါ်၏။ မြန်မာလို "ကိလေသာတို့ကို အလုံးစုံသတ်တတ်သော ရဟန္တာ၏ ဖြစ်ကြောင်းဉာဏ်" ဟုဆိုလိုသည်၊ အခြားရဟန္တာတို့၏ ကိလေသာကိုပယ်ရာ၌ အထုံဝါသနာကျန်သေး၏။ ဘုရာရှင်တော်၌ကား အထုံဝါသနာမျှမကျန်တော့၊ ထို့ကြောင့် "ဉာဏ်တူကင်းသော အရဟတ္တမဂ်ဉာဏ်"ဟုဆိုသည်။

ဉာဏ်ရင်းမဟာ, ကရုဏာနှင့်။ ။ ဗုဒ္ဓမြတ်စွာသည်ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာပင် အရဟတ္တမဂ်ဉာဏ်ကို ရ၍ ရဟန္တာဖြစ်နိုင်ပါ၏။ သို့သော အိုနာသေရေး အပါယ်ဘေးတို့နှင့် ရောထွေး၍နေပါလျက် ထိုဘေးတို့ကိုမတွေး မရှုနိုင်လောက်အောင် မေ့နေကြသောသတ္တဝါကို့ကို သနားတော်မူသော မဟာကရုဏာတော်ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ သတ္တဝါ အများကိုပင်ကယ်နိုင်သော ဘုရားတစ်ဆူဖြစ်အောင် ပါရမီတော်တို့ကို ဖြည့်တော်မူခဲ့သည်၊ ထို့ကြောင့် မဟာကရုဏာဉာဏ်ကို "ဉာဏ်အားလုံး၏

အရင်းခံဉာဏ်တော်" ဟုခေါ်ရပေသည်။

သမ္မာသမ္ဗောဓိ, အစရှိလတ်။ ။ အမှန်အတိုင်းလည်း သိ, (ဆရာမရှိဘဲ) ကိုယ့်ဘာသာလည်းသိနိုင်သောဉာဏ်တော်ကို "သမ္မာသမ္ဗောဓိဉာဏ်"ဟုခေါ်၏။ ထိုဉာဏ်သည် ပြအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်အရင်းခံသော သဗ္ဗညုတဉာဏ်တော်ပင်တည်း။ [သမ္မာ–အမှန်+ သံ–ကိုယ်တိုင်+ ဗောဓိ– သိသောဉာဏ်။]

လောကထွင့်ထား, မြတ်ဘုရား။ ။ ပြအပ်ပြီးသောစကားကို ပြန်၍စဉ်းစားပါ။ (၁) လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် အသပ္ပါယ်ဆုံးလည်းဖြစ်ခြင်း, (၂) ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်း၌ ကောင်းမှုပါရမီတော်တို့က လွှမ်းခြုံ၍ မွှမ်းထုံထားခြင်း၊ (၃) ရာဂ,ဒေါသ,မောဟစသော ကိလေသာတို့ကို သတ်ဖြတ်နိုင်သော အရဟတ္တမဂ်ဉာဏ်ကို ရခြင်း, (၄) သတ္တဝါတို့၏ အပေါ်၌ သနားကြင်နာကရုဏာကြီးမားခြင်း, (၅) အလုံးစုံကို အကုန်သိနိုင်သော သဗ္ဗညုတဉာဏ်တော်ကိုရခြင်း, ဤဂုဏ်တော်တို့၏ ကိန်းဝပ်စံပျော်ရာ ခန္ဓာကိုယ်ပေါ်၌သာ "ဗုဒ္ဓ"ဟု ဘွဲ့နာမည်တော်ကို တင်ထိုက်သည် ထိုသို့ တင်ထိုက်သော ယောက်ျားမြတ်သည်သာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အထွင့်အထိပ်ထားရသော ဘုရားဖြစ်ပါသည်။

တိုက်တွန်းချက်။ ။ ပြအပ်ပြီးသော ဤအဓိပ္ပါယ်ကိုကြည့်ရှု၍ ပြီးသောအခါ သက်တော်ထင်ရှား မြတ်ဘုရားကို မှန်းနိုင်လောက်ပါပြီ၊ ထိုဘုရားရှင်ကိုမှန်း၍ လက်အုပ်ချီကာ "လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, သပ္ပါယ်လှစွာ" စသော လက်ာကို ပြန်၍ဖတ်လိုက်ပါ၊ အရသာပို၍ ရှိပါလိမ့်မည်။

. . . . . .

သဗ္ဗညုတဉာဏ်တော်၏အစွမ်း

ကျက်မှတ်ရန်လက်ာ

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်,သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့်တရား, များအပြားဌ, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်,သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ,များဝေနေ၏, ကုန်ခြေစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား, ဤဂုပါးကြောင့်, အများဝေနေ, ကျွတ်လွတ်စေဖို့, မနေမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင် ငါတို့ဘုရားတည်း။

လက်ာ၏အဓိပ္ပါယ်

သိရန်မှန်က မကျန်ရ။ ။ "ဗုဒ္ဓ"ဟူသောဘွဲ့နာမည်တော်ကို ရ၍ရန် အရင်းခံဖြစ်သော သဗ္ဗညုတဉာဏ်တော်သည် ...(၁) သိဖို့ရန် ဘုရားမှန်သမျှကို မကျန်ရအောင် လုံးဝစုံလင် အကုန်သိမြင်နိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံတော်မူ၏။

၂။ **သိဘွယ်တရား။** ။ စကြဝဠာကမ္ဘာလောကသည် အဆုံးရှိအောင် များမြောင်လှသောကြောင့် အနန္တဖြစ်၏။ [အနန္တ =နု + ဝန္တ = အဆုံးမရှိ။] ထိုစကြဝဠာ အနန္တ၌ ရှိကြသော သတ္တဝါ

တို့ကား သာ၍ပင် အနန္တဖြစ်၏။ ထိုမျှလောက် အဆုံးမရှိအောင် များပြောင်သော်လည်း ထိုသတ္တဝါအားလုံး၌ရှိသော တရားတို့သည် စိတ်, စေတသိက်, ရုပ်, ၃မျိုးသာတည်း၊ ထို၃မျိုးမှတပါး, သတ္တဝါတို့၏ အတွင်း၌ မရှိသော နိဗ္ဗာန်နှင့် ပညတ်ကိုထည့်၍ သိဖို့ရန် တရားသည် အကျဉ်းချုပ်အားဖြင့် ၅မျိုးသာရှိ၏။

ဥယျာဉ်တရားငါးပါး။ ။ ထိုငါးမျိုးတို့ "ဥယျာဉ်တရားငါးပါး"ဟု (ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ, ဥာဏကထာ မာတိကာအဖွင့်၌) ဆိုသည်၊ [ဥယျ– သိသင့်သိထိုက်သော+ ဓမ္ဓ (ဓမ်)– တရား] ထိုငါးပါးကား သခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်း။ ဤငါးပါးကိုရည်ရွယ်၍ "များသခါရ, ဝိကာရနှင့် လက္ခဏပညတ်, နိဗ္ဗာန်ဓာတ်ဟု, ငါးရပ်သိရန်, ဥယျာဉ်ကို, ဖေါက်ပြန်မရှိ, ကိုယ်တော်တိုင်သိတော်မူသော" ဟုရတနာ၃ဂုဏ်ရည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့်၌ ပြခဲ့သည်။ [စိတ်စေတသိက်နှင့် နိဗ္ဗာန်ရုပ်၁၈ပါးကို သခါရဟုလည်းကောင်း, အနိဗ္ဗာန်ရုပ်၁၀ပါးကို ဝိကာရ, လက္ခဏ"ဟုလည်းကောင်း နာမည်တပ်သည်။

သက်မဲ့အရာဝတ္ထုကိုလည်းသိတော်မူ။ ။ ဗုဒ္ဓမြတ်စွာသည် အသက်ရှိသတ္တဝါတို့ကိုသာ သိတော်မူသည် မဟုတ်သေး, အသက်မရှိသော သစ်ပင် တော တောင် မြေ ရေ လေ မီးတို့၏ အကြောင်းအရာကိုလည်း ကောင်းစွာသိတော်မူ၏။ သစ်ပင်ကို မြင်တော်မူလျှင် ဤသစ်ပင်သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဖြူ၏။ မည်သည့်ဓာတ်လွန်ကဲနေသောကြောင့် နက်၏, နီ၏, ဝါ၏။, သစ်ခက်ကိုသည် မည်သည့်ဓာတ်လွန်ကဲသောကြောင့် ကောက်၏, ဖြောင့်၏,

ဆူးရှိ၏, ဆူးမရှိ, နူးညံ့၏, ကြမ်း၏။ သစ်ရွက်တို့သည် မည်သည့်ဓာတ်လွန်ကဲသောကြောင့် ညိုး၏, စိမ်း၏, ဝါ၏, ခြောက်၏။, ရွက်လှပင်၏ အရွက်တစ်ရွက်တည်း၌ပင် မည်သည့်ဓာတ်လွန်ကဲနေသောကြောင့် ဤနေရာသည် စိမ်း၏, ထိုနေရာသည် နီ၏, ဟိုနေရာသည် ဝါ၏။ ဤသို့စသည်ဖြင့် သက်မဲ့ဝတ္ထုအားလုံး၏ အကြောင်းအရာကိုလည်း ကောင်းစွာသိတော်မူသည်။ [ဤဉာဏ်တော်ကို အနေကဓာတု နာနာဓာတုကို သိသောဉာဏ်ဟုခေါ်၏။ သဗ္ဗညုတဉာဏ်တော်ဖြင့်လည်း သိနိုင်ပါသည်။]

ကံနှင့်အကျိုးကိုလည်း သိတော်မူ။ ။ ရှေးက ပြုလုပ်အပ်ခဲ့သော ကောင်းမှု–မကောင်းမှုကို (ထိုအမှုကို ပြုရာခဏ၌ ဖြစ်သော စေတနာကို) "ကံ"ဟုခေါ်၏။ ထိုကံ၏သတ္တိသည် ခန္ဓာအစဉ်၌ အမြဲလိုက်ပါကြောင်းကိုလည်း သိတော်မူ၏။ ထိုကံ၏သတ္တိသည် နောက်နောက်ဘဝ၌ ဂတိ, ကာလ, ဥပဓိ, ပယောဂတို့၏ သမ္မတ္တိဖြစ်မှု (ကောင်းမှု), ဝိပတ္တိဖြစ်မှု (မကောင်မှု)ကို လိုက်၍ အကျိုးပေး၏။ ဤသို့ခွဲခြား၍ သိတော်မူသည်။

သမ္မတ္တိ။ ။ ကောင်းနေမှု ပြည့်စုံနေမှုကို "သမ္မတ္တိ"ဟုခေါ်၏။ မိမိမှာရှိသော ကောင်းသောကံ အကျိုးပေးဖို့ရန် ထိုက်တန်သော ဘဝကို "ဂတိသမ္မတ္တိ"ဟုခေါ်၏။ ကောင်းသောကံ၏ အကျိုးပေးဖို့ရန် ထိုက်တန်သောကာလကို "ကာလသမ္မတ္တိ"ဟုခေါ်သည်။ ကောင်းသောအကျိုးကိုပေးဖို့ရန် ထိုက်တန်သော လှပသောရုပ်အဆင်းကို "ဥပဓိသမ္မတ္တိ"ဟုခေါ်၏။ ကောင်းသောအကျိုးပေးဖို့ရန် ထိုက်တန်သော ကာယပယောဂ (ကိုယ်ဖြင့်ပြုလုပ်မှု) ဝစီပယောဂ

(နှုတ်ဖြင့်ပြောဆိုမှု) မနောပယောဂ(စိတ်ဖြင့်ကြံစည်မှု)တို့ကို "ပယောဂသမ္ဘတ္တိ" ဟုခေါ်၏။ ကောင်းသောကံတို့သည် ထိုထို သမ္ဘတ္တိနှင့်ကြုံမှ ကောင်းကျိုးကိုပေးနိုင်ကြသည်။

ဝိပတ္တိ ။ ။ မကောင်းနေမှု–ပျက်နေမှုကို "ဝိပတ္တိ" ဟုခေါ်၏။ မိမိမှာရှိနေသော ကောင်းသောကံ၏ အကျိုးပေးဖို့ရန် မလျော်သော ဘဝ(ဂတိ), မလျော်သောကာလ, အရုပ်ဆိုးခြင်း, ကာယပယောဂ ဝစီပယောဂ မနောပယောဂတို့၏ ညံ့ဖျင်းခြင်းသည် ဝိပတ္တိဖြစ်၏။ ထိုဝိပတ္တိတခုခု ဖြစ်နေသောအခါ၌ ကောင်းသောကံသည် အကျိုး မပေးနိုင်၊ မကောင်းသောအကုသိုလ်ကံသာ အကျိုးပေး၏။

မှတ်ချက် ။ ။ သမ္ဘတ္တိ ဝိပတ္တိဖြစ်မှုသည် မူသေမဟုတ်၊ လူ၏ အလုပ်လိုက်၍ အပြောင်းအလွဲရှိ၏။ ဥပမာ– လသာသောအခါသည် လူကောင်းများအတွက် သမ္ဘတ္တိကာလဖြစ်၍, သူခိုးများအတွက် ဝိပတ္တိကာလဖြစ်သကဲ့သို့တည်း။

ကံပြုတုန်းကပင်သိတော်မူ။ ။ ကံကိုသိတော်မူရာ၌ ကံပြုတုန်းကပင် နောင်ပေးမည့်အကျိုးကို သိတော်မူ၏။ လူအများ စုပေါင်း၍ သူ့အသက်သတ်မှုစသော အကုသိုလ်တခုခုကိုပြုရာ၌ လူတစ်ယောက်သည် လုလ္လဝိရိယ အလွန်ကောင်း၏။ လူတစ်ယောက်ကား သာမန်လောက်သာ ကောင်း၏။ လူတစ်ယောက်မှာ အဖေါ်ဖြစ်သူတို့၏ ကျေနပ်ရုံ စိတ်မပါ့တပါဖြင့်ပြု၏။ ထိုသူ၃ယောက်အကျိုးပေးရာ၌ ပဌမလူသည် ငရဲသို့ကျနိုင်၏။ ဒုတိယလူသည် တိရစ္ဆာန်ဖြစ်နိုင်၏။ တတိယလူကား တရွေ့ပြိုတ္တာဖြစ်နိုင်၏ဟု သူတို့၏ စေတနာထက်–မယက်ကိုကြည့်၍ ကံပြုတုန်းကပင် သိတော်မူသည်။

စုပေါင်းဒါန ။ ။ လူသုံးယောက်စုပေါင်း၍ ဆွမ်းဒါနစသော ဒါနပြုရာ၌လည်း ဤသို့စေတနာထက်–မထက်လိုက်၍ ပဌမလူသည် ခတ္တိယမျိုး၌ဖြစ်နိုင်၏။ ဒုတိယလူသည် ဗြာဟ္မဏမျိုး၌ ဖြစ်နိုင်၏။ တတိယလူကား ဝေဿ(လယ်ယာလုပ်ကိုင်သူ, နွားမွေးသူ, ကုန်ကူးသန်းရောင်းဝယ်သူ)အမျိုး၌ ဖြစ်နိုင်၏။ ဤသို့သိတော်မူ၏။

တစ်ယောက်ချင်းဒါန ။ ။ တစ်ယောက်ချင်း အလှူဒါနပြုရာ, ဥပုသ်သီတင်း ဆောက်တည်ရာ, ဘာဝနာပွားရာတို့၌လည်း ဂုဏ်ပကာသနကို လိုလားမပြုလျှင် အောက်တန်းကောင်းမှုဖြစ်၏။ လူနှတ် စည်းစိမ်ကို မှန်းမပြုလျှင် အလယ်တန်းကောင်းမှုဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင်းတမ်းပြုလျှင် ပဌမတန်းကောင်းမှုဖြစ်၏။

အလောင်းတော်တို့၏ကောင်းမှု ။ ။ ဘာကိုမျှမတောင်းတဘဲ ဆင်းရဲသူများ ချမ်းသာစေလို၍ ပြုအပ်သောဒါန, စိတ်စင်ကြယ်စေလို၍ ပြုအပ်သော သီလ ဘာဝနာတို့ကား ဘုရားအလောင်းတော်တို့၏ ပြုလေ့ရှိသော ကောင်းမှုဖြစ်၍ အလွန်ပြုစင်သည်၊ ဤသို့ကံပြုစဉ်ကပင် စိတ်နေစိတ်ထားကွဲပြားနေသော ထိုထို ကောင်းမှု–မကောင်းမှု၏ အစွမ်းသတ္တိတို့ကို ဗုဒ္ဓမြတ်စွာသည် ကံပြုစဉ်ကပင် ပေးမည့်အကျိုးကို သိတော်မူ၏။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ သမ္ဘည္ပုတဉာဏ်တော်သည် သိရန်ဟူသမျှကို သိမြင်တော်မူပါသည်။

၂။ သီသည့်တရားများအပြား၌ ။ ။ သီအပ်ပြီးသောတရားတို့သည် အလွန်များ၏။ ထိုများပြားသော တရားတို့ကို သူတစ်ပါး သီအောင် ဟောပြတော်မူရာ၌ နည်အမျိုးမျိုးဖြင့် ဟောတော်မူရ၏။ ထိုသို့ ဟောဖို့ရန် နည်းအမျိုးမျိုးကို သိတော်မူခြင်းသည် သမ္ဘည္ပုတ

ဉာဏ်တော်၏ အစွမ်းတစ်မျိုးပင်ဖြစ်သည်၊ ထိုသို့ နည်းအမျိုးမျိုးဖြင့် လေ့ဆယ်ငါးဝါ ကာလပတ်လုံး ဟောတော်မူအပ်သောကြောင့် "ဗုဒ္ဓမြတ်စွာ၏ တရားဝမ္မဂ္ဂန္ဓာတော်ပေါင်း ရှစ်သောင်းလေးထောင် ရှိ၏"ဟု ရှေးဆရာ အဆက်ဆက်တို့ တွက်ပြခဲ့ကြ မှတ်သားခဲ့ကြပေ သည်။ [ဝမ္မ=တရားတော်+ဓန္ဓ=အစု]

၃။ ကျွတ်ကြပေ များဝေနေ၏။ ။ ဘုရားရှင် ဟောပြော ပြသ ဆုံးမထိုက်သော သတ္တဝါကို "ဝေနေယျ"ဟုခေါ်၏။ "သံသရာ ဝဋ်ဒုက္ခမှ ကျွတ်ထိုက် လွတ်ထိုက်သော သတ္တဝါများဖြစ်၍ ဘုရားရှင် ဆုံးမထိုက်သော သတ္တဝါများ" ဟု ဆိုလိုသည်။

ကိုယ်ရိုးစရိုက်။ ။ ထိုသတ္တဝါများ၌ သဒ္ဓါနှင့် ပညာနှင့်စသော ကိုယ်ရိုးတို့သည် အနု အရင့် ကွဲပြားကြ၏။ စရိုက်လည်း အမျိုးမျိုးရှိ၏။ တချို့က ရာဂစရိုက်ရှိ၏။ ရာဂအားကြီး၏။ တချို့က ဒေါသစရိုက် ရှိ၏, ဒေါသအားကြီး၏။ တချို့က မောဟစရိုက်ရှိ၏, မောဟ အားကြီး၏။ တချို့က ဝိတက်စရိုက်ရှိ၏, အကြံများ၍ အလုပ်မတွင်၊ တချို့က သဒ္ဓါစရိုက်ရှိ၏, ရတနာ ၃ပါးကလည်းကောင်း, ကံနှင့် ကံ၏အကျိုးကိုလည်းကောင်း ယုံကြည်၏။ တချို့က ပညာစရိုက်ရှိ၏, အသိဉာဏ်ကြီး၏။

သဒ္ဓါ ပညာ ညီမျှမှုအကျိုးရ။ ။ သဒ္ဓါအားကြီး၍ ပညာ နည်းနေလျှင် ညာဖြန်းဟောအပ်သော တရားအတုအယောင်ကို အမှန်ထင်တတ်၏။ "ပညာကြီး၍ သဒ္ဓါတရားမရှိလျှင် ဥပုသ်စောင့် နေဖို့ မလိုပါ, စိတ်ကောင်းရှိလျှင် ပြီးတာဘဲ၊ လှူနေဖို့မလိုပါ, သူများအလှူကို သာဓုခေါ်လျှင် ပြီးတာဘဲ" ဟု ပရိယာယ် မာယာ များနေတတ်၏။ သဒ္ဓါနှင့်ပညာ ညီမျှမှု အကျိုးရပါသည်။

သူ့အကြိုက်။ ။ သတ္တဝါတို့၌ အလိုဆန္ဒဟု ခေါ်အပ်သော အလျှာသယအကြိုက်လည်း အမျိုးမျိုးရှိ၏။ ထိုအလျှာသယကို အဓိ မုတ္တိ(စွဲစွဲမြဲမြဲသက်ဝင်ခြင်း)ဟုခေါ်၏။ ထိုအကြိုက်သည် တချို့က အောက်တန်းကျ၏။ တချို့က အထက်တန်းကျ၏။ စိတ်နေစိတ်ထား အောက်တန်းကျသူသည် မိမိကဲ့သို့ အောက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိ၏။ စိတ်နေစိတ်ထား အထက်တန်းကျသူကလည်း မိမိကဲ့သို့ အထက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိ၏။

နှိုက်ချွတ်စုံလင် အကုန်မြင်။ ။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ သဒ္ဓါစသော ကိုယ်ရိုးအမျိုးမျိုးကိုလည်းကောင်း, စရိုက်အမျိုးမျိုးကို လည်းကောင်း, အလျှာ သယဟုခေါ်အပ်သော အကြိုက်အမျိုးမျိုးကို လည်းကောင်း, နှိုက်နှိုက်ချွတ်ချွတ် အစုံအလင်သိမြင်တော်မူ၏။ ထိုသိမြင်တော်မူခြင်းသည် သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်းတစ်ပါး ပင်တည်း။

၄။ ဉာဏ်တော်စွမ်းပကား, ဤ၃ ပါးကြောင့်။ ။ သိစရာ ဟူသမျှကို အကုန်သိနိုင်တော်မူခြင်း, ဟောထိုက်သော တရားတို့၌ ဟောဖို့ရန် နည်းအမျိုးမျိုးကို သိတော်မူနိုင်ခြင်း, ဝေနေယျသတ္တဝါ တို့၏ ကိုယ်ရိုးအမျိုးမျိုး, စရိုက်အမျိုးမျိုး, အကြိုက်(အလျှာသယ) အမျိုးမျိုးကို သိတော်မူခြင်း, ဤ၃ ပါးကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်း၃ ပါးဟုမှတ်ပါ။

အများဝေနေ ကျွတ်လွတ်စေဖို့, မနေမနား။ ။ သမားတော် တစ်ယောက်သည် ဆေးအမျိုးမျိုးကိုလည်းသိ၏။ ထိုဆေးများကို ဖေါ်စပ်ဖို့ရန် နည်းအမျိုးမျိုးကိုလည်းသိ၏။ သူနာ၏ ရောဂါအမျိုးမျိုး ကို စစ်ဆေးမေးမြန်းသောအားဖြင့် ရောဂါ၏ ဖြစ်လာပုံအကြောင်းစုံ

ကိုလည်းသိ၏။ ထိုအစွမ်း၃ ပါးနှင့် ပြည့်စုံသော သမားတော်သည် ရောဂါအမျိုးမျိုးကို ပျောက်အောင် ကုနိုင်၏။ ကုလို့မရနိုင်သော ရောဂါကိုလည်း "မရနိုင်"ဟုပင် သိ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည် အစွမ်း၃ ပါးနှင့်ပြည့်စုံသော သမ္မာသမ्बုဒ္ဓတရားတော်ကြောင့် များစွာသော သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်စေဘို့ရာ ၄၅ ဝါ ကာလ ပတ်လုံး ခေတ္တမ္ပသာ ကျိန်းစက်တော်မူ၍ တစ်နေရာတည်း၌ နေတော်မမူဘဲ အချိန်အားယူ၍ နားလည်းနားတော်မမူဘဲ။

ပရိနိဗ္ဗာန် စံသည့်တိုင်အောင်။ ။ နောက်ထပ်ခန္ဓာတော် ဖြစ်ဖို့ရန် ပဋိသန္ဓေနေရခြင်းမရှိဘဲ ခန္ဓာဝန်ကြီးကို ပစ်ချသော အားဖြင့် ခန္ဓာဇာတ်သိမ်း၍ ငြိမ်းတော်မူခြင်းကို "ပရိနိဗ္ဗာန်" ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာ၏ ထုံးစံမှာ သက်တမ်းကို ၅ ပုံ ပုံ၍ တစ်ပုံ အကျန်လောက် တွင် ပရိနိဗ္ဗာန်စံတော်မူရှိ ဖြစ်၏။ အလွန်အိုမင်း အောင်နေတော်မူရှိ မရှိ၊ ထို့ကြောင့် ငါတို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် အသက်တမ်း၏ ၅ ပုံတွင် တစ်ပုံလောက် အကျန်ဖြစ်၍ အလွန် အိုမင်းတော်မမူခင် သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူပါသည်

သယ်ယူဆောင်။ ။ ထို ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဝမ်းတော် လား၍ အားနည်းတော်မူလျက် သုဘဒ္ဒရသေ့ ပရိဗ္ဗာဇ်ကို ကျွတ်လွတ် စေဖို့ရန် ပါဝါမြို့မှ ၃ ဂါဝုတ်ဝေးသော ကုသိနာရုံမြို့သို့ ကြွတော် မူခဲ့သည်၊ ဤသို့ ဗုဒ္ဓမြတ်စွာသည် ဝမ္မစကြာတရားဦးကို ဟောတော် မူသည်မှစ၍ ပရိနိဗ္ဗာန်စံခါနီးတိုင်အောင် ကျွတ်ထိုက်သော သတ္တဝါ တို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူပါသည်။

ဘုန်းခေါင်ငါတို့ဘုရားတည်း

၁။ သာကီဝင်မင်းမျိုး၌ဖွားမြင်၍ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၂။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဆည်းပူးအပ်ခဲ့သော ပါရမီတော်တို့၏ အဟုန်ဖြင့် တစ်ကိုယ်လုံးခြုံ၍ ကျက်သရေမင်္ဂလာ ရှိအောင် မွမ်းထုံထားအပ်သော ဘုရားသည် ငါတို့၏ကိုးကွယ်ရာ ဘုရားတည်း။

၃။ ဆရာမကူ သယမ္ဘူဖြစ်သော အတူလည်းမရှိသော အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ရာဂဒေါသစသော ကိလေသာ အညစ် အကြေးတို့ကို ပယ်နိုင်သောကြောင့် သန့်ရှင်းသော စိတ်အစဉ်ဖြင့် ကြည်လင် အေးမြတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၄။ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းမှစ၍ ကြီးမားလှသော မဟာကရုဏာဉာဏ်တော်ဖြင့် သတ္တဝါတို့ကို သနားတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၅။ "သမ္မာသမ္ဗောဓိ" အမည်ရှိသော သမ္မညုတဉာဏ်တော်၏ အရှင်ဖြစ်၍ ထိုဉာဏ်တော်၏အစွမ်း၃ ပါးကြောင့် မနေမနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူ ပို့ဆောင်တော် မူသော မြတ်စွာဘုရားသည် ငါတို့၏ ထိပ်ခေါင်၌ တင်ထားအပ်သော ဘုရားပင် ဖြစ်ပါသတည်း။

ဝိနဘွဲ့တော် ရထိုက်သော ပုဂ္ဂိုလ် မာရ်ငါးပါးအောင်တော်မူပုံ

ကျက်မှတ်ရန် လက်ာ

ဘုန်းတော်ထိန်လျှမ်း, ကျွန့်ထိပ်ပန်းကား, အစွမ်းနှိပ်နှင်း, နယ်ပယ်တွင်းမှ, လွတ်ကင်းထွက်ငြား, မာရ်နတ်သားတည်း။ ထပ်ပွားအသစ်, မဖြစ်နိုင်စေ, ကိလေ–ဘီသင်, မာရ်နှစ်အင်လောင်း, အကြောင်းသမုဒယ, ပယ်ချုပိုင်ပိုင်, သိနိုင်သမှ, ခန်–မစ္စုဟု, နှစ်ခုနာရ်နှင်၊ ပေါင်းငါးအင်ကို, ပင်ဗောဓိမင်း, အောင်မြေတွင်း၌, မကြွင်းကုန်စင်, အောင်ပွဲယဉ်သည်, ... မြတ်ရှင်ဝိန– ဘွဲတော်ဘုရား။

လက်ာ၏ အဓိပ္ပါယ်

ဘုန်းတော်ထိန်လျှမ်း, ကျွန့်ထိပ်ပန်းကား။ ။ ဘ ဂ ဝါ ဂုဏ်တော်ဖွင့်၍ ပြအပ်သော ဘုန်းတော်ခြောက်ပါးဖြင့် တောက်ပထိန်လျှမ်းသောဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သောအကျွန်ုပ်တို့၏ ဦးထိပ်ဝယ် ဦးဆောက်ပန်းသဖွယ် တင့်တယ်တော်မူ၏။

မာရ်ငါးပါးကို အောင်တော်မူ။ ။ "မာရ" ဟူသောပါဠိသည် "သတ်တတ် နှိပ်စက်တတ်" ဟူသောအနက်အဓိပ္ပါယ်ကို ပြ၏။ ထိုမာရကို "မာရ်" ဟုမြန်မာပြန်ကြသည်၊ ထိုသတ်ဖြတ်တတ်နှိပ်စက်တတ်သော မာရ်သည်ဒေဝပုတ္တမာရ်,ကိလေသမာရ်,အဘိသင်္ခါရမာရ်, ခန္ဓမာရ်,မစ္စုမာရ်အားဖြင့် ငါးပါးရှိ၏။ မိမိဆိုင်ရာ ရန်မာရ်တို့ကို အောင်နိုင်သောပုဂ္ဂိုလ်သည် "ဝိန" ဟူသောအမည်တော်ကို ရ၏။ ငါတို့၏ ဗုဒ္ဓမြတ်စွာသည် ထိုမာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော့မည့်ညဉ့်၏ရှေ့ပိုင်းနောက်ပိုင်းအချိန်မှာပင် ကောင်းစွာအောင်နိုင်တော်

မူခဲ့သောကြောင့် "ဝိန" ဟူသော ဘွဲ့နာမည်တော်ကိုရခဲ့ပေသည်၊ [ပဠုမာရေ–ငါးပါးသော ရန်မာရ်တို့ကို+ ဝိတဝါ–အောင်တော် မူပြီ၊ ဣတိ–ထို့ကြောင့်၊ ဝိနော–ဝိန မည်တော်မူ၏။]

ဒေဝပုတ္တမာရ်။ ။ ဝသဝတ္တီနတ်ပြည်၌ သူပုန်များ တန်ခိုးကြီးသကဲ့သို့ သူနည်းနှင့်သူ တန်ခိုးကြီးသော မာရ်နတ်ကို "ဒေဝပုတ္တ" ဟုခေါ်၏။ ထိုမာရ်နတ်သည် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်ညဉ့်သို့မရောက်ခင် နေမဝင်မီအချိန်၌ ဗောဓိပင်အောက်ဝယ် သမာဓိကြီးစွာ တရားဝင်နေသော ဗုဒ္ဓအလောင်းတော်ကို သမာဓိပျက်အောင် နှောက်ရှက်ဖို့ရန် နတ်စစ်သည်များစွာနှင့် အတူလာ၍ လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်၏ ၊ နှုတ်အားဖြင့်လည်း ဤဗောဓိပင်ဝယ် တင်ပလ္လင်ထိုင်ရာမှ ထသွားဖို့ရန် နှင်ထုတ်သည်။

အောင်တော်မူခြင်း။ ။ ဗုဒ္ဓမြတ်စွာသည် သဒ္ဓါဗိုလ် ပညာဗိုလ် စသော စစ်သည်ဗိုလ်ပါတို့ဖြင့် ခန္ဓီ မေတ္တာ စသော ပါရမီတော် လက်နက်များကို အသုံးပြု၍ ကာကွယ်တော်မူ၏။ ထိုအခါ၌ မာရ်စစ်သည်တို့၏ လက်နက် များသည် အစွမ်း မထက်ကြတော့သဖြင့် မာရ်နတ်၏ အစွမ်းသတ္တိကို နှိပ်နှင်းပြီး ဖြစ်၏။ မာရ်နတ်၏ တန်ခိုးသတ္တိသည် ကာမဘုံ၌သာ ရှိ၏။ ထိုကာမဘုံ၏ ကာမဂုဏ် အာရုံကို ခံစားလိုသော ကိလေသာစိတ် မရှိတော့သဖြင့် မာရ်နတ်၏နယ်ပယ်ကိုလည်း လွန်မြောက်တော်မူပြီး ဖြစ်၏။ ဤသို့ မာရ်နတ်၏အစွမ်းကို နှိပ်နင်းပေးတော်မူခြင်း, မာရ်နတ်၏ နယ်ပယ်ကို လွန်တော်မူခြင်းဖြင့် အောင်တော်မူသောကြောင့် "အစွမ်း နှိပ်နင်း , နယ်ပယ်တွင်းမှ , လွတ်ကင်းထွက်ငြား, မာရ်နတ်သားတည်း" ဟု လက်ာ၌ ဆိုသည်။

ကိလေသမာရ်။ ။ ဘဝများစွာ သံသရာ၌ ခန္ဓာအစဉ်ဝယ် ကိန်းဝပ်၍ပါနေသော လောဘ ဒေါသ မောဟစသော ကိလေသာ တို့သည် မိမိဆိုင်ရာ ခန္ဓာအစဉ်ကိုပင် ဒုက္ခရောက်အောင် ညှဉ်းဆဲ တတ်သောကြောင့် "ကိလေသမာရ်" ဟုခေါ်သည်၊ ထိုကိလေသ မာရ်ကို ဗောဓိပင်အောက်ဝယ် ဘုရားဖြစ်ခါနီး၌ အရဟတ္တမဂ်ဖြင့် အကုန် ပယ်နိုင်သောကြောင့် အောင်တော်မူပြီးဖြစ်၏။

အဘိသင်္ခါရမာရ်။ ။ ခန္ဓာကိုယ်၌ရှိသော ရုပ်နာမ်တို့ကို ပြုစီမံ တတ်သော ရှေးရှေးကံသည် ဇာတိဒုက္ခ စသည်တို့၏ အရင်းခံဖြစ်၍ ညှဉ်းဆဲတတ်သောကြောင့် " အဘိသင်္ခါရမာရ် " မည်၏။ ထိုကံ ဟူသော အဘိသင်္ခါရသည် အဝိဇ္ဇာ တဏှာအဖေါ်ပါမှ ဘဝခန္ဓာ အကျိုးကို ဖြစ်စေနိုင်၏။ အဝိဇ္ဇာ တဏှာ အဖေါ် မရှိလျှင် မအောင် မြင်သော မျိုးစေ့ကဲ့သို့ ခန္ဓာအပင်ကို မပေါက်စေနိုင်၊ ထို့ကြောင့် အဘိသင်္ခါရမည်သော ကံသည် ခန္ဓာအသစ်ကို ထပ်၍ မဖြစ်စေနိုင် ရကား ထို အဘိသင်္ခါရမာရ် ကိုလည်း အောင်တော်မူပြီး ဖြစ်၏။ ထို့ကြောင့် "ထပ်မှားအသစ် , မဖြစ်နိုင်စေ , ကိလေ–ဘိသင်,မာရ် နှစ်အင်လောင်း " ဟု လက်ခံ၍ ဆိုသည်။

ခန္ဓမာရ်, မစ္စုမာရ်။ ။ ဤ ခန္ဓာကိုယ်သည် ဇာတိဒုက္ခ ဇရာ ဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ စသော (ဓမ္မစက္ကြာ၌ လာသော) ဒုက္ခ တို့ဖြင့် မိမိဆိုင်ရာ သတ္တဝါကို ညှဉ်းဆဲ နှိပ်စက်တတ်၏။ ထို့ကြောင့် "ခန္ဓမာရ်" ဟုခေါ်ရသည်၊ သေခြင်းသဘောကို "မစ္စု"ဟုခေါ်၏။ ထိုမစ္စုသည် သေခါနီး၌ မိမိဖြစ်ရာသတ္တဝါကို ရောဂါဒဏ်ဖြင့်လည်း နှိပ်စက်တတ်၏။ လက်ရှိ သံယောဇဉ်ဖြစ်သော သက်ရှိ သက်မဲ့

ဆွေမျိုး ဥစ္စာတို့နှင့် ခွဲရမည့်အရေးကို တွေး၍ စိတ်ဆင်းရဲစေသော အားဖြင့်လည်း နှိပ်စက်၏။ ရောက်ရမည့် နောက်ဘဝက မသေချာ သည့်အတွက် ကြောက်ရွံ့စေသော အားဖြင့်လည်း ပုထုဇဉ်တို့ကို နှိပ်စက်၏။ ထို့ကြောင့် သေရခြင်း သဘောကို " မစ္စုမာရ် " ဟု ခေါ်ရသည်။

မာရ် ၂ပါးကို အောင်တော်မူပုံ ။ ။ ဗုဒ္ဓမြတ်စွာသည် ခန္ဓာ ကိုယ်တော် ရှိနေသေးသောကြောင့်လည်းကောင်း, ဤဘဝ၌ ပရိနိဗ္ဗာန်စံခြင်း ဟူသော မစ္စုရှိသေးသောကြောင့်လည်းကောင်း, ထိုမာရ် ၂ပါးကို မုချအားဖြင့် အောင်တော်မူပြီးဟု မဆိုနိုင်ပါ။ သို့သော် နောက်နောက် ဘဝ၌ ခန္ဓာအသစ် ဖြစ်ဖို့ရန် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်နိုင်လျှင် နောက်နောက် ခန္ဓာများ ဖြစ်တော့မည် မဟုတ်၊ ခန္ဓာ အသစ် မဖြစ်လျှင် မစ္စု(သေခြင်း) လည်း ဖြစ်တော့မည် မဟုတ်။

ထို့ကြောင့် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်လျှင် အကျိုးဖြစ်သော ခန္ဓ မစ္စု ၂ပါးကို အောင်တော်မူပြီး ဖြစ်တော့၏။ ထို့ပြင်–ထိုခန္ဓာ ထိုမစ္စုတို့၏ ဖြစ်ပုံအကြောင်းအရာကို ကောင်းစွာ ပိုင်ပိုင် သိနိုင်သောကြောင့်လည်း ထိုခန္ဓ – မစ္စု ၂ပါးကို အောင်ပြီး ဖြစ်၏။ ထို့ကြောင့် "အကြောင်း သမုဒယ, ပယ်ချုပ်ပိုင်, သိနိုင်သမှ, ခန်–မစ္စုဟု, နှစ်ခုမာရ်နှင့်" ဟု လက်ခံ ဆိုသည်။

မြတ်ရှင်ဗိနဘွဲ့တော်ဘုရား ။ ။ ဤ ပြခဲ့သောနည်းဖြင့် မာရ် ငါးပါးကို ဗုဒ္ဓဖြစ်တော်မူရာ ဗောဓိပင် အောင်မြေ အတွင်းဝယ် အောင်မြင်တော်မူခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ၏ အပေါ်၌ "ဗိန" ဟူသော ဘွဲ့နာမည်တော်ကို တင်ရပါသည်။

• • • • • • • • • • • •

ဘဝဝါဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ် ကျက်မှတ်ရန် လက်စာ

၁။ ကိုယ်တော်မြတ်၏ , စိတ်ဓာတ်တော်မှ ,စ၍ မကြွင်း , လူနတ်မင်းကို, ပိုင်နှင်း အုပ်စိုး, လွှမ်းမိုးနိုင်ဘိ "ကျသရိယ" ဘုန်းတော်.....

၂။ ကိလေသာရန်, ပယ်ဖျက်လှန်ဖို့, နိဗ္ဗာန်ဖိုလ်မဂ်, ကိုးချက်အပြား, လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်.....

၃။ ဟုတ်တိုင်းမှန်စွာ , ဖြစ်ပေါ် လာ၍ , ကမ္ဘာတိုက်ပေါင်း , သောင်း လောကဓာတ် , ပဲ့တင် ထပ်မျှ , နှံ့စပ် သတင်း, ကျော်စောခြင်းဟူသော "ယသ" ဘုန်းတော်.....

၄။ ရွှေမျက်နှာတော် , လက်ခြေတော်မှ , စ၍မကြွင်း, ပင်လုံးဝင်းသည့်, ပန်းမင်း အနေ, ကြက်သရေ မဂ်လာ, စုဝေးကာဖြင့်, လွန်စွာတင့်တယ်, သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်.....

၅။ အလိုတော်အတိုင်း, တောင့်တတိုင်းပင်, မဆိုင်း မတွ, ပြီးစီးရသည့် "ကာမ" ဘုန်းတော်.....

၆။ တစ်လောကလုံး, ညွှတ်ရုံးကိုယ်စား, အားထားဖို့ရာ, လွန်စွာကြီးကုတ်, အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်.....

ဤ ခြောက်ဖေါ် ဂုဏ် , ဘုန်းတော် ဟုန်ဖြင့်, သုံးဘုံလွှမ်းကျော်, လွန်ထင်ပေါ်၍, ဘွဲ့တော်ဘဝဝါ, တင်ရပါသည်, ကမ္ဘာထွဋ်ထားမြတ်ဘုရား။

. . . . . .

ဘုန်းတော် ၆ ပါး ။ ။ ဗုဒ္ဓမြတ်စွာ၌ "ဘဝဝါ" ဟူသော ဘွဲ့နာမည်တော်ရခြင်း၏အကြောင်းသည်အလွန်များ၏။ ထိုအကြောင်းများစွာတို့တွင် ဤနေရာ၌ " ဘုန်းတော် ၆ ပါး နှင့် ပြည့်စုံတော်မူခြင်း" ဟူသော အကြောင်းတစ်မျိုးကိုသာ ပြပါမည်၊ ကျသရိယ , ဓမ္မ ,ယသ , သိရီ , ကာမ , ပယတ္တ ဟူသော ဤ ၆ ပါးကို " ဘုန်းတော် ၆ ပါး" ဟု ခေါ်ပါသည်။

ကျသရိယဘုန်းတော် ။ ။ ဗုဒ္ဓမြတ်စွာသည် မိမိ၏စိတ်တော်ကို အလိုရှိရာ အာရုံ၌ တည်ငြိမ်အောင် ထားတော်မူနိုင်သည်၊ ဤသို့ ထားတော်မူနိုင်ခြင်းသည် စိတ်တော်ကို အစိုးရခြင်းတည်း။ လူမင်းနတ်မင်း ဗြဟ္မာမင်း တို့ကိုလည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ အကျွတ်တရားကို ရစေတော်မူနိုင်၏။ ထိုသို့ တရားရသော မင်းများကိုလည်း ဗုဒ္ဓမြတ်စွာသည် အစိုးရတော်မူ၏။ ဤသို့စိတ်တော်ကိုလည်းကောင်း,မင်းအများကို ပဓာနထား၍ လူနတ် ဗြဟ္မာ သတ္တဝါတို့ကိုလည်းကောင်း အစိုးရတော်မူခြင်းသည် ကျသရိယဘုန်းတော်ပင် ဖြစ်သည်၊ [ကျသရ–အစိုးရသောပုဂ္ဂိုလ်၏ +ကျယ–အဖြစ်၊ အစိုးရခြင်း။] ထို ကျသရိယ ဘုန်းတော်သည် အဏိမာ လဃိမာ စသော အားဖြင့် ရှစ်ပါးပြားပြန်၏။ ထိုရှစ်ပါးကို ရတနာ့ဂုဏ်ရည် ဘဝဝါ ဂုဏ်တော်အဖွင့်၌ ပြထားသည်။

ဓမ္မဘုန်းတော် ။ ။ ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်တစ်ပါး၌ ထူးခြားသော တရား ဓမ္မ ရှိရသည်၊ ဗုဒ္ဓမြတ်စွာ၌ကား မဂ် ၄ ပါး ဖိုလ် ၄ ပါး နိဗ္ဗာန်တရား ဟူသော ထူးခြားသော လောကုတ္တရာ တရားများ ရှိပါသည်၊ ထိုတရားများကြောင့် ကိလေသာ အနောက်

အကျူးတွေကင်းစင်ရကား ဗုဒ္ဓမြတ်စွာ၏စိတ်တော်အစဉ်သည် အမြဲ ကြည်လင် အေးမြတော်မူပါသည်။

ယသဘုန်းတော် ။ ။ အရပ်ရပ်တို့၌ နံ့စပ် ကျော်စောသော ဂုဏ်တော်ကို " ယသ ဘုန်းတော် " ဟုခေါ်၏။ တချို့ပုဂ္ဂိုလ်များ၌ နာမည် ကျော်ကြားသော်လည်း အစစ်အမှန်ရှိသော ဂုဏ်ကြောင့် ကျော်ကြားသည်မဟုတ်၊ အသိုင်းအဝိုင်းဖြင့် မကျော်–ကျော်အောင် ဝါဒဖြန့်မှုကြောင့် အထိုက်အလိုက် ကျော်ကြား ကြရသည်၊ ထို ကျော်ကြားမှုကလေးသည်လည်း ကြာကြာမခံပါ။ မကြာခင် မှေးမှိန်သွားတတ်၏။ ဗုဒ္ဓမြတ်စွာကား လူဘုံ နတ်ဘုံ ပြဟ္မာ့ဘုံရောက်အောင် နတ်ပြဟ္မာတို့အတွင်း၌ ဂုဏ်သတင်းပြန့်မွှေးတော်မူသည်၊ ဤစကြဝဠာ ကမ္ဘာလောကာ၌သာ မက, နတ်ပြဟ္မာတို့က တစ်ဆင့် တစ်ဆင့် ပြောကြသောကြောင့် စကြဝဠာ ကမ္ဘာတစ်သောင်း တိုင်အောင် ဂုဏ်သတင်း ပြန့်နံ့တော်မူပါသည်။

သိရိဘုန်းတော် ။ ။ ဗုဒ္ဓမြတ်စွာ၏ ကိုယ်လုံးကိုယ်ပေါက်နှင့် တကွ မျက်နှာတော် လက် ခြေတော်စသော ရုပ်လက္ခဏာတော်သည် (ဗုဒ္ဓဘွဲ့တော်၌ ပြခဲ့သည့်အတိုင်း) ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင် မင်းသဘွယ် အလွန်တင့်တယ်တော်မူရကား ဖူးရှိမဝနိုင်အောင် ကြက်သရေကို ဆောင်တော်မူပါသည်။

ကာမဘုန်းတော် ။ ။ လိုလား တောင့်,တတော်မူသည့်အတိုင်း ပြည့်စုံသော ဂုဏ်တော်ကို "ကာမဘုန်းတော်" ဟု ခေါ်၏။ ဗုဒ္ဓ မြတ်စွာသည် သုမေဓာရသေ့ ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရား ကဲ့သို့ သတ္တဝါ အများကို ကယ်တင်နိုင်ဖို့ရန် စိတ်ဖြင့် လိုလားတော်

မူ၏။ "ဗုဒ္ဓေါ ဗောဓေယျ – ဝါသည် တရားထူးကို သိလို့ ရှိလျှင် ဝေနေယျသတ္တဝါ တို့ကိုလည်း သိစေတော်မူအံ့" ဟု နှုတ်တော်ဖြင့် တောင့်တတော်မူခဲ့၏။ ဘုရားဖြစ်သောအခါ ထိုတောင့်တအတိုင်း ပြီးစီး၏။ ဓမ္မကြာတရား ဟောတော်မူသောအခါ၌ပင် တစ်ဆယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့ သစ္စာ ၄ပါးကို သိနိုင်ကြပေသည်။

ပယတ္တဘုန်းတော် ။ ။ လောက၌ ဉာဏ်ပညာနှင့် လုံ့လ ဝီရိယ ရှိသူကို အများက အားကိုး၏။ ဗုဒ္ဓမြတ်စွာသည်ကား တလောကလုံး၏ အားကိုးလောက်အောင်ပင် လုံ့လဝီရိယ ကြီးမားတော်မူ၏။ နေ့စဉ် နေ့စဉ် ကျွတ်ထိုက်သောသတ္တဝါတို့ကို ဉာဏ်တော်ဖြင့်၍ ကြည့်တော်မူ၏။ ထိုသတ္တဝါသည် အဝေးအရပ်၌ရှိလျှင် အချိန်အား လျော်စွာ တန်ခိုးဖြင့် ကြွ၍ တရားဓမ္မကို ဟောပြတော်မူကာ တရားထူးကို ရစေတော်မူပါသည်၊ ပရိနိဗ္ဗာန်စံတော်မူခါနီး၌ သုဘဒ္ဒ ပရိဗ္ဗိုဇ်ကို ချွတ်တော်မူလိုသောကြောင့် ဝမ်းတော်လားသဖြင့် အားနည်းတော်မူလျက်ပင် ကုသိနာရုံမြို့သို့ ကြွတော်မူသည်၊ ပရိနိဗ္ဗာန်စံတော်မူပြီး နောက်၌လည်း နောက်နောက် ဗုဒ္ဓဘာသာဝင်တို့ တရားတော်ကို ကြားနာ၍ တရားကျင့်ဖို့ရန် တရားတော်ကို ထားတော်မူခဲ့၏။ အရိုးဓာတ်တော်များကိုလည်း နောက်နောက် ဗုဒ္ဓဘာသာတို့ ကိုးကွယ်ဖို့ရန် အငယ်ဆုံးမုန်ညင်းစေ့ပမာဏတိုင်အောင် ဓိဋ္ဌာန်တော်မူခဲ့၏။

ဘွဲ့တော်ဘဂဝါ ။ ။ လောက၌ မိမိတို့ကိုးကွယ်ရာ ပုဂ္ဂိုလ်ကို "ဘဂဝံ" ဟုဘွဲ့နာမည်တင်ထားကြ၏။ သို့သော် ထိုဘွဲ့နာမည်သည် အစစ်အမှန် နာမည် မဟုတ်၊ ဘုန်းတော် ၆ ပါး ရှိသော ပုဂ္ဂိုလ်၌ တင်ထားအပ်မှသာ မှန်ကန်သော ဘွဲ့နာမည် ဖြစ်ပါသည်။

ငါတို့ ဘဂဝါ

၁။ သိရိ ဘုန်းတော်အားဖြင့် ကြက်သရေမင်္ဂလာ ရှိ၍ လွန်စွာ တင့်တယ် သပ္ပါယ်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၂။ ဣသရိယဘုန်းတော်အားဖြင့် မိမိစိတ်တော်ကိုလည်းကောင်း, ကျွတ်ထိုက်သော လူ နတ် ဗြဟ္မာတို့ကိုလည်း, အစိုးရတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍, စင်စစ်ဘဂဝါ ဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၃။ ဓမ္မဘုန်းတော်ဖြင့် ကိလေသာအနောက်အကျူးတို့ကို ကင်းစင်စေကာ လွန်စွာ ကြည်လင်သော စိတ်တော်ဖြင့် အစဉ် အေးမြတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာ ဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၄။ ယသ ဘုန်းတော်ဖြင့် လောကသုံးဘုံ အလုံးစုံကို လွှမ်းခြုံ ကျော်ကြား ထင်ရှားတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၅။ ကာမဘုန်းတော်ဖြင့် ကိုယ်တိုင် သိဖို့ရန်လည်းကောင်း, ဝေနေယျတို့ကို သိစေဖို့ရန်လည်းကောင်း, တောင့်တတော်မူခဲ့၍ ထိုတောင့်တသည့်အတိုင်း ပြီးစီး အောင်မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာ ဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို

ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၆။ ပယတ္တဘုန်းတော်ဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားထား လောက်အောင် လုံ့လဝီရိယ ကြီးမားတော်မူလှသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

ဘဂဝါ ဘုရားရှိခိုး

ဘဂေဟိ ဆဟိ ဂုဏေဟိ, တိလောကမဟိတော
ဘဂဝါ ဘဂ္ဂမာရောသိ, တသ မေ သရဏံ ဘဝ။

ဘဂဝါ – ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်ဖြင့် , သုံးဘုံကျော်ကြား, အို... ရှင်တော်မြတ်ဘုရား။ တွဲ–ရှင်တော်မြတ်ဘုရားသည်၊ ဆဟိ ဘဂေဟိ – ဣသရိယ, စသည်အပြား, ဘုန်းခြောက်ပါးဖြစ်ကုန်သော၊ ဂုဏေဟိ–ဂုဏ်တော်အပေါင်းတို့ဖြင့်၊ တိလောကမဟိတော–သုံးဘုံသမိုက်, လောကတိုက်ဝယ်, မကိုင်ရှသရဖူ, ပမာတူသည်ဖြစ်၍၊ သုတော–အလွန်ထင်ရှား, ကျော်ကြားတော်မူပါပေ၏။ ဘဂ္ဂမာရော–ကိလေသာမာရ်, မာရ်နတ်ရန်ကို, ဉာဏ်တော်လက်နက်, အရဟတ္တမဂ်ဖြင့်, ဖြိုဖျက်တော်မူပြီးသည်၊ အသိ–ဖြစ်ပါပေ၏။ တသ မေ–ဘုန်းလည်းမတန်, ဉာဏ်လည်းမထက်, မာရ်လက်နက်မှ, မထွက်ရသေးသော ထို တပည့်တော်၏။ သရဏံ– ဘုန်းလည်းထိုက်တန်, ဉာဏ်လည်းထက်မြက်, မာရ်နတ်လက်မှ, ထွက်နိုင်ခြင်းငှါ, ကိုးကွယ်ရာသည်၊ ဘဝ–ဖြစ်တော်မူပါ့ အရှင်မြတ်ဘုရား။

. . . . . .

အာဝေဏိကဂုဏ်တော်

အမှာ ။ ။ ပစ္စေကဗုဒ္ဓါရဟန္တာတို့၌ မရှိနိုင်ဘဲ ဗုဒ္ဓမြတ်စွာ၌သာ ရှိနိုင်၍ သီးခြားဖြစ်သော ဂုဏ်တော်ကို "အာဝေဏိကဂုဏ်တော်" ဟု ခေါ်၏။ ထိုဂုဏ်တော်တို့သည် တစ်ဆယ့်ရှစ်ပါးရှိ၏။ ဉာဏ်ကောင်းသူတို့ ရအောင်ကျက်၍ ဘုရားရှိခိုးကြပါလေ။

၁။ အတီတံသေ ဗုဒ္ဓသ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ ။ [အတီတံသေ–ရှေးရှေးဘဝ, အတိတ်ကလျှင်, တွေ့ရသမျှ, တရားအစုမ်း၊ ဗုဒ္ဓသ ဘဂဝတော–ဘုန်းတော် ၆စုံ, တန်ခိုးဂုဏ်နှင့်, ပြည့်စုံပေကြား, မြတ်ဘုရား၏။ ဉာဏ်–သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိဟတံ–မောဟမှောင်ကြီး, ရှေ့ကဆီး၍, အပြီးကွယ်ကာ, မတားမြစ်နိုင်ပါတကား။]

၂။ အနာဂတံသေ ဗုဒ္ဓသ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ [အနာဂတံသေ–နောက်နောက် လာလတ်, အနာဂတ်ဝယ်, တွေ့အပ်သမျှ, တရားအစုမ်း၊ ဗုဒ္ဓသ ဘဂဝတော –ဘုန်းတော် ၆စုံ, တန်ခိုးဂုဏ်နှင့်, ပြည့်စုံပေကြား, မြတ်ဘုရား၏။ ဉာဏ်–သိရန်မှန်က, မကျန်ရအောင်,လုံးဝစုံလင်, အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိတံ–မောဟ မှောင်ကြီး, ရှေ့ကဆီး၍, အပြီးကွယ်ကာ, မတားမြစ်နိုင်ပါတကား။]

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓသ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ [ပစ္စုပ္ပန္နံသေ–ပစ္စုပ္ပန်ခဏ, ခုဘဝဝယ်, တွေ့ရသမျှ, တရားအစုမ်း၊ ဗုဒ္ဓသ ဘဂဝတော–ဘုန်းတော် ၆ စုံ, တန်ခိုးဂုဏ်နှင့်, ပြည့်စုံပေကြား, မြတ်ဘုရား၏။ ဉာဏ်–သိရန် မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိဟတံ–မောဟ မှောင်ကြီး, ရှေ့ကဆီး၍, အပြီးကွယ်ကာ, မတားမြစ်နိုင်ပါတကား။]

၄။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတသ ဗုဒ္ဓသ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [တီဟိ–အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ၃ တန်ကုန်သော၊ ဣမေဟိ–ဓမ္မေဟိ–ဆီးတား ကွယ်ကာ,မရှိပါဘဲ,လိုရာပြည့်စုံ, ဤဂုဏ်တော်တို့နှင့်၊ သမန္နဂတသ–ပြည့်စုံလုံလောက်, အထမြောက်တော်မူပြီးသော၊ ဗုဒ္ဓသဘဂဝတော– ဘုန်းတော်ကြီးမား, မြတ်ဘုရား၏။ သဗ္ဗံကာယကမ္မံ– ကိုယ်ဖြင့်ပြုရန်, ကာယက်တော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ– သတိတမန်, အမြဲခံလျက်, ဉာဏ်တော်တရား, ရှေ့သွားရှိသည်ဖြစ်၍၊ ဉာဏာနုပရိဝတ္တံ– ဉာဏ်တော်ရှေ့က, ဖြစ်ပြီးမှလျှင်, နောက်ကစိုက်စိုက်, လိုက်ရပေသည်တကား။]

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [သဗ္ဗံဝစီကမ္မံ– နှုတ်ဖြင့်ပြောရန်, ဝစီက်တော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ–သတိတမန်, အမြဲခံလျက်, ဉာဏ်တော်တရား, ရှေ့သွားရှိသည်ဖြစ်၍၊ ဉာဏာနုပရိဝတ္တံ– ဉာဏ်တော်ရှေ့က, ဖြစ်ပြီးမှလျှင်, နောက်ကစိုက်စိုက်, လိုက်ရပေသည်တကား။]

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [သဗ္ဗံ မနောကမ္မံ– စိတ်ဖြင့်ကြံရန်, မနောက်ဟူသမျှသည်၊ ဉာဏာ

ပုဗ္ဗဂ်ံမ်- သတိတမန်, အမြဲခံလျက်, ဉာဏ်တော်တရား, ရှေ့သွားရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ- ဉာဏ်တော်ရှေ့ကဖြစ်ပြီးမှလျှင်, နောက်ကစိုက်စိုက်,လိုက်ရပေသည်တကား။]

၇။ ကျေမေဟိ ဆဟိ ဝမ္မေဟိ သမန္နာဂတသ ဗုဒ္ဓသသဘဂဝတော နတ္ထိ ဆန္ဒသ ဟာနိ။ [ဆဟိ-ကာလသုံးတန်, ကံလည်းဃပါး, ဤသို့အားဖြင့်, ခြောက်ပါးကုန်သော၊ ကျေမေဟိ ဝမ္မေဟိ- ဆီးတားကွယ်ကာ, မရှိပါဘဲ, လိုရာပြည့်စုံ,ဤဂုဏ်တော်တို့နှင့်၊ သမန္နာဂတသ-ပြည့်စုံလုံလောက်, အထမြောက်တော်မူပြီးသော၊ ဗုဒ္ဓသသဘဂဝတော- ဘုန်းတော်ကြီးမား, မြတ်ဘုရား၏။ ဆန္ဒသ-သတ္တဝါထိုထို, စီးပွားကိုလျှင်, ပြုလိုသောအား, ကြီးမားသော ဆန္ဒတော်၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့, ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၈။ နတ္ထိ ဝမ္မဒေနာယ ဟာနိ။ [ဝမ္မဒေသနယ- တရားဝမ္မ, သြဝါဒကို, နေ့ညခပင်း, ဟောပြတော်မူခြင်း၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့, ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၉။ နတ္ထိဝိရိယဿဟာနိ။ [ဝိရိယဿ- ပရဟိတတ်, ပတိပတ်၌, မပြတ်ကြိုးကုတ်, အားထုတ်နိုင်သော ဝီရိယတော်၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့,

ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၁၀။ နတ္ထိ သမာဓိဿ ဟာနိ။ [သမာဓိဿ- အာရုံတစ်ခု, စူးစိုက်ရှု၍, စိတ်စုမြားမြောင်, တည်တံ့အောင်ထားနိုင်သော သမာဓိတော်၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့, ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၁၁။ နတ္ထိ ပညာယ ဟာနိ။ [ပညာယ- သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံဘိ, အကုန်သိသော ပညာတော်၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့, ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၁၂။ နတ္ထိဝိမုတ္တိယာ ဟာနိ။ [ဝိမုတ္တိယာ- ကိလေသာမရ,သူပုန်ရန်မှ, ကေန်သန့်ရှင်း, လွတ်ကင်းသော အရဟတ္တဖိုလ်၏။ ဟာနိ- သတ္တိချို့ယွင်း, အားကုန်ခြင်းကြောင့်, မတင်းနိုင်တော့, ယုတ်လျော့ခြင်းသည်၊ နတ္ထိ- ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

၁၃။ ကျေမေဟိ ဒ္ဒါဒသဟိ ဝမ္မေဟိ သမန္နာဂတသ ဗုဒ္ဓသ ဘဂဝတော နတ္ထိ ဒဝါ။ [ဒ္ဒါဒသဟိ- ကာလသုံးတန်, ကံလည်းသုံးဝ, ဝမ္မ၆ပါး, ဤသို့အားဖြင့်, တစ်ဆယ့်နှစ်ပါးကုန်သော၊ ကျေမေဟိ ဝမ္မေဟိ- ဆီးတားကွယ်ကာ, မရှိပါဘဲ, လိုရာပြည့်စုံ, ဤဂုဏ်တော်တို့နှင့်၊ သမန္နာဂတသ- ပြည့်စုံ

လုံ့လောက်, အထမြောက်တော်မူပြီးသော၊ ဗုဒ္ဓသ ဘဂ ဝတော– ဘုန်းတော်ကြီးမား, မြတ်ဘုရား၏။ ဒဝါ–အကျိုးမဖက်, အပျက်အချော်, အပျော်ပြုမှုသည်၊ နတ္ထိ– ဘယ်ခါ ကာလ, သမယမှ, ခဏအနေ, မရှိပါချေတကား။]

မှတ်ချက်။ ။ လောကီလူအများတို့သည် တစ်ရံတစ်ခါပျော်ရရုံ ရယ်ရရုံသာဖြစ်သော သမ္မပ္ပလာပစကားကို လူပျက်–ပျက်သလို ပြောဆိုတတ်ကြ၏။ ထိုစကားမျိုးကို ဗုဒ္ဓမြတ်စွာသည် ဘယ်အခါမှ ပြောတော်မမူဟု မှတ်ပါ။

၁၄။ နတ္ထိ ရဝါ။ [ရဝါ– မဆင်မခြင်, စိတ်ဌထင်သော်, အလျင်ပြောမှုပြုလုပ်မှုသည်၊ နတ္ထိ– ဘယ်ခါကာလ,သမယမှ ခဏ အနေ,မရှိပါချေတကား။] ... ဗုဒ္ဓမြတ်စွာသည် စဉ်းစားဆင်ခြင်မှုမရှိဘဲ စိတ်ထင်ရာကို ပြောဆိုပြုလုပ်လေ့မရှိပါ။

၁၅။ နတ္ထိ အဖုဇ္ဇံ။ [အဖုဇ္ဇံ–ဉာဏ်တော်မပြန့်, မနှံ့စပ်သော ကိစ္စသည်၊ နတ္ထိ– ဘယ်ခါကာလ, သမယမှ,ခဏအနေ, မရှိပါ ချေတကား။] ... "မည်သည့်ကိစ္စ၌မဆို ဉာဏ်တော်ပြန့်နှံ့ နေသည်" ဟူလို။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။ [ဝေဂါယိတတ္တံ– မြင်ရသူများ, လန့်၍သွားအောင်, ပြေလွှားသမှ, အဟုန်ဖြင့် ပြုရသည်၏ အဖြစ်သည်၊ နတ္ထိ– ဘယ်ခါကာလ, သမယမှ,ခဏအနေ, မရှိပါ ချေတကား။]... "လောကဌ်အပြေးအလွှားပြုရသော ကိစ္စရှိတတ်၏။ ထိုသို့ ပြေးလွှားသောအခါ မြင်ရသူတို့

လန့်တတ်ကြ၏။ ဗုဒ္ဓမြတ်စွာမှာ ထိုကဲ့သို့ အဟုန်ဖြင့် ပြေး၍ ကပျာကယာ ပြုရသောကိစ္စမရှိပါ" – ဟူလို။

၁၇။ နတ္ထိ အဗျာဝဋ္ဌမနော။ [အဗျာဝဋ္ဌမနော– သတ္တဝါအမျိုးမျိုး, စီးပွားတိုးအောင်, အကျိုးမဲ့, ကြောင့်ကြမ်းမိတ်သည်၊ နတ္ထိ– ဘယ်ခါကာလ, သမယမှ, ခဏအနေမရှိပါချေတကား။]

၁၈။ နတ္ထိ အသပ္ပဋိသခါနုပေက္ခာ။ [အပ္ပဋိသခါန+ ဥပေက္ခာ– စဉ်းစားသမှု, ဉာဏ်မပြုဘဲ, လစ်လျူရှုကာ, ဥပေက္ခာသည်၊ နတ္ထိ– ဘယ်ခါကာလ, သမယမှ, ခဏအနေ, မရှိပါချေ တကား။]

ဣမေဟိ အာဝေဏိကေဟိ, ဂုဏေဟိ သမန္နာဂတံ အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ သိရသာ မဟံ။

အားဝေဏိကေဟိ– အများမဆန့်, ဘုရားမှန်မှ, ရရန်စင်စစ်, သီးခြားဖြစ်ကုန်သော၊ ဣမေဟိဂုဏေဟိ– ကာလသုံးတန့်, ဂ်လည်းသုံး၀, ဓမ္မခြောက်သွယ်, ပြုဖွယ်ခြောက်ပါး, ဤသို့အားဖြင့်, များပြားဘိတဲ့, တစ်ဆဲ့ရှစ်ပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ– ပြည့်စုံလုံလောက်, အထမြောက်တော်မူထသော၊ အတုလံ–ပြိုင်လာနိုင်းသူ, အတူလည်းရှိတော်မမူထသော၊ ဓမ္မရာဇာနံ– သုံးလူသင်းကျစ်, ဓမ္မရာဇ်ထွဋ်ထား, ရှင်တော်မြတ်ဘုရားကို၊ အဟံ–ဘုရ?တပည့်တော်သည်၊ (ဘုရ?တပည့်တော်မသည်) သိရသာ– ဦးခေါင်းရတနာ, မြတ်အဂါဖြင့်၊ ဝန္ဒာမိ– ပဏာမ်ညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုးကန်တော?ပါ၏ဘုရား။

. . . . . .

ဉာဏ်တော်ဆယ်ပါးဘုရားရှိခိုး

ကာယမလ။ ။ ဗုဒ္ဓမြတ်စွာ၏ ကိုယ်တော်အားသည် ဆဒ္ဒန် ဆင်ဆယ်စီးအားနှင့် ညီမျှတော်မူ၏။ ထို့ကြောင့် " အားတော် ဆယ်တန်" ဟုပြောစမှတ်ပြုကြသည်၊ လောကဌ် အဏုမြူအားကို လောကဓာတ်ပညာရှိတို့ တွေ့ကြပြီ၊ ထိုအားဟူသောဝါယောဓာတ် ပင်တည်။ ဗုဒ္ဓမြတ်စွာ၏ ကိုယ်တော်၌လည်း ရှေးရှေးဘဝများစွာက ပြုအပ်ခဲ့သော ကံတော်များကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည် ထိုမျှလောက်ပင် အားစွမ်းသတ္တိရှိနိုင်ကြပါသည်။

ဝိသာခါနှင့် မလ္လိကာတို့အား။ ။ ကျောင်းအမ ဝိသာခါ သည်လည်းကောင်း, ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည်လည်း ကောင်း ရိုးရိုးဆင် ငါးစီးအားနှင့် ညီမျှသောအားရှိကြ၏။ ထို့ကြောင့် ဝိသာခါသည် သားသီး ၂ကျိပ်ဖွားရသော်လည်း အားမပျက်၊ စစ်သူ ကြီးကတော် မလ္လိကာသည် အမ္မာမွေးသား၃ကျိပ် ၂ယောက်ဖွား ရသောလည်း အားမပျက်ပါ၊ ဤသို့လျှင် ကံအထူးရှိသူတို့၌ အားစွမ်းအထူးလည်း ရှိနိုင်ရကားဘုရားရှင်၏အားတော်၌ ယုံမှားမ ရှိသင့်ပါ။

ဉာဏမလ။ ။ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်အားလည်း ဆယ်ပါး ရှိတော်မူ၏။ ထို ဉာဏ်တော်အား၏ ထက်မြက်လှသောကြောင့် အမှားအယွင်းလုံးလုံးရှိတော်မမူရကား ထိုအားတော်နှင့်ဆိုင်သော တရားစကားကို မိန့်တော်မူသောအခါ ခြေသေ့ဟောက်သကဲ့သို့ မရွံ့ မကြောက် ရဲရဲတောက်မိန့်တော်မူပါသည်၊ ယခုအခါ ထိုဉာဏ် တော်အားဆယ်ပါးကို ပြပါတော့မည်။

၁။ ဌာနာဌာနကောသလ္လဉာဏ်တော်။ ။ ပဌာန်းနှစ်ဆယ် လေးပစ္စည်းသည် ထိုထို အကျိုးတရားတို့ကို ဖြစ်ပေါ်ဖို့ရန်ပြသော ပစ္စည်းတရားများဖြစ်၏။ ထိုအကျိုးတရားတို့ကို ဖြစ်ပေါ်စေဖို့ရန်အကူ အညီ အကြောင်းတွေ များစွာပါရသေး၏။ ထို့ကြောင့် မည်သည့် အကျိုးဖြစ်ဖို့ရန် မည်သည့်တရားတို့သည် အကြောင်းဟုတ်၏။ မည်သည့်တရားတို့ကား အကြောင်းမဟုတ်ဟု သိသောဉာဏ်တော် ကို "ဌာနာဌာနကောသလ္လဉာဏ်" ဟုခေါ်သည်။

ယေသံ ယေသံ ဥပ္ပါဒါယ, ယေယေအဌာန ဌာနကံ၊
ဇာနန္တော ဉာဏမလေန, သိဟနာဒံ နဒီ ဝိနော။

ဝိနော– အောင်သင့်အောင်ရာ, အဖြာဖြာကို, ကောင်းစွာ အောင်မြင်, ဘုရားရှင်သည်၊ ယေယေ(ဝမ္မာ)– ပဌာန်းပစ္စည်း, အနည်းနည်းနှင့်, သီးသီးထွေပြား, အကြင်အကြင်တရားတို့သည်၊ ယေသံယေသံ(ဝမ္မာနံ)– ကျိုးပစ္စယုပ္ပန်, အတန်တန်ဖြင့်, မှန်မှန် ဖြစ်ပွား, အကြင်အကြင်အကျိုးတရားတို့၏၊ ဥပ္ပါဒါယ– နဂိုရှိ ထင်ရှား,မရှိပြားလည်း အံ့အားသင့်စရာ, ဖြစ်တည်ခြင်းအကျိုးငှါ၊ အဌာနံ–ထိုဤကြောင်းချုပ်, ပေါင်းကာလုပ်လည်း, သရုပ်ဖော်ရန်, အကြောင်းမဟုန်ချေ။ ဌာနကံ– မည်သည့်ရေးရာ, ပေါင်းမိကာမှ, ကောင်းစွာစင်စစ်, အကြောင်းဖြစ်နိုင်ပေ၏။ ဣတိ– ဤသို့၊ ဉာဏ ဗလေန– ဌာနဌာန, ကောသလ္လဟု, မည်ရထင်ရှား, ဉာဏ်တော်အား ဖြင့်၊ ဇာနန္တော– မမှားကေန်, ဟုတ်တိုင်းမှန်အောင်, ဖေါက်ပြန် မရှိ, သိတော်မူသည်ဖြစ်၍၊ သီဟနာဒံ– မရွံ့မကြောက်, ခြေသေ့ ဟောက်သို့, ရဲရဲတောက်ညံ, တရားအသံတော်ကို၊ နဒီ– ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော်မူပေသတည်း။

၂။ ကမ္မဝိပါကကောသလ္လဉာဏ်တော်။ ။ ကံ၏အကျိုးကို သိသောဉာဏ်တော်ကို "ကမ္မဝိပါကကောသလ္လဉာဏ်တော်" ဟုခေါ်ပါသည်။ လူအများတို့ တစ်ယောက်တည်းဖြစ်စေ, စုပေါင်း၍ဖြစ်စေ, ကံပြုတုန်းကပင် ပေးမည့်အကျိုးကို သိတော်မူ၏။ အကျိုးပေးထားသူကိုမြင်တော်မူလျှင်လည်း ရှေးရှေးက မည်သည့်ကံကိုပြုခဲ့၍ ယခုအခါ ဤအကျိုးကို ရနေသည်- ဟု သိတော်မူသည်။ [သဗ္ဗညုတဉာဏ်တော်အစွမ်း၌ ကာလဂတိစသည်ကို ပြခဲ့ပါပြီ။]

သမာဒါန ကမ္မနမ္မိ, ဝိပါကံ ဌာနဟေတုသော၊
ဇာနန္တော ဉာဏမလေန, သိဟနာဒံ နဒီ ဝိနော။

ဝိနော- ငါးပါးမာရ်ရှိန်, ဉာဏ်ဝရဝိန်ဖြင့်, ချိုးနှိမ်လွယ်ကူ, အောင်တော်မူပြား, မြတ်ဘုရားသည်၊ သမာဒါနကမ္မာနံ- သတ္တဝါအလီလီ, ကိုယ့်ကိုယ်စီဖြင့်, ဆောက်တည်ဖန်ပြား, ကံအများတို့၏။ ဝိပါကမ္မိ- ပစ္စုပန်ရေး, သံသာရေး၌, ပေးမည့်အချက်, အကျိုးရင်းအကျိုးဆက်ကိုလည်း။ ဌာနသော- ပြုပြုသမျှ, ပယောဂနှင့် ကာလဂတိ, ဥပဓိအပေါင်း, အကူအညီ အကြောင်းအားဖြင့်လည်းကောင်း။ ဟေတု သော- မျိုးစေ့တမျှ, အကျိုးရဖို့, မုချအမှန်, အရင်းခံအကြောင်း အားဖြင့်လည်းကောင်း။ ဉကြာဏမလေန- ကမ္မဝိပါက, ကောသလ္လဟု, မည်ရ ထင်ရှား, ဉာဏ်တော်အားဖြင့်၊ ဇာနန္တော- မမှားကေန်, ဟုတ်တိုင်း မှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သိဟနာဒံ-မ၍. မကြောက်, ခြသေ့ဟောက်သို့, ရဲရဲတောက်ညံ, တရားအသံတော်ကို၊ နဒီ- ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော် မူပေသတည်း။

၃။ သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော်။ ။ အပါယ်ဘုံ, လူ့ဘုံ,နတ်ဘုံ, ဗြဟ္မာ့ဘုံဟူသော ဂတိနှင့် နိဗ္ဗာန်ဟူသောအဂတိသို့ ရောက်ကြောင်း ကောင်းမကောင်းသော အကျင့် အားလုံးတို့ကို သိသောဉာဏ်တော်ဖြစ်သည်။

သဗ္ဗဂတီ အဂတီ စ, ဂါမိနိပိ ပဋိပဒံ၊
ဇာနန္တော ဉာဏမလေန, သိဟနာဒံ နဒီ ဝိနော။

ဝိနော- ဒေဝပုတ္တ, စသည်အပြား, မာရ်ငါးပါးကို, ထွားထွားညက်ညက်, ချေဖျက်အောင်မြင်, ဘုရားရှင်သည်၊ သဗ္ဗဂတီ ဂါမိနိ- ထိုထိုဂတိ, ရောက်မည့်ကြောင်း, ကောင်း-မကောင်းစုံ, အဖုံဖုံလည်းဖြစ်သော၊ အဂတိ ဂါမိနီ စ- ဂတိကင်းကွာ, ပြည်ခေမာသို့, သေချာထုတ်ချောက်, ရောက်ဖို့အကြောင်းလည်းဖြစ်သော၊ ပဋိပဒံ ဝိ-ကြွင်းမဲ့ဥသုံ, အားလုံးစုံအောင်, အကုန်ဆင့်ပေါင်း, အကျင့်အကြောင်းကိုလည်း၊ ဉာဏမလေန- သဗ္ဗတ္ထဂါမိပဋိပဒါ, သညာမည်လျှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ဇာနန္တော- မမှားကေန်,ဟုတ်တိုင်း မှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သိဟနာဒံ-မ၍. မကြောက်, ခြသေ့ဟောက်သို့, ရဲရဲတောက်ညံ, တရားအသံတော်ကို၊ နဒီ-ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော် မူပေသတည်း။

၄။အနေကဓာတုနာနာဓာတုဉာဏ်တော်။ ။ မိမိသဘောကို ဆောင်နေသော မိမိသဘောအတိုင်း ထင်ရှားနေသော တရားတို့ကို ပါဠိလို ဓာတု, မြန်မာလို ဓာတ်, ဟုခေါ်၏။ ထိုဓာတ်သည် စက္ခု

ဓာတ်, သောတဓာတ် စသောအားဖြင့်ဎင်း, ကာမဓာတ်, ရူပဓာတ် စသောအားဖြင့်ဎင်း အများအပြားရှိ၏။ လောကၦ် "ဓာတ်"တရား တွေ့သာ အထင်အရှားရှိ၏။ "ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ"ဟု အထင်အရှားမရှိ၊ လူတို့က "သတ္တဝါ"ဟုလည်းကောင်း, "သူ,ငါ"ဟုလည်းကကောင်း ခေါ်ဝေါ်၍ ဖြစ်အောင် နာမည်ပညတ် တင်ထားအပ်သော်လည်း အရင်းအမြစ် မှာ ရုပ်ဓာတ်နာမ်ဓာတ်အစုသာဖြစ်၏။ ဤသို့ အနေကဓာတု နာနာ ဓာတုဉာဏ်တော်ဖြင့် ဗုဒ္ဓမြတ်စွာ သိတော်မူပါသည်။ [သဗ္ဗညုတ ဉာဏ်တော်အစွမ်းၦ် သက်မဲ့ဝတ္ထုတွေကိုပါ သိပုံကိုပြခဲ့ပြီ။]

အနေကံ နာနာဓာတုံ လောကံ, ခန္ဓာယတနဓာတုကံ၊
ဇာနန္တော ဉာဏဗလေန, သီဟနာဒံ နဒီ ဝိနော၊

ဝိနော– ဒေဝပုတ္တံ, မာရ်နတ်ရန်ကို, စွမ်းအန်ပယ်ရှင်း, နယ်အတွင်းမှ, လွတ်ကင်းအောင်မြင်, ဘုရားရှင်သည်၊ အနေကံဓာတုံ– စကျုကာမ, စသည်သတ်မှတ်, များစွာသောဓာတ်လည်းရှိထသော၊ နာနာဓာတုံ– ထိုဓာတ်အများ, တစ်ပါးပါးဝယ်, ခြားနားအမှတ်, အထူးထူးသော ဓာတ်လည်းရှိထသော၊ ခန္ဓာယတနဓာတုကံ–ပုဂ္ဂိုလ်သတ္တဝါ, သူငါမနော, ခန္ဓာအာယတန, ဓာတ်သဘောသာဖြစ်သော လောကံ– လူနတ်ပြဟ္မာ, သတ္တဝါဟု, သူငါထင်မှတ်, လောကဓာတ်ကို၊ ဉာဏဗလေန– အနေကနာနာ, ဓာတ်များစွာကို, သေခြာခွဲခြမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော– မမှားကေန်,ဟုတ်တိုင်း မှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သီဟနာဒံ–မရွံ့မကြောက်, ခြေသံ့ဟောက်သို့, ရဲရဲတောက်ညံ့, တရားအသံတော်ကို၊ နဒီ–ပညာရဲရင့်ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော်မူပေသတည်း။

၅။ နာနာဓိမုတ္တိကတာဉာဏ်တော်။ ။ သတ္တဝါတို့သန္တာန်၌ သာမန်စွဲလမ်းခြင်းမျိုးမျှမကဘဲ, လွန်လွန်ကဲကဲ စွဲမြဲသော နှလုံးသွင်းမှုကို "အဓိမုတ္တိ"ဟုခေါ်၏။ [အဓိ– လွန်လွန်ကဲကဲ+မုတ္တိ– အာရုံ တစ်ခုခု၌သက်ဝင်ခြင်း, စွဲလမ်းခြင်း။] ထိုလွန်လွန်ကဲကဲ စွဲလမ်းပုံတို့ကလည်း တစ်ယောက်နှင့်တစ်ယောက် မတူကြ, အမျိုးမျိုးရှိကြသည်၊ ထို့ကြောင့် "နာနာဓိမုတ္တိ"ဟုခေါ်ရသည်၊ သတ္တဝါတို့၏ ထိုထို အဓိမုတ္တိကို သိတော်မူသော ဉာဏ်တော်ကို "နာနာဓိမုတ္တိကတာ ဉာဏ်တော်" ဟုမှတ်ပါ။ [နာနာ– တစ်ယောက်နှင့်တစ်ယောက်မတူ ကွဲပြားခြားနားသော + အဓိမုတ္တိက– စွဲမြဲသော နှလုံးသွင်းရှိသူ+ တာ– အဖြစ်ကို+ သိသောဉာဏ်။]

တေသံ တေသံ သတ္တာနံပိ, နာနတ္တ မဓိမုတ္တိကံ၊
ဇာနန္တော ဉာဏဗလေန, သီဟနာဒံ နဒီ ဝိနော။

ဝိနော– ကိလေသာမာရ်, ကိုယ်တွင်းရန်ကို, ပယ်လှန်ရာတွင်, အောင်ပွဲယင်ငြား, မြတ်ဘုရားသည်၊ တေသံတေသံသတ္တာနံ–ထိုထိုရပ်ရွာ, ကပ်ကမ္ဘာ၌, နတ်ပြဟ္မာလူ, သတ္တဝါဟူသမျှတို့၏။ နာနတ္တံ– နဂိုစရိုက်, ကိုယ်အကြိုက်ဖြင့်, အလိုက်အယူ, မတူကွဲပြား, ခြားနားလျက်ရှိသော၊ အဓိမုတ္တိကမ္ပိ– လိုအင်ဆန္ဒ, သာမန်မျှထက်, မကလွန်ကဲ, စွဲမြဲသောနှလုံးသွင်းကိုလည်း။ ဉာဏဗလေန– နာနာဓိမုတ္တာ, မည်တော်သာသည့်, ရောင်ဝါထိန်လျှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော– မမှားကေန်, ဟုတ်တိုင်းမှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သီဟနာဒံ– မရွံ့မကြောက်, ခြေသံ့ဟောက်သို့, ရဲရဲတောက်ညံ့, တရားအသံတော်ကို၊ နဒီ– ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော်မူပေသတည်း။

၆။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်။ ။ သဒ္ဓိန္ဒြေစသော ဣန္ဒြေတို့၏ အနုအရင့် အညံ့ အထက်ကိုသိသော ဉာဏ်တော်ဖြစ်၏။ ရှေ့သဗ္ဗညုတဉာဏ်တော်ခဏ်၌ ပြခဲ့ပြီ။

ပရေသံ ပုဂ္ဂလာနမ္ပိ, ဣန္ဒြိယာနံ ပရောပရံ၊
ဇာနန္တော ဉာဏမဟလေန, သီဟနာဒံ နဒီ ဇိနော။

ဇိနော– ခန္ဓမစ္စု, မာရ၂ခုကို, သမုဒယအကြောင်း, ကောင်းကောင်းပယ်နှင်, အောင်ပွဲယင်ငြား, မြတ်ဘုရားသည်၊ ပရေသံ ပုဂ္ဂလာနံ– ကိုယ်တော်မှတစ်ပါး, အစားစားဖြင့်, မျှားပြားဘိတုံ, အဖုံဖုံသောပုဂ္ဂိုလ်တို့၏။ ဣန္ဒြိယာနံ– သဒ္ဓါဝိရိ, သမာဓိနှင့်, သတိ ပညာ, ငါးဖြာသော ဣန္ဒြေတို့၏။ ပရောပရံပိ– ပါရမိကံက, မတူကြ သဖြင့်, မမျှနိမ့်မြင့်, အဆင့်ဆင့်ကိုလည်း။ ဉာဏမဟလေန– ဣန္ဒြိယ, ပရောပရိ, မည်တော်ရှိသည့်, နံ့သိထိန်လျှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော– မမှားကေန်, ဟုတ်တိုင်းမှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သီဟနာဒံ–မရွံ့မကြောက်, ခြသေ့ဟောက်သို့, ရဲရဲတောက်ညံ, တရားအသံတော်ကို၊ နဒီ–ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော်မူပေသတည်း။

၇။ စျာနသံကိလေသာဒီဉာဏ်တော်။ ။ စျာန်ရပြီးသော ပုဂ္ဂိုလ်သည် ကာမအာရုံများကြောင့် စျာန်လျှောတတ်၏။ ခဏခဏ ဝင်စား၍ အထက်စျာန်တက်ဖို့ ကြိုးစားလျှင် ဖြူစင်၏။ မည်သည့် အချိန်သို့ရောက်လျှင် သမာပတ်ဝင်စားရာမှ ထမည်ဟုအဝိဇ္ဇာန်ပြု၍ ဝင်စားလျှင် ထိုအချိန်၌ ထနိုင်၏။ ဤသို့သိသောဉာဏ်တော်တည်း။

စျာနာဒီနံ သံကိလေသံ, ဝေါဒါနဉ္စ ဝုဋ္ဌာနကံ၊
ဇာနန္တော ဉာဏမဟလေန, သီဟနာဒံ နဒီ ဇိနော။

ဇိနော– ငါးပါးမာရ်နှင်, အောင်ပွဲယင်ငြား, မြတ်ဘုရားသည်၊ စျာနာဒီနံ– အောက်တန်းကာမ, ကုသလထက်, စစလွန်မြတ်, စျာန်သမာပတ်တို့၏။ သံကိလေသံစ– ဤသို့နေက, လျှောကျရမည့်, မုချမကောင်း, ညစ်နွမ်းကြောင်းကိုလည်းကောင်း။ ဝေါဒါနဉ္စ– ဤသို့နေမှ, တိုးတက်ရမည့်, မုချအကောင်း, ဖြူစင်ကြောင်းကိုလည်း ကောင်း။ ဝုဋ္ဌာနကဉ္စ– ရည်မှန်းသလောက်, ထချိန်ရောက်က, မဖေါက်မယွင်း, ထနိုင်ခြင်း၏ အကြောင်းကိုလည်းကောင်း။ ဉာဏမဟလေန– စျာနာဒိက, သံကိလေသနှင့်, ဝေါဒါနမည်လျှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော– မမှားကေန်, ဟုတ်တိုင်းမှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည်ဖြစ်၍၊ သီဟ နာဒံ– မရွံ့မကြောက်, ခြသေ့ဟောက်သို့, ရဲရဲတော်ကည်, တရား အသံတော်ကို၊ နဒီ– ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်မြွက်တော်မူပေသတည်း။

၈။ ပုဗ္ဗေနိဝါသဉာဏ်တော်။ ။ ရှေးရှေးဘဝ၌ နေအပ်ခဲ့ဖူးသောခန္ဓာအစဉ်ကိုလည်းကောင်း, ထိုခန္ဓာနှင့်စပ်၍ ထိုဘဝ၌ဖြစ်ခဲ့ရ တွေ့ခဲ့ ရသော သုခဒုက္ခကိုလည်းကောင်း, "မည်သည့်အရွယ်၌ သေခဲ့ရသည်"ဟု အသက်အပိုင်းအခြားကိုလည်းကောင်း, အမျိုး အနွယ်ကိုဝင်း, မှတ်မိနိုင်သော ဉာဏ်တော်ဖြစ်သည်။

အနေကဝိဟိတံ ပုဗ္ဗေ, နိဝါသံ သဉ္ဇဒ္ဒေသကံ၊
ဇာနန္တောဉာဏမဟလေန, သီဟနာဒံ နဒီ ဇိနော။

ဝိနော– ငါးပါးမာရ်နှင့်, အောင်ပွဲယင်ဟု, သုံးခွင်ကျော်ကြား, မြတ်ဘုရားသည်၊ အနေကဝိဟိတं–ကာမရူပ, အရူပဟု, ဘဝယောနိ, ဂတိစသား, များသောအပြားရှိသော၊ သဉ္ဇဒ္ဓေသကံ– ပြောညွှန်ပြမှ, သိခွင့်ရသည့်, နာမအနွယ်, အသွယ်သွယ်အဖုံဖုံ, အလုံးစုံနှင့် တကွဖြစ်သော၊ ပုဗ္ဗေနိဝါသံ– ရှေးရှေးအတိ, ပဝေဏိက, စွဲမှီနေ အပ်, အရပ်ရပ်သော ခန္ဓာအစဉ်ကို၊ ဉာဏမလေန– ပုဗ္ဗေနိဝါသ, မည်တော်ရသည့်, လောကကိုလွှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော– မမှားကေန်, ဟုတ်တိုင်းမှန်အောင်, ဖေါက်ပြန်မရှိ, သိတော်မူသည် ဖြစ်၍၊ သီဟနာဒံ– မရွံ့မကြောက်, ခြေသေ့ဟောက်သို့, ရဲရဲတောက်ညံ့, တရားအသံတော်ကို၊ နဒီ–ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်ပြွက်တော်မူပေသတည်း။

၉။ ဒိဗ္ဗစက္ခုဉာဏ်တော်။ ။ နတ်စက္ခုထက်ပင် ပို၍အဆင်း တို့ကိုမြင်နိုင်သောဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်ဟုခေါ်၏။ ထိုဉာဏ်ဖြင့် သတ္တဝါတို့ကို ကြည့်သောအခါ စုတေခါနီး သတ္တဝါတို့ကိုလည်းမြင်တော်မူရ၏။ ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကိုလည်း မြင်တော်မူရ၏။ ထို့ကြောင့် စုတူပပါတဉာဏ် ဟုလည်းခေါ်သည်။

စဝန္တေ ဥပပဇ္ဇန္တေ, ယထာကမ္မ မုပါဂတေ၊
ပဿန္တော ဉာဏမလေန, သီဟနာဒं နဒီ ဝိနော။

ဝိနော– ငါးပါးမာရ်နှိမ်, မာရဇိန်ဟု, ကြိမ်ကြိမ်ထိပ်ထား, မြတ်ဘုရားသည်၊ စဝန္တေ – တစ်ဘဝကံရှိန်, ကုန်သည့်ချိန်ဝယ်, ဇီဝိန်ချုပ်ကြွေ, စုတေခါနီးသတ္တဝါတို့ကိုလည်းကောင်း။ ဥပပဇ္ဇန္တေ – ဘဝအသစ်, ကံအသစ်ကြောင့်,အသစ်သန္ဓေ, တည်နေခါစ, ဟူသမျှ

တို့ကိုလည်းကောင်း ယထာကမ္မံ– မိမိစီမံ, မိမိထံ၌, အမှန်ထင်ရှား, မိမိကံအားလျော်စွာ၊ ဥပါဂတေ–ထိုထိုဘဝ, ဘုံဌာနခ, ကပ်ရောက်ရတုံ, အဖုံဖုံသော သတ္တဝါတို့ကိုလည်းကောင်း။ ဉာဏမလေန– ဒိဗ္ဗစက္ခု, အရင်းပြု၍, မြင်မှုထိန်လျှမ်း, ဉာဏ်တော်စွမ်းဖြင့်၊ ပဿန္တော– မျက်နှာတော် အောက်, အားလုံး ရောက်သို့ မျက်မှောက်ထင်ထင်, မြင်တော်မူသည် ဖြစ်၍၊ သီဟနာဒံ– မရွံ့မကြောက်, ခြေသေ့ဟောက်သို့, ရဲရဲတောက်ညံ့, တရားအသံ တော်ကို၊ နဒီ– ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဘွေ, မိန့်ပြွက်တော်မူပေသတည်း။

၁၀။ အာသဝက္ခယဉာဏ်တော်။ ။ အာသဝေါတရား တို့သည် ခန္ဓာကိုယ်၌ အရက်စိမ်သလို ကြာမြင့်စွာ စိမ်အပ်သော တရားများဖြစ်၏။ ထိုတရားတို့၏ တရားကိုယ်ကား တဏှာ ဒိဋ္ဌနှင့် မောဟဟူသော အဝိဇ္ဇာတို့တည်း။ ထိုတရားတို့ကို ကုန်စေနိုင်သော တရားသည် အရဟတ္တမဂ်တည်း ထို့ကြောင့် အရဟတ္တမဂ်ကို "အာသဝက္ခယဉာဏ်"ဟု ခေါ်ရ၏။ ထိုအရဟတ္တမဂ်ကို ရသော အခါ အရဟတ္တဖိုလ်ကိုလည်း တစ်ဆက်တည်းရတော့၏။ ထိုအရဟတ္တဖိုလ်ကို ဝိမုတ္တိ (ကိလေသာတို့မှလွတ်သော) တရားဟုခေါ်သည်။

အာသဝါနံ ခယေနေဝ, ဝိမုတ္တိက မနာသဝံ၊
ဝိဟရံ ဥပသမ္ပဇ္ဇ, သီဟနာဒं နဒီ ဝိနော။

ဝိနော– ကိလေသာအားလုံး, ပြုတ်ပြုတ်ပြုန်းအောင်, လုံးလုံးအောင်မြင်, ဘုရားရှင်သည်၊ အာသဝါနံ– ခန္ဓာကိုယ်ဆိုး, အရက်အိုး၌, အခိုးပြင်းစွာ, ထုံလျက်ပါသည့်, အဝိဇ္ဇာနှင့်, တဏှာသဘော,

အာသဝေါတို့၏။ ခယေနေ၀– အရဟတ္တာ, မဂ်ခဏာ၌, လုံး၀သန့်ရှင်း, ကုန်ခမ်းခြင်းကြောင့်သာလျှင်၊ အနာသ၀ံ– အာသဝေါအနံ့, စိမ်ဖန့်ဖန့်နှင့်, မသန့်မရှင်း, အားလုံးကင်းသော၊ ဝိမုတ္တိကံ– အရဟတ္တဖိုလ်, ခေါ်ဆိုနိုင်သည့်, ဝိမုတ္တိတရားကို၊ ဥပသမ္ပဒေ– မျက်မှောက်ကာလ, ခုဘ၀၌, လုံး၀ကိုယ်ပိုင်, ပြီးစေနိုင်လျက်၊ ဝိဟရံ ဝိဟရေယ္ယာ– နိဗ္ဗာန်ကိုမှတ်, စိတ်တော်မြတ်ဖြင့်, မပြတ်မွေ့လျော်, နေနိုင်တော်မူသည်ဖြစ်၍။ သီဟနာဒ– မရွံ့မကြောက်, ခြင်္သေ့ဟောက်သို့, ရဲရဲတောက်ညံ, တရားအသံတော်ကို၊ နဒိ– ပညာရဲရင့်, ပွဲလယ်တင့်သို့, ကြူးရင့်လှစ်ဆွေ, မိန့်မြွက်တော်မူပေသတည်း။

ဇ၀ံ ဒသဟိ ဉာဏေဟိ, ဗလေဟိ သမုပါဂတံ၊
လောကေပတ္တဒ္ဓဇုဏ္ဏတံ, ဝန္ဒေ ပုရိသမုတ္တမံ။

ဇ၀ံ– ဂါထာနှုန်းဖွဲ့, အသုံးတဲ့အောင်, ထုံးနဲ့အညီ, စီအပ်ပြီးသော ဤနည်းအားဖြင့်၊ ဉာဏေဟိ– သိရန်မှန်က, မကျန်ရအောင်, လုံး၀စုံလင်, သိမြင်နိုင်ကုန်သော၊ ဒသဟိဗလေဟိ– ကိုယ်တော့်သန္တာန်, အဖန်ဖန်ဖြင့်, မှန်မှန်တိုးပွား, ဆယ်မျိုးသော အားတော်တို့သည်၊ သမုပါဂတံ– အလိုရှိတိုင်း, ချိန်ခါပိုင်း၍, မဆိုင်းမပြတ်, ကပ်ရောက်တော်မူအပ်ထသော၊ လောကေ– ကာမရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံ၌၊ ပတ္တဒ္ဓဇုဏ္ဏတံ– ဘ၀ဂ်မဆန့်, လုံးစုံပြန့်၍, နှံ့သောဂုဏ်လည်းရှိတော်မူထသော၊ ဥတ္တမံ– သီလသမာဓိ, ပညာပြည့်၍, မရှိစဘူး, အထူးအမြတ်ဆုံးလည်းဖြစ်တော်မူထသော၊ တံ ပုရိသံ– ကိုယ်အားဉာဏ်အား, စွမ်းပကားဖြင့်, ယောက်ျားပီပီ, ထိုအာဇာနိအရှင်မြတ်ကို၊ ဝန္ဒေ ဝန္ဒာမိ– ဂုဏ်တော်ထုံမွှမ်း, ပုံတော်ကိုမှန်း၍, ချီးမွမ်းထောမနာ, ရှိခိုးပါ၏ ဘုရား။

. . . . . .

ကာဠီသင္ဃေးသို့ဝတ္ထု

သင္ဃေးသို့ကာဠီ။ ။ ရာဇဂြိုဟ်မြို့၌ ကိုယ်ဝန်အရင့်အမာဖြင့် ကာဠီမည်သော သင္ဃေးသို့သည် ဝါဆိုလပြည့်နေ့ဝယ် အာသဠှိနက္ခတ်ပွဲသဘင် ဆင်ယင်နေသော တမြို့လုံးကိုကြည့်လို၍ သူတို့၏ ပြာသာဒ်အထပ်ထပ်သို့ တက်ပြီးလျှင် လေသာတံခါး၌ လေညှင်းခံလျက် မြို့၏သာယာပုံကို ကြည့်ရှုနေလေသည်၊ ထိုအချိန်၌ သာတာဂိရ, ဟေမ၀တမည်သော နတ်စစ်သူကြီး နှစ်ယောက်ကိုသည် နောက်ပါ အခြွေအရံ ငါးရာစီနှင့်အတူ ထိုပြာသာဒ်၏ အထက်ကောင်းကင်၀ယ် ဆုံမိကြလေသည်။

နတ်စစ်သူကြီးများ၏ ရှေးအပြစ်။ ။ ထိုနတ်စစ်သူကြီးနှစ်ယောက်တို့သည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ရဟန်းပြုကြ၍ ဝိဋ္ဌကကျွမ်းကျင်သော ပညာရှိသူတော်ကောင်းကြီးများဖြစ်ခဲ့ကြလေသည်၊ တပါးတပါးလျှင် အခြွေအရံ ငါးရာစီရှိ၏။ ဝိနည်းဆုံးဖြတ်မှု၌ အလွန်ကျွမ်းကျင်တော်မူကြသည်၊ တနေ့သင်္ဃကား– ဓမ္မ၀ါဒီ (မတရားပြောလေ့ရှိသော ရဟန်းတပါးသည်) သူမှာရှိနေသော အမှုတခုကြောင့် ထိုဆရာတော်တို့ အထံသို့လာ၍ တပည့်ခံလေသည်။

အဓမ္မ၀ါဒီက တောင်းပန်။ ။ ထိုရဟန်းသည် သူ့အမှုကို အခြားရဟန်းက တရားစွဲလျှင် သူရှုံးမည်ကိုမြင်၍ (ထိုတရားကို အဆုံးအဖြတ်မပေးဖို့ရန်) အဖန်ဖန်တောင်းပန်၏။ ဆရာတော်ကြီး ၂ပါးလည်း ပဌမ၌ ထိုရဟန်းတောင်းပန်သည်ကို လက်မခံကြပါ။ သို့သော် ထပ်ကာထပ်ကာ တောင်းပန်သောကြောင့် တပည့်လည်း

ဖြစ်နေသော ထိုရဟန်းကို ငဲ့ညှာသောအားဖြင့် အခြားရဟန်းက တရားစွဲလာသောအခါ ထိုအမှုကို လက်မခံဘဲ ရှောင်လွှဲနေလိုက်ကြ၏။ ထိုအဂတိလိုက်မှုကြောင့် ဓမ္မဝါဒီ ရဟန်းကောင်းကလေးသည် "ယခုအခါမှ သာသနာတော်ကြီးကွယ်ပါပေါ့" ဟုပြောဆိုငိုကြွေးရှာ၏။ ဆရာတော်ကြီး၂ပါးလည်း ထိုအခါကျမှ နောင်တရ၍ စိတ်မချမ်းမသာ ဖြစ်ကြလေသည်။

ဆရာတော်ကြီး၂ပါးယက္ခဖြစ်။ ။ အချိန်ကျ၍ ပြန်လွန်တော်မူကြသော အခါ သီလ သမာဓိ ပညာရှိပုံအတိုင်းဖြစ်ရလျှင် အထက်နတ်ပြည်၌ ဖြစ်နိုင်စရာရှိ၏။ သို့သော် အဂတိလိုက်မှုအပြစ်ကြောင့် အထက်နတ်ပြည်၌ မဖြစ်နိုင်ဘဲ ဆရာတော်တစ်ပါးသည် ဟိမဝန္တာဝယ် ဟေမဝတတောင်၌ ယက္ခအမျိုးတွင် ပါဝင်သော နတ်စစ်သူကြီးဖြစ်၏။ ဆရာတော်တစ်ပါးကား မဇ္ဈိမဒေသ၌ သာတတောင်ဝယ် သာတာဂိရမည်သော နတ်စစ်သူကြီး ဖြစ်လေသည်၊ သူတို့၏ တပည့်များလည်း ဆရာကြီးများအပေါ်၌ သံယောဇဉ်ရှိကြသောကြောင့် ထိုနတ်စစ်သူကြီး၏ အထံ၌ အခြွေအရံ နတ်စစ်သားများ ဖြစ်ကြလေသည်။

တွေ့ဆုံကြခြင်း။ ။ ထိုနတ်စစ်သူကြီးနှစ်ယောက်တို့သည် ဟိမဝန္တာဝယ် စည်းဝေးနေကျဖြစ်သော နတ်အစည်းအဝေး၌ တွေ့ဆုံကြသောအခါ တစ်ယောက်က တစ်ယောက်ကို မှတ်မိကြသဖြင့် ကဿပဘုရားသာသနာတော်ဝယ် အနှစ်၂သောင်းကြာအောင် ရဟန်းဘဝ၌ တရားဖြင့်နေခဲ့ကြပါလျက် အောက်တန်းယက္ခမျိုးမှာ ဖြစ်ရပုံကိုတွေးကာ ၂ယောက်လုံး ဆွေးရှာကြလေ၏။ ထို့နောက်

"မိမိနေရာဒေသ၌ အထူးအဆန်းတွေ့ရလျှင် အကြောင်းကြားကြစတမ်း" ဟုကတိထားလျက် အချင်းချင်း ကူးလူးဆက်ဆံရင်းပင်ငါတို့၏ ဘုရားရှင် လက်ထက်တော်သို့ ရောက်လာကြလေသည်။

ဆုံမိခြင်း၏အကြောင်း။ ။ ဘုရားရှင်သည် ဝါဆိုလပြည့်နေ့၌ မိဂဒါဝုန်တောဝယ် ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုဟောတော်မူရာအရပ်သို့ ဟိမဝန္တာ၌နေသော ဟေမဝတနတ်သည် မရောက်လာ၊ ဟိမဝန္တာ၌ကား အခါတိုင်းထက် ထူးခြားသော သာယာကြည်နူးဖွယ်တွေ ဖြစ်နေသောကြောင့် ဟေမဝတနတ်စစ်သူကြီးသည် ထိုကြည်နူးဖွယ်ကို မိတ်ဆွေ သာတာဂိရနတ်အား ပြလိုသည့်အတွက် နောက်ပါ အခြံအရံများနှင့်အတူ သာတာဂိရနတ်ဆီသို့ ထွက်ခဲ့လေသည်၊ သာတာဂိရနတ်လည်း ဘုရားရှင်၏ ဓမ္မစကြာတရားတော်ကို ကြားနာပြီးသောအခါ မိမိမိတ်ဆွေအား ဘုရားရှင်၏အကြောင်းကို ပြောပြလိုသည့်အတွက် ဟေမဝတနတ်ရှိရာသို့ နောက်ပါနတ်များနှင့်အတူ ခရီးထွက်ခဲ့လေသည်၊ ထိုသို့အသီးသီး ကိုယ့်ရည်ရွယ်ချက်ဖြင့် ခရီးထွက်လာခဲ့ကြစဉ် ကာဠိသဒ္ဒေးသျှီးနေရာ ပြာသာဒ်၏ အထက်ကောင်းကင်အရပ်၌ ဆုံမိကြလေသည်။

ဘုရားဖူခေါ်ခြင်း။ ။ တွေ့လျှင်တွေ့ခြင်း ဟေမဝနတ်က စ၍ ဟိမဝန္တာ၌ ထူးထူးခြားခြား အံ့သြဖွယ်ဖြစ်နေသောကြောင့် မိတ်ဆွေအားမြင်စေလိုရှိ၍ အခေါ်လာရကြောင်းကို ပြောသော အခါ သာတာဂိရနတ်က ပြန်၍ ပြောသည်မှာ .... မိတ်ဆွေ ..... ဟိမဝန္တာ တစ်နေရာ၌သာ ထူးထူးခြားခြား ဖြစ်သည် မဟုတ်ပါ၊

တစ်ကမ္ဘာလုံးပင် ထူးထူးခြားခြား အံ့သြဖွယ်တွေ ဖြစ်နေပါသည်။ လောကၨ အလုံးစုံကို အကုန်သိနိုင်သော ဗုဒ္ဓရှင်တော် ထွန်းပေါ်နေပါပြီ၊ ယနေ့ ဓမ္မစက္ကြာတရားဦး ဟောတော်မူရာ နေ့ထူးနေ့မြတ် ဖြစ်သောကြောင့် လောကဓာတ် တစ်သောင်းလုံးဝယ် အံ့သြဖွယ်သာယာမှုတွေ ဖြစ်နေပါသည်၊ အံ့သြဖွယ်တွေ ဖြစ်၍နေတုန်းဝယ် တရားနာဖို့အကောင်းဆုံးလည်းဖြစ်သော လပြည့်နေ့မှာ သမ္ဘာသမ္မုဒ္ဓဂေါတမဘုရားရှင်ကို ဖူးမြင်ဖို့ရာ လိုက်ခဲ့ပါ။

ချက်ခြင်းမလိုက်။ ။ ဟောမဝတနတ်သည် သာတာဂိရနတ်ထက် တန်ခိုးလည်းကြီး၏၊ ပညာလည်းထက်၏။ ထို့ကြောင့်သာတာဂိရနတ်က ဘုရားဖူးလိုက်ဖို့ခေါ်ပါသော်လည်း ချက်ခြင်းဝန်မခံသေး၊ လောကၨ ဘုရားအတု တရားအတုတွေ များသောကြောင့် ဘုရားအတုကို ဖူးမိလျှင် မိမိပါ ရှက်စရာဖြစ်သောကြောင့် ဘုရားစစ်-မစစ်ကို သိဖို့ရန် မေးခွန်းများစွာ မေးမြန်းလေသည်။

ဟောမဝတမေး။ ။ အိုသာတာဂိရ...ဘယ့်နှယ်ပါလဲ အသင်၏ "ဗုဒ္ဓ"ဆိုသူသည် သတ္တဝါတို့အပေါ်၌ အရင်းအဖျားမခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်း ထားနိုင်ပါရဲ့လား။ .. ကောင်းသော ဣဒ္ဓာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ သောမနဿ လောဘမဖြစ်ဘဲ, မကောင်းသော အနိဋ္ဌာရုံနှင့်တွေ့သောအခါလည်း ဝမ်းနည်းပက်လက် မနှစ်သက်သော ဒေါမနဿ ဒေါသ မဖြစ်ဘဲ မိမိ၏ ကောင်းသောအလိုအတိုင်းစိတ်ကိုထားနိုင်ပါ၏လော။

သာတာဂိရဖြေ။ ။ (ဤသို့ မေးသောအခါ သာတာဂိရနတ်သည် ဘုရားရှင်ကိုဖူးမြင်ခဲ့ရပြီးဖြစ်၍ "ဘုရားရှင်၌ ကောင်းသော

ဂုဏ်များအပြည့်အစုံရှိနိုင်သည်" ဟု ဆုံးဖြတ်ပြီး ဖြစ်သောကြောင့် ရဲရဲဝံ့ဝံ့ဖြေသည်၊) အိုဟောမဝတ...ကျွန်ုပ်၏ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အပေါ်၌ အရင်းအဖျား မခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်းထားတော်မူပါသည်၊ ဣဒ္ဓာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ လောဘမဖြစ်ဘဲ, အနိဋ္ဌာရုံနှင့် တွေ့သောအခါလည်း ဝမ်းနည်းပက်လက်မနှစ်သက်သော ဒေါသ ဒေါမနဿဖြစ်တော်မမူပါ။ မိမိအလိုအတိုင်းစိတ်ကို ကောင်းအောင်ထားတော်မူနိုင်ပါသည်။

ဟောမဝတမေး။ ။ အိုသာတာဂိရ... မေးပါရစေဦး၊ မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် သူ့ဥစ္စာကို မတရားယူခြင်းဟူသော အဒိန္နာဒါနမှ ရှောင်ပါ၏လော၊ သတ္တဝါတို့၌ ညှင်းဆဲမှုမရှိအောင် စောင့်စည်းလျက် ပါဏာတိပါတမှ ရှောင်ပါ၏လော၊ မိန်းမတို့နှင့်ကင်းကွာ၍ အပြဟ္မစရိယမှ ရှောင်ပါ၏လော၊ (ကာယဒုစရိုက်သုံးပါးမှ ရှောင်ပါ၏လောဟု မေးသည်၊) ထိုကာယဒုစရိုက်သုံးပါးမှ ဝေးစွာရှောင်ကြဉ်ကာ ဗျာနဝင်စားနိုင်ပါ၏လော။

သာတာဂိရဖြေ။ ။ အိုဟောမဝတ... ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် မလှူဒါန်း မပေးကမ်းအပ်သော သူ့ဥစ္စာကို ယူတော်မမူဘဲ အဒိန္နာဒါနအမှုမှ စင်ကြယ်တော်မူပါသည်၊ သတ္တဝါတို့အပေါ်၌ မေတ္တာကရုဏာဖြင့် ညှာတာစောင့်ရှောက်တော်မူကာ ပါဏာတိပါတအမှုမှလည်း စင်ကြယ်တော်မူပါသည်၊ မိန်းမတို့နှင့် ကင်းဝေးတော်မူကာ အပြဟ္မစရိယမှ လည်းစင်ကြယ်တော်မူပါသည်၊ ထိုဒုစရိုက်သုံးဖြာ ရှောင်ကြဉ်ကာဖြင့် ဘာဝနာမှန်မှန် ပွားသောကြောင့် ဗျာနတရားမှလည်း ကင်းဝေးတော်မမူပါ။

ဟေမဝတာမေး။ ။ အိုသာတာဂိရ.....မေးပါရစေဦး။ မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် မုသားစကားကို မပြောဘဲ ရှောင်ပါ၏လော၊ သူတစ်ပါးကို နှိပ်စက်လိုရှ၍ ဆဲဆိုခြင်းဟူသောဖရုသ ဝါစာမှရှောင်ပါ၏လော၊ ချစ်သူနှစ်ယောက်ကွဲသွားလောက်အောင် မကောင်းသော ပိသုဏာဝါစာကိုလည်း မပြောဆိုဘဲ ရှောင်လွှဲပါ၏လော၊ အကျိုးမရှိ အနက်အဓိပ္ပါယ်မရှိ၍ အဆန်မပါသော စပါး အပိန်အဖျင်းပမာ ပိန်ဖျင်းသော အပျက်အချာ် ပျော်ရရုံဖြစ်သော သမ္မပ္ပလာပစကားကိုလည်း မပြောဆိုဘဲ ရှောင်လွှဲပါ၏လော။ [ဤသို့ ဝစီဒုစရိုက်မှ စင်ကြယ်– မစင်ကြယ်ကို မေးသည်။]

သာတဂိရဖြေ။ ။ အိုဟေမဝတ... ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် သူတစ်ပါးတို့အထင်မှားအောင် ဘယ်သောအခါမှ မုသားမပြောပါ။ သူတပါးကို နှိပ်စက်လိုရှ၍ ဆဲဆိုသောဖရုသဝါစာကိုလည်း မပြောပါ။ ချစ်သူ၂ ယောက်ကွဲသွားအောင် ကုန်းတိုက်သော (ရန်တိုက်သော) စကားကိုလည်းမပြောပါ။ ကလေးသူငယ်များနှင့် လူဖျင်းလူပေါ့တို့ နားထောင်၍ကောင်းရုံသာဖြစ်သော (အနက်အဓိပ္ပါယ်မရှိ အကျိုး မရှိသော) အပျက်အချော် ပျော်ရုံသာဖြစ်သော သမ္မပ္ပလာပလစကား ကိုလည်း ဘယ်အခါမျှ ပြောတော်မမူဘဲ ဝစီဒုစရိုက် လေးပါးမှ ရှောင်တော်မူပါသည်။

ဟေမဝတာမေး။ ။ အိုသာတာဂိရ....မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် ငါးဖြာအာရုံ ကာမဂုဏ်၌ အဘိဇ္ဈာဖြင့် မမက်မောဘဲ ရှောင်လွှဲနိုင်ပါ၏လော၊ ဒေါသဗျာပါဒကင်း၍ ကြည်လင် သန့်ရှင်း သောစိတ်ရှိပါ၏လော၊ မိစ္ဆာမောဟကိုကျော်လွန်ကာ သမ္မာအယူ

ရှိပါ၏လော၊ သိဖွယ်မြင်ဖွယ် အသွယ်သွယ်တို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် သိမြင်နိုင်ပါ၏လော။ [ဤပြဿနာဖြင့် "မနေက် သုံးပါးမှ စင်ကြယ်၍ သဗ္ဗညုတဉာဏ် ရှိပါ၏လော" ဟုမေးလိုရင်း ဖြစ်သည်။]

သာတဂိရဖြေ။ ။ အိုဟေမဝတ....ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် နှစ်သက်ဖွယ်ရာငါးဖြာအာရုံ ကာမဂုဏ်တို့၌ အဘိဇ္ဈာ တဏှာ လောဘဖြင့် သာယာနှစ်သက် တပ်မက်ခင်မင် လိုချင်မှုမရှိပါ။ စိတ် တော်သည် ဒေါသဗျာပါဒကင်း၍ အမြဲသန့်ရှင်းကြည်လင်နေပါ၏။ ထိုထိုအယူဝါဒ၌ မိစ္ဆာမဖြစ်နိုင်အောင် မောဟကိုလည်းလွန်တော် မူပါပြီ၊ သိဖွယ်ဟူသမျှတို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် မြင် တော်မူပါသည်။

ဟေမဝတာမေး။ ။ (ဟေမဝတနတ်မင်းသည် ရှေးရဟန်း ဘဝတုန်းက ဘုရားအကြောင်းအရာတို့ကို ကောင်းစွာသိခဲ့ဖူးသူ ဖြစ်ရကား ဘုရားအစစ်၌ရှိထိုက်သော ဂုဏ်တော်များကို မေးမြန်း ပြန်သည်။) အိုသာတာဂိရ... ထိုဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာနှင့်ပြည့်စုံ ပါ၏လော၊ သန့်ရှင်းစင်ကြယ်သော အကျင့်စရဏနှင့် ပြည့်စုံပါ၏လော၊ ကိလေသာအာသဝေါ ကုန်ခမ်းပါပြီလော၊ နောက်တဖန် ဖြစ်ဖို့ရာ ဘဝရှိပါသေးသလော။

သာတဂိရဖြေ။ ။ အိုဟေမဝတ....ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာဉာဏ်နှင့်လည်းပြည့်စုံပါ၏။ အကျင့်စရဏလည်း သန့်ရှင်း စင်ကြယ်ပါ၏။ ကိလေသာအာသဝေါတို့လည်း ကုန်ပါပြီ၊ နောက် ဘဝလည်းမရှိတော့ပါ။

သောတာပန်တည်ကြခြင်း။ ။ ထိုသို့မေးဖြေပြီးသောအခါ ဗုဒ္ဓမြတ်စွာ၏ ကာယက် ဝစီက် မနောက် သုံးပါးလုံး သန့်ရှင်းစင်ကြယ်တော်မူပုံကိုလည်းကောင်း, ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူပုံကိုလည်းကောင်း, ကိလေသာအာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်ပုံကိုလည်းကောင်း, သမ္ဗညုတ ဉာဏ်စက္ခုဖြင့် အရာရာကို ကြည့်ရှုထင်ထင် သိမြင်တော်မူပုံကိုဂုဏ်း, နောက်ထပ်ဖြစ်ဘို့ရာ ဘဝအသစ်မရှိပုံကိုလည်းကောင်း သိရသောကြောင့် "သည်အတိုင်းပြည့်စုံလျှင် အသင်ချီးမွမ်းတာ မှန်ပါပေတယ်"ဟု ဝန်ခံလေသည်၊ ထို့နောက် ဘုရားအထံသို့ သွားကြ၍ တရားနာရသောအခါ အဆွေအရံ နတ်စစ်သား တစ်ထောင်တို့နှင့် အတူ သောတာပန်တည်ကြလေသည်၊ – သုတ္တနိပါတ်, ဟေဝမတသုတ် အဋ္ဌကထာ။

ကာဠီသောတာပန်တည်ခြင်း။ ။ ကာဠီအမျိုးသမီးသည် ထိုနတ်စစ်သူကြီးနှစ်ယောက်တို့၏ မေးကြ ဖြေကြရာဝယ် ဘုရားဂုဏ်တော်များကို အစအဆုံး နားစိုက်နေ၏။ ထိုသို့ နားထောင်ရင်းနားထောင်ရင်းပင် "အော်...ဗုဒ္ဓဆိုတာ ဤမျှလောက် ထူးခြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပါတကား"ဟု တွေးကာ လွန်စွာနှစ်သက်သော ပီတိဖြစ်လာ၏။ ထိုဘုရားဂုဏ်တော်ကို အာရုံပြုသော ပီတိအဟုန်ကြောင့် သောတာပန်တို့ ပယ်ထိုက်သော ကိလေသာနိဝရဏတွေ ကင်းကွာ၍ ထိုနေရာ၌ပင် သောတာပန်ဖြစ်ရပေသည်။

မှတ်ချက်။ ။ဤကာဠီအမျိုးသမီးသည် ဘုရားရှင်ကို မမြင်ဖူးသေး၊ အနီစွ ဒုက္ခအနတ္တဟု ရှုဖို့ရန် ဝိပဿနာကို သူ့ကိုယ်တိုင်ကြားနာဖို့မှာ သာ၍ဝေးသေး၏။ သို့ပါလျက် ထိုနတ်စစ်သူကြီးတို့၏ အမေးအဖြေစကား၌ ဘုရားရှင်၏ဂုဏ်တော်များကို ကြားရ

ရုံမျှဖြင့် ဗုဒ္ဓမြတ်စွာကို မှန်း၍ကြည်ညိုကာ ရှင်လန်းသော ပီတိဖြင့် ကိလေသာ တစ်ချို့ကိုခွာ၍ အရိယာ ဥပါသိကာ ဖြစ်နိုင်သည်မှာ ထူးခြားသော မှတ်သားဖွယ် ဖြစ်ပါပေသည်။

သောတာပန်ပယ်နိုင်သော အကုသုလ်များ။ ။ ဒိဋ္ဌိအကုသိုလ်သည် ကုသိုလ်အကုသိုလ်ကံဆိုတာမရှိ၊ ထိုကံ၏ အကျိုးလည်းမရှိ၊ အလုံးစုံကိုအကုန်သိသော ဗုဒ္ဓဆိုတာမရှိ၊ ဤသို့စသော အားဖြင့်အရှိကို"မရှိ" ဟုယူမှား၏။ သောတာပန်သည် ထိုဒိဋ္ဌိကို ပယ်နိုင်၏။ ဝိစိကိစ္ဆာအကုသိုလ်သည် ဗုဒ္ဓ၌လည်းကောင်း, ဗုဒ္ဓဟောတော်မူအပ်သော တရားတော်၌လည်းကောင်း, အရယာဖြစ်ပြီးသော သံဃာတော် ၌လည်းကောင်း,ယုံမှားသံသယဖြစ်နေ၏။"ဤဘဝအပြင် နောက်နောက် ဘဝတွေရှိသေး၏, ဤလူ့ဘဝအပြင်ငရဲပြိတ္တာ နတ်ပြဟ္မာဘဝ တွေရှိသေး၏" ဟုဆိုရာ၌လည်းကောင်းကောင်းမယုံ၊ သောတာပန် ဖြစ်သူသည် ဝိစိကိစ္ဆာကိုလည်း ပယ်နိုင်ပြီ။

ဣဿာမစ္ဆရိယမာယာသာဌေယျ။ ။ သောတာပန်သည် ကိုယ့်ထက်သာ မနာလိုသော ဣဿာနှင့် ကိုယ့်လိုကြီးပွားမည်ကို မလိုလားသော မစ္ဆရိယကိုလည်း ပယ်နိုင်၏။ မိမိမှာ ရှိနေသော အပြစ်ကို "အပြစ်မရှိ" ဟုထင်အောင် ဟန်ဆောင်တတ်သော သဘောကို "မာယာ"ဟုခေါ်၏။ မိမိမှာ မရှိသောဂုဏ်ကို ရှိဟန်ဆောင်သော သဘောကို "သာဌေယျ"ဟုခေါ်၏။ ထို "မာယာ သာဌေယျ"ဟူသော ကောက်ကျစ်စဉ်းလဲမှုကိုလည်း ပယ်နိုင်၏။ ထို့ကြောင့် သောတာပန်ဟူသမျှ ရိုးသားဖြောင့်မတ်စွာ ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံကြပေသည်။

သောတာပန်ဖြစ်ခြင်း၏အကြောင်း။ ။ ဤကာဠအမျိုးသီး၏ သောတာပန်ဖြစ်ပုံနှင့်စပ်၍ သောတာပန်ဖြစ်နိုင်ခြင်း၏ အကြောင်းကိုလည်းသိထိုက်ပါသည်။ (၁) သူတော်ကောင်းတို့ကို ဆည်းကပ်ရခြင်း။ [သပ္ပုရိယသံသေဝ၊] (၂) သူတော်ကောင်းတရားတို့ကို ကြားနာရခြင်း။ [သဒ္ဓမ္မဿဝန၊] (၃) ကောင်းသော နှလုံးသွင်းရှိခြင်း။ [ယောနိသောမနသိကာရ၊] (၄) လောကုတ္တရားတရားနှင့် သင့်လျော်သော အကျင့်ကိုကျင့်ခြင်း။ [ဓမ္မာနုဓမ္မပဋိပတ္တိ၊] ဤလေးပါးသည် သောတာပန်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဂုဏ်အင်္ဂါများဖြစ်သည်။ [' မဟာဝဂ္ဂ– သောတာပတ္တိသံယုတ်, ၅–သုတ်ပါဠိတော်။]

ကာဠ၌ ထိုဂုဏ်များရှိပုံ။ ။ ကာဠအမျိုးသီးသည် ထိုညဉ့်အခါဝယ် (၁)ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို မေး–ဖြေမည့် နတ်စစ်သူကြီးများနှင့် အဆင်သင့်ကြုံကြိုက်၏။ ထိုသို့ကြုံကြိုက်ခြင်းသည်ပင် သူတော်ကောင်းနှင့် ပေါင်းမိခြင်းဖြစ်သည်၊ (၂)ဘုရားရှင်၏ ဂုဏ်တော်များကို ကြားနာရခြင်းသည် သူတော်ကောင်းတရားကို နာရခြင်းပင်တည်း။ (၃) ထိုဂုဏ်တော်ကို စိတ်စိုက်၍ နားထောင်လိုခြင်းသည် ကောင်းသောနှလုံးသွင်းခြင်းဖြစ်၏။ (၄) ထိုနှလုံးသွင်းအားလျော်စွာ ဝမ်းမြောက်ဝမ်းသာဖြင့် ရှိသေစွာ နားစိုက်နေခြင်းသည် လေကုတ္တရာတရားနှင့် သင့်လျော်သော အကျင့်ကိုကျင့်ခြင်းဖြစ်၏။ ဤသို့သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့်လည်းကောင်း, ရှေးရှေးကလည်း ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်ခဲ့ဖူးသောကြောင့်လည်းကောင်း, ကာဠအမျိုး သီးသည် လွယ်ကူစွာဖြင့် သောတာပန်ဖြစ်ရပေသည်။

သောတာပန်လက္ခဏာ။ ။ "သောတာပန်ဖြစ်သူ" ဟုအသိအမှတ်ပြုဖို့ရာ အင်္ဂါလက္ခဏာသည် (၁)ဘုရားရှင်၌ဉာဏ်ဖြင့် သက်ဝင်၍ကြည်ညိုခြင်း၊ (၂) ဘုရားရှင်ဟောတော်မူအပ်သော တရားတော်နှင့် မဂ်ဖိုလ်နိဗ္ဗာန်တရားတော်တို့၌ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်း။ (၃)အရိယာဖြစ်သော သံဃာတော်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်း။ (၄) ငါးပါးသီလ မပြတ်မကျိုးမည်းဘဲ သမာဓိ၏ အခြေခံဖြစ်ခြင်း။ ဤ၄ပါးသည် သောတာပန်၏ အင်္ဂါလက္ခဏာပင်တည်း။ [မဟာဝဂ္ဂ– သောတာပတ္တိသံယုတ်ပါဠိတော်။]

ကာဠ၏သောတာပန်လက္ခဏာ။ ။ ကာဠအမျိုးသီး၌ ထိုလက္ခဏာ လေးပါးတွင် (၁) ဘုရားရှင်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းဟူသော ပဌမလက္ခဏာသည် ပီတိဖြစ်လောက်အောင် ကြည်ညိုခြင်အားဖြင့် ထင်ရှား၏။ (၂) သူ့ကိုယ်တိုင်သောတာပန်ဖြစ်၍ နိဗ္ဗာန်မြင်ရသောကြောင့် တရားတော်၌ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်းလည်း ထင်ရှား၏။

(၃) ထိုအချိန်၌ အရိယာသံဃာတော် မရှိသေး၍ အရိယာသံဃာကို ကြည်ညိုမှု မထင်ရှားသေးသော်လည်း အရိယာသံဃာတော်ကို ဖူးမျှော်ရသောအခါ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုမည်သာ၊ သူ၏ကိုယ်ဝန်သည်ပင် ဖွားမြင်၍ ကြီးရင့်သောအခါ "အရှင်သောဏ" မည်သော ရဟန္တာဖြစ်ပါလိမ့်မည်၊ ကာဠိသည် ပင်ကိုယ်အားဖြင့် ငါးပါးသီလ လုံခြုံနေသူဖြစ်၍ သောတာပန်ဖြစ်ပြီးသော အခါ၌ကား သာ၍ပင် စင်ကြယ်မည်သာ၊ ထို့ကြောင့် ကာဠိ၌ သောတာပန်လက္ခဏာ အပြည့်အစုံရှိပြီဟုမှတ်ပါ။

သက်ဝင်ယုံကြည်ပုံ။ ။ သောတာပန်ဖြစ်သူတို့၏ ဘုရားရှင်ကို ယုံကြည်ခြင်းသည်လည်းကောင်း, တရားတော် အရိယာဖြစ်ပြီးသော သံဃာ တော်ကိုယုံကြည်ခြင်းသည်လည်းကောင်း အပေါ်ယံသာမက, ဂုဏ်တော်များ တိုင်အောင်ဉာဏ်ဖြင့်သက်ဝင်၍ ယုံကြည်ခြင်းဖြစ်၏။ ထိုယုံကြည် မှုသည် အလွန်နိုင်မြဲ၏။ ထို့ကြောင့် "အဝေစ္ဆပသန္ဒ-ဉာဏ်ဖြင့် ဂုဏ်တော်တို့သို့ သက်ဝင်၍ ယုံကြည်ခြင်း" ဟုလည်းကောင်း, "အစလသဒ္ဓါ- သူတစ်ပါးက မယုံကြည်အောင်လှုပ်သော်လည်း မလှုပ်မယိုင်မြဲနိုင် သောယုံကြည်ခြင်း" ဟုလည်းကောင်း ခေါ်ရ၏။ ထို ယုံကြည်မှုမျိုးသည် သောတာပန်စစ်၌ဖြစ်နိုင်၏။ ဗုဒ္ဓတရားတော်ကို ကျကျနနသိနေ သောပုထုဇဉ် သူတော်ကောင်းများ၌လည်း ဖြစ်နိုင်ပါသည်။

သုရမ္မဋ္ဌကတ်ယုံကြည်ပုံ။ ။ သာဝတ္ထိမြို့ဝယ် "သုရမ္မဋ္ဌက" မည်သော အမျိုးသားတစ်ယောက်ရှိ၏။ မူလက တိတ္ထိဆရာကြီးများ၏ တပည့် ဒါယကာ ဖြစ်သူတည်း။ တစ်နေ့သ၌ ဘုရားရှင်သည်သူ၏ အိမ်ပေါက်သို့ ဆွမ်းခံကြွရောက်တော်မူ၏။ သုရမ္မဋ္ဌကသည် ဘုရားရှင်၏အမျိုးမြတ်ပုံ, အများကကြည်ညိုပုံကိုထောက်၍ မလှုဘဲနေလျှင် မသင့်သောကြောင့် ဘုရားရှင်၏သပိတ်တော်ကိုယူကာ အိမ်သို့ပင့်၍ ဆွမ်းကပ်လေသည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ သုရမ္မဋ္ဌကအားတရားတော်ကိုဟောတော်မူ၏။ တရားတော်၏အဆုံးတွင် သောတာပန်တည်လေသည်။ (အဂုံတ္တိရိ တေဒဂ္ဂဝဂ္ဂအဋ္ဌကထာ)။

မာရ်နတ်လာ၍စမ်းပုံ။ ။ ဘုရားပြန်ကြွသွားသောအခါ မာရ်နတ်သည် သုရမ္မဋ္ဌကကို တရားထူးရ-မရစုံစမ်းလို၍ ဘုရားပုံတော်သဏ္ဌာန် (တူနိုင်သမျှတူအောင်) ဖန်ဆင်းပြီးလျှင် သုရမ္မဋ္ဌက

အိမ်ပေါက်သို့သွားလေ၏။ သုရမ္မဋ္ဌကသည် "ဘုရားရှင် ပြန်ကြွလာသည်" ဟုကြား၍ အိမ်ပေါက်သို့ သွားကာ ကြွလာခြင်း၏ အကြောင်းကို မေးလျှောက်သောအခါ "သုရမ္မဋ္ဌက.... တရားဟောတုန်းကအလုံးစုံသော ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ကြတယ်" လို့အမှတ်တမဲ့ ဟောလိုက်မိတယ်၊ အဲဒီအတိုင်း မဟုတ်ဘူး။ တစ်ချို့ခန္ဓာများကတော့ "နိစ္စ, ဓုဝ, သဿတ (မြဲခြင်း နိုင်ခံ့ခြင်း အခါခပ်သိမ်းထင်ရှားရှိခြင်း) သဘောရှိကြတယ်" ဟုပြောလေသည်၊ ထိုအခါ " ဗုဒ္ဓရှင်တော်သည် အမှတ်တမဲ့ ဟောတော်မမူတန်ရာ" ဟုစဉ်းစား၍ "အသင်မာရ်နတ် မဟုတ်လား" ဟု မေးသောအခါ ဟုတ်ကြောင်းကိုဝန်ခံ၍ ကွယ်ပျောက်လေသည်။

အရိယာနှစ်သက်အပ်သော ငါးပါးသီလ။ ။ မြန်မာနုင်ငံ၌ ရှေးရှေးလူကြီးသူမတို့ ခါးဝတ်ပုဆိုးကဲ့သို့ ဘယ်အခါမှ မကျိုးမပေါက်အောင် စောင့်အပ်ခဲ့သော ငါးပါးသီလသည် အရိယာဖြစ်ပြီးသော သူတော်ကောင်းတို့ နှစ်သက်အပ်သောသီလ ဖြစ်၏။ သောတာပန်ဖြစ်ပြီးသူသည် နောက်ဘဝသို့ရောက်၍ မိမိကိုယ်ကို သောတာပန်မှန်း မသိစေကာမူ ဤငါးပါးသီလကိုတော့ အကျိုးအပေါက်မဖြစ်ရအောင် အမြဲစောင့်ရှောက်တော့၏။

ထို့ကြောင့် ပုထုဇဉ်ပင်ဖြစ်သော်လည်း မိမိကိုယ်ကို အရိယာလို့ သဘောထား၍ အရာရာစောင့်စည်းနေသော အမျိုးကောင်းသား အမျိုးကောင်းသို့ ဟူသမျှတို့သည် အရိယာတို့ နှစ်သက်အပ်သော ဤငါးပါးသီလကို အထူးစောင့်ထိန်းကြပါ၊ သောတာပန်ဖြစ်သူတို့ အပါယ်မကျခြင်းမှာ ဤငါးပါးသီလကြောင့်သာ ဖြစ်ပါသည်။

သောတာပန်နှင့်တူသူများ။ ။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုး တစ်ချို့သည် သောတာပန်အဖြစ်သို့ မရောက်သေးသော်လည်း ဗုဒ္ဓမြတ်စွာကို ယုံကြည်မှု၌ သောတာပန်လောက်နီးနီး ခရီးရောက်ကြပေသည်၊ "အသင်၏ဗုဒ္ဓကို ဗုဒ္ဓမဟုတ်ပါဘူး" ဟုပြောပါ။ "ပြောလျှင် သင့်အား မည်သည့်အကျိုးကျေးဇူးကို ပေးပါမည်၊ မပြောလျှင် အသင်၏ အသက်ကိုသတ်မည်" ဟုအာဏာရှင်ပြမ်သူက အတင်းခိုင်းစေကာမူ များစွာသောမြန်မာလူမျိုးတို့သည် ဘုရားရှင်တော်ကို "ဗုဒ္ဓမဟုတ်" ဟု မပြောနိုင်ကြ၊ အသက်ကိုပင် အသေခံကြလိမ့်မည်၊

နဝကအဂ္ဂိုရ်။ ။ အကြင်အမျိုးအိမ်၌ ရတနာဘုရားကို ယုံကြည်သောသရဏဂုံနှင့် ငါးပါးသီလတည်မြဲ၏၊ စာရေးတံမဲချ၍ လူအပ်သော သံယိကဆွမ်းဒါန, တစ်ပက္ခတစ်ခါ လူအပ်သော သံယိက ဆွမ်းဒါနလည်းရှိ၏။ [မြန်မာတိုင်းကား နေ့စဉ်သံယိကဆွမ်းဒါနပင်ရှိနေသည်။] ဝါကျွတ်သက်နှီးဒါနရှိ၏။ ရေတွင်း (သို့မဟုတ်) ရေကန်ဒါနလည်းရှိ၏။ သံယိကကျောင်းဒါနလည်းရှိ၏ ထိုအမျိုးအိမ်သည် သောတာပန်နှင့်တူစွာ လားရာဂတိကောင်းဖို့ သေချာ၏။ –သီဟနာဒဝဂ်, သဉ္ဇပါဒိသေသ သုတ်အဋ္ဌကထာ။

အဓိကရုဏ်းတုန်းကဖြစ်ခဲ့ပုံ။ ။ အတော်ကြာသောအခါက ဤမြန်မာနိုင်ငံတွင် ဘာသာရေးအဓိကရုဏ်းတစ်ခု ဖြစ်ခဲ့ဖူး၏ ထိုအခါ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဆရာများထံ၌ ဆေးအကုခံနေကြသော အရေဖျားရောဂါရှိသူတို့သည် " အသက်သေချင်သေပါစေ၊ ဗုဒ္ဓဘာသာကိုတော့ အထိမခံနိုင်ဘူးဗျို့" ဟု ကြွေးကြော်ကာ ထိုဆေးကုဌာနမှ တစ်စုတစ်ဝေးကြီး ထွက်ခွာ၍ ကိုယ်စီ ကိုယ်ရှိ ရုံတ်ကိုင်ရှာကြပါသတဲ့။

ဗုဒ္ဓအလိုတော်ကိုသိပါ။ ။ ဗုဒ္ဓမြတ်စွာနှင့် ဘာသာကို လေးစားကြသူ ရဟန်းရှင်လူတို့သည် ဘာသာရေးကိစ္စတိုင်း၌ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကို အတိအကျ သိသင့်ပါသည်၊ (အတိကျသိအောင် အနာဂတ်သာသနာရေးကျမ်း၌ ပြထားပါသည်၊) ထိုသို့ အတိကျသိ၍ အတိကျလုပ်မှသာ မိမိတို့ဘာသာကို မိမိတို့ထိန်းသိမ်းနိုင်စရာရှိပါသည်၊ ဗုဒ္ဓမြတ်စွာ၏ အလိုတော်မဟုတ်သော အပိုဒါနများကိုပြု၍ ပွဲလမ်းသဘင်များဖြင့် အပျော်ဘာသာရေးပွဲများလုပ်ကြလျှင် "သံကို သံဖျက်သံချေးတက်" ဆိုသကဲ့သို့ မိမိတို့ အလွန်ယုံကြည်ထားသော မိမိတို့ဘာသာကို မိမိတို့ပင် ဖျက်ရာရောက်ပါလိမ့်မည်။

စိတ်သာရှင်စော ဘုရားဟော။ ။ယခုခေတ် လူများသည် ရုပ်ခန္ဓာကို လှပအောင် ပြင်ကြ ဆင်ကြသော်လည်း စိတ်ကိုကား လူအများက မမြင်နိုင်သောကြောင့် ပြင်ဆင်လိုသူ နည်းပါးလှ၏ ၊ အမှန်အားဖြင့် ရုပ်ချောဖို့ထက် စိတ်ချောဖို့ကအရေးကြီးပါသည်။ ဘာ့ကြောင့်နည်း....ဤရုပ်ခန္ဓာသည် နောင်ဘဝသို့ ကူးစက်၍မဆက်နိုင်ပါ၊ စိတ်ကား ဤဘဝ၌ လောဘဒေါသကြီးလျှင် ထိုလောဘဒေါသဓာတ်သည် နောက်ဘဝသို့ ဓာတ်ဆက်၍ လောဘကြီးသူ ဒေါသကြီးသူဖြစ်နိုင်၏။ ဤဘဝ၌ပညာကြီးလျှင် မေတ္တာများလျှင် ထိုဉာဏ်ဓာတ် မေတ္တာဓာတ်သည် နောက်ဘဝသို့ ကူးစက်၍ ဉာဏ်ပညာကြီးသူ, မေတ္တာကရုဏာကြီးသူဖြစ်နိုင်၏။ ထို့ကြောင့် ရုပ်ကောင်းဖို့ထက် စိတ်ကောင်း–သီလကောင်းဖို့ အရေးကြီးကြောင်း သိသာပါသည်။

မဟာနာမ်လျှောက်ပုံ။ ။ ဘုရားရှင်၏ နောင်တော် မဟာနာမ်မင်းက ဘုရားရှင်အားလျှောက်ထားသည်မှာ– မြတ်စွာဘုရား ၊ ဒကာတော်သည် မြတ်စွာဘုရားကိုလည်းကောင်း, ရဟန်းတော်များကိုလည်းကောင်း, ဖူးမျှော်ပြီး၍ ညနေအခါ ကပိလဝတ်မြို့တွင်းသို့ ဝင်သွားလျှင်လမ်း၌ တွေ့ရသော ဆင်,မြင်း,ရထား, လှည်းလူများကို ရှောင်ရပါသည်၊ ထိုသို့ရှောင်ရင်းတိမ်းရင်းသွားနေခိုက်မှာ ဘုရားတရားသံယာ တော်များကို သတိမရနိုင်ပါ၊ ထိုအချိန်မျိုး၌ သေသွားရလျှင် အဘယ်ဂတိသို့ ရောက်စရာရှိပါသနည်း။ ဤသို့လျှောက်သည်။

ဘုရားရှင်ပြောတော်မူပုံ။ ။ မဟာရာဇာ..... မကြောက်ပါနှင့် မဟာရာဇာ ..... မကြောက်ပါနှင့်၊ အသင်၏အတွက်ဆိုးဝါးသော သေခြင်းမျိုးဖြစ်လိမ့်မည်မဟုတ်ပါ၊ အသင်၏စိတ်ကိုသဒ္ဓါ သီလ သုတ စာဂ ပညာတို့ဖြင့် ကြာမြင့်စွာ ထုံ၍ထားအပ်ပြီး ဖြစ်သည်။ ထို့ကြောင့်အသင်၏ ရုပ်ခန္ဓာကိုယ်ကို ဤဘဝ၌ကျီးလင်းတ ခွေးတို့စားရစ်ကြလိမ့်မည်။ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ဖြင့် ထုံမှုန်းအပ်သော စိတ်ကား(ဓာတ်ကူးစက်သော အားဖြင့်) အထက်သို့ တက်သွားပါလိမ့်မည်၊ ဥပမာ–ထောပတ်အိုး တစ်လုံးကို နက်လှစွာသော ရေ၌နှစ်၍ခွဲလိုက်သောအခါ အိုးခြမ်းကွဲတွေ အောက်သို့ ကျသွား၍ ထောပတ်တို့ကား ရေ၏အထက်သို့ ပေါ်တက်လာ သကဲ့သို့ဖြစ်ပါလိမ့်မည်။ (မဟာဝဂ္ဂသံယုတ်, သရဏာနိဝဂ်)။

ဘုရားလက်ထက်တော်။ ။ သက်တော်ထင်ရှားမြတ်ဘုရားကို ဖူးတွေ့ရသော ပါရမီရှင်တို့သည် လွယ်လွယ်ကူကူဖြင့် သောတာပန်စသော အရိယာများဖြစ်နိုင်ကြ၏။ ထိုသို့ဖြစ်နိုင်ဖို့ရာ အကြောင်း

အဂါ၄ပါးတို့တွင် ...“ သူတော်ကောင်းကို ဆည်းကပ်ရခြင်း ” ဟူသော ပဌမအကြောင်းသည် သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရခြင်းအားဖြင့် အလိုလိုပြီးစီး၏။ “သူတော်ကောင်းတရားကို နာရခြင်း” ဟူသော ဒုတိအကြောင်းလည်း ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူသောကြောင့် အလိုလိုပြီးစီး၏။ “ ကောင်းသော နှလုံးသွင်းခြင်း” ဟူသော တတိယအကြောင်းလည်း ဗုဒ္ဓကို ကြည်ညိုခြင်းကစ၍ အလိုလိုပြီးစီးနေပါသည်။

စတုတ္ထအကြောင်း။ ။ “လောကုတ္တရာတရားနှင့်လျော်သော အကျင့်ကို ကျင့်ခြင်း” ဟူသော စတုတ္ထအကြောင်းကား ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် တရားနာပုဂ္ဂိုလ်၏ အလိုဆန္ဒနှင့် လိုက်လျောသော တရားတော်ကို ဟောတော်မူနေသောကြောင့် တရားတော်ကိုအစဉ် လိုက်၍ စိတ်စိုက်နေခြင်းသည်ပင် ထိုတရားတော်အတိုင်း ကျင့်ခြင်းဖြစ်ပါသည်၊ ဤသို့ တရားနာပုဂ္ဂိုလ်များ၌ သောတာပန်ဖြစ်ဖို့ရာ အကြောင်းအဂါ ၄ပါးလုံး စုံနေသောကြောင့် အလွယ်တကူဖြင့် သောတာပတ္တိမဂ်ဖိုလ် စသော တရားထူးကို ရကြပါသည်။

ပဌမတရားပွဲ တစ်ဆယ့်ရှစ်ကုဋေ။ ။ ဗုဒ္ဓမြတ်စွာသည် မိဂဒါဝုန်တောင်၌ ပဌမဆုံး ဓမ္မစက္ကြာတရားတော်ကို ဟောတော်မူ၏။ထိုတရားတော်ကို နာဖို့ရန် (ဘုရားအလောင်းတော် ပဒ္ဓိသတ္တဝေ နေချိန်ကစ၍) မြော်နေကြသော နတ်ပြဟ္မာတို့သည် တရားတော်ကို အလွန်ဆီလိုသော ဆန္ဒဖြင့် စိတ်အားထက်သန်စွာ နာယူနေကြ၏။ ဗုဒ္ဓမြတ်စွာသည် သစ္စာ၄ပါး တရားကိုသရုပ်ပေါ်အောင် ထုတ်ဖော်ဟောပြတော်မူ၏။ ထို့ကြောင့် တရားတော်အဆုံးဝယ် တစ်ဆယ့်ရှစ်

ကုဋေအရေအတွက်ရှိသော နတ်ပြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာပန်တည်တော်မူပါသည်။ [ထိုတစ်ဆယ့်ရှစ်ကုဋေ အရေ အတွက်သည် မြန်မာ, ထိုင်း(ယိုဗျား), လာအို, ကမ္ဘောဒီးယား, သီဟိုဠ်ဟူသော ဗုဒ္ဓဘာသာနိုင်ငံ၌ ရှိကြသော လူဦးရေ ထက်ပင်များ ပါသေးသည်။]

ရနှစ်အရွယ်အရိယာများ။ ။ ဗုဒ္ဓမြတ်စွာပွင့်တော်မူလာ သောအခါ ပြအပ်ခဲ့သော အကြောင်းများကြောင့် အရိယာဖြစ်ဖို့ အလွန်လွယ်ကူရကား ကျောင်းအမဝိသာခါသည် ဗုဒ္ဓမြတ်စွာကို ပဌမဖူးတွေ့ရရာ ရနှစ်အရွယ်မှာပင် သောတာပန် အရိယာဖြစ်၏။ အရှင်ဒဗ္ဗသည် ရနှစ်အရွယ်၌ ရှင်ပြုဖို့ရန် ဆံပင်ချစဉ် သောတာပန် သကဒါဂါမ်အနာဂါမ်ဖြစ်၍ နောက်ဆုံးဆံကို ရိတ်ချသောအခါ ရဟန္တာဖြစ်သည်၊ ပဏ္ဍိတသာမဏော သုခသာမဏောတို့သည် ရနှစ် အရွယ်၌ အရှင်သာရိပုတြာ အထံမှာပင် ရှင်ပြု၍ အားထုတ်ကြ လေရာ, ထိုနေ့၌ပင် ရဟန္တာဖြစ်ကြသည်၊ သောပါကသာမဏော စူဠသုမနသာမဏောတို့သည် ရနှစ်အရွယ် ရဟန္တာဖြစ်ကြ၏။ အပဒါန် ပါဠိတော်၌လာသော ပဠသီလသမာဒါနိယထေရ်ကား ၅နှစ် အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သည်။

ဖုဿဒေဝထေရ်ဝတ္ထု။ ။ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး နောက်၌ သီဟိုဠ်ကျွန်းဝယ် "ဖုဿဒေဝ" မထေရ်သည် စေတီ ယင်ပြင်တော်ကို တံမြက်လှည်းလေ့ရှိ၏။ တစ်နေ့သ၌ တံမြက်လှည်း ထား၍ သန့်ရှင်းနေသော ယင်ပြင်တော်ကို ကြည့်ကာ သက်တော် ထင်ရှား မြတ်ဘုရားကို ရည်မှန်း၍ ရှင်လန်းသော ပီတိဖြစ်နေ၏။

ထိုအခါ မာရ်နတ်သည် တောင်ပေါ်က မျောက်ညိုကြီးယောင် ဟန်ဆောင်၍ နွားချေးတွေ့ယူကာ ယင်ပြင်တော်၌ ဖြန့်ကြဲသွား၏။ ထို့ကြောင့်ရှေ့ဆက်၍ အာရုံမပြုနိုင်ဘဲ ထပ်၍ တံမြက်လှည်းကာ ပြန်းသွား၍သည်၊ ဒုတိယနေ့၌လည်း ထိုသို့ ဗုဒ္ဓမြတ်စွာကို အာရုံ ပြုနေချိန်ဝယ် မာရ်နတ်လာ၍ နွားအိုကြီးယောင် ဟန်ဆောင်ကာ နွားချေးယိုချသွား၏။ ထို့ကြောင့်တံမြက်လှည်း၍ ပြန်သွားရ၏။

ရဟန်းတော် စဉ်းစားခြင်း။ ။ တတိယနေ့၌လည်း ဗုဒ္ဓ မြတ်စွာကိုအာရုံပြုနေချိန်ဝယ် မာရ်နတ်သည် အလွန်ရုပ်ဆိုးသော ယောက်ျားယောင် ဟန်ဆောင်၍ တံမြက်လှည်းထားသော နေရာ၌ ခြေဒဂုတ်ဆွဲလျက်သွားပြန်၏။ ထိုအခါ ဤနေရာ၏ ပတ်ဝန်းကျင် တယူဇနာအရပ်၌ ဤမျှလောက် အရုပ်ဆိုးသူမရှိပါ။ "မာရ်နတ် ဖြစ်လေသလား" ဟုစဉ်းစားမိ၍ "အသင်ဟာမာရ်နတ်လား"ဟု မေးလေသည်၊ ထိုအခါ မာရ်နတ်က ဟုတ်ကြောင်းကို ဝန်ခံလေ သော် ...."အသင်အလွန်တန်ခိုးကြီးပါသည်၊ သက်တော် ထင်ရှားမြတ်ဘုရားကို ဖူးလိုက်ရသောကြောင့် ထိုဘုရားရှင်၏ ပုံတော်နှင့်တူအောင် မိမိကိုယ်ကိုဖန်ဆင်းပြစမ်းပါ"ဟု တောင်းပန် လေရာ, အတော်အတန်တူအောင်တော့ ပြနိုင်ပါရဲ့."ဟုပြော၍ ဗုဒ္ဓပုံတော်ကို စွမ်းနိုင်သမျှ တူအောင်ဖန်ဆင်းပြလေသည်။

ရဟန္တာဖြစ်ခြင်း။ ။ ရဟန်းတော်သည် မာရ်နတ်ဖန်ဆင်း ပြအပ်သော ဘုရားပုံတော်ကို ကြည့်ကာ "ရာဂ ဒေါသ မောဟ မကင်းသေးသော ဤမာရ်နတ်၏ အတုပုံသည်ပင် ဤမျှလောက် တင့်တယ်သေးလျှင် ရာဂ ဒေါသ မောဟ ကင်းစင်၍ ကြည်လင်

သန့်ရှင်းသော ဗုဒ္ဓ၏ ရုပ်အဆင်းတော်သည် အဘယ်မှာ မသပ္ပါယ်ဘဲ ရှိအံ့နည်း" ဟု တွေးကာ ဗုဒ္ဓမြတ်စွာကို အာရုံမှန်းစဉ် တစ်ကိုယ်လုံး စိမ့်သောနေသောပီတိတွေ ဖြစ်လာလေသည်၊ ထိုအခါ အလွန်ထင်ရှားနေသော ပီတိကိုပင် အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာ ရှုလေရာ, (ခါတိုင်းလည်း ဘုရားအားရုံတော်ကို ဝိပဿနာဖြင့် ထုံလေ့ရှိသောကြောင့်) ထိုနေရာ၌ပင် တရားတိုးတက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် တရားပေါက်လေသည်။ [ပရိဝါရ အဋ္ဌကထာ ကေတ္တရိကနယ, ပဉ္စကဝါရအဖွင့်။]

ဗုဒ္ဓအသ်တော်။ ။ လေးအသင်္ချေနှင့် ကမ္ဘာကစ်သိန်းတိုင်အောင် ဆည်းပူးခဲ့၍ ကောင်းမှုပါရမီ စုံညီ ပြည့်ဝသော ဗုဒ္ဓမြတ်စွာသည် ရုပ်အဆင်းတော်သာ တင့်တယ်တော်မူသည် မဟုတ်သေး၊ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာဝယ် အသ်တော်၏ သာယာပုံကလည်း အလွန်နှစ်သက်ဖွယ် ကောင်းပါပေသည်။

အသ်တော်အဂါရှစ်ပါး

(၁) သလိပ်တို့ဖြင့် အသ်ကပ်၍ မနေဘဲ ညက်ညက်ညောညော ချောချောမောမော ရှိခြင်း။
(၂) ချိုမြိန်သော ပျားသကာကဲ့သို့ အလွန်ချိုသာခြင်း။
(၃) သလိပ်မကပ်သဖြင့် ပြတ်ပြတ်သားသား ရှိ၍ ဟောလိုရင်း အကြောင်းအရာကို ကောင်းစွာသိလွယ်စေခြင်း,
(၄) နာ၍ မငြီးငွေ့ဘဲ နာပြီးရင်း နာချင်ရင်းဖြစ်လောက်အောင် ကောင်းခြင်း,

(၅) ဖရိုဖရဲနှင့် အက်ကွဲသံ မပေါ်ခြင်း,
(၆) မအက်ကွဲသောကြောင့်ပင် လုံးလုံးစည်းစည်းရှိခြင်း,
(၇) အသ်၏ စရှုပ်ရာ နက်သောအတွင်းအရပ်မှထွက်ပေါ်လာသောကြောင့် လေးလေးနက်နက်ရှိခြင်း,
(၈) ကြားစေလိုရာ ပတ်ဝန်းကျင်အရပ်သို့ ပဲ့တင်ထပ်မျှ ပြန့်နှံ့စေခြင်း,

ဤသို့ အဂါရှစ်ပါးနှင့်ပြည့်စုံသော အသ်မျိုးကို "ဗြဟ္မာသရ-ဗြဟ္မာ၏အသ်နှင့်တူသောအသ်" ဟုခေါ်ရသည်၊ ဗုဒ္ဓမြတ်စွာ၏ အသ်တော်သည် အသ်၏ ဂုဏ်တော်အားလုံးနှင့် ပြည့်စုံတော်မူရကား နားထောင်၍ (တရားနာ၍) မငြီးအောင် ပရိသတ်ကို ဆွဲဆောင်နိုင်ပါသည်။

အသန္ဓိမိတ္တာဒေဝီ။ ။ ဓမ္မာသောကမဟာရာဇာ၏ မိဖုရားသည် ကိုယ်လက်အဂါတို့၌ အဆက်အစပ်မတင်ရှားလောက်အောင် ပေပြစ် ညက်ညော ချောမောသောကြောင့် "အသန္ဓိ" ဟုလည်းကောင်း, အားလုံးအပေါ်၌ မေတ္တာသဘောအားဖြင့် မိတ်ဆွေလို စိတ်ထား နိုင်သောကြောင့် "မိတ္တာ" ဟုလည်းကောင်း ထင်ရှား၏။ ဤသို့ပင်ကိုယ်အားဖြင့် ရုပ်ကောင်း စိတ်ကောင်းရှိသော အသန္ဓိမိတ္တာဒေဝီသည် "ဗုဒ္ဓ မြတ်စွာ၏ အသ်တော်နှင့် ဆင်တူရိုးမှား သာယာသော အသ်မှာ ကရိဝိက်ဌက်မင်းအသ်ပင်ဖြစ်၏" ဟု ရဟန်းတော်များ အထံမှ ကြားသိရ၍ ကရဝိတ်ဌက်မင်း၏ အသ်ကို နားထောင်လိုပါကြောင်း မဟာရာဇာအား သံတော်ဦးတင်လေသည်။

သောတာပန်တည်။ ။ မဟာရာဇာသည် ဟိမဝန္တာဘုံရှိသည်ဟု သိရသောကြောင့် သူ၏အာဏာဖြင့် ရွှေချိုင့်ကို ကရဝိက်ငှက်၏ရှေ့သို့ ရောက်အောင်လွှတ်လိုက်လေသည်၊ ကရဝိက်ငှက်မင်းသည် မဟာရာဇာ၏ အာဏာဖြင့်လာသောချိုင့်ဟု သိရ၍ချိုင့်အတွင်းသို့ဝင်ကာ မဟာရာဇာ၏ နန်းတော်သို့ရောက်လာ၏။ သို့သော်ဆွေမျိုးများ မပါသောကြောင့် အသံမပြုသေးပါ၊ ပတ်ဝန်းကျင်၌ မှန်တို့ကို ကာပေးလိုက်မှ "ငါ၏ဆွေမျိုးတွေလာကြပြီ"ဟု မှတ်ထင်၍ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် အတောင်ခတ်၍ တွန်မြူးလေသည်။ ထိုအခါ "တိရစ္ဆာန်အသံသည်ပင် ဤမျှလောက် သာယာသေး၏၊ ဗုဒ္ဓ၏ အသံတော်မှာ မည်မျှသာယာပေလိမ့်မည်နည်း" ဟု စဉ်းစား၍ တကိုယ်လုံးပီတိစိမ့်ကာ မောင်းမခုနစ်ရာနှင့်အတူ သောတာပန်တည်ပါသည်။ [သုတ်မဟာဝဂ္ဂ, မဟာပဒါနသုတ် အဋ္ဌကထာ၊]

အနာထပိဏ်သူဌေး။ ။ သာဝတ္ထိမြို့၌နေသော အနာထပိဏ်သူဌေးနှင့် ရာဇဂြိုဟ်မြို့၌နေသောသူဌေးတို့သည် သွေးယောက်ဖဖြစ်၍ ကူးသန်းရောင်းဝယ်ရင်း အမြဲဆက်ဆံနေကြ၏။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်မြို့၌ ပဌမအကြိမ် သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးသည် လှည်းပေါင်းများစွာဖြင့် ကုန်ရောင်းလာ၏။ ထိုသူဌေး ၂ယောက်တို့သည် မိမိမြို့သို့လာသောအခါ မြို့ခံသူဌေးကခရီးဦးကြိုပြုလေ့ရှိ၏။ ထိုနေ့၌ကား ရာဇဂြိုဟ်သူဌေးသည် ဗုဒ္ဓအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ဘို့ရန်ကိစ္စရှိ၍ ခရီးဦးကြိုမပြုနိုင်ဘဲ အသင့်အတင့်နှုတ်ဆက်ပြီးလျှင် အလုပ်သမားများကို နက်ဖြန်စောစောထ၍ ချက်ပြုတ်ဘို့ရန် စီမံနေလေသည်။

ဗုဒ္ဓဟူသောစကားသံ။ ။ ရာဇဂြိုဟ်သူဌေးသည် စီမံဖွယ်ကိစ္စများပြီးစီး၍ အတော်မိုးချုပ်မှ အနာထပိဏ်သူဌေးအထံလာသောအခါ အနာထပိဏ်သူဌေးသည် အလုပ်ကိစ္စများရခြင်း၏ အကြောင်းကိုမေး၏။ ထိုအခါ နက်ဖြန်နံနက်၌ ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ဖို့ကိစ္စရှိ၍ စီမံနေရကြောင်းကို ပြောလေသော် "ဗုဒ္ဓ" ဟူသောအသံကို ကြားရ၍ အနာထပိဏ်သူဌေး၏ တစ်ကိုယ်လုံး၌ ပီတိတွေ စိမ့်လာလေသည်၊ ထို့ကြောင့် မေ့သလိုဖြစ်သွားရကား "သူဌေးကြီး.... ဗုဒ္ဓလို့ ပြောလိုက်ပါသလား"ဟု ထပ်မေးပြန်၏။ ဗုဒ္ဓဟူသောအဖြေစကားကြောင့် ပီတိတွေထပ်၍ စိမ့်ရကား ခုကြိမ်တိုင်အောင် ထပ်၍ထပ်၍မေးလေသည်။

ဓာတ်ခိုက်မှု။ ။ ဤလောကဌ ဓာတ်ခိုက်မှုသည် အလွန်ဆန်းကြယ်၏။ လောကီကိစ္စ၌သော်မှ မြင်ရုံကြားရုံမျှဖြင့် ဓာတ်ခိုက်မှုကြောင့် ကြက်သီးထလောက်အောင်ပီတိဖြစ်သေး၏။ အနာထပိဏ်သူဌေးကား ဗုဒ္ဓမြတ်စွာ၏ ကျောင်းဒကာဖြစ်ဖို့ရန် ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တိုရ်ဗုဒ္ဓထံတော်ဝယ် ဆုပန်ခဲ့သော ကျောင်းဒကာအလောင်းဖြစ်၏။ ထို့ကြောင့် "ဗုဒ္ဓ"ဟူသော အသံသည်ပင် အလွန်နာခံလို့ အရသာရှိလောက်အောင် ဓာတ်ခိုက်ရကား ပီတိအတွေ့ဖြင့် မေ့သလိုဖြစ်ကာ ခုကြိမ်တိုင်အောင် ထပ်၍မေးရပါသည်။

ပီတိကြောင့်ကိုယ်ရောင်ထွက်ခြင်း။ ။ ထိုဗုဒ္ဓအကြောင်းကို ကြားရ၍ ချက်ခြင်းပင် ဗုဒ္ဓအထံတော်သို့ သွားလိုပါသော်လည်း မိုးချုပ်ပြီးဖြစ်၍ မသွားသင့်ကြောင်းကိုပြောသော ရာဇဂြိုဟ်သူဌေး၏ စကားကြောင့် အိပ်ရာဝင်ရလေသည်၊ သို့သော် ဗုဒ္ဓ အာရုံတော်က

စိတ်ထဲ၌ စွဲနေသောကြောင့် ကောင်းကောင်းအိပ်၍ မပျော်သည့်အပြင်, ဗုဒ္ဓကို အာရုံပြုသော ပီတိကြောင့် မိမိကိုယ်မှ အရောင်တွေထွက်၍ လာရကား လင်းပြီဟု ထင်ကာ ၃ကြိမ်တိုင်အောင် ထ၍ လက်ကြည့်မိလေသည်။

ဗုဒ္ဓအထံတော်သွားခြင်း။ ။ နောက်ဆုံး ကြည့်ရာ၌ကား အလင်းရောက်မည့် မိုးသောက်အချိန်ဖြစ်၍ အနည်းငယ်မှောင်သေးသော်လည်း မိမိကိုယ်ရောင်ဖြင့် "ကောင်းကောင်းလင်းပြီ" ဟုထင်ကာ နတ်တို့ဖွင့်တားအပ်သော ဘုံဂုဏ်ပြာသာဒ်၏ တံခါးရပေါက်ကိုလွန်မြောက်၍ လမ်းမ သို့ရောက်လာ၏။ ထို့နောက် အစဉ်အတိုင်းသွား၍ နတ်တို့ဖွင့်အပ်သော မြို့တံခါးမှ ထွက်လိုက်မိလျှင်ပင် ညဉ့်အချိန် သေ၍ ချက်ခြင်းမြို့ရိုးပေါ်မှ အပြင်ဘက်သို့ပစ်ချထားသော လူသေကောင်တို့ကို တိုက်မိသောကြောင့် ကြောက်စိတ်ဝင်ကာ ပီတိရောင်တွေပျောက်၍ အမှောင် ရောက်လာလေသည်။

ပြန်ဦးမည်ဟုကြံခြင်း။ ။ ထိုအခါကြောက်သောကြောင့် ရှေ့မတိုးဝံ့၍ "ပြန်လှည့်ဦးမည်"ဟု အကြံဖြစ်လျှင်ပင် သင်းချိုင်းဌာနေသော တရားရပြီးသော နတ်က "ဆင်တစ်သိန်း", မြင်းတစ်သိန်း, အသတိုရ်မြင်း ကအပ်သော ရထားတစ်သိန်း, ဆင်ပြင်ထားသော သတို့သီးကညာ တစ်သိန်း" ဆိုတဲ့ ရလာဘ်တွေသည် ဗုဒ္ဓကို အဖူးအသွား၍ တရားရမည့်သူအတွက် ရအပ်သော တရားထူးလာဘ်နှင့် နှိုင်းစာလျှင် နှစ်ရာ့ငါးဆယ့် ခြောက်ပုံပုံ၍ တစ်ပုံလောက်မျှ အဖိုးမတန်ပါ။ အိုသူဌေးကြီး... ရှေ့သို့သွားပါ။ နောက်ပြန်လှည့်ဖို့မကြံပါနှင့်" ဟုအားပေးလေသည်။

ဗုဒ္ဓအထံတော်ရောက်ခြင်း။ ။ ဤသို့နတ်က အားပေးလိုက်သောအခါကြောက်စိတ်များပျောက်၍ ဗုဒ္ဓအာရုံ ရောက်မြဲရောက်ရကား ကိုယ်၏ အရောင်လည်း တောက်မြဲတောက်လာပြန်၏။ ထို့နောက် သူသေကောင်တွေကို နင်းမိပြန်၍ ကြောက်ရပြန်ရကား ကိုယ်ရောင်လည်းပျောက်ပြန်၏။ ထိုအခါ နတ်ကအားပေးပြန်သောကြောင့် အကြောက်လည်းပျောက် ကိုယ်ရောင်လည် တောက်ပြန်၏။ ဤသို့ ၃ကြိမ်တိုင်အောင်ဖြစ်ပြီးမှ ဗုဒ္ဓအနီးသို့ရောက်လေသည်။

သောတာပန်ကျောင်းဆောက်ဖြစ်ခြင်း။ ။ ဗုဒ္ဓမြတ်စွာ၏ မနီးမဝေးသို့ရောက်လျှင် "အများသိဖြစ်နေသော အနာထပိဏ် နာမည်ကို မခေါ်ဘဲ မည်သူမျှမသိအပ်သော ငယ်နာမည်ကိုခေါ်လျှင်ကောင်းလေစွ" ဟု အကြံဖြစ်တုန်းမှာပင် ဗုဒ္ဓမြတ်စွာက "သုဒတ္တ.. လာခဲ့လော" ဟုခေါ်တော်မူလေရာ, အလွန်ဝမ်းမြောက်စွာဖြင့် "ဗုဒ္ဓအစစ်ပါဘဲ" ဟု ဆုံးဖြတ်၍ ခြေတော်တို့ကို မြတ်မြတ်နိုးနိုးရှိခိုးဦးတိုက်လေသည်၊ ထို့နောက် ဗုဒ္ဓမြတ်စွာသည် သူဌေးနှင့် လျှော်သောတရားကို ဟောတော်မူ၍ ထိုနေရာ၌ သောတာပန်ဖြစ်ရပေသည်၊ ထို့နောက် ရာဇဂြိုဟ်သူဌေးအိမ်၌ပင် ဆွမ်းဘုဉ်းပေးဘို့ပင့်ကာ ဆွမ်းဘုဉ်းပေးအပြီးမှာ သဝတ္ထိပြို့သို့ကြွရန် ပင့်လျှောက်၍ ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်ကိုးကွယ်သော ဗေဒင်ရကျောင်းဒါယကာကြီး ဖြစ်လေသည်။

တိုက်တွန်းချက်။ ။ ဤဝတ္ထုကို သတိပြုသင့်၏သူဌေးကြီး စိတ်၌ ဗုဒ္ဓမြတ်စွာ ထင်လာထင်လာတိုင်း ပီတိစိမ့်ကာ သဒ္ဓါအား ပညာအား စိတ်အား ထက်သန်လာသလောက် ကြောက်စိတ်တွေ

ပျောက်၍ ရဲစိတ်တွေ ပေါ်ပေါက်လာသကဲ့သို့ ဗုဒ္ဓမြတ်စွာကိုအာရုံပြု၍ ဘုရားရှိခိုးသူတို့လည်း သက်တော်ထင်ရှားမြတ်ဘုရားကို စိတ်ထဲ၌ ပေါ်လာအောင် အာရုံပြု၍ ရှိခိုးကြပါ။ ထိုသို့ရှိခိုးလေ့ရှိသူသည် မကြာမကြာပီတိဖြစ်၍ အတော်ကြာလျှင် ဗုဒ္ဓအာရုံအထုံရသဖြင့် မကြာမကြာ သက်တော်ထင်ရှားမြတ်ဘုရားကို ဖူးနေရသလိုဖြစ်ပါလိမ့်မည်၊ ထိုအခါ ပီတိတွေဖြာလျက် သဒ္ဓါအား ပညာအား စိတ်အားတွေတိုးသလောက် ကြောက်စိတ်တွေ ပျောက်ကာ ရဲစိတ်တွေ ပေါ်လာပါလိမ့်မည်။

တရုပ်အမျိုးသမီးတစ်ယောက်။ ။ တရုပ်ပြည်ကြီး၌ ရှေးခေတ်ကမြောက်ပိုင်းဗုဒ္ဓဘာသာဝင် အတော်များစွာရှိ၏။ ဒုတိယကမ္ဘာ စစ်ကတရုပ်ပြည်ကြီးသို့ ပြေးရသူတို့သည် ထိုမြို့၌ရှိနေသော အမျိုးသမီးတစ်ယောက်၏ ဗုဒ္ဓမြတ်စွာအား အလွန်ကြည်ညိုပုံကို တွေ့ကြရ၏။ ဘုရားအာရုံပြုသောနေရာကို (ဘုရားခန်းကို) အလွန်သန့်ရှင်းစွာ ပြင်ထား၏။ ဘုရားအာရုံပြုခါနီးဝယ် သူ၏ ခါးဝတ်ကိုနောက်ထပ်မကိုင်ရအောင် မြစွာဝတ်၍ လက်ခြေ မျက်နှာတို့ကို ဆေးကြောသုတ်သင်ပြီးမှ တစ်ကိုယ်လုံး သန့်ရှင်းစွာဖြင့် ဘုရားခန်းသို့ ဝင်ပါသတဲ့၊ ဘုရားခန်းသို့ရောက်သောအခါ သူတို့၏ထုံးစံအတိုင်းပင် ဒူးထောက်လက်အုပ်ချီ၍ သူ့စိတ်မှာ ဘုရားအာရုံထ်လာအောင် အလွန်ငြိမ်သက်စွာဖြင့် အာရုံယူနေပါသတဲ့၊ ထိုအမျိုးသမီးအတွက် နောက်နောက်ဘုရားရှင်၏ သာသနာတော်ဝယ် ဆုအားလျော်စွာ ကျွတ်တမ်းဝင်ဖို့မှာ အလွန်သေချာပါတယ်။

. . . . . .

မာဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီ။ ။ ဤမင်းမိဖုရားတို့၏ ဗုဒ္ဓမြတ်စွာကို ကြည်ညိုပုံသည် အားရစရာကောင်းလှ၏ မာဟာကပ္ပိနမင်းနှင့်အနောဇာဒေဝီအလောင်းအလျာတို့သည် ဘဝတစ်ပါးဝယ် ဗာရာဏသီမြို့အနီး အိမ်ခြေတစ်ထောင်ရှိသော ရက်ကန်းသည်ရွာ၌ အကြီးအကဲရက်ကန်းသည်များဖြစ်ကြ၏၊ ဟိမဝန္တာ၌သီတင်းသုံးတော်မူကြသော တစ်ထောင်မျှလောက်သော ပစ္စေကဗုဒ္ဓါတို့သည် မိုးအခါ၌ ဟိမဝန္တာဝယ် မိုးများသောကြောင့် မိုးဥလ ပတ်လုံးမြို့ရွာအနီးအပါး၌ သီတင်းသုံးနေထိုင် ကြဖို့ကြွတော် မူလာကြ၏။

တစ်ရွာလုံးကိုးကွယ်ကြခြင်း။ ။ ထိုပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့ကို ရက်ကန်းသည်ကြီးဇနီးက မြင်၍ မိမိတို့ရွာ၌ နက်ဖြန်နံနက်ဆွမ်းဘုဉ်းပေးဘို့ရန် လျှောက်လိုက်၏။ နက်ဖန်ဆွမ်းဘုဉ်းပေးပြီးသောအခါ အိမ်ရှင်မတထောင်ကိုခေါ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကိုဝပ်ချပြီးလျှင် "မိုးလပတ်လုံး ဤရွာ၌ သီတင်းသုံးကြဖို့ရန်" လျှောက်၍ "သီတင်းသုံးကြမည်"ဟူသော ပဋိညာဉ်ကိုရသောအခါ တစ်အိမ်လျှင် ယောက်ျားတစ်ယောက်စီ ထွက်၍ သစ်ရွက်ကျောင်းတစ်ကျောင်းစီဆောက်ကြဘို့ရန် တိုက်တွန်းလေသည် ထိုတိုက်တွန်းချက်ကြောင့်အားလုံးထွက်၍ သစ်ရွက်ကျောင်းကိုယ်စီ ဆောက်လုပ်ပြီးသောအခါ မိမိတို့ကျောင်း၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါအား ထိုကျောင်း၏ဒါယကာ ဇနီးမောင်နှံတို့က ဆွမ်းဖြင့်ပြုစုလုပ်ကျွေးကြလေသည်၊ ဝါကျွတ်သောအခါ၌လည်း မိမိတို့၏ကျောင်း၌ သီတင်းသုံးတော်မူသော အရှင်သူမြတ်အား သက်နှံးကပ်လှူကြလေသည်။

ကုသိုလ်တိုးပုံ။ ။ အချိန်ကျ၍စုတေကြသောအခါ ထိုကောင်းမှု ကြောင့် တာဝတိံသာ၌ တစ်စုတစ်ဝေးတည်းဖြစ်ကြ၍ ကဿပဗုဒ္ဓ မြတ်စွာ၏လက်ထက်တော်သို့ ရောက်သောအခါ ဗာရာဏသီမြို့ဝယ် သူကြွယ်အမျိုး၌ဖြစ်ကြ၏။ ရှေးကယက်ကန်းသည်ကြီးဇနီးမောင်နှံ သည် ထိုဘဝ၌ သူကြွယ်ကြီးဇနီးမောင်နှံဖြစ်ကြ၏။ ရက်ကန်းသည် အငယ်များလည်း ထိုဘဝ၌ သူကြွယ်အငယ်ဇနီးမောင်နှံများပင် ဖြစ်ကြလေ၏။ တစ်နေ့သောအခါဝယ် ဘုရားရှင်၏ ကျောင်းတော်သို့ (သူတို့အားလုံးတစ်စုတစ်ဝေး) တရားနာသွားကြသောအခါ မိုးကြီး သည်းထန်စွာရွာ၏။ သူတို့မှာရင်းနှီးသောကျောင်းမရှိ၍ မည်သည့် ကျောင်းသို့မျှမဝင်ဝံ့သောကြောင့် မိုးခိုစရာနေရာမရခဲ့ကြ ထို အပြစ်ကို အကြောင်းပြု၍ အများစုပေါင်းလျှင် ဘုရားရှင်သီတင်း သုံးတော်မူဖို့ရာ ကြီးစွာသော ကျောင်းတိုက်ကြီးကို တည်ဆောက် ကြလေသည်၊ ကျောင်းတော်ကြီးပြီးစီးသောအခါ ဂရက်ပတ်လုံး ကျောင်းလှူပွဲပြု ကြ၍ နှစ်သောင်းသော ရဟန်းတော်များအားလည်း သက်နှံးတို့ ကိုလည်း လှူဒါန်းကြလေသည်။

သူကြွယ်ကတော်၏စိတ်ကူး။ ။ သူကြွယ်ကတော်သည် အများထက်သာ၍ ပူတော်လို၏။ ပါဠိလို "အနောဇ" ဟုခေါ်၍ မြန်မာလို "လိပ်ဆူးရွှေ(လိပ်သရွှေ) "ဟုခေါ်အပ်သောပန်းကို နှစ်သက်ရင်းဆွဲရှိဟန်တူ၏။ ထို့ကြောင့် သက်နှံးကို လပ်ဆူးရွှေပန်း အဆင်းရှိအောင်ဆိုး၍ တိုသက်နှံးကို လိပ်ဆူးရွှေပန်းနှင့်တကွ ဘုရား ရှင်အား လှူဒါန်းပြီးလျှင် "ဖြစ်လေရာဘဝ၌ တပည့်တော်မ၏ ကိုယ်သည် အနောဇပန်း အဆင်းရှိ၍ "အနောဇ"ဟူသော နာမည် ကိုပင်ရပါရစေ" ဟုဆုတောင်းလေသည်။

ဤဘုရား လက်ထက်တော် ။ ။ ထိုဘဝမှစုတေကြပြီးလျှင် သမီးခင်ပွန်းအားလုံးပင် နတ်ပြည်၌ အတူဖြစ်ကြ၍ ဤဘုရားရှင်၏ လက်ထက်တော်သို့ရောက်သောအခါ ထိုအခါကသူကြွယ်ကြီးသည် ကုက္ကုဋေဝတီ မင်းနေပြည်ဝယ် မင်းသားဖြစ်၍ အရွယ်ရောက်သော အခါ "မဟာကပ္ပိနမင်း" ဟုထင်ရှားသောမင်းတစ်ပါး ဖြစ်လာ၏။ တစ်ထောင်သောသူကြွယ်တို့လည်း၊ ထိုမြို့၌ အမတ်မျိုး၌ဖြစ်ကြ၍ အရွယ်ရောက်သောအခါ အမတ်များဖြစ်ကြလေသည်၊ ထိုအချိန်က သူကြွယ်ကတော်များလည်း အမတ်အမျိုးသမီးများ ဖြစ်ကြ၍ အသီး အသီးအမတ်ကတော်များဖြစ်ကြလေ၏။ သူကြွယ်ကတော်ကြီးကား မဗွတိုင်း မင်းမျိုး၌သူဆုတောင်းခဲ့သည့် "အနောဇ" ဟူသော နာမည် နှင့်တကွ ဝါဝင်းလှပသော ကိုယ်အဆင်းကို ရ၍အရွတ် ရောက်သော အခါ မဟာကပ္ပိနမင်း၏ အနောဇဒေဝီမိဖုရားကြီး ဖြစ်လာလေသည်။

ဗုဒ္ဓအကြောင်းကို နားထောင်လေ့ရှိခြင်း ။ ။ မဟာကပ္ပိန မင်းသည် သူ၏မြင်းစီး သူရဲကောင်းဝေယောက်ကို မြင်းလျှင်တော် များကိုစီး၍ ဝယ္ယဝနာ တိုင်အောင်သော အရပ်သို့ ဗုဒ္ဓ ဓမ္မ သံဃ ရတနာများ ထွန်းပေါ်–မထွန်းပေါ်ကို စုံစမ်းဖို့ရန် နေ့စဉ်စေလွှတ် လေ့ရှိ၏။ သို့သော် ထိုသတင်းကောင်းကို တစ်ခါမျှ မကြားရ၍ နေ့စဉ်အားမရသောစိတ်ဖြင့် နေရရှာလေသည်၊ တစ်နေ့သ၌ကား– အမတ်တစ်ထောင်နှင့်အတူ မြင်းကိုယ်စီဖြင့် ဥယျာဉ်သို့ သွားစဉ် ရေပန်းလာပုံရသော ကုန်သည်ငါးရာ မြို့သို့ ဝင်လာသည်ကိုမြင်၍ ခေါ်စေပြီး၊လျှင် "အဘယ်အရပ်က လာခဲ့ကြပါသနည်း, အသင်တို့ အရပ်၌ ဘာသတင်းထူးများ ဖြစ်ပါသနည်း" ဟု မေးလေသော်...

ဗုဒ္ဓအကြောင်းကိုကြားရခြင်း။ ။ မင်းမြတ် ... သာဝတ္ထိမြို့မှ လာခဲ့ကြပါသည်၊ "ဗုဒ္ဓမြတ်စွာဖြစ်ပေါ်နေပါပြီ" ဟုသံတော်ဦး တင်ကြလေရာ "ဗုဒ္ဓ" ဟူသောစကားသံကိုကြားရ၍ ထိုခဏ၌ပင် တစ်ကိုယ်လုံးပီတိဖြန်းလျက် ရွှင်လန်းဝမ်းမြောက်လွန်းရကား "မေ့သကဲ့သို့" ဖြစ်သွားလေသည်၊ သတိရ၍ "အမောင်တို့ ...ဘာပြောလိုက်ကြသလဲ" ဟုမေးပြန်ရာ "မင်းမြတ်... ဗုဒ္ဓမြတ်စွာ ဖြစ်ပေါ်နေပါပြီ" ဟုပြောပြန်လျှင် ရှေးနည်းအတိုင်းမေ့သွားပြန်၏။ ၃ကြိမ်မြောက်မေးပြန်ရာ, ရှေ့နည်းအတိုင်း ပြောရ၍မေ့သွားပြီးမှ, စတုတ္ထအကြိမ်၌ စိတ်ကိုမေ့မသွားအောင် ထားနိုင်လေသည်။

ဆုလာဘ်ပေးရ၍ နောက်ထပ်မေးပုံ။ ။အမောင်တို့... ဗုဒ္ဓပွင့်တော်မူကြောင်းသတင်းကောင်းကို ကြားရသောကြောင့် ကျေးဇူးကြီးလှသော အမောင်တို့အား တစ်သိန်းသော ဆုလာဘ်ပေးပါမည်၊ နောက်ထပ်ဘာသတင်းထူးများ ဖြစ်ပါသေးသနည်း။ "မင်းမြတ်... တရားထူးလည်းဖြစ်ပေါ်နေပါပြီ" ဟုသံတော်ဦးတင်ကြလေရာ ရှေ့အတိုင်းပင် ၃ကြိမ်တိုင်အောင် ပီတိအဟုန်ဖြင့်မေ့သွားပြီးမှ ၄ကြိမ်မြောက်၌ တရားတော်၏ သတင်းကို ပြောပြသည့်အတွက် ကျေးဇူးတင်လှသဖြင့် အသပြာတစ်သိန်းဆုလာဘ်ပေးပြန်လေသည်။

တတိယအကြိမ်။ ။ "နောက်ထပ်ဘာသတင်းထူးဖြစ်ပါသေးသနည်း" ဟုမေးသောအခါ "ထိုတရားအတိုင်းကျင့်၍ တရားထူးရကြသော အရိယာသံဃာတော်လည်း ဖြစ်ပေါ်နေပါပြီ" ဟုသံတော်ဦးတင်ကြပြန်ရာ ရှေ့အတိုင်း၃ကြိမ်တိုင်အောင် မေ့၍ ၄ကြိမ်မြောက် ကြားရာ၌ ဆုလာဘ်တစ်သိန်းပေးပြန်လေသည်။

ဗုဒ္ဓအထံတော်သွား၍ ရဟန်းပြုကြပုံ ။ ။ ထိုနောက် အမတ်များနှင့်အတူ ဗုဒ္ဓအထံတော်သို့ သွားဖို့ရန် ဆုံးဖြတ်ကြပြီးနောက် အနောဇဒေဝီထံသို့ "ဤသူတို့အား ဆုလာဘ် ၃သိန်းပေးရန်" စာရေး၍ အနောဇဒေဝီမေးလျှင် ရတနာ ၃ပါး၏အကြောင်းကို သံတော်ဦးတင်သောကြောင့် ဆုလာဘ် ၃သိန်း ပေးပါကြောင်း, ဗုဒ္ဓအထံတော်သို့ ရဟန်းပြုဘို့ရန် သွားကြပြီ ဖြစ်ကြောင်းတို့ကို သံတော်ဦးတင်ဖို့ရန် ပြောပြပြီးလျှင်, အမတ်တစ်ထောင်နှင့်အတူ ရဟန်းပြုဖို့ရန် ဗုဒ္ဓရှိရာ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးသော သာဝတ္ထိမြို့သို့ မြင်းကိုယ်စီဖြင့် ခရီးနှင်ကြလေသည်။

မြစ်များကိုဖြတ်ကျော်ရပုံ ။ ။ ဤနည်းအားဖြင့် ခရီးနှင်ကြလေရာ ရှေးဦးစွာ ရေအနက် တစ်ဂါဝုတ်, အကျယ် နှစ်ဂါဝုတ် ရှိသော အပရဏ္ဏာမြစ်ကိုတွေ့၍ လှေလည်းမရှိ ဖောင်လည်းမရှိသောကြောင့် ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုကာ မြစ်အတွင်းသို့ မြင်းတို့ကို နှင်လေရာ ခွါကိုမျှ ရေမစွတ်ဘဲ ဟိုဘက်ကမ်းသို့ ရောက်ကြသည်၊ ထိုနောက် တစ်ယူဇနာ၏ တစ်ဝက်လောက် အနက်အကျယ် ရှိသော နီလဝါဟိနီမြစ်ကို တွေ့ပြန်ရာ တရားဂုဏ်တော်ကို အာရုံပြု၍လည်းကောင်း၊ နောက်တစ်ဖန် အနက်အကျယ် တစ်ယူဇနာရှိသော စန္ဒဘာဂါမြစ်ကို တွေ့ပြန်ရာ အရိယသံဃာ့ဂုဏ်တော်ကို အာရုံပြု၍လည်းကောင်း၊ မြင်းများကို နှင်ကြရာ ခွါကိုမျှ ရေမစွတ်ဘဲ ဟိုဘက်ကမ်းသို့ရောက်ကြသည်။

ဗုဒ္ဓကိုဖူးရခြင်း ။ ။ စန္ဒာဘာဂါမြစ်ကို ကျော်လွန်သောအခါ ခပ်လှမ်းလှမ်းကပင် ပြည်ညောင်ပင်အောက်၌ သီတင်းသုံး၍ အသင့်ကြိုတော်မူသော ရောင်ခြည်တော်ခြောက်သွယ်ဖြင့် သပ္ပါယ်သော

ဗုဒ္ဓမြတ်စွာကိုဖူးမြင်ကြရလေသော်"ကေန်မုချဗုဒ္ဓရှင်တော်ဘဲ" ဟု ဆုံးဖြတ်၍ မြင်းပေါ်မှဆင်းပြီးလျှင် ကိုင်းညွှတ်သော ကိုယ်ဖြင့် အလွန်ရိုသေစွာ အမတ်တစ်ထောင်နှင့်အတူ ဗုဒ္ဓမြတ်စွာ၏ အနီးသို့ ချဉ်းကပ်လေသည်။

ရဟန်းပြုကြခြင်း။ ။ ထိုအခါ အစဉ်အတိုင်းဟောတော်မူ အပ်သော တရားဒေသနာတော်၏ အဆုံး၌ အမတ်များနှင့်အတူ သောတာပန်တည်ပြီးနောက် သက်နီးလွှဲခဲ့သော ကောင်းမှုကြောင့် သပိတ်သက်နီး အထူးမရှာရတော့ဘဲ "ထေ ဘိက္ခဝေါ=ဘိက္ခုတို့ လာခဲ့ကြလော" စသည်ဖြင့် ခေါ်တော်မူလေသော်.... သက်နီး သပိတ်စုံလင်စွာဖြင့် ဝါခြောက်ဆယ်ရသော ရဟန်းတော်ကြီးများ ကဲ့သို့အလွန် ကြည်ညိုဖွယ်ကို ဆောင်နိုင်သော ရဟန်းတော်များ ဖြစ်ကြလေသည်။

အနောဇဒေဝီ။ ။ ကုန်သည်တို့သည် ရှင်ဘုရင်၏ စာနှင့် နှုတ်မှာစကားကို ယူဆောင်၍ အနောဇဒေဝီအထံသို့ ဝင်ပြီးလျှင် ရှင်ဘုရင်၏ စာကိုပြလေရာ, "အဘယ်ကျေးဇူးကိုပြုသောကြောင့် မင်းတရားကသင်တို့အား ဆုလာဘ်ဘုသုံးသိန်းပေးသနည်း။"ဟု မေး၍သတင်းကောင်းကို သံတော်ဦးတင်လို့ ပေးပါကြောင်းကို ပြောကြလေသည်၊ "ထိုသတင်းကိုသူ့အားလဲ ပြောကြပါဦး" ဟု တိုက်တွန်းသောကြောင့် "ဗုဒ္ဓမြတ်စွာဖြစ်ပေါ်ကြောင်း" သံတော် ဦးတင်ကြလေသော်, အနောဇဒေဝီလည်း ရှင်ဘုရင်ကဲ့သို့ ဘုကြိမ် တိုင်အောင် ပိတိအဟုန်ကြောင့် မေ့သွားလေသည်၊ ၄ကြိမ်မြောက် ၌ကား "ဗုဒ္ဓဟူသော သတင်းကောင်းကို ကြားရ၍ မင်းတရားက

အသင်တို့အား ဆုလာဘ်ဘယ်လောက်ပေးသနည်း" ဟုမေးပြီးလျှင် တစ်သိန်းပေးပါကြောင်းကို သံတော်ဦးတင်ကြလေသည်။

နှစ်ဆတိုး၍ ဆုလာဘ်ပေးပုံ ။ ။ မောင်တော်မင်းတရားက ဤမျှကောင်းသော သတင်းထူးကိုကြားရပါလျက် ဆုတော်တသိန်း မျှသာပေးတဲ့လား။ ထိပ်ထားကတော့ "ဆုလာဘ် ဘုသိန်း ပေးပါ မည်" ဟု ပြောပြီ၊လျှင် နောက် ရတနာ ၂ပါးကို ကြားရာ၌လည်း ဘုသိန်း ဘုသိန်းစီပေးလေသည်၊ ထို့နောက် မင်းတရားနှင့်တကွ အမတ်တစ်ထောင်လုံးပင် ဗုဒ္ဓရှိတော်မူရာ သာဝတ္ထိပြို့သို့ ရဟန်းပြုဖို့ သွားကြတဲ့အကြောင်း, စည်းစိမ်အားလုံးကို အလိုရှိသလို သုံးစွဲရစ် ဖို့ရန် မှာကြားလိုက်ကြောင်းကို သံတော်ဦးတင်ကြလေသည်။

အနောဇနှင့် အမတ်ကတော်များ ။ ။ အနောဇဒေဝီသည် အမတ်ကတော် တစ်ထောင်တို့ကိုခေါ်၍ ထိုအကြောင်းကို ပြောပြ လေသည်၊ အမတ်ကတော် အားလုံးပင် ရက်ကန်းသည်ရှာတုန်းက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို ဆည်းကပ်ခဲ့ဖူးခြင်း, ကဿပဗုဒ္ဓ၏ လက်ထက်တော်၌လည်း အတူတကွ ကျောင်းတိုက်အမများ ဖြစ်ခဲ့ ခြင်းကြောင့် မင်းနှင့်အမတ်တို့ တွေးပစ်အပ်သော စည်းစိမ်များကို ကံတွေးပေါက်လို သဘောထား၍ မောင်တော်များ သွားရာလမ်း အတိုင်း ဘိက္ခုနီပြုကြဖို့ရန် ကိုယ်စီကိုင စီးနေကျ အာဇနည် မြင်းရထားတစ်ထောင်ဖြင့် ပြိုမှ တွက်ခွါခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာကိုဖူးတွေ့ခြင်း။ ။ ဤသို့တွက်ခွါကြလေရာ , လမ်း၌တွေ့ရသော မြစ် ၃စင်းတို့ကို မဟာကပ္ပိနမင်း အမတ်တို့ကဲ့သို့ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍ ကျော်ဖြတ်ခဲ့ကြပြီးနောက်

ရောင်ခြည်တော်ဖေသွယ်ဖြင့် သပ္ပါယ်သော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရ လေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် သက်နှံးဝတ်ပြီး ကတုံးကြီးနှင့် တွေ့ကြုံရလျှင် စိတ်မချမ်းမသာ ဖြစ်စရာရှိသောကြောင့် အမတ်များ နှင့် မဟာကပ္ပိနတ်မင်းကို တန်ခိုးတော်ဖြင့် ကွယ်ထားတော်မူသည်။

တရားထူးရကြခြင်း။ ။ အမတ်ကတော်များနှင့်အတူ မိဖုရား လည်း ဗုဒ္ဓအထံတော်သို့ ရှိသေစွာချဉ်းကပ်၍ "မဟာကပ္ပိနမင်းနှင့် အမတ်များ ဗုဒ္ဓထံတော်သို့သွားကြပါသည်၊ ယခုဘယ်မှာ နေကြပါသနည်း" ဟုမေးလျှောက်လေသည်၊ ဗုဒ္ဓမြတ်စွာသည် "ထိုင်ကြဦး, ဤနေရာမှာပင် တွေ့ရလိမ့်မည်"ဟု မိန့်တော်မူ၏။ ထိုစကားတော်ကြောင့် စိတ်အေးစွာဖြင့် ထိုင်ကြသောအခါ တရား ဟောတော်မူ၏။ ထိုအခါ သောတာပန်တည်ကြ၍, သောတာပန် တည်ပြီးဖြစ်သော မဟာကပ္ပိနနှင့် အမတ်ရဟန်းတော်များလည်း အရဟတ္တဖိုလ်ရ၍ ရဟန္တာများဖြစ်ကြလေသည်။

ဘိက္ခုနီပြုကြခြင်း။ ။ သောတာပန်ဖြစ်ပြီးသောအခါ ရဟန်း ဝတ်နှင့်တွေ့ရသော်လည်း စိတ်ပျက်စရာ မရှိတော့ပြီဖြစ်၍ တန်ခိုး တော်ကို ရှုပ်သိမ်းတော်မူလိုက်ရာ, ကောင်းစွာမြင်ကြ၍ ရှိသေစွာ ရှိခိုး ဦးချကြလေသည်၊ ထို့နောက် သာဝတ္ထိမြို့သို့ သွားကြ၍ ဥပ္ပလဝဏ်ထေရ်မ အထံ၌ ဘိက္ခုနီပြုကြလေသည်။

မှတ်ချက်။ ။ ဤဝတ္ထု၌ ရှေးရှေးဘုရားလက်ထက်တော်တုန်းက ကျောင်းလှူခြင်း စသောကောင်းမှုဖြင့် သာသနာပြုခဲ့ကြသူတို့သည် နောက်နောက်ဘုရားနှင့် တွေ့သောအခါ "ဗုဒ္ဓ"ဟူသော အသံကို ကြားရရုံဖြင့် ကြက်သီးထလောက်အောင်ပီတိသောမနုဿဖြစ်တတ်

ကြောင်း, ထို ပီတိသောမနုဿကြောင့် ဖူးရသော ဗုဒ္ဓမြတ်စွာကို ရင်းနှီးစွာကိုးကွယ်၍ တရားထူးရသော အရိယာ, သို့မဟုတ် ဘိက္ခု ဘိက္ခုနီပြု၍ ရဟန္တာ အဖြစ်ဖြင့် ကျွတ်တမ်း ဝင်နိုင်ကြောင်းကို ကောင်းကောင်း မှတ်သား၍ ဤဘဝ၌ ဖြူစင်သော စိတ်ထားဖြင့် သာသနာပြု ဒကာ ဒကာမများဖြစ်၍ ငါးပါးသီလကို ခါးဝတ်ပမာ လွန်စွာမြဲသူများဖြစ်ကြလျှင် မိမိဆုအားလျော်စွာ နောက်နောက် ဗုဒ္ဓသာသနာတော်၌ ကျွတ်တမ်းဝင်နိုင်ကြမည်ဟု" ဟု မှတ်ခဲ့ပါ။

ဓနဋ္ဌာနိဝတ္ထု ။ ။ ပုဏ္ဏားအမျိုးတို့တွင် ဓနဋ္ဌာနိ အမျိုးကို အမြတ်ဆုံးဟု ပုဏ္ဏားတို့ ယုဆကြ၏။ ထိုအမျိုး၌ ဖွားမြင်၍ "ဓနဋ္ဌာနိ" ဟု နာမည်တွင်သော အမျိုးသမီး တစ်ယောက်သည် အပျို ဘဝက သောတာပန်တည်၍ ဗုဒ္ဓမြတ်စွာကို သတိရတိုင်း"နမော တဿ ဘဂဝတော–ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏" ဟု ရွတ်ဆိုလေ့ရှိ၏။ အိမ်ထောင်ပြုဘက်ခင်ပွန်းသည်ပုဏ္ဏားကား ဗုဒ္ဓဘာသာဝင်မဟုတ်၊ ပြဟ္မာကိုကိုးကွယ်သော ပုဏ္ဏားအယူကိုသာ ယူသူဖြစ်သည်။

အယူမတူသော်လည်း အတူနေနိုင် ။ ။ ဤသို့ အယူမတူ သော်လည်း ဆန့်ကျင်ဘက် မပြုကြဘဲ, ဓနဋ္ဌာနိက ဗုဒ္ဓအမှုရှိသော သံဃာတော်များအား ဆွမ်းကပ်သည့်နေ့သို့ရောက်လျှင် ပုဏ္ဏားသည် စောစောကပင် အခြားအိမ်သို့ထွက်သွား၏။ ပုဏ္ဏားက သူ၏ပုဏ္ဏား တို့ကို ထမင်းကျွေးပွဲပြုရာ နေ့၌ကား ဓနဋ္ဌာနိသည် လင်၏အလိုသို့ လိုက်လျောသောအားဖြင့်လည်းကောင်း, သောတာပန်ဖြစ်၍ နှမြော ဝန်တိုမှု မစ္ဆရိယမရှိသောကြောင့်လည်းကောင်း, ပုဏ္ဏားတို့ကို ကောင်းမွန်စွာ ပြုစု၏။

နမောတဿဟု မဆိုဘို့ရန်တားခြင်း။ ။ တစ်နေ့သဒ္ဓကာ၊ ပုဏ္ဏားသည် ခေ့ဌာနီကို ကြိုတင်၍ အသိမပေးဘဲ ပုဏ္ဏားတို့ကို ထမင်းကျွေးဖို့ ဖိတ်လာခဲ့ပြီးမှ ခေ့ဌာနီအား ပြောတယ်။ ထိုအခါ "ထမင်းကျွေးတို့ကိုစွဲ၍ သူက ဘာမျှား လုပ်ပေးစေလိုပါတုန်း"ဟု မေးသည်၊ လုပ်စရာကိစ္စအားလုံးကို အလုပ်သမားများ လုပ်ကြပါလိမ့်မယ်၊ ရှင်မရဲ့တာဝန်ကတော့ ထမင်းသုံးဆောင်လာတဲ့ ပုဏ္ဏားများလဲ ဖိတ် ချမ်းချမ်းသာသာ စားရ, ကျွေးနဲ့ ပုဏ္ဏားတို့နဲ့လဲ ဖိတ်ဝမ်းမကွဲရအောင် နက်ဖန်တစ်ရက်လောက် "နမောတဿဘဂဝတော"လို့ မရွတ်မီအောင် ချုပ်တည်းစမ်းပါနော်။ [ခဝယယ တောင်းပန်သည်၊ အထက်တန်းအမျိုးသမီးဖို့ အာဏာနဲ့ မပြောင့်။]

ခေ့ဌာနီက မလိုက်လျှော်။ ။ ရှင့်မှာ ပုဏ္ဏားတွေနဲ့ ဖိတ်ဝမ်းကွဲကွဲ, နတ်တွေနဲ့ ဖိတ်ဝမ်းကွဲကွဲ, ကွဲလေ၊ ဗုဒ္ဓမြတ်စွာကို သတိရတဲ့အခါ ရှိမနိုဘဲတော့ ခေ့ကိုယ်မခေ့နိုင်ပါ။ ဤသို့ပြောလေသော်... အလွန်ဖိတ်ဆိုးသည်ဖြစ်၍ သန်လျက်ကိုယူပြီးလျှင် "အိမ်ခြေတစ်ရာ ရှိတဲ့ရွာရဲ့တံခါးပေါက်ကြီးကို လုံ့အောင်ပိတ်နိုင်ပါသေးလျှက်, သင်က သင့်ပါးစပ်တပေါက်ကို ပုဏ္ဏားများထမင်းစားချိန်ကလေးမှ မပိတ်နိုင်ဘူးလား။ နက်ဖြန် ပုဏ္ဏားတို့ ထမင်းစားချိန်မှာ "နမော တဿ ဘဂဝတော"လို့ရွတ်ဆိုလျှင်တော့ "ဟောဒီ သန်လျက်နဲ့ တစ်ကိုယ်လုံးကို နုပ်နုပ်စဉ်းမယ်" ဟု ကြိုမိန့်ဝါးလေသည်။

သို့သော် ခေ့ဌာနီက ပြန်ပြောသည်မှာ ...ကိုပုဏ္ဏား–ကျွေးက အမြတ်ဆုံးဖြစ်တဲ့ သြဇာကာမင်းမျိုးမှ ဆင်းသက်လာတဲ့ ဂေါတမ ဗုဒ္ဓရဲ့ သမီးတော့ ...သမီးသမီး။ ဗုဒ္ဓမြတ်စွာကို သတိရတဲ့အခါ

ရှိမနိုးဘဲ ခေ့ကိုယ် မခေ့နိုင်ဘူး။ ရှင်ကအဲဒီသန်လျက်နဲ့ ဖြတ်ချင်လဲ ဖြတ်, သတ်ချင်လဲ သတ်ပေါ့"။

ပုဏ္ဏားလက်လျှော့ရ ။ ။ ဤသို့ပြောသောအခါ ပုဏ္ဏားသည် မယားဖြစ်သော်လည်း သူထက်အဆင့်အတန်းမြင့်နေသောကြောင့် လက်ကလေးနှင့်မှ မရိုက်နှက် မပုတ်ခတ်ဝံ့သည်ဖြစ်၍ ဟန်ခဲ့ပန်ခဲ့ ကိုင်ထားသောသန်လျက်ကို ခတင်ပေါ်သို့ပစ်တင်ကာ "လုပ်ချင်တာ လုပ်ဟာ" ဟု ဆို၍ လက်လျှော့လိုက်ရလေသည်၊ သို့သော် နက်ဖန်နံနက်၌ ခေ့ဌာနီသည် လင်၏ ဖိတ်ကို မဆင်းရဲစေလိုသောကြောင့် ပုဏ္ဏားတို့မလာခင် ခန့်ညားကောင်းမွန်စွာ ဆင်ယင်၍ ပုဏ္ဏားတို့ လာသောအခါ သူ့ကိုယ်တိုင် ပြုစုလုပ်ကျွေးပါသည်။

နမော တဿ ဘဂဝတော ။ ။ ထိုသို့ ပြုစု လုပ်ကျွေးနေစဉ် ပုဏ္ဏားတို့၏အစွန်ဝယ် ထမင်းစားမည်ဟုပြင်နေသော သူ့ခင်ပွန်း ပုဏ္ဏား၏လင်ပန်း၌ ထမင်းထည့်ဖို့ နို့ယနှာ ထမင်းခွက်ကို ယူလာလေရာ, သစ်သားချောင်းတစ်ခုကို နှင်းမိ၍ ချော်သွားသဖြင့် ထိခိုက်မိသောကြောင့် "အလုံးစုံဒုက္ခ ချည်းဘဲ" ဟူသော ဗုဒ္ဓ၏ဝကားတော်ကိုလည်းကောင်း, ဗုဒ္ဓမြတ်စွာကိုရင်း သတိရ၍ ကိုင်ထားသော နို့ယနှာခွက်ကို အသာချပြီးလျှင် ဝေ့ဝဲဝန်ကျောင်းတော်ဘက်သို့ လက်အုပ်ချီကာ "နမော တဿ ဘဂဝါတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟုပါဒီ သဿကြီး ရွတ်ဆို၍ ရှိခိုးပါတော့သတည်း။

ပုဏ္ဏားတွေပြန်ပြေးကြပုံ ။ ။ ဗုဒ္ဓမြတ်စွာကို မကြည်ညိုသည့်အပြင်, ဗုဒ္ဓနှင့်သံဃာများကြောင့် သူတို့ စားပေါက် စားလမ်း ပိတ်သွားသည်ဟု အယူရှိရကား နဂိုကပင် ဗုဒ္ဓအပေါ်၌ အတော်

မကျေမနပ် ဖြစ်နေကြသော ပုဏ္ဏားတို့သည် "နမော တဿ ဘဂ ဝတော" စသော အသံကို ကြားလိုက်ရသည်နှင့်တပြိုင်နက် စာပြီး စားတုန်း ပုဏ္ဏားအားလုံးပင် စိတ်ဆိုး မာန်ဆိုးဖြင့် (လေးကိုမြင်၍ ကျီးကန်းတွေ ပျံပြေးကြသကဲ့သို့) တစ်စုတစ်ဝေးကြီး အကုန်ထ၍ ပြန်ပြေးကြလေသည်။

ဘုရားကိုနိုပ်ဖို့ ပုဏ္ဏားသွားခြင်း။ ။ပုဏ္ဏားလည်း"ဒီအဖြစ်မျိုး ဖြစ်လိမ့်မည်ကိုမြင်လို့ မနေ့ကတောင်းပန်ထားပါလျက် ဒီပါးစပ်ပေါက်ကို မပိတ်နိုင်ဘူး"ဟုပြောကာ အမျိုးမျိုးဆဲပြီးလျှင် "နင့်ဗုဒ္ဓ အပေါ်မဖြေနိုင်အောင် ပြဿနာမေး၍ အပြစ်တင်မယ်" ဟုပြောဆိုလျက် ဗုဒ္ဓအထံတော်သို့သွား၍ စိတ်မဆိုးဟန်ဆောင်ကာ "အရှင်ဂေါတမ.. ဘယ်ဟာကိုဖြတ်၍ ဘယ်ဟာကိုသတ်လျှင် ချမ်းချမ်းသာသာနေထိုင်ရ, နောင်တ တဖန် မပူပန်ရပါသနည်း။ တစ်ခုသော အဘယ်အရာကို သတ်ခြင်းကို အရှင်ဂေါတမနှစ်သက်ပါသနည်း။" ဟုမေးလေသည်။

ပုဏ္ဏား၏ရည်ရွယ်ချက်။ ။ဗုဒ္ဓမြတ်စွာက "မည်သည့်အရာကို သတ်ရမည်"ဟုဖြေလျှင် "ဒီလိုဆိုလျှင်တော့ ကိုယ်မနှစ်သက်တဲ့ ရန်သူကိုလဲသတ်ရမှာပေါ့"ဟု စကားအတွန့်တက်ကာ "ဒီလိုသာ သတ်ဖို့ကိုနှစ်သက်လျှင် သမဏဟု ဝန်ခံနေလို့ ဘာအကျိုးရှိမှာလဲ၊ သမဏဆိုတာ ဒေါသငြိမ်းအေးရပါတယ်"ဟု အပြစ်ပြ၍နိုပ်မည်။ "ဘယ်ဟာကိုမျှ သတ်ခြင်းကို မနှစ်သက်ပါဘူး"ဟု ဖြေပြန်လျှင် "ရာဂစသော ကိလေသာ သတ်ဖို့ကိုမျှ အလိုမရှိဘူးလား,ဒီလို ဆိုလျှင် ကိလေသာ မငြိမ်းအေးဘဲ သမဏအမည်ခံပြီး လှည့်လည် နေဖို့ မသင့်ပါ" ဟု အပြစ်ပြ၍ နိုပ်မည်ဟု ရည်ရွယ်၍ မေးသည်။

ဗုဒ္ဓဖြေတော်မူခြင်း။ ။ "အမျက်ကောဓကို သတ်နိုင်လျှင် ချမ်းချမ်းသာသာ နေရ၏။ အမျက်ကောဓကို သတ်နိုင်လျှင် နောင်တ တဖန် မပူပန်ရ၊ အမျက်ကောဓကို သတ်ဖို့ရန် နှစ်သက်တော်မူသည်" ဤသို့ဖြေတော်မူလိုက်လျှင် အမျက်ကောဓကြောင့် ဒုက္ခတွေ့ခဲ့ရသော ပုဏ္ဏားသည် အလွန် နှစ်သက် အားရသဖြင့် တရားတော်ကို အကြိမ်ကြိမ် ချီးကြူးကာ ရဟန်းပြုဖို့ ခွင့်တောင်းပြီးလျှင် ရဟန်းပြု၍ မကြာခင် ရဟန္တာကြီးတစ်ပါး ဖြစ်လေသည်။

ဤဝတ္ထုမှ မှတ်ချက် ။ ။ ဤဝတ္ထုမှ သေတာပန် ဝန္ဒာနီ၏ ဗုဒ္ဓကို သတိရတိုင်း ရှိမခိုးဘဲမနေနိုင်ပုံ, တစ်နေ့တစ်နေ့၌ အကြိမ်များစွာ သတိရပုံကို အတုယူကာ မိမိတို့လည်း နေ့စဉ်နေ့တိုင်း ရောင်းရင်းဝယ်ရင်းပင် ဗုဒ္ဓမြတ်စွာကို သတိရအောင်ကြိုးစားသင့်ပါသည်၊ ဗုဒ္ဓအလိုတော်ကျ သီလကိုလည်း ဖြူစင် သန့်ရှင်းအောင် စောင့်ထိန်းသင့်ကြပါသည်၊ ဤသို့နေနိုင်လျှင် မိမိတို့လည်း သောတာပန်နှင့် မခြားဘဲ အပယ် ၄ ပါးမှ လွတ်၍ လိုရာဆုများ ပြည့်စုံနိုင်ကြပါလိမ့်မည်။

. . . . . .

မဟာဂန္ဓာရုံဆရာတော် ။ ။ မဟာဂန္ဓာရုံဆရာတော်သည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်မှ စစ်ကိုင်းချောင်သို့ ချမ်းအေးဆရာတော်စသော ဆရာတော်များနှင့်အတူ တောထွက်တော်မူလာပါသည်၊ ထိုအချိန်သည် ၁၂၅၇ ခုနှစ်လောက်ကဖြစ်၍ စစ်ကိုင်းချောင်သည် မစည်ကားသေးပါ။ သမင်, ဒရယ်, ကျီးယ်, သစ်ကျူတို့ သွားလာနေရာ တောကြီးပင်ဖြစ်၏။ ထိုတောဌ နေရာကျောင်းလည်းမများလှ,ဆွမ်းကိုလည်း စစ်ကိုင်းမြို့အထိသွား၍ ခံယူ

ရ၏။ ထိုအခြေအနေ၌ တောထွက်လာသော မဟာဂန္ဓာရုံဆရာတော်သည် အရဟံဂုဏ်တော်ကို အခြေခံသော ဤ"ဗုဒ္ဓါနုဿတိဘာဝနာ"ကို အားထုတ်၍, ထိုဗုဒ္ဓါနုဿတိဘာဝနာဖြင့် သမာဓိရပြီးမှ ဝိပဿနာတက်၍ အားထုတ်ပါသည်။

လူအတွေ့မခံခြင်း။ ။ဆရာတော်သည် သူတစ်ပါးအားတရားပေးဘို့ထက် မိမိတရားရဘို့က ပဓာနဖြစ်၍ သက်တော်၅၀ကျော်လောက်၌ မဟာသုခချောင်ကို လူတစ်ရပ်ကျော်လောက် ဝင်းထရံကြီးကားလျက် လူအတွေ့ လုံးလုံးမခံတော့ပါ။ ဆွမ်းပို့သော ဘုန်းတော်ကြီးတစ်ပါးက သော့ခတ်ထားသော တံခါးကိုဖွင့်၍ ခြေသံ ကလေးမျှမကြားရအောင် ဝင်ပြီးလျှင် ဆွမ်းဘုဉ်းပေးသော နေရာ၌ ဆွမ်းချိုင့်ကို အသာချခဲ့၍ မနေ့ကဆွမ်းချိုင့်ကိုယူကာ ထွက်ခဲ့ပြီးမှ တံခါးသော့ကိုပိတ်၍ တုံးကလေးကို ၃ချက်လောက် ခေါက်ခဲ့ပါ သည်။ [ထိုအချိန်က မိမိသည် ကျောင်းသားအပြစ်ဖြင့် ပလိပ်ရောဂါ ရောင်ရင်း မဟာဂန္ဓာရုံ၌ ခေတ္တနေစဉ် ဆွမ်းပို့ရာသို့ လိုက်ခဲ့ဖူးပါသည်။]

သံဃာတော်ကြီးများတရားအားထုတ်ကြ။ ။မန္တ လေးပြီ, စိန်ပန်းဓဋ္ဌိကာရုံတိုက်မှ ဆရာတော်ကြီးသည်လည်းကောင်း, ပုသိမ်ပြီးမှ ပုသိမ် ဆရာတော်ကြီးသည်လည်းကောင်း, ဆရာတော်ထက် ၀ါတော်ကြီးကြသော် လည်း ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဝိပဿနာဘာဝနာ အားထုတ်ဖို့ ကြွလာတော်မူကြပါသည်။ ၀ါတော် ၂၀ကျော်ရှိသော သံဃာ တော်များသည် ဧကာသနိက်ပတ္တပိဏ္ဍိတင်ဆောင်လျက် သက်သတ် လွတ်စား၍ တရားအားထုတ်နေကြပုံ, အသွားအလာ ငြိမ်သက်ပုံ တို့မှာ အလွန်ကြည်ညိုစရာကောင်းပါသည်။ ထိုအချိန်က

ထိုတရား အားထုတ်ကြသော ဆရာတောတို့၌ ပြောစမှတ်ဖြစ်နေသည်မှာ– "မိမိ သွားလာနေထိုင်ရာ အရပ်သို့ ဗုဒ္ဓမြတ်စွာ အမြဲပါနေသည်" ဟုပင် ဖြစ်ပါသည်။

ပြင်သစ်ဥပါသိကာမ။ ။ အင်္ဂလိပ်လိုရေးထားသော ဗုဒ္ဓအကြောင်းအရာ, ဗုဒ္ဓတရားတော်များကို လေ့လာ၍ ဗုဒ္ဓဘာသာ ဖြစ်ပြီးသော ပြင်သစ်နိုင်ငံသူ ဥပါသိကာမ တစ်ယောက်သည်ဗုဒ္ဓဘာသာ ထွန်းကာရာ ကမ္ဘာမြောက်ပိုင်း အရှေ့ပိုင်း နိုင်ငံများသို့ အဖေါ်တစ်ယောက်နှင့်အတူ လှည့်လှည်၍ ဘာသာရေးတရားများကို လက်တွေ့လေ့လာရင်း ဤမြန်မာနိုင်ငံသို့ ရောက်သောအခါ မဟာဂန္ဓာရုံဆရာတော်၏ အထံသို့ရောက်လာပါသည်။ [ထိုအခါ ဆရာတော်သည် တစ်ပါးတည်း သတင်းသုံးရာ၌ မကျန်းမာ၍ လူအတွေ့ခံရသော အချိန်ဖြစ်ပါသည်။]

တရားအားထုတ်ခြင်း။ ။ ဆရာတော်၏ ဘာဝနာစိတ်ဖြင့် ထုံမွမ်းအပ်သော မျက်နှာတော်သည် ကြည်ညိုဘွယ် ကောင်းလှ၏။ ပြောအပ်သော စကားတိုင်း၌ တရားမကင်းသည်သာ များသည်၊ ထို့ကြောင့် တရားတော်ကိုကြည်ညိုသော ဥပါသိကာမသည် "ခေတ္တနေ၍ တရားဆွေးနွေးလိုပါကြောင်း" လျှောက်သောအခါ "နေနိုင်သည်" ဟု ခွင့်ရ၍ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဝိပဿနာကို အားထုတ်ပါသည်၊ ထိုသို့ အားထုတ်ရင်း သဘောမသက်ဝင်နိုင်သော အရာကို စကားပြန်ဖြင့် အဖန်ဖန်မေးမြန်း၍ အတော်ကြာအောင် အားထုတ်သွားပါသည်၊ သူ၏နိုင်ငံသို့ ရောက်သောအခါ မဟာဂန္ဓာရုံဆရာတော်၏ အထံ၌ နည်းခံရသော တရားကို အလွန် နှစ်သက်ကြောင်း လျှောက်လိုက်ပါသတဲ့။

တရားရကိုမှန်းဆခြင်း။ ။ ဆရာတော်သည် လူအတွေ့ခံတော်မမူဘဲ ဝုန္ဒစ်ခန့်မျှတစ်ပါးတည်း တရားအားထုတ်တော်မူခြင်း, မျက်နှာတော်၏ကြည်လင်ခြင်း, တရားအားထုတ်စဉ်ဖြစ်ပေါ်သော မှတ်တမ်းများကို လျှို့ဝှက်စွာထားရာမှ တွေ့ရခြင်းတို့ကြောင့် "တရားပေါက်ပြီး"ဟု အနီးနေတပည့်များက ခန့်မှန်းကြပါသည်၊ မိမိကား ပလိပ်ရွာ သရက်ပင်များအုပ်ဆိုင်းနေသော တောကျောင်း၌ ဆရာတော်ကို ဥပဋ္ဌာယ်ပြု၍ ရဟန်းဖြစ်ခါနီးဝယ် အခြားဘုန်းတော်ကြီးတစ်ပါးနှင့်အတူ အနီးအပါး၌နေခိုက် "ခန္ဓာကိုယ်က ရောဂါများ လွန်းလို့ဒီဘဝတွင် ခ်န္ဓာဝန်လက်စသိမ်းဖို့ကြိုးစားတာဘဲ, ဒါပေမယ့်"ဟုမိန့်တော်မူ၍ ရှေ့မဆက်တော့ပါ။ ထို့ကြောင့် "ရဟန္တာ အဖြစ်သို့ မရောက်သေးဘဲ အောက်မင် အောက်ဖိုလ်လောက်သာ ရတော်မူဟန်တူသည်"ဟု ခန့်မှန်းရပါသည်။

ပြန်လွန်တော်မူချိန်။ ။ မိမိကို ဥပဋ္ဌာယ်ပေးပြီးသော ဝါတွင်း၌ဝ၂စဝခု ဝါခေါင်လဆုတ် ၈ရက်, သက်တော်၆၂နှစ် အရွယ်တော်ဝယ် နှစ်ပေါင်းများစွာ တရားအားထုတ်ရာဖြစ်သော မဟာသုခချောင်း၌ပင် ပြန်လွန်တော်မူပါသည်၊ ထိုညဉ့်၌ ဆရာတော်၏ချောင်အနီးက ပုညရှင်နှင့် ဥမင်သုံးဆယ်တောင်တန်းဝယ် တောက်ပသောအရောင်တွေ ထိုဣဒ္ဓိကူးကာ သွားလာပျံသန်းနေသည်ကိုတော်၏ အနောက်ဘက်၌ သီတင်းသုံးနေတော်မူသော ယောသိတာဝန် ဆရာတော်ကြီးကိုယ်တိုင် မြင်ရသောကြောင့် ထိုအကြောင်းကို ချမ်းအေးဆရာတော်ကြီးအားလည်းကောင်း, ဆရာတော် ပြန်လွန်တော်မူရာ လာကြသော သံဃာတော်များအား လည်းကောင်း, ပြောပြ တော်မူပါသတဲ့။

ယသ ဇေယျာ နိက္ခန္တမှိ, အာသိ.ယံ မိဂမာသယော၊
ကိစ္ဆာဝါသော ကိစ္ဆာဟာရော, နိစ္စံဒဠ္ဍ ပရက္ကမော။

ယသ ထေရသ–မဟာဂန္ဓာရုံ, တိုင်းလုံးတုန်မျှ, ဆန်စုန်ကျော်ဟီး, အကြင် ဆရာတော်ဘုရားကြီး၏။ နိက္ခန္တမှိ –ဝိသုဒ္ဓါရုံ, မြို့ရွှေဘုံမှ, ရဂုံသာမော, ဤမြို့ပင်တောသို့,မနောထက်သန်, ထွက်စံတော်မူစအခါ၌၊ အယံ ဇေယျာ–ယခုခါတွင်, အများမြင်သည့်, တောင်ခွင်မလပ်; ချောင်စဉ်စပ်၍,ရစ်ပတ်ဝေဆာ, သေလာခေါင်ထီး, ဤဇေယျာတောင်ကြီးသည်၊ မိဂမာသယော အာသိ– သမင်ဒရယ်,ကျီးယ်, သစ်ကျွတ်, မြည်ဟုတ်သံညောင်း, သားအပေါင်းတို့, သောင်းပြောင်း ရောပြွမ်း, တောစခန်းဖြင့်, တောကြမ်းကြီးဖြစ်ခဲ့ဖူးလေပြီ။

သောထေရော–ထိုတောစခန်း, ထိုတောတန်း၌, တောကြမ်းကို မှီ, မနောကြည်၍, ယောဂီအလုပ်, လွန်အားထုတ်လျက်, စိတ်ရှပ်ကြည်လင်, ထိုကျေးဇူးရှင်ဆရာတော်ဘုရားသည်၊ကိစ္ဆာဝါသော–ကျောင်းတော် သစ်ပင်, မြေပြင်မွေ့ရာ, သေလာ ကျောက်တုံး, ဦးခေါင်း အုံးလျက်,ထေရ်ဘုန်း စံရာ, မခံသာအောင်, မှန်စွာ ညှင်းဆဲ, အဆင်းရဲကြီး, ဆင်းရဲတော်မူပါလျက်၊ ကိစ္ဆဟာရော–ခရီးဝေးကွာ, ဆွမ်းကိုရှာ၍, ရေပါ မလွယ်, တကယ်ထိုစဉ်, ငြိုငြင်သောအာဟာရ ရှိပါလျက်၊ နိစ္စံ–နေ့ရောညဉ့်ပါ, အခါမစဲ, အမြဲသာလျှင်၊ ဒဠ္ဍပရက္ကမော–ဘယ်သူ့ကမှ, တု မပဘဲ, ခုဘဝတွင်, ခန္ဓာဝန် လက်စ သိမ်း၍, အေးငြိမ်းအောင် တရားကုတ်လျက်, အားထုတ်ခဲ့သော အရှင်မြတ်ကြီးပါဘုရား။

ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုး။ ။ ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်တိုင်း၏ အကျိုးရပုံမှာ (ဈာန်ရမှုမှတပါး) အခြား ဘာဝနာများထက်အနည်းငယ်မျှ မလျော့ပါ၊ ထူးခြား ချက်ကား–

၁။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို အတော်များစွာ သိရသောကြောင့် ဗုဒ္ဓမြတ်စွာကို အလွန်ရိုသေ၍ ဗုဒ္ဓမြတ်စွာ၏ စကားတော်ကို အလွန်လိုက်နာခြင်း။

၂။ ဂုဏ်တော်များစွာကို သိရသည့်အတွက် ဗုဒ္ဓမြတ်စွာအပေါ်၌ သောတာပန်ကဲ့သို့ ဉာဏ်ပြင့်သက်ဝင်၍ နက်နက်နဲနဲ ကြည်ညိုခြင်း။ [ဗုဒ္ဓအစစ်ကို ကြည်ညိုလျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကိုပြုစုလိုသောစိတ်, အားပေးလိုသောစိတ် ရှိရကား သာသနာဖျက် ပုဂ္ဂိုလ်များကိုမူ ရှောင်ရှားမည်သာ။]

၃။ ဗုဒ္ဓမြတ်စွာကို မကြာမကြာ သတိရနေသောကြောင့်သတိ ကောင်းခြင်း။ [အသက်ကြီးသော်လည်း သတိမမေ့ခြင်း။]

၄။ အလွန်နက်နဲသော ဗုဒ္ဓဂုဏ်တော်များကို သတိနှင့်တကွဉာဏ် ကျက်စားနေရသည့် အတွက် အသိဉာဏ်လည်းတိုးတက် လာခြင်း။

၅။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့သည် အာရုံပြုသော သတိနှင့် စေတနာမျိုးစေ့တို့၏ စိုက်ပျိုးရာမွန်မြတ်သော လယ်ယာမြေ ဖြစ်သောကြောင့် ထိုဘာဝနာကုသိုလ်ကောင်းမှု၏ ကြီးကျယ် မြင့်မြတ်ခြင်း။

၆။ ဂုဏ်တော်တို့ကို အာရုံပြုရာ အခါတိုင်း၌ ဝမ်းမြောက်သော ဝိတိပါမောဇ္ဇဖြစ်ခြင်း။ [စိတ်၏ ချမ်းသာ ကြည်လင်ခြင်း, စိတ်အေးမြခြင်း, တစ်ရံတစ်ခါ ကြက်သီးထလောက်အောင် ဝိတိ ဖြစ်ခြင်း။]

၇။ ကြောက်စရာဘေးအန္တရာယ်နှင့်ကြုံစေကာမူ ထိုဘေးဒုက္ခကို မကြောက်မရွံ့, ရဲဝံ့စွာ ခံနိုင်ခြင်း။

၈။ ဗုဒ္ဓမြတ်စွာကို မကြာမကြာ အောက်မေ့တိုင်း ဗုဒ္ဓမြတ်စွာနှင့် အတူနေရသကဲ့သို့ဖြစ်၍ ကျူးလွန်ရမည့်အပြစ်ကို မကျူးလွန် တော့ခြင်း။

၉။ ဝိပဿနာ တက်ရှုမက်ဖိုလ်တိုင်အောင်မရနိုင်လျှင် ယခုဘဝ၏ အခြားမဲ့ နောက်ဘဝ၌ (ငါးပါးသီလ မပျက်ပါမူ) လိုရာ သုဂတိဘဝကိုရဖို့ သေချာခြင်း။

၁၀။ နောက်နောက်ဘုရားသာသနာတော်ကို ကေန်ကြုံတွေ့ရမည် ဖြစ်၍, ပိမိရည်မှန်းအပ်သော ဆုနှင့် ကိုက်ညီသော ဘုရား သာသနာဝယ် ကေန် တရားထူး ရနိုင်ခြင်း။ ....ဤကား ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးများတည်း။

အခွင့်ကောင်း အခါကောင်း

ဗုဒ္ဓလက်ထက်တော် ။ ။ ဗုဒ္ဓမြတ်စွာ၏ သက်တော်ထင်ရှား ရှိတော်မူရာအခါသည် ထိုခေတ်က သူတော်ကောင်းများအတွက် အခွင့်ကောင်းအခါကောင်းကြီးဖြစ်၏။ ထို့ကြောင့်သူတော်ကောင်း တို့သည် လွယ်လွယ်ကူကူဖြင့် တရားထူးကိုရနိုင်ကြပေသည်၊

ဥပမာ– မိဘလက်ထက်၌ သူဌေးမိဘက ပေးအပ်သော အရင်းအနှီးကို အခြေခံ၍ လိမ်လိမ်မာမာနှင့် အရည်အချင်းရှိသောသားသမီးတို့သည် အလွယ်တကူပင် သူဌေးဖြစ်နိုင်သကဲ့သို့တည်း။

ယခုလည်းကောင်းသေး၏။ ။ ယခုလည်း ဗုဒ္ဓမြတ်စွာ၏ ကျင့်စဉ်တရားတော်များသည် ဓမ္မစက္ကြာ အနတ္တလက္ခဏာသုတ်တော်မှစ၍ အပြည့်အစုံ ထင်ရှားရှိပါသေး၏။ ထိုတရားများကို ပိုင်ပိုင်နိုင်နိုင်သိကြသော စာချဆရာတော်များလည်း ရှိကြသေး၏။ ထိုဆရာတော်များအထံ တရားနည်းခံ၍ တရားမှန်ကို အားထုတ်သူတို့သည် ယခုဘဝ၌ပင် တရားပေါက်နိုင်၏။ ယခုဘဝမပေါက်လျှင် ပါရမီဓာတ်ခံရ၍ မဟာကပ္ပိန, အနောဇ, ခေမာထေရီ, ဓနဥာနီ, သုမေဓာတို့ကဲ့သို့ မိမိဆုအားလျော်စွာ နောက်နောက် သာသနာတော်၌ တရားထူးကို ရနိုင်သောကြောင့် ယခုအချိန်လည်း အခွင့်ကောင်း အခါကောင်းပင်ဖြစ်ပါသေးသည်။

နောက်၌မှောင်ကြီးကျတော့မည်။ ။ သို့သော် ရဟန်းရှင်လူ အများတို့ကား ယခုပင် မတရားလုပြီ၊ နောက်နောက်ဆိုလျှင် (နောက်ဘဝလောက်ရောက်လျှင်) သာ၍သာ၍ တရားလက်လွတ်ကြပါလိမ့်မည်၊ တိုအခါ၌ ပိဋကတ် ကျမ်းစာများကို လေ့လာသူနည်းပါး၍ တရားစစ်တရားမှန်များ တိမ်မြုပ်ကာ မောဟမှောင်ကြီး ဖိစီးလာပါတော့မည်။

ဗုဒ္ဓပ္ပါဒ ဒုလ္လဘ။ ။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် လုံးလုံးမကွယ်သေးဘဲ တရားတော် အစစ်အမှန်များ ထင်ရှားရှိသေးရာ အခါကို "ဗုဒ္ဓပ္ပါဒ= ဘုရားပွင့်ရာအခါကောင်း" ဟုခေါ်ပါသည်။

တိုအခါကိုမှီသော သူတော်ကောင်းတိုင်း အခွင့်ကောင်း ရသူချည်းဖြစ်ပါသေးသည်၊ ထို့ကြောင့် ယခုရရှိနေသော လက်ကျန်အခွင့်ကောင်းကလေးကို လက်မလွတ်စေရအောင် သူတော်ကောင်းစိတ်ရှိသူတိုင်း ကြိုးစားကြရပါတော့သည်။

တိုက်တွန်းချက်

မာ ဝေါ ခဏံ ဝိရာဓေထ, ခဏာတီတာ ဟိ သောစရေ၊
အပတ္တေ ဝါယမေယျာထ, ခဏော ဝေါ ပတိပါဒိတော။

ဘာဘွဲ့ဘ– ရဟန်း, ရှင်လူ, မည်သူမဆို, အိုလူအပေါင်း, သူတော်ကောင်းတို့ ...ခဏံ–ဗုဒ္ဓပ္ပါဒ, ဒုလ္လဘဟု, ကြုံရလင့်တောင်း, အခွင့်ကောင်းကြီးကို၊ မာဝိရာဓေထ– လောကီကိစ္စ, အဝဝကြောင့်, နေ့ညပုံသေ, မချွတ်လွဲစေကြကုန်လင့်၊ ဟိ(ယုတ္တံ)–ကြောင့်ကြောင့်ကျကျ, သတိရအောင်, နိစ္စပုံသေ, တိုက်တွန်းသင့်ပေ၏။ ခဏာတီတာ– အခွင့်ကောင်းကို ကောင်းမှန်းမသိ, သတိမမူ, ကျော်လွန်၍ သွားသူတို့သည်၊ သောစရေ– သာသနာပ, အခါကျလျှင်, အပါယဘေး, တွေ့မည့်အရေးကြောင့်, ပူဆွေး၍နေကြကုန်၏။ အပတ္တေ– မရအပ်ဘူး, တရားထူးတို့ကို၊ ဝါယမေယျာထ–အခွင့်ကောင်းဆဲ, အားကုန်လွှဲ၍, အပြကြိုးစားလိုက်ကြကုန်လော၊ ဝေါ(တုမှာကံ)–သရဏာဂုံ, သီလစုံဖြင့်, ကုံလုံပြည့်ဝ, ခွင့်ကောင်းရ၍, ဗုဒ္ဓကိုမြင်, အသင်သူတော်ကောင်းတို့မှာ၊ ခဏော– ဘဝအဆက်ဆက်, ကြုံဘို့ခက်သည့်,တစ်သက်တစ်ခါ, ကြုံလာသောအခွင့်ကောင်းသည်၊ ပတိပါဒိတော– ရှေ့ရှုမျက်မှောက်, ရောက်နေပြီတကား။

• • • • • • • • • • •

ကမ္မဋ္ဌာန်းအားထုတ်ပါ

ကမ္မဋ္ဌာန်း။ ။ "ကမ္မဋ္ဌာန" ပါဠိကို မြန်မာလို "ကမ္မဋ္ဌာန်း"ဟု ခေါ်ကြ၏။ [ကမ္မ– ဘာဝနာအလုပ်၏+ဋ္ဌာန–တည်ရာ။] ကမ္မဋ္ဌာန်းအားထုတ်မှုကိုပင် "ဘာဝနာအလုပ်" ဟုလည်းခေါ်၏။ [ဘာဝနာ–မိမိစိတ်ကို သာမန်လူများကဲ့သို့ သေးသေးသိမ်သိမ် မဖြစ်စေဘဲ, ကြီးမားစေခြင်း တိုးပွားစေခြင်းအလုပ်။] ကမ္မဋ္ဌာန်းအားထုတ်ရာ၌ အစဉ်အတိုင်း ဖြစ်နေသောစိတ်သည် ဘာဝနာအလုပ် ဖြစ်သောကြောင့် "ကမ္မ"မည်၏။ ထိုဘာဝနာကမ္မ၏ တည်ရာဖြစ်သော ဗုဒ္ဓဂုဏ်တော်စသော အာရုံများသည် ဋ္ဌာနမည်၏။

ကမ္မဋ္ဌာန်း ၂မျိုး။ ။ ထိုကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းဟု ၂မျိုးရှိ၏။ ထိုတွင် စိတ်တည်ကြည်၍ ကိလေသာအပူတွေကို ငြိမ်းစေနိုင်သော သမာဓိကို "သမထ"ဟု ခေါ်၏။ ထိုသမထကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏာနုဿတိ, အာနာပါန စသောအားဖြင့် အကျယ်၄၀ရှိ၏။ ရုပ်နှင့်စိတ်စေတသသိက်ကို "သခါရ"ဟုခေါ်၏။ ထိုရုပ်နာမ်သခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုနေသော ဉာဏ်ကို "ဝိပဿနာ"ဟု ခေါ်၏။ ထိုဝိပဿနာကမ္မဋ္ဌာန်းကား– အချုပ်အားဖြင့် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟု ၃မျိုးသာရှိသည်။

ကမ္မဋ္ဌာန်းအားထုတ်။ ။ လောကဓ္ဓ တိုးတက်ကြီးပွားအောင် မှန်းထားအပ်သောအလုပ်ဟူသမျှသည် ကြီးစားနိုင်သူ တချို့လူများအတွက်သာ အထမြောက်၏။ တချို့မှာ ကြီးစားသော်လည်းအထ ,မြောက်ဘဲ ပျက်စီးတတ်သေး၏။ မကြီးစားလျှင်ကား အဘယ်မှာ

အကျိုးရပါတော့အံ့နည်း။ ထို့အတူ ဤကမ္မဋ္ဌာန်းအလုပ်ကိုလည်း ကြိုးကြိုးစားစား အားထုတ်နိုင်မှ တချို့အထမြောက်၏။ မကြိုးစားလျှင်ကား အထ မမြောက်နိုင်၊ သို့သော် နောင်အခါအတွက် ပါရမီတတ်ခံလောက်တော့ ဖြစ်စရာရှိပါသေး၏။

အားထုတ်ပုံအစဉ်။ ။"ဆိတ်, တင်, ဖြောင့်, ငါး, ရှေမြ–ပွား, ကြိုးစားဘာဝနာ"–ဟူသော မဟာဂန္ဓာရုံ ဆရာတော်၏ လက်ဆောင်ပုဒ်နှင့်အညီ, ...

ဆိတ် ။ ။ ကမ္မဋ္ဌာန်းအလုပ်ဟူသည် ပဓာနအားဖြင့် စိတ်အလုပ်ဖြစ်၏။ ထိုကြောင့် မျက်စိအာရုံ နားအာရုံဖြစ်သော ရဟန်းရှင်လူတွေ မျှားသောနေရာ,စကားပြောသံ,စာအံသံ,ဓာတ်စက်သံ ညံနေသောနေရာသည် ဆိတ်ငြိမ်သောနေရာ တိတ်ဆိတ်သောနေရာ မဟုတ်ပါ။ ထို့ကြောင့် လူအများကို မမြင်ရသော မတွေ့ရသော လူသံတွေ မကြားရသော တိတ်ဆိတ်သော ဆိတ်ငြိမ်သောနေရာသာ ကမ္မဋ္ဌာန်းအားထုတ်ဖို့ ကောင်းသောနေရာဖြစ်သည်။

တင် ။ ။ ဆိတ်ငြိမ်သောနေရာကို ရပြီးသောအခါ ယောဂျီးဖြစ်လျှင် တင်ပလ္လင်ခွေ၍ ထိုင်ပါ။) မိန်းမဖြစ်လျှင် ယခုအခါ ဘုရားရှိခိုးရာ၌ ထိုင်သလို တဝက်တင်ပလ္လင်ဖြင့်ထိုင်ပါ။–ဤနည်းကား ကျမ်းဂန်တို့၌ တွေ့ရသော ထိုင်ပုံဖြစ်သည်။

ယခုခေတ် ။ ။ ယခုအခါ၌ကား တင်ပလ္လင်ခွေ၍ ကြာကြာ ထိုင်လျှင် အညောင်းပြေသွားတတ်သော်လည်း နေ့ရက် မှားသော အခါ ထုံနာကျင်နာ စသော ရောဂါတစ်မျိုးမျိုး. ဖြစ်လာတတ်၏။

ဘာ့ကြောင့်နည်း– ကြာကြာကွေးနေရသော ခြေသလုံး ပေါင်တို့၌ သွေးလေတို့သည် အထက်အောက် ကောင်းစွာမလျှောက်ရသော ကြောင့်တည်း။

သက်သာသလိုထိုင်။ ။ ကမ္မဋ္ဌာန်းအလုပ်၌ သမာဓိရဖို့က ပဓာနဖြစ်သောကြောင့် ခြေကို ဆန့်၍ထိုင်မှ သမာဓိရလျှင် ဆန့်၍ ထိုင်ပါ။ ကုလားထိုင်စသော ငြိမ်သက်သော ထိုင်ခုံ၌ ထိုင်မှ အနေ သက်သာ၍ သမာဓိရလျှင် ထိုင်ခုံ၌ထိုင်ပါ။ ညောင်းလျှင် မတ်မတ် ရပ်လိုက်ပါ။ လမ်းလျှောက်လိုလျှင် လမ်းလျှောက်လိုက်ပါ။ သို့သော် ကမ္ဘဏ်းကိုတော့ ပျောက်မသွားအောင် သတိစိုက်ထားဖို့ လိုပါ သည်၊ အရှင်အာနန္ဒာသည် စကြီသွားရင်း ကာယဂတာသတိ ကမ္ဘဏ်းကို အားထုတ်စဉ် ဝိရိယလွန်နေသောကြောင့် တရား မပေါက်ဘဲရှိရကား ကဋ္ဌင်ပေါ်၌ လှဲလျောင်းလိုက်ရာ ခေါင်းအုံး ပေါ်၌ ဦးခေါင်း မရောက်သေးခင် ရဟန္တာဖြစ်ပါသည်။

မေတ္တာသုတ်တော်။ ။ မေတ္တာကမ္ဘဏ်းအားထုတ်ရာ၌ "တိဋ္ဌ စရံနိသိန္နော ဝါ သယာနော, ယာဝတဿ ဝိတမိဒ္ဓေါ၊ တံသတိ အဓိဋ္ဌေယျ=(သတ္တဝါအာရုံပေါ်၌) ရပ်နေရင်းလည်း ဤမေတ္တာ သတိကို စူးစူးစိုက်စိုက် ထားရမည်၊ စကြီသွားရင်းလည်း ဤမေတ္တာ သတိကို စူးစူးစိုက်စိုက်ထားရမည်၊ ထိုင်နေရင်းလည်း ဤမေတ္တာ သတိကို စူးစူးစိုက်စိုက်ထားရမည်၊ လှဲနေရင်းလည်း ဤမေတ္တာ သတိကို စူးစူးစိုက်စိုက်ထားရမည်၊ ဤသို့မေတ္တာသုတ်၌ ဟောတော် မူပါသည်၊ ထို့ကြောင့် ကျမ်းစာကလည်း ထိုင်၍ချည်း အားထုတ် ရမည်ဟု မဆိုလို, သက်သာသလိုနေ၍ အားထုတ်စေလိုပါသည်။

ဖြောင့် ။ ။ ထိုင်၍ အားထုတ်သောအခါ၌ကား ခါးမှအထက် ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်(စန့်စန့်) ထားရသည်၊ ဘာကြောင့် နည်း– ခပ်ကုန်းကုန်း ခပ်ကွေးကွေးထားလျှင် ကျောရိုးချင်းထိ၍ ထပ်နေသည့်အတွက် ကြာကြာ မထိုင်နိုင်ဘဲ ဝေဒနာ အမျိုးမျိုး ဖြစ်လာတတ်သောကြောင့်တည်း။

ငါး ။ ။ အဆင်း,အသံ,အနံ့,စားစရာ, တွေ့ထိစရာဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါ်ဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါး တို့ကို စိတ်ထဲ၌ မထင်လာအောင် ဖယ်ရှားရမည်။ [နေရာသဘော အားဖြင့်လည်း ထိုအာရုံတွေနှင့် မရောအောင်ဖယ်ရှား၍ စိတ်အား ဖြင့်လည်း ထိုအာရုံများသို့ မသွားအောင် စောင့်စည်းထားရမည်။ "အကယ်၍ မြင်ရ ကြားရသော် မြင်ကာမတ္တ ကြားကာမတ္တဖြင့် စိတ်ကိုရပ်စေ၍ ရှေ့တိုးပြီး မစဉ်းစားဘဲ စောင့်စည်းထားရသည်"။]

ရှေ့မြဲ ။ ။ ဝိဝိရှေ့၌ အာရုံကို မြဲမြဲထားရမည်၊ ဗုဒ္ဓါ နုဿတိ ဘာဝနာကမ္ဘဏ်းကို အားထုတ်သူဖြစ်လျှင် ဝိဝိရှေ့ မနီး မဝေး၌ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသကဲ့သို့ ထင်မြင်အောင်မြဲမြဲထားရမည်၊ အခြားကမ္ဘဏ်း ဖြစ်မူကား ထို ကမ္ဘဏ်း အားလျော်စွာ စိတ်၏ ရှေ့မှောက်၌ အာရုံရောက်အောင် စိတ်ထဲ၌ မြဲမြဲထားရမည်။

ပွား, ကြိုးစား။ ။ စိတ်၌ ရာဂ ဒေါသမာနကျွန်ုပ်သာ မစ္ဆရိယတို့ ဖြစ်နေလျှင် "သေးသိမ်သောစိတ်" ဟုခေါ်ရ၏။ ထို အကုသိုလ်များ မဖြစ်ဘဲ သဒ္ဓါ ပညာ သတိ သမာဓိ ဝိရိယတို့ဖြစ်နေလျှင် "တိုးပွား သောစိတ်, ကြီးမြင့်သောစိတ်" ဟုခေါ်ရ၏။ ထိုသို့ ကြီးမြင့် တိုးပွား သောစိတ်ဖြစ်အောင် ကြိုးစားခြင်းကို "ဘာဝနာပွား" ဟုခေါ်သည်။

ဗုဒ္ဓါနုဿတိ ကြီးစားနည်း။ ။ "လက္ခဏာတော် ကြီးငယ် အသွယ်သွယ်ဖြင့်" စသော လက်ာ၌ ပါသည့်အတိုင်း ....

၁။ လက္ခဏာတော် ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော (ဗုဒ္ဓဖြစ်တော်မူချိန်ဝယ် ၃၂နှစ်အရွယ်မျှသာ ရှိသေးသော) ဗုဒ္ဓမြတ်စွာ၏ မိမိရှေ့မှောက် မနီးမဝေး၌ ရောက်နေပုံကို အာရုံယူပါ။

၂။ ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော်စသော ကိုယ်အင်္ဂါတိုင်း၌ ရှေးရှေးပါရမီကောင်းမှုများက မွမ်းထုံထားသောကြောင့် ထူးထူးခြားခြား ကြည်လင်နေပုံကို အာရုံယူပါ။

၃။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ပယ်ပြီးဖြစ်၍ စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းပုံကိုလည်း အာရုံယူပါ။

၄။ ထိုကြည်လင်သန့်ရှင်းသောစိတ်တော်၌ အစွမ်းဂုပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြီး ကိန်းဝပ်တော်မူပုံကိုလည်း အာရုံယူပါ။

၅။ ထိုဘုရားရှင်က မိမိကို အပါယ်ဆင်းရဲ ဝဋ္ဋဆင်းရဲမှကယ်တင်ဖို့ရာ ကြီးစွာသော မဟာကရုဏာဖြင့် ကြည့်တော်မူနေပုံကို အာရုံယူပါ။

၆။ ထိုကဲ့သို့ အာရုံယူ၍ လက်အုပ်ချီကာ "ဗုဒ္ဓေါ ဗုဒ္ဓေါ" ဟု အဃတ်ထပ်ရွတ်ဆိုရ၍ ကြက်သီး ထလောက်အောင် ပီတိဖြစ်သောအခါ ထိုပီတိကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုပါ။

၇။ ပီတိမဖြစ်လျှင်လည်း ဗုဒ္ဓကို အာရုံပြုသော မိမိစိတ်အစဉ်၏ မပြုပုံကို သတိဖြင့်စိုက်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုပါ။

၈။ ဤသို့ နေ့စဉ်မှန်မှန် ကြိုးစားသောအခါ ရာဂ ဒေါသ မာန ကဲ့သာ မစ္ဆရိယ မာယာ သာဌေယျ စသော အကုသိုလ်တရားတွေနည်းပါး၍ သဒ္ဓါ ပညာ သတိ သမာဓိ ဝီရိယ ဟူသော ကုသိုလ်တရားများ တိုးပွားလာပါလိမ့်မည်။

၉။ မဟာဂန္ဓာရုံဆရာတော် မိန့်တော်မူသည်မှာ–"ထမင်းကို မှန်မှန်စားသလို ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ကြိုးစားရသည်၊ ထမင်းစားချင်၍ စားသော်လည်း ပြီးချင်မှပြီးမည်၊ မစားချင်ဘဲ စားချိန်ကျ၍ စားရစေကာမူ စားရင်း စားရင်း ပြီးလာတတ်သည်၊ ထို့အတူ စိတ်အား ထက်သန်စွာဖြင့် အားထုတ်သော်လည်း အာရုံ ထင်ချင်မှ ထင်သည်၊ စိတ်မထက်သန်ဘဲ အချိန်ကျလို့ အားထုတ်သောအခါ အရသာ ရှိရှိ ပီတိဖြစ်လောက်အောင် အာရုံထင်လာတတ်သည်။

၁၀။ ရုပ်တု,စေတီတော် ။ ။ ဗုဒ္ဓမြတ်စွာကို အာရုံယူရာ၌ ဥာဏ်အားနည်းသေးသူတို့မှာ ရုပ်တုရုပ်ပွားလောက်သာ ထင်လာတတ်၏။ စေတီတော်ကိုဖူးမျှော်ရာ၌လည်း စေတီတော်အတိုင်းသာ အာရုံထင်လာတတ်၏ ထိုအာရုံများ ထင်လာရာ၌လည်း အကျိုးမနည်းပါ။ သို့သော် ထို အာရုံများမှတစ်ဆင့် သက်တော်ထင်ရှားမြတ်ဘုရားကို အာရုံရအောင် ကြိုးစားမှသာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရာရောက်ပါသည်။

• • • • • • • • • • •

ရတနာ၏ မွန်မြတ်ပုံ

[ဆောင်] အလေးပြုအပ်, ဖိုးမပြတ်တည်း, နှိုင်းလတ်ပြိုင်ဖွယ် မရှိ
ကွယ်သား, မလွယ်တွေ့ဖို့, ရှေးကံမို့သည့်, အချို့လူ
သာ,သုံးနိုင်ရာသည်,... ရတနာပစ္စည်း အမွန်တည်း။

၁။ **အလေးပြုအပ်။** ။ လောကဌ် စိန် ရွှေ မြသား ပဒမြား စသော ရတနာတို့သည် အလေးဂရုပြုအပ်သော ဥစ္စာဖြစ်၍ ရိုရိုသေသေ လေးလေးစားစားသိမ်းဆည်းရ၏။ သုံးစွဲသောအခါလည်း ရိုရိုသေသေကိုင်၍ ဝတ်ဆင်သုံးစွဲကြရ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည်လည်းကောင်း, တရားသံဃာတော်သည်လည်းကောင်း, အလေးအမြတ်ပြုအပ်၏။ ဗုဒ္ဓအထံတော် သံဃာ့အထံတော်သို့ သွားကြသော နတ်လူပြဟ္မာ သတ္တဝါအများသည် ပေါ့ပေါ့ဆဆ မသွားကြ၊ အလွန်ရိုသေစွာ ရှိခိုး၍လေးလေးပြတ်ပြတ်ချဉ်းကပ်ကြ၏။ ထိုသို့ချဉ်းကပ်သောအခါ ကျက်သရေမင်္ဂလာရှိသော ဗုဒ္ဓမြတ်စွာနှင့် တကွ ငြိမ်သက်သော သံဃာတော်များကို ဖူးမျှော်ရခြင်း, တရားစကား တော်ကို ကြားနာ ရခြင်းကြောင့် စိတ်၏အေးမြ ချမ်းသာမှုနှင့်တကွ အသိဉာဏ်၏ တိုးတက်မှုကိုလည်း ရကြ၏။ ဤသို့ ဗုဒ္ဓ ဓမ္မ သံဃရတနာမြတ် ၃ဖြာသည် အလေးအမြတ် ပြုထိုက်လောက်အောင် ရတနာ၏ ဂုဏ် လက္ခဏာကို ဆောင်တော်မူကြပါပေသည်၊

၂။ **ဖိုးမပြတ်တည်း။** ။ လောကီရတနာတို့တွင် မြန်မာ့မင်းလက်ထက်က "ငမောက်"ဟု ခေါ်အပ်သော ပဒမြားသည်လည်းကောင်း, စကြာမင်းပေါ်ထွန်းသောအခါ၌ ရအပ်သော ပတ္တမြားရတနာသည် လည်းကောင်း ဤ၌ဤမျှထိုက်တန်၏"ဟု အဖိုးဖြတ်၍ မပြီးမပြတ်နိုင်သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာရတနာတော်သည်လည်းကောင်း, တရားသံဃာရတနာ တော်သည်လည်းကောင်း, ကိုးကွယ်သူတို့အား အဖိုးမဖြတ်နိုင်အောင် အကျိုး ရသောကြောင့် ဗုဒ္ဓ ဓမ္မ သံဃရတနာ မြတ်သုံးဖြာသည် "အဖိုး မပြတ်နိုင်ခြင်း" ဟူသော ဂုဏ်လက္ခဏာကို ဆောင်တော်မူနိုင်ကြပါပေသည်။

၃။ **နှိုင်းလတ်ပြိုင်ဖွယ်, မရှိကွယ်သား။** ။ ငမောက် ပတ္တမြား စသော လောကီ ရတနာတို့သည် သူ့ခေတ် သူ့အခါဝယ် ပြိုင်ဘက် အတူမရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာနှင့် တရား သံဃာတော် များလည်း တိတ္ထိ ဆရာ တပည့်တို့က တုကြ ပြိုင်ကြစေကာမူ သီလ သမာဓိ ပညာစသော ဂုဏ်အားဖြင့် တန်းတူသူ မရှိသောကြောင့် "ပြိုင်တူ မရှိခြင်း" ဟူသော ရတနာ၏ ဂုဏ်လက္ခဏာကို ဆောင်တော်မူကြ ပါပေသည်။

၄။ **မလွယ်တွေ့ဖို့** ။ ။ပြည်တန်သော ပတ္တမြားရတနာသည် တွေ့ကြုံဖို့ ခဲယဉ်းသကဲ့သို့, ထို့အတူ ဗုဒ္ဓမြတ်စွာသည်ဌင်း။ တရား သံဃာတော်သည်လည်းကောင်း, လေးအသခ္ခေ်နှင့် ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီ ဖြည့်တော်မူပြီးမှ ပေါ်ထွန်းရသည့်အပြင်, ထိုအချိန် ၌ ဗိမိတို့ ကိုယ်တိုင်ကလည်း လူ့ဘဝကိုရ၍ ဗုဒ္ဓဘာသာဝင် ဖြစ်ကြ ဖို့ရန် မလွယ်ကူသောကြောင့် ဗုဒ္ဓ ဓမ္မ သံဃရတနာ – မြတ် ၃ဖြာ သည် "တွေ့ဖို့မလွယ်ခြင်း" ဟူသော ရတနာ၏ ဂုဏ်လက္ခဏာကို ဆောင်တော်မူကြပါပေသည်။

၅။ **ရှေးကံမို့သည့်, တစ်ချို့လူသာ** ။ ။ပြည်တန်သော ပတ္တမြားရတနာကို မဆိုထားဘိ, သာမန် စိန် ရွှေ စသော ရတနာ များသည်ပင် ရှေးကံမပြည့်စုံသူတို့၏ အသုံးအဆောင် မဟုတ်ကြဘဲ

ရှေးကံမို့မောက်၍ စည်းစိမ်ဥစ္စာကြွယ်ဝသော အချို့လူတို့၏သား သုံးစွဲဖို့ရာ ဖြစ်သကဲ့သို့,ထို့အတူဗုဒ္ဓ ဓမ္မ သံဃရတနာတော်များ သည်လည်း ရှေးရှေးဘဝက ပုဉ်းကံပါလာကြသူ တစ်ချို့လူတို့သာ ကိုးကွယ် ဆည်းကပ်သောအားဖြင့်သုံးစွဲနိုင်ကြသည်။ ဤသို့လျှင် ဗုဒ္ဓ ဓမ္မ သံဃရတနာ–မြတ် ၃ဖြာသည်"ရှေးကံမို့မောက်သော အချို့လူတို့၏သုံးဖို့ရာဖြစ်ခြင်း"ဟူသောရတနာ၏ဂုဏ်လက္ခဏာ ကို ဆောင်တော်မူကြပါပေသည်။

. . . . . .

အတူမဲ့ဗုဒ္ဓရတနာ

ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ,
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓဝါ–လူတို့နေရာ,မြို့ရွာဌာန, ဤလောကဌ်လည်းကောင်း၊ ဟုရံဝါ– နဂါး ဂဠုန်, အဖုံဖုံနေကြ, ဟို... အောက်လောကဌ်လည်း ကောင်း၊ ယံကိဉ္စိ– သက်မဲ့သက်ရှိ, များဘိဉ်သုံ, အလုံးစုံသော ဝိတ္တံစ– ပိတိအစွမ်း ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာဖြစ် သော အသုံး အဆောင်ရတနာသည်လည်းကောင်း။ သဂ္ဂေသုဝါ– နတ်မြို့ခြောက်လီ, ဗြဟ္မာ့ ပြည်တို့ဌ်လည်း၊ ပဏီတံ· အရသာရှိ စားဖွယ်၏သို့, ကြည်ဌ်မဝ, မွန်မြတ်လှစွာသော ယံရတနံစ– ဘုံဗိမာန် နန်း, အခန်းခန်းနှင့်, ထူးဆန်း ထွေလာ

အကြင် ရတနာသည်လည်းကောင်း၊ အတ္ထိ– ရှေးကံအလျောက်, ဘုဉ်းကံ တောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏။ ထွေ– ပိတိအစွမ်း,လွန်ရှင်လန်းဖို့, သိန်းသန်း ကုဋေ, အထွေထွေသော, ဤရတနာတို့တွင်၊ တထာဂတေန–သုံးလူထွင်ဌထား, မြတ်ဘုရားနှင့်၊ သမံ–တန်းတူထား၍, ရှစ်စားလောက်စွာ, တစ်စုံ တခုသော ရတနာ သည်၊ နနော အတ္ထိ (နတ္ထိဝေ) – အကြောင်းကိုကြည့်, အကျိုး ကြည့်လည်း, မရှိကောန်, အမှန်ပင် ဖြစ်ပါတော့ သတည်း။.....ဗုဒ္ဓေ– သုံးလူ.ထွင်ဌထား, မြတ်ဘုရား၌၊ ပဏီတံ– လောကီ ဥစ္စာ, ရတနာထက်,ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ဣဒမ္ပိ ရတနံ– ရတနာဖြစ်ကြောင်း။, ကောင်းထက် ကောင်းသည့်, ဂုဏ်ပေါင်းမြင့်မော်, ဤ သီလ သမာဓိ ပညာတော်သည်လည်း၊ အတ္ထိ–အမြဲပုံသေ, ရှိပါပေ၏။ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်, ပါဏိနံ–ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား။ သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း အေးငြိမ်း ခြင်းသည်၊ ဟောတု– စင်စစ် မသွေ , ဖြစ်ပါစေသတည်း။

အဓိပ္ပါယ်ရှင်းလင်းချက် ။ ။ ဤလူ.ဘုံ, နဂါး ဂဠုန် စသော တန်ခိုးကြီးတို့၏နေရာ ဟို....အောက်ဘုံ၌လည်းကောင်း, အထက် နတ်ဘုံ, ဗြဟ္မာ့ ဘုံ၌လည်းကောင်း, ရှေ ငွေ စိန် ကျောက် ပုလဲ ပတ္တမြားစသော ရတနာတွေ ရှိကြပေ၏။ လူ.ဘုံမှာပင် စကြာမင်း ပေါ်ထွန်းသောအခါ စကြာ ရတနာ, ဆင်ပျံတော်ရတနာ, မြင်းပျံတော် ရတနာ, မိဖုရားရတနာ, သားတော်ကြီးရတနာ, သူဌေးကြီးရတနာများ ပေါ်လာကြပေ၏။ ထို ရတနာ အားလုံးသည်ပင် ပိုင်ရှင်များ၏စိတ်ကို

အလွန် နှစ်သက် စေနိုင်ကြပေသည်၊ သို့သော် ထိုရတနာများစွာ တို့တွင် ဗုဒ္ဓမြတ်စွာနှင့် တူသော ရတနာမှာ တစ်မျိုးမျှမရှိပါ။

အကြောင်းကိုကြည့်ပါ။ ။ စိန်ရွှေစသော, ဘုံဗိမာန်စသော, စကြာရတနာစသော, ရတနာတို့သည် ပိုင်ရှင်ပုဂ္ဂိုလ်၏ ရှေးကံတရားကြောင့်လည်းကောင်း, ဤဘဝဥာဏ်ဝိရိယကြောင့်လည်းကောင်း ရနိုင်သော ရတနာများ ဖြစ်ကြ၍ အကြောင်းမကြီးကျယ်လှပါ။ ဗုဒ္ဓမြတ်စွာ ရတနာကား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ ကောင်းမှုတို့ကို များစွာဖြည့်ပြီးမှ ဖြစ်ထွန်းပေါ်လာနိုင်သော ရတနာတော်ဖြစ်၍ အကြောင်းအားဖြင့် အတူမရှိအောင် ကြီးကျယ်ပါသည်။

အကျိုးကိုကြည့်ပါ။ ။ အကျိုးကိုကြည့်ပြန်လျှင် လောကီ ရတနာများသည် ပိုင်ရှင်ပုဂ္ဂိုလ်များနှင့် ဆွေမျိုးများ အခြွေအရံ များ၏စိတ်ကို နှစ်သက်စေနိုင်, ကိုယ်စိတ်ကြွ ချမ်းသာစေနိုင်ကြ ပါပေ၏။ သို့သော် တစ်ဘဝမျှသာ ချမ်းသာစေနိုင်ပါသည်၊ တစ်ဘဝ ဆုံးခါနီးသောအခါ ထိုရတနာများကို စွဲလမ်းမှုရှိနေပါမူ, ကောန်မုချ ပြိတ္တာဘောင်သို့ ဆောင်ပို့ပါလိမ့်မည်၊ [ထိုသို့ စိတ်စွဲလမ်းမှုမရှိဘဲ ထိုရတနာများကို အကြောင်းပြု၍ ဒါနပြုသူတို့အတွက်ကတော့ နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်မည့် ပါရမီများကို ဖြစ်စေနိုင်ပါ သေး၏။ သို့သော်ဗုဒ္ဓမပွင့်ရာ သာသနာပကာလ၌ ထိုရတနာပိုင်ရှင် မျိုးကား အလွန်နည်းပါးစွာသာ ရှိနိုင်ပါသည်၊]

ဗုဒ္ဓရတနာ၏ အကျိုး။ ။ ဗုဒ္ဓရတနာတော်သည်ကား တစ်ပြီ တစ်ယောက်၏ အပိုင်မဟုတ်၊ မိမိယုံကြည်လျှင် မိမိပိုင်ဖြစ်၏။ ဗုဒ္ဓ နုဿတိဘာဝနာပွားများသော ပုဂ္ဂိုလ်၏စိတ်၌ မပြတ်မပြတ် ဗုဒ္ဓ

အာရုံပေါ်နေသောကြောင့် ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓရတနာကို အတော် များစွာပိုင်နေ၏။ ထိုပုဂ္ဂိုလ်သည် သီလမပျက်ပါမူ အပါယ် ၄ပါးသို့ မကျဘဲ သုဂတိဘဝ အဆက်ဆက်ဖြင့် နိဗ္ဗာန်တိုင်အောင် တက်နိုင် ၏။ ဗုဒ္ဓမြတ်စွာ၏ ပဌမ ဓမ္မစကြာတရားပွဲ၌ တစ်ဆယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့သည် ဗုဒ္ဓရတနာကို ကောင်းစွာ ပိုင်ကြသောကြောင့် သောတာပန်စသော အရိယာများဖြစ်၍ အပါယ်မှ လွတ်ကြလေပြီ။

ယနေ့တိုင်အောင်။ ။ယနေ့အထိလည်း ဗုဒ္ဓါ နုဿတိဘာဝနာ ပွားများသော သူတော်ကောင်းဟူသမျှသည် ဗုဒ္ဓရတနာကို ပိုင်ကြ သေး၏။ ဤဘဝကိုစွန့်ရခါနီးဝယ် စိတ်ထဲ၌ ဗုဒ္ဓရတနာထင်နေပါမူ သေချာသောသုဂတိဘဝသို့ ကောန်ရောက်ရတော့မည်၊ ထို့ကြောင့် အကြောင်းကိုကြည့်, အကျိုးကြည့်လည်း အတူမရှိသော ဗုဒ္ဓရတနာ ကို စိတ်ထဲ၌ ထင်လာအောင်ကြိုးစားကြပါ။

မဌကုဏ္ဍလီဝတ္ထု။ ။သာဝတ္ထိပြို့၌ ပေးကမ်း လှူဒါန်းခြင်း မရှိသော ပုဏ္ဏားသူဌေးတစ်ယောက်မှာ မဌကုဏ္ဍလီ အမည်ရှိသော သားကလေးတစ်ယောက် ရှိ၏။ ထိုသားကလေး မမာသော အခါ၌ ဆေးဖိုးအကုန်မခံချင်သောကြောင့် ဆေးမီးတိုဖြင့်ကုနေ၏။ ရောဂါ လွန်၍ သေခါနီးသောအခါ အိမ်တွင်းပစ္စည်းတွေကို မသာမေးလာ သူတို့မြင်မှာစိုး၍ သားကလေးကို စမြင်ဘက်သို့ ထုတ်ထား၏။ဗုဒ္ဓ မြတ်စွာသည် ထိုကလေးအား ရောင်ခြည်တော်လွှတ်၍ မြင်လောက် သောအရပ်က ပြတော်မူ၏။ နဂိုရ်က ဗုဒ္ဓဘာသာ မဟုတ်သော ထို ကလေးသည် ဗုဒ္ဓကိုကြည်ညိုသောစိတ်ဖြင့် စုတေ၍ တာဝတိံသာ နတ်ပြည်သို့ ရောက်ရပေသည်။

• • • • • • • • • • •

အတူမဲ့ ဝမ္မရတနာ

ခယံ ဝိရာဂံ အမတံ ပဏီတံ,
ယဒဗ္ဗဂါသက္ကုမုနိ သမာဟိတော၊
နိ တေန ဝမ္မေန သမတ္ထိ ကိဉ္စိ,
ဣဒမ္ပိ ဝမ္မေ ရတနံ ပဏီတံ၊
တေန သစ္စေန သုဝတ္ထိ ဟောတု၊

(သန္ဓိ–ဖြစ်ပျက်မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, အေးမြ ပေထသော၊) ခယံ– ရုပ်နာမ်ဆုဆု, အပူခပ်သိမ်း, ကုန်ငြိမ်းကြောင်း လည်းဖြစ်ပေထသော၊ ဝိရာဂံ–ရုပ်နာမ်အဆက်, အကုန်ပျက်သဖြင့်, မတပ်မက်ကြောင်းလည်းဖြစ်ပေထသော၊ အမတံ– ဇရာ မရဏ, ရာမရအောင်, ကာလပုံသေ, အမြဲတေလည်း ဖြစ်ပေထသော၊ ပဏီတံ– အရသာရှိ, စားဖွယ်၏သို့, သိ၍မဝ, မွန်မြတ်ပေထသော၊ ယံဝေမ္ပိ– အသင်္ခတ, နိဗ္ဗာနဓာတ်, အကြင်တရားတော်မြတ်ကို၊ သမာ ဟိတော– ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပမ်းသဖြင့်, စိတ်စွမ်းတည် ဘိ, သမာဓိရှိတော်မူသော၊ သက္ကုမုနိ– သာကီနွယ်ဖွား, ငါတို့ဘုရား သည်၊ အဗ္ဗဂါ– ဗောဓိအောင်မြေ, ပလ္လင်ဗွေ၌, လေးထွေသစ္စာ, သိသောခါဝယ်, ကောင်းစွာလှလှ, ရတော်မူခဲ့လေပြီ။

တေန ဝမ္မေန–အသင်္ခတ, နိဗ္ဗာနဓာတ်, ထိုတရားတော်မြတ်နှင့် သမံ– တန်းတူထား၍, ရှုစားလောက်သော၊ ကိဉ္စိ– တစ်မျိုးတစ်ခြား တရားဆိုင်ရာ, တစ်စုံတစ်ခုသော ရတနာသည်၊ နအတ္ထိ– လူ့ဘုံနတ် ရောက်, အကုန်ပေါက်အောင်, မွေနှောက်ရာဖွေ, မရှိပါချေ၊ ဝမ္မေ။ အသင်္ခတ, နိဗ္ဗာနဓာတ်, တရားမြတ်၌၊ ပဏီတံ– တရားများစွာ။

ရတနာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ဣဒမ္ပိ ရတနံ– ရတနာဖြစ်ကြောင်း, ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းကိုခြုံ, ဤခယဝိရာဂစသော ဂုဏ်တော်သည်၊ အတ္ထိ– စင်စစ်ကေန်,အမှန် မသွေ,ရှိပါပေ၏။ ဟေနသစ္စေန– မှန်ကန်လှစွာ, ဤဝစီသစ္စာ ကြောင့်၊ ပါဏိနံ– သောရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့ အား။ သုဝတ္ထိ– တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, သောရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု– စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

အဓိပ္ပါယ်ရှင်းလင်းချက်

သန္ဓိ။ ။ [ဤပုဒ်သည် ဂါထာ၌မပါသော်လည်း အဓိပ္ပါယ် ကောင်းသောကြောင့် မေတ္တာသုတ်မှ ယူထားအပ်သော ပုဒ်တည်း။] မိမိတို့၌ရှိနေသော ရုပ်နာမ်တရားတို့သည် အမြဲဖြစ်၍ အမြဲပျက်နေ ကြ၏၊ ဖြစ်ပုံပျက်ပုံကလည်း အလွန်မြန်၏။ လက်ဖျောက်တစ်ချက် တီးခန့်ခဏ၌ အကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နေကြ၏။ ထို့ကြောင့် ရုပ်နာမ်တရားတို့သည် ငြိမ်ငြိမ်သက်သက်= ငြိမ်းငြိမ်း အေးအေးမရှိကြ၊ အမြဲလှုပ်လှုပ်ရွရွနှင့် ကုန်ခြေမရသက့ဲသို့ ဖြစ်ပျက် နေကြလေသည်၊ နိဗ္ဗာနဓာတ် တရားမြတ်ကား အဖြစ်အပျက်မရှိ သောကြောင့် အေးအေးမြမြ ကုန်ခြေရသက့ဲသို့ ငြိမ်သက်လှပေသည်။

ခယံ။ ။ ထိုနိဗ္ဗာနဓာတ် တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့် မြင်လိုက်သည်နှင့် တပြိုင်နက် ရာဂစသော ကိလေသာ အချို့သည် လည်းကောင်း, တိုကိလေသာရှိသူတိုင်း (၇–ဘဝနောက်ရရှိမည့်) ရုပ်နာမ် တို့သည်လည်းကောင်း ကုန်ခမ်းကြရတော့၏။ အထက်မဂ်များ ကို ရသောအခါလည်း ဤနည်းအတိုင်း ကိလေသာအပူတွေ

ကုန်ရပေသည်။ ထို့ကြောင့် သန္တာန်ဖြစ်သော ထိုနိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို မြင်ရသော ပုဂ္ဂိုလ်များအတွက် ကိလေသာတို့၏လည်းကောင်း, ရုပ်နာမ်တို့၏လည်းကောင်းကုန်ခန်း ကြောင်းတရားဖြစ်ပါပေသည်။

ဝိရာဂ။ ။ တပ်မက်ခြင်းသဘောကို ပါဠိလို "ရာဂ" ဟုခေါ်၏။ ထိုရာဂသည် ရုပ်နာမ်ခန္ဓာအပေါ်၌လည်းကောင်း, ခန္ဓာနှင့်စပ်သော ပညတ် အပေါ်၌လည်းကောင်း ဖြစ်ရသောတရားတည်း၊ ရုပ်နာမ်တို့၏ ကုန်ကြောင်း ဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံးမစပ်တော့၊ ထို့ကြောင့် နိဗ္ဗာန်ကို "ဝိရာဂ– ရာဂမရှိသောတရား" ဟု ခေါ်ပါသည်။

အမတ။ ။"သေခြင်း"ဆိုသည်မှာ တစ်ဘဝအတွက်နောက်ဆုံး ပျက်ခြင်းတည်း၊ ထိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏။ ပျက်ဖို့ရှေ့.ရှုနေသော (ပျက်ဖို့ပြင်နေသော) သဘောကို "အိုခြင်း= ဆွေးမြေ့ခြင်း"ဟုခေါ်ပ၏။ ပါဠိလို ဇာတိ, ဇရာ, မရဏကိုမြန်မာလို "ဖြစ်ခြင်း, ရင့်ခြင်း(အိုခြင်း), သေခြင်း(ပျက်ခြင်း)" ဟုခေါ်၏။ ထို ဇာတိဇရာမရဏာသဘောသည် ရုပ်တရား နာမ်တရားတို့၏သဘော ဖြစ်၏။ ရုပ်နာမ်အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်၌ အဘယ်မှာလျှင် ဇာတိဇရာမရဏာ ရှိနိုင်ပါတော့အံ့နည်း။

• • • • • • • • • • •

အမတေ,အမြိုတေ,အမြိုက်ဆေ။ ။ "အမတေ"ဟူသောပါဠိအသံ်ကို လိုက်၍ မပျက်နိုင်သော အရာဝတ္ထုကို "အမတေ" ဟုလည်းကောင်း (သက္ကတ၌ "အမြိတ"ဟုရှိသောကြောင့် သက္ကတအသံ်ကို လိုက်၍ "အမြိုတေ" ဟုလည်းကောင်း"အမြိတ်=အမြိုက်"ဟုလည်းကောင်း သုံးစွဲကြ သည်၊ [မည်သည့်အကောင် ထဲကရသော အမေတေလုံးကလေ။ မသေနိုင် သော "အမြိုက်ဆေ"ဆင်ကြီးထဲကရသော "အမြိုတေ" စသော အသုံးအ နှုန်းများတည်း။]

ပဏီတံ။ ။ နိဗ္ဗာနဓာတ် တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များ အတွက် (စား၍မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့) မကြာ မကြာ အာရုံပြု၍ နေချင်စရာ ကောင်းလောက်အောင် အရသာ ရှိသောတရားတော်ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကို ဝင်စားကာ) ထိုနိဗ္ဗာန်ကို အာရုံပြု၍ မကြာမကြာ သီတင်းသုံးတော် မူလေ့ရှိ၏။ တရားဟောတော်မူတုန်းမှာပင် ပရိသတ်က သာဓုခေါ် နေတဲ့အခါ ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ကို အာရုံပြု၍နေတော်မူ၏။သာဓု ခေါ်ပြီးမှ တရားကို ဆက်၍ဟောတော်မူ၏။ နိဗ္ဗာန်တရားတော် သည် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်အတွက် ဤမျှလောက်အရသာရှိသော တရားထူး တရားမွန်ဖြစ်ပါပေသည်။

ယဒဗ္ဗကါ (ယံ+အဗ္ဗကါ)။ ။ ထိုနိဗ္ဗာန်တရားတော်ကို ဤ သာသနာတော်၌ ဗုဒ္ဓမြတ်စွာသည် အစဆုံးသိတော်မူ တွေ့မြင်တော် မူ၏။ တွေ့မြင်ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာဗောဓိရိပ်သာ၌ ကဆုန်လပြည့်ညဉ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

နိရောဓသစ္စာ။ ။ ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည်ဒုက္ခသစ္စာ, ဒမုဒယသစ္စာ, နိရောဓသစ္စာ မဂ္ဂသစ္စာဟူသော သစ္စာ၄ပါးကို ပိုင်းခြား ထင်ထင် သိမြင်တော်မူ၏။ ထိုသို့သိတော်မူရာဝယ် "နိရောဓသစ္စာ" ဟူသည် ဤနိဗ္ဗာနဓာတ် တရားမြတ်ပင်ဖြစ်၏။ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရ သကဲ့သို့, ဗုဒ္ဓမြတ်စွာသည် မဂ်ဉာဏ်ဖြင့် ခယ ဝိရာဂ အမတဂုဏ် အပေါင်းနှင့် ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

ဥပမာဆောင်ထင်ရှားအောင်ပြအံ့။ ။အဏုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီပညာရှိနှင့်တို့သည် အလွန်ကြီးစားသောအခါ ထိုအဏုမြူအားကို တွေ့မြင်ကြရ၏။ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့တွေ့မှ ဖြစ်သည်မဟုတ်, နဂိုရှိသဘာဝအတိုင်းရှိနေသောအား ဖြစ်သကဲ့သို့လည်းကောင်း, လေးနက်သောကျမ်းစာ၏အဓိပ္ပါယ်ကို အမှန်သိအောင် စဉ်းစားကြသော စာပေပညာရှိနှင့်တို့သည် ရက်ပေါင်းများစွာ အတော်ကြီးစားသောအခါ ထိုအဓိပ္ပါယ်ကိုသိရ၏။ ထိုသိအပ်သောအကြောင်းအရာ အဓိပ္ပါယ်စာသည် ထိုအချိန်မှဖြစ်ရသည်မဟုတ်ဘဲ နဂိုရှိသဘာဝအတိုင်းပင်ရှိနေသကဲ့သို့လည်းကောင်း, တရားထူးရအောင် အားထုတ်သော ယောဂီသူမွန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ၄ပါးကို သိရအောင် တရား အားထုတ်သောအခါ အလွန်ကြီးစာမှ ထိုတရားကိုသိရ၏။ ထိုသိအပ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရားမဟုတ်, သဘာဝအတိုင်းရှိနေသော သန္တိသုခတရားသာ ဖြစ်ပါသည်။

သမ်နတ္ထိ။ ။ ဓမ္မကွန္ဒာပေါင်း ရှစ်သောင်းလေးထောင်ဟူသော ပရိယတ်တရား, ကိလေသာတို့ကို သူ့နည်းသူ့ဟန်ဖြင့် ပယ်နိုင်သော စျာန်တရား, မြေလျှိုးမိုးပျံ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းစသော တန်ခိုးရှိသော အဘိညာဉ်တရား, ဆိုင်ရာကိလေသာကို အကြွင်းအကျန်မရှိအောင်ပယ်နိုင်သော မဂ်တရား ဖိုလ်တရားတို့သည် ဆိုင်ရာအကျိုး အမျိုးမျိုးကို ပေးနိုင်ကြသော်သည်း နိဗ္ဗာန်နှင့် တန်းတူသောတရား တစ်မျိုးမျှမရှိပါချေ။

ဒိဋ္ဌဓမ္မိကနိဗ္ဗာန်။ ။ ပရိနိဗ္ဗာန်စံတော်မမူမီ ဗုဒ္ဓမြတ်စွာ၏ စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကိုမျက်မှောက်ဘဝ၌ အာရုံပြုရသောကြောင့် "ဒိဋ္ဌဓမ္မိကနိဗ္ဗာန်" ဟု ခေါ်၏။ ဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များ ရှိစဉ်အခါ၌ အာရုံပြုရသောကြောင့် "သဥပါဒိသေသနိဗ္ဗာန်" ဟုလည်းခေါ်သည်။ [အရဟတ္တမဂ်ဖြင့်အဝိဇ္ဇာတဏှာ စသော ကိလေသာနှင့် ကံတို့ကို ပယ်ပြီးဖြစ်သော်လည်း အကျိုးဝိပါက်နှင့် ကမ္မဇရုပ်တရားများ ကျန်သေး၏။ ထိုကျန်တရားများ ရှိသေးခိုက်၌ အာရုံပြုရသော နိဗ္ဗာန်–ဟူလို။]

သမ္မရာယိကနိဗ္ဗာန်။ ။ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူပြီးသောအခါတည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္မရာယိကနိဗ္ဗာန်" ဟုခေါ်၏။ ဝိပါက် နာမက္ခန္ဓာနှင့် ကဋ္ဌတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန်မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟုလည်းခေါ်သည်၊ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာနတာတ်သည်ကား ယနေ့တိုင်အောင်တည်ရှိနေသည်" ဟုမှတ်ပါ၊ –[ခုဒ္ဒကဝတ္ထုအဋ္ဌကထာ, ဒုဝဂ်– နိဗ္ဗာနသုတ်အဖွင့်။]

သုခ ၂မျိုး။ ။ သုခသည်ဝေဒယိတသုခ, သန္တိသုခဟု ၂မျိုးရှိ၏။ ယခုခေတ်လူအများတို့မြင်ရ ကြားရ နမ်းရ စားသောက်ရ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း, စိတ်ချမ်းသာခြင်းကို "ဝေဒယိတသုခ"ဟုခေါ်၏။ ထိုသို့ခံစားမှုမရှိဘဲ ဒုက္ခခပ်သိမ်းငြိမ်းအေးခြင်းသဘောကို "သန္တိသုခ" ဟုခေါ်သည်၊ ထို၂မျိုးတွင်....

ဝေဒယိတသုခ။ ။ ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစားခံစား၍ကုန်ကုန်သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာဖွေခြင်းစသော ဒုက္ခဖြင့် ထူထောင်ရတ်။ ထိုအသစ်အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့် အဆမတန်ချေ။ ထိုသို့ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအပိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့်ဆပ်ကြရလေသည်။

သန္တီသုခ။ ။ ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တီသုခသဘောကား– ရုပ်နာမ်သခါရတို့ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘောတည်း။ ထင်ရှားစေအံ့– လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သူဌေးတစ်ယောက်သည် နှစ်ခြိုက်စွာအိပ်ပျော်နေစဉ် စံစားဖို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမည်လား"ဟု ကြိမ်းဝါးမောင်းမဲမည်သာ၊ ထိုသူ၏ အိပ်နေစဉ်အခါ၌ ခံစားမှုအထင်အရှားမရှိ၊ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှု သုခထက်နှစ်သက်၍ "အိပ်ရကောင်းလိုက်တာ"ဟု အမှန်းတင်ကြသေး၏။ ရုပ်နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တီသုခကား "မည်မျှလောက် ကောင်းလိမ့်မည်" ဟုမှန်းဆသင့်တော့သတည်း။

နိရောဓသမာပတ်ကိုဝင်စားခြင်း။ ။ စိတ်စေတသိက်နှင့် စိတ်ကြောင့်ဖြစ်သော ရုပ်များ၏ အသစ်မဖြစ်ဘဲ ချုပ်ငြိမ်းနေအောင် ပြုနိုင်သောသမာပတ်ကို "နိရောဓသမာပတ်"ဟုခေါ်၏။ အနာဂါမ်

ရဟန္တာဖြစ်ပြီး ဈာန်အဟုန်ရပြီးပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စားနိုင်၏။ အနာဂါမ်ရဟန္တာအရှင်မြတ်တို့သည် ရုပ်နာမ်ခန္ဓာကြီးကို လေးလံလှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဘို့ရာ နိရောဓသမာပတ်ကိုဝင်စားတော်မူကြ၏။ ထိုသမာပတ်အတွင်း၌ ခံစားမှုလုံးဝ မရှိ၊ နာမ်တရားနှင့် အချို့ရုပ်များ အသစ်မဖြစ်ဘဲ ရပ်စဲနေခြင်းသာတည်း။ ထိုရပ်စဲခြင်းသည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေသော နိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာဘဲ ရှိအံ့နည်း။

ထင်ရှားရှိသော နိဗ္ဗာန်။ ။ ထိုသန္တီသုခ နိဗ္ဗာနဓာတ်တရားမြတ်သည် ဘာမျှမရှိသော (အဘာဝ)ပညတ်မဟုတ်ပါ။ အများဆိုင်ဘုံပစ္စည်းကဲ့သို့ တစ်ပါးတည်းလည်းမဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီးသီးရှိကြပါသည်၊ ထို့ကြောင့်ပင် ရဟန္တာအရှင်တို့သည် ခန္ဓာကိုယ်ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စား၍ နေလေ့ရှိကြပါသည်၊ ထိုသမာပတ်ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြုနေရသည်မှာ အလွန်သုခရှိပါသည်တဲ့။

အိပ်ပျော်ခြင်းဥပမာ။ ။အခြားစိတ်တွေမဖြစ်စေဘဲ ဖိုလ်စိတ်တွေချည်း ဆက်ကာဆက်ကာ ဖြစ်နေခြင်းကို "ဖလသမာပတ်ဝင်စားသည်"ဟုခေါ်၏။ ထိုအချိန်၌ နိဗ္ဗာန်အာရုံမှတပါး အခြားဘာအကျိုးကိုမျှ မရှိသောကြောင့် စိတ်အလွန်ချမ်းသာ အလွန်အေးမြသည်၊ အခြားခံစားမှုကား လုံးလုံးမရှိပါ၊ ဥပမာ– မည်သည့်အာရုံမျှ စိတ်ထဲ၌မပေါ်လာဘဲ ဘဝင်စိတ်တွေချည်းသာ ဆက်ကာဆက်ကာ ဖြစ်နေခြင်းကိုပင် "အိပ်ပျော်သည်" ဟု ခေါ်ရသကဲ့သို့တည်း။

ထို့ကြောင့်ပင် ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီး ဝယ် ဥဒါန်းကြွေးကာ ရုပ်နာမ်ခန္ဓာဝန်ကြီးကို အပြီးသတ် ပစ်ချ တော်မူကြပါသည်။

မိထွေးတော်ဂေါတမီ၏ ဥဒါန်း

ယံ နဒိဋ္ဌ ပုရာဏောဟိ, တိတ္ထိကာစရိယေဟိပိ၊
တံ ပဒံ သုကုမာရိဘိ, သတ္တာဝသာဟိ ဝေဒိတံ။

ပုရာဏောဟိ– ဘုရားမပွင့်ခင်, ရှေးအစဉ်က, လူတွင်ထင်ပေါ် အကျော်အမော်ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ– အယူ ဝါဒ, ကိုယ်တိုင်စၦ, ဂဏဦးစီး, ဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ– ရောက်သင့်ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်မှ, တိုက်ရိုက်သိရန်, အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌ– တွေးလိုက် ကြံလိုက်, အမှန်ဆိုက်အောင်, တိုက်ရိုက်ထင်ထင်, မတွေ့မမြင်နိုင်ခဲ့ချေ။ တံပဒံ– ကမ္မာထိပ်သီး ဆရာကြီးတို့, ရှုနည်းမပိုင်, မမြင်နိုင်သော ထိုနိဗ္ဗာန်ကို၊ သတ္တာဝသာ ဟိ– မိဘကိုချစ်, နွဲ့တုန်းဖြစ်၍, ခုနစ်နှစ်အရွယ်, ငယ်ရွာကြကုန် သေးသော၊ သုကုမာရိဘိ– ရှေးပဉ်းရှေးကံ, ကုံတန်ရင့်ပြီး, အမျိုး သီးတို့သော်မှလည်း၊ ဝေဒိတံ– ရှင်တော်ဘုရား, မိန့်တရားကြောင့် မျက်ဝါးထင်ထင်, သိမြင်နိုင်ပေသည်တကား။ [ရနှစ်သမီး ဝိသာခါ သောတာပန်တည်ပုံကို သတိပြုပါ။]

အမှာ။ ။ ဤဂါထာသည် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံခါနီး၌ ပူဆွေးနေသော အရှင်အာနန္ဒာအား "မပူဆွေးဖို့ရန်– သားတော်ကလျှောက်ပေးလို့ ဘိက္ခုနီပြုခွင့်ရသဖြင့် မာတုဂါမတွေ့ အကျိုးရပုံကို လျှောက်သောဂါထာဖြစ်သည်။

သုခကိုပင် ဒုက္ခထင်ကြ

သဒေဝကဿ လောကဿ, ဇေတ ဝေါ သုခသမ္မတာ၊
ယတ္ထ စေတေနိရုဇ္ဈန္တိ, တံ တေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ– ဗြဟ္မာသိကြား, နတ်အများနှင့်တကွဖြစ်သော၊ လောကဿ– ပုထုဇဉ်ဟု, ဉာဏ်မြင်ပေတုံး, တစ်လောကလုံးသည်၊ ဇေတ– ရူပသဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့ကို၊ သုခသမ္မတာ– ချမ်းသာဖွယ်တောင်း, အကောင်းဟု သမုတ်အပ်ကုန်ပြီ၊ ယတ္ထ (နိဗ္ဗာနေ)– အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, အကြင်သို့သော နိဗ္ဗာန်၌၊ ဇေတ–ရူပသဒ္ဒ, စသည့်အာရုံ, ဤ ကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ– ကွယ်ပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြရ လေကုန်၏။ တံစ(နိဗ္ဗာနံ)– ကာမဂုဏ်အားလုံး, ပြုတ်ပြုတ်ပြုန်း လျက်, သုံးကြောင်းအမှန်, ထိုနိဗ္ဗာန်ကိုကား။ တေသံ–ထိုဉာဏ်မြင် ပေတုံး, ပုထုဇဉ်အားလုံးတို့သည်၊ ဒုက္ခသမ္မတံ– ခံစားဖွယ်အချက်, ကင်းသည့်တွက်ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟု သမုတ်အပ် လေသတည်း။

အဝိဇ္ဇာနှင့်တဏှာ။ ။ ဤရုပ်နာမ်ခန္ဓာကြီး၏ အရင်းအမြစ် သည်အဝိဇ္ဇာနှင့်တဏှာဖြစ်၏။ အဝိဇ္ဇာသည် ဘဝသံသရာ၏ ဒုက္ခ အပြစ်တွေကို ဒုက္ခဟု မသိအောင်ဖုံးထား၏။ ထိုသို့ အဝိဇ္ဇာက ဖုံးထားသည့်အတွက် အပြစ်မမြင်နိုင်တော့ဘဲ တဏှာက ဤခန္ဓာ ကြီးကိုလည်းကောင်း, ခန္ဓာနှင့်ဆိုင်ရာ အဖြာဖြာတို့ကိုလည်းကောင်း စွဲမက်၍ နေရကား ပုထုဇဉ်တို့သည် ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်ကို အဘယ်မှာ အကောင်းထင်နိုင်တော့အံ့နည်း။

အရိယာနှင့် ပုထုဇဉ်အမြင်မတူ

သုခံ ဒိဋ္ဌမရိယေဘိ, သက္ကာယသ နိရောဓနံ၊
ပစ္စနီကမိဒံ ဟောတိ, သဗ္ဗလောကေန ပဿတံ။

သက္ကာယသ– ပရမတ္ထအားဖြင့်, ထင်ရှားဘိတောင်း, ခန္ဓာငါးပါးအပေါင်း၏။ နိရောဓနံ– ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြောင်းဖြစ်သော၊ သုခံ– နိဗ္ဗာနတော်, ချမ်းသာမြတ်ကို၊ အရိယေဘိ– မျှားကိုလေသာ, ဖြူစင်ပါသည့် အရိယာအရှင်, သူတော်စင်တို့သည်၊ ဒိဋ္ဌ– ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, သိမြင်အပ်ပေပြီ၊ ဣဒံ (နိဗ္ဗာန်)– မျှားပုထုဇဉ်, ဉာဏ်အမြင်ဖြင့်, မမြင်နိုင်တန်, ဤနိဗ္ဗာန်ကို၊ ပဿတံ– တပ်အပ်ထင်ထင်, ကိုယ်တိုင်မြင်သည့်, အရှင်အပေါင်း၊ သူတော်ကောင်းတို့မှာ၊ သဗ္ဗလောကေန– အဝိဇ္ဇာဖုံး, တဏှာတုံ၊ ဟု, အားလုံးလောက, ဟူသမျှနှင့်၊ ပစ္စနီကံဟောတိ– ကျောချင်းကပ်ယှဉ်, ပြေးကြအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရလေသတည်း။ . . . သဠာယတနသံယုတ် ဒေဝဒဟဝဂ်။

တရားဖြင့် ဘုရားကိုသိနိုင်။ ။ အလွန်လေးနက်သော နိဗ္ဗာန်တရားတော်ကို ကိုယ်တိုင်သိတော်မူပြီး၍ ဝေနေယျတို့အားလည်း သိစေတော်မူနိုင်သော ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော်ကြီးပေတည်း၊ ထို့ကြောင့် နိဗ္ဗာန်အကြောင်းအရာကို မိမိဉာဏ်ဖြင့် မှန်းမြော်နိုင်သလောက် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကိုလည်း မှန်းမြော်နိုင်ဖို့ရာ ဗုဒ္ဓါနုဿတိ ဘာဝနာ အခန်း၌နိဗ္ဗာန်အကြောင်းအရာကို အနည်းငယ်မျှ ပြလိုက်ပါသည်။

. . . . . .

အတူမဲ့ သံယရတနာ

ဒီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ,
နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ။
ကွဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယေသံဓီရာနံ– အာသဝေါ၄တန်, ကုန်ရာမှန်သည့်, နိဗ္ဗာန်မြင်သိ, အကြင်ရဟန္တာပညာရှိတို့၏။ ပုရာဏံ– ဘဝါဘဝ, သံသာရက, ပြုခဲ့သမျှ အတန်တန်, အဟောင်းဖြစ်သော ကုသိုလ်အကုသိုလ်ကံသည်၊ ခီဏံ– အစေးတဏှာ, ကင်းစင်ကွာသဖြင့်, ကောင်းစွာပျက်ပြုန်း, ကုန်ဆုံးခဲ့လေပြီ၊ နဝံ– ရဟန္တာဖြစ်မှ, အသစ်ရသည့် ပုညကောင်းမှု, အစုစုသည်လည်း။ နတ္ထိသမ္ဘဝံ– သတ္တိအနှစ်, မကျန်ရစ်ဘဲ, ဖြစ်ကာမတ္တ, ဖြစ်ရုံမျှသာရှိတော့၏။ အာယတိကေ– နောက်နောင်အခါ, ပေါ်လာမည့်ဖြစ်သော၊ ဘဝသ္မိံ– ဘဝဖန်ခါ, သံသရာ၌၊ ဝိရတ္တစိတ္တာ– တပ်မက်ခင်မင်, လိုချင်သောအား, စိတ်ထားမရှိကြတော့ကုန်၊ တေဓီရာ– အာသဝေါကုန်ခန်း, ရဟန္တာထိုထို, ပညာရှိပုဂ္ဂိုလ်တို့သည်၊ ခီဏဗီဇာ– ကုန်ခန်းခြောက်သွေ့, မျိုးစေ့သန္ဓေ, တည်နေခြင်းမရှိကြကုန်သည်၊ အဝိရူဠှိဆန္ဒာ–ဘဝထိုထို, စည်ပင်လိုဘိ, အာသာဆန္ဒမရှိကြကုန်သည်၊ (ဟုတ္တာ–ဖြစ်၍) အယံ ပဒီပေါ–တောက်ပလျှံညီး, ဤဆီမီးသည်၊ (နိဗ္ဗုတော) ယထာ– ထိုဤမရောက်,ငြိမ်းပြီးနောက်ဝယ်, ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်း

ရသကဲ့သို့၊ နိုဗ္ဗန္တိ– ထိုဣဒ္ဓိဘာဝ, မရောက်ကြဘဲ,အေးမြပုံသေ, ငြိမ်းကြ ပေတော့သတည်း။ .... သံဃေ–အရိယာများတွင်, ထိပ်တန်းတင်ဖို့ အရှင်ရဟန္တာ, သံဃာတော်မြတ်၌၊ ပဏီတံ– အောက်အရိယာ, များသံဃာထက်, ကဲသောမြတ်မွန်, တုတက်လွန်သော၊ ဣဒမ္ပိရတနံ– ရတနာဖြစ်ကြောင်း, ကောင်းထက်ကောင်းသည့်, ဂုဏ်ပေါင်းကိုခြုံ, ကံဟူသမျှ, ကုန်ရခြင်းစသော ဂုဏ်သည်၊ အတ္ထိ– စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏။ ဧတေနသစ္စေန– မှန်ကန်လှစွာ, ဤဝစီသစ္စာ ကြောင့်၊ ပါဏိနံ– ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို့, မျှားလူဗိုလ်တို့ အား။ သုဝတ္ထိ– တင့်တယ်ဘို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု– စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

အဓိပ္ပါယ်ရှင်းလင်းချက်

ခီဏံပုရာဏံ။။ သူသူငါငါ သတ္တဝါတို့သန္တာန်၌ ရှိနေသော တဏှာသည် စိုစိုဖပ်ဖပ် စေးကပ်ခြင်းသဘော ရှိ၏။ ယခုဘဝ၌ ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ်တို့သို့ ကပ်၍ကပ်၍ နေကြခြင်းသည် ဤတဏှာအစေးကြောင့်ပင်ဖြစ်၏။ တစ်ဘဝကုန်ခါနီးဝယ် ပြတ်၍ မသွားအောင် နောက်ဘဝသို့ ကပ်ငြိခြင်းမှာလည်း ဤတဏှာ သဘောပင်တည်း။ပြုခဲ့သမျှကုသိုလ်က် အကုသိုလ်ကံသည် ထိုတဏှာ ငြိကပ်ရာသို့လိုက်၍ အကျိုးပေးရ၏။ အကုသိုလ်ကံသော်မှလည်း သေခါနီး၌ထင်လာသော မကောင်းအာရုံကို အကောင်းထင်၍ တဏှာဖြင့်ငြိကပ်တတ်သေး၏။ ဥပမာ– ပင်လယ်ထဲ၌ ရေနစ်ရာဝယ် အပေါ်သို့ပေါ်လာခိုက် တွေ့ရသော မိကျောင်းကိုပင် အားကိုဖွယ် ထင်၍ဖက်ထားသကဲ့သို့တည်း။ ထို့ကြောင့် အကုသိုလ်ကံကလည်း

တဏှာငြိကပ်ရာ ဘဝသို့လိုက်၍ အကျိုးပေးရသည်၊ ရဟန္တာဖြစ် သောအခါ ထိုတဏှာအစေး ကုန်သောကြောင့် ဘဝများစွာက ပြုအပ်ခဲ့သော ကံတို့သည်လည်း ကပ်ငြိစရာ တဏှာအဖေါ် မပါ သဖြင့် အကျိုးမပေးနိုင်ရကား "ကုန်သွားပြီ" ဟုဆိုရတော့သည်။

နဝံ နတ္ထိသမ္ဘဝံ။ ။ ရဟန္တာပုဂ္ဂိုလ်တို့၌ ဘုရားရှင်ကို ပူဇော်မှု, တရားဟောမှု, ကျမ်းစာပို့ချမှု, ဂိလာနကို ပြုစုမှုစသော အသစ်ဖြစ်သော ကောင်းမှုတွေရှိ ပါပေ၏။ ရဟန္တာဖြစ်မှ ပြုအပ် သော တိုကောင်းမှုများလည်း တဏှာအစေး မပါသဖြင့် ကပ်စရာ အာရုံ ကပ်စရာဘဝမရှိသောကြောင့် ရဟန္တာတို့ သန္တာန်ဝယ် ကမ္မ သတ္တိမကျန်တော့ရကား ထင်ရှားရှိသည်ဟု မဆိုရပါ။ ဖြစ်ကာမတ္တ, ဖြစ်ရုံမျှဖြင့် ကိစ္စပြီးရတော့သည်။ [အကျိုးမပေးတော့–ဟူလို။]

ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။ ။ ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုတဏှာအစေး မရှိသောကြောင့် နောက်ဘဝ၌ ငြိကပ်သောစိတ် တပ်မက်သောစိတ် နောက်ဘဝကို လိုချင်သောစိတ် မရှိကြတော့။

တေခီဏာဝီဟ။ ။ မျိုးအဖြစ်ဖြင့် ထားအပ်သော သစ်စေ့ တို့သည် မပျက်မစီးမှ အပင်ကိုဖြစ်စေနိုင်ကြ, အသီးအပွင့်ကိုသီးပွင့် စေနိုင်ကြ၏။ ထိုမျိုးစေ့ကိုပြုတ်၍ဖြစ်စေ, မီးဖုတ်၍ဖြစ်စေဖျက်ဆီး လိုက်သောအခါ အပင်ကိုမပါက်စေနိုင်၊ ထို့အတူ တစ်ဘဝ ဆုံးပြီးနောက်ပဋိသန္ဓေဝိညာဉ်စိတ်သည် ထိုဘဝ၌ ခန္ဓာသစ်ပင် ပေါက်ဖို့ရာ မျိုးစေ့နှင့်တူ၏။ ကံက ကုန်ပြီးဖြစ်သောကြောင့် ထို ပဋိသန္ဓေ မျိုးစေ့လည်း မကျန်တော့ချေ။ ပဋိသန္ဓေမျိုးစေ့ မကျန် သောကြောင့် ဘဝတည်းဟူသော သစ်ပင်လည်း မပေါက်နိုင်တော့။

အဝိရုဇ္ဈိဆန္ဒာ။ ။ ရဟန္တာမဖြစ်သေးသော ပုဂ္ဂိုလ်တို့သည် ဘဝအသစ်ဝယ် ခန္ဓာအသစ်ရဖို့ရာ တဏှာဆန္ဒ ပြင်းပြကြ၏။ ကောင်းရာသုဂတိသို့ ရောက်ဖို့ရန် စိတ်ညွှတ်ကြ၏။ သောတာပန်သကဒါဂါမ်, အနာဂါမ်ဖြစ်စေကာမူ ဘဝအသစ် စည်ပင်ဖို့ရာ အာသာဆန္ဒရှိကြသေး၏။ ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်တို့ကား တဏှာကုန်ခန်းပြီးဖြစ်သောကြောင့် ဘဝအသစ်နောက်ထပ်ဖြစ်၍ စည်ပင်လိုသော အာသာဆန္ဒမရှိကြတော့ချေ။

နိဗ္ဗန္ဓိဝိရာ ယထယံပဒီပေါ။ ။ ထိုသို့ ဘဝအသစ်ဖြစ်၍ စည်ပင်ဖို့ရန် ဆန္ဒမရှိသောကြောင့် လက်ရှိဘဝ၏ နောက်ဆုံးစုတိစိတ်ချုပ်သောအခါ ရုပ်နာမ်ခပ်သိမ်း ကုန်ငြိမ်းရုံသာ ရှိတော့၏။ ဥပမာ– တောက်နေသော ဆီမီးရောင်သည် ငြိမ်းသွားသောအခါ နောက်ထပ် ဘယ်နေရာ၌ ရောက်နေသည်– ဟု မဆိုရသကဲ့သို့ , ထို့အတူ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌လည်း ရုပ်နာမ် အနေအားဖြင့် မည်သည့်နေရာအရပ်သို့ ရောက်နေသည်ဟု မဆိုရတော့ပါ။

မှတ်ချက်။ ။ ဤဂါထာကို ဟောတော်မူချိန်၌ ထွန်းထားအပ်သော ဆီမီးတစ်ပွင့်သည် ငြိမ်းသွား၏။ ထို့ကြောင့် ထိုဆီမီးငြိမ်းပုံကို ဥပမာပြု၍ ရဟန္တာများ၏ ပရိနိဗ္ဗာန်စံခြင်း ဟူသော ငြိမ်းအေးပုံကို ဟောပြတော်မူ၏။ သို့သော် ဆီမီးငြိမ်းရာ၌ အဆက်အစပ်မကျန်တော့ဘဲ လုံးဝငြိမ်းသွားသော်လည်း ရဟန္တာများ ပရိနိဗ္ဗာန်စံရာ၌ကား ရုပ်နာမ်ခန္ဓာသာငြိမ်း၍, သမ္မရာယိကနိဗ္ဗာနတာတ်ကား ကျန်ရစ်ပါသေးသည်။

အမှာ။ ။ ဤသံဃရတနာတော်သည် ဗုဒ္ဓမြတ်စွာ၏ မှန်ကန်သော တရားရတနာကြောင့် ပေါ်လာ၏။ ထို့ကြောင့် ဗုဒ္ဓရတနာကို ပြုရာ ဗုဒ္ဓါနုဿတိဘာဝနာ အခန်း၌ ဗုဒ္ဓ၏ ဥာဏ်တော်အစွမ်းကို မှန်းဆဖို့ရာ သံဃာရတနာကိုလည်း ပြုလိုက်ရပါသည်။

ရတနာသုံးပါး။ ။ ကောင်းကင်၌ လမင်းသည် အရောင်ထွက်သောကြောင့်သာ ထင်ရှား၏။ ဗုဒ္ဓမြတ်စွာ ရတနာ လမင်းလည်း တရားရောင်ခြည် အလီလီကြောင့်သာ ထင်ရှားတော်မူ၏။ လမင်းသည် ကြယ်တာရာတွေ ဝန်းရံနေသောအခါ သာ၍ တင့်တယ်သကဲ့သို့, ဗုဒ္ဓမြတ်စွာ ရတနာလမင်းလည် အရှင်သာရိပုတ္တာ, အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကဿပစသော အရိယာသံဃာ ရတနာ ကြယ်တွေဝန်းရံနေသောကြောင့် သာ၍ပင် တင့်တယ်ပါသည်။ ဤအဓိပ္ပါယ်ကို ပေါ်လွင်အောင် ရတနသုတ်တော်၌ လာသော ဥဂါထာကို ဖေါ်ပြထားပါသည်။

သရဏ ဥပါ။ ။ဗုဒ္ဓဘာသာဝင်တို့သည် အရိယာသံဃာ တည်းဟူသော ကြယ်ပေါင်းခသည့် ဗုဒ္ဓလမင်း၏ တရားတည်းဟူသော လရောင်တွင် အစဉ်မရွှေ့, ပျော်မွေ့, နေကြရသောကြောင့်ထို ကိုးကွယ်ရာ ရတနာဥသွယ်သည် ငါ၏စိတ်ဝယ်အမြဲ စမ္မယ်နေပါ တကားဟု အားရပါးရဝမ်းမြောက်ကြပါလေ။

[ဆောင်] ဘုရားလမင်း, တရားလင်း၍, ခပင်းရံကာ, ကြယ်သံဃာဖြင့်, လွန်စွာတင့်တယ်, ဌိစိတ်ဝယ်, စမ္မယ်တည်ရှိသည်။

• • • • • • • • • • •

ခေမာထေရီဝတ္ထုအကျဉ်း

အမှာ။ ။ ဗုဒ္ဓါနုဿတိဘာဝနာ မဟုတ်သော်လည်း မှတ်သားဖွယ်ကောင်းသောကြောင့်လည်းကောင်း, ဂါထားများက ဂီတများဖြစ်သောကြောင့်လည်းကောင်း ခေမာထေရီဝတ္ထုကို ထည့်လိုက်ရ ပါသည်။

ဆုပန်ရာကာလ။ ။ ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်း အထက်၌ ပဒုမုတ္တိုရ်ဘုရားပွင့်တော်မူခဲ့ပြီ၊ ထိုအခါ၌ ခေမာထေရီအလောင်းသည် သူဌေးသမီးဖြစ်၍ ပညာဘက်၌ တေဒဂ်ရသော ဘိက္ခုနီမတစ်ပါးကို သဘောကျသောကြောင့် ဘုရားအမှူးရှိသော သံဃာတော်များကို ဂရက်ပတ်လုံး ဆွမ်းကပ်ပြီးသောအခါ ပညာ တေဒဂ်ရသော ဘိက္ခုနီဖြစ်ရပါလိုကြောင်းကို ဆုတောင်းခဲ့လေသည်။

ဝိပဿီဘုရားလက်ထက်ဘိက္ခုနီပြု။ ။လူ့ပြည်နှတ်ပြည်၌ ကျင်လည်ပြီးလျှင် ဝိပဿီဘုရားရှင်၏ လက်ထက်တော်၌ တရားတော်ကိုနာရ၍ ဘိက္ခုနီပြုလုပ်သောအခါ ဗဟုသုတရှိ၍ တရားကိုလည်း ကျင့်သော ဓမ္မကထိကဖြစ်ခဲ့သည်။

ကောဏာဂုမ်ဘုရား၏ ကျောင်းအမ။ ။ ဤကမ္ဘာဝယ် ကောဏာဂုမ် ဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သောအခါ ကြွယ်ဝသောအမျိုးမှ၌ဖြစ်၍ ဓနဋ္ဌာနီ, သုမေဓာမည်သော မိတ်ဆွေအဖေါ်မတို့နှင့်အတူ သံဃိကကျောင်းကို လှူခဲ့ကြသည်။ [ဓနဋ္ဌာနီ ဝတ္ထုကို ရှေ့ဗုဒ္ဓါနုဿတိအခန်း၌ ပြခဲ့ပြီ၊ သုမေဓာ ဝတ္ထုကိုလည်း နောက်၌ပြထားပါသည်။]

ကဿပဘုရားလက်ထက်တော်။ ။ ကဿပမြတ်စွာဘုရား၏ လက်ထက်တော်သို့ ရောက်သောအခါ ကိုကိုရှင်ဘုရင်၏ သို့မ်းတော်ရယောက်တို့တွင် အကြီးဆုံးသမီးတော်ဖြစ်သည်၊ ဘိက္ခုနီပြုဖို့ရန် သမီးတော်အားလုံး ခွင့်ပန်ကြသော်လည်း ခမည်းတော်က ခွင့်မပြုသောကြောင့် အပျိုဘဝဖြင့် "ကောမာရိမြဟွစရိယ" အကျင့်ကို ကျင့်ခဲ့ကြသည်။ [အမြဟွစရိယသိက္ခာပုဒ်ကို ထိန်းရသော ငါးပါးသီလကို "ကောမာရိ+ မြဟွစရိယ" ဟုခေါ်သည်။

ဤဘုရာလက်ထက်တော်။ ။ ဤဘုရားရှင်၏လက်ထက်သို့ ရောက်သောအခါ မဒ္ဒတိုင်း၌ ရှင်ဘုရင်၏ "ခေမာ" မည်သော သမီးတော်ဖြစ်၍ အရွယ်ရောက်သောအခါ ဗိမ္ဗိသာရမင်း၏ မိဖုရားတစ်ပါးဖြစ်လာ၏။ ရုပ်အဆင်းအလွန်လှ၏။ လှသလောက် ရုပ်ကို သာယာနေသောကြောင့် ရုပ်အပြစ်ကို ဟောတော်မူသော ဘုရားအထံတော်သို့ တခါမျှမသွားခဲ့ချေ။ ထိုအခါ ဘုရားကျောင်းဒကာလည်းဖြစ်, သောတာပန်လည်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ကျောင်းတော်သို့ သွားချင်လာအောင် ဂီတအရေးကောင်းသူတို့ကို ရေးစေ၍ အဆိုတော်များကို မိဖုရားကြားအောင်သီဆိုစေရသည်။

ရမ္မံ ဝေဠုဝနံ ယေန, နဒီဠ် သုဂတာလယံ၊
နတေန နန္ဒနံ ဒိဋ္ဌ,ဣတိ မညာမသေ မယံ။

ယေန–လူ့ဘုံဌာန,လူလောကဌ, နေရသည်, အကြင်လူသည်၊ သုဂတာလယံ– သုံးလူ့မှန်ကင်း, တရားမင်း၏, သီတင်းသုံးတော်မူရာလည်း ဖြစ်ပေထသော၊ ရမ္မံ– စိတ်နှလုံးကို, ယူကျုံးသည့်နှယ်, မွေ့လျော်ဖွယ် ကောင်းထသော၊ ဝေဠုဝနံ – ပျားပိတုန်းတို့

စားသုံးရန်အသင့်, ပန်းစုံပွင့်၍, လွန်တင့်သာမွန်, ဝေဠုဝန်ခေါ်, ကျောင်းတိုက်တော်ကြီးကို၊ နဒ ဒိဋ္ဌ–အဆင့်ဆင့်မှား, ခွင့်မအား သဖြင့်,မျက်ဝါးထင်ထင်, မတွေ့မမြင်အပ်ဖူးချေ။ တေန– ဝေဠုဝန်ခေါ်, ကျောင်းတိုက်တော်ကို, ဖူးမျှော်ဖို့ရန်, မကောင်းကံဆိုး, ထိုလူမျိုးသည်၊ နန္ဒနံ– နတ်တို့စံရာ, ဝတီ သာဝယ်, သာယာမြတ်မွန်, နန္ဒဝန်ဥယျာဉ်ကြီးကို၊ နဒိဋ္ဌ– မမြင်အပ်ငြား, ပမာထား၍, မခြားတမူ, အလားတူပင်ဖြစ်ပါတော့၏။ မယံ– ကျောင်းတိုက်တော်ဂုဏ်, အဖုံဖုံဝယ်, တော်ရံဖေါ်ထုတ်, အကျွန်ုပ်တို့သည်၊ ဣတိမညာမသေ– ဤကဲ့သို့ပင်, စိတ်အစဉ်၌, ထင်မြင်၍သာ, နေကြရပါကုန်သတည်း။

ဝိဟာယ နန္ဒနံ ဒေဝါ, သြတရိတွာ မဟီတလံ၊
ရမ္မံ ဝေဠုဝနံ ဒိသွာ, နတပ္ပန္တိ သုဝိမှိတာ။

ဒေဝါ– ဝတီစံစား, နတ်အများတို့သည်၊ နန္ဒနံ– နတ်တိုင်းမောင်မယ်, ပျော်မွေ့ဖွယ်ဖြင့် တင့်တယ်သာမွန်, နန္ဒဝန်ဥယျာဉ်ကြီးကို၊ ဝိဟာယ– တစ်ရံတစ်ခါ, ပယ်စွန့်ခွါ၍၊ မဟီတလံ– ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရောင်ဝါလျှံထွန်း, ဇမ္ဗူကျွန်းသို့၊ သြတရိတွာ– ဘုရားဖူး တရားနာ, ကုသိုလ်ရှာဖို့, ရံခါခဏ, ဆင်းလာကြကုန်သည်ရှိသော်၊ ရမ္မံ– စိတ်နှလုံးကို ယူကျုံးသည့်နှယ်, မွေ့လျော်ဖွယ်ကောင်းသော၊ ဝေဠုဝနံ– အရိယာအပေါင်း, သံဃာကောင်းတို့, ကိန်းအောင်းစံပျော်, ဝေဠုဝန် ကျောင်းတိုက်တော်ကြီးကို၊ ဒိသွာ– မျက်ဝါး ထင်ထင်,မြင်တွေ့ရသည်ဖြစ်၍၊ သုဝိမှိတာ– တအံ့တသြ, ပြောရ၍ မပြီး, ချီးမွမ်းကြကုန်လျက်၊ နတပ္ပန္တိ– ပူပန်ခပင်း, သောကကင်းသဖြင့်, နေရင်းနတ်ထံ, မပြန်လိုဘဲရှိကြကုန်တော့သတည်း။

ရာဇပုညေန နိဗ္ဗတ္တံ, ဗုဒ္ဓပုညေန ဘူသိတံ၊
ကော ဝတ္တာ တဿ နိဿသံ, ဝနဿ ဂုဏသဗ္ဗယံ။

ရာဇပုညေန– ဘုရင်မင်းမြတ်, သမ္ဘုနတ်၏, မပြတ်လှူ့ဆော်, ပုဉ်းကံတော်ကြောင့်၊ နိဗ္ဗတ္တံ– ရှေးဦးမဆွ, ပဌမက, စ၍ကောင်းစွာ, ဖြစ်ပေါ်လာထသော၊ ဗုဒ္ဓပုညေန– သုံးလူထွင့်ထား, မြတ်ဘုရား၏, ကြီးမားမြင့်မော်, ပုဉ်းကံတော်ဖြင့်၊ ဘူသိတံ– ထပ်၍ပြုပြင်, တန်ဆာဆင်အပ်ထသော၊ တဿဝနဿ– ပုဉ်းကံအဆက်ဆက်, ဥာဏ်တော်စွက်၍, တုဘက်ကဲလွန်, ထိုဝေဠုဝန် ကျောင်းတိုက်တော်ကြီး၏၊ ဂုဏသဗ္ဗယံ– ရှိသမျှစုဆောင်း, ဂုဏ်တော်အပေါင်းကို၊ နိဿသံ– တစ်စိုးတစ်စိ, အကြွင်းမရှိအောင်၊ ကော– နတ်နှင့်လူဝယ်, ဘယ်သူတစ်ယောက်သည်၊ ဝတ္တာ– တကယ်ဖြစ်သမျှ, စနစ်ကျအောင်, လှစ်ဟ ပိုင်ပိုင်, ပြောပြနိုင်ပါတော့အံ့နည်း။

ကျောင်းတော်သွားခြင်း။ ။ ခေမာမိဖုရားသည် ဤဂိုဏ်ကို ကြားရသောအခါ ဝေဠုဝန်ကျောင်းတော်သို့ သွားလိုသောဆန္ဒပြင်းပြသဖြင့် ဗိမ္ဗိသာရမင်းထံ ခွင့်ပန်လေသော် ဗိမ္ဗိသာရမင်း၏ ခွင့်ပြုချက်ကိုရသဖြင့် အခြွေအရံများနှင့်အတူ ကျောင်းတော်သွား၍ လှည့်ပတ် ကြည့်ရှုရလျှင်ပင် တိတ်ဆိတ်ငြိမ်သက်၍ တရားကျင့်နေသော သံဃာတော်များဖြင့် တင့်တယ်သော ကျောင်းတိုက်တော်ကြီးကို မြင်ရသောအခါ ကျောင်းအမဖြစ်ခဲ့ဘူးသော မိဖုရားမှာ လွန်စွာ ဓာတ်ခိုက်သွားလေသည်၊ ဤမျက်လုံးဖြင့် ဒီလိုကျောင်းတော်ကို ဖူးမြင်ရသည်မှာ အလွန်အကျိုးရှိပါပေသည်ဟု မျက်လုံးကိုပင် ကျေးဇူးတင်လေသည်။

ဗုဒ္ဓမြတ်စွာကိုပူးရခြင်း။ ။ ထိုသို့လှည့်လည်ကြည့်ရှုပြီးနောက် ဤဆွမ်းခံချိန်၌ ဗုဒ္ဓမြတ်စွာရှိတော်မမူဟု ထင်၍ ဂန္ဓကုဋီသို့ဝင်လေလျှင်, အနီးအပါး၌ ယပ်ခတ်ပေးနေသော (ဘုရားရှင်ဖန်ဆင်းအပ်သော) နိမ္မိတသတို့သမီးနှင့် ဘုရားရှင်ကိုတွေ့မြင်၍ သူ့ထက်လှသော အမျိုးသမီးကို နှစ်နှစ်သက်သက် ကြည့်ရှုမိလေသည်။

အိုနာသေ၍ပြတော်မူ။ ။ ဗုဒ္ဓမြတ်စွာသည် နိမ္မိတအမျိုးသို့မ်ားကလေးအပေါ်ကို ချစ်ခင်နေသော မိဖုရားအား(ရုပ်ရှင်ပြသကဲ့သို့) ထိုသတို့သမီးကလေး၏ တဖြေးဖြေးအရွယ်ရင့်ကာ အိုမင်းလာပုံကို ပြတော်မူ၏။ သွားကျိုးလာပုံ, ဆံဖြူလာပုံ, အသားအရေ ရွတ်တွလာပုံ အလုံးစုံကိုပြ၍, ဒုတ်ကလေး ထောက်ကာထောက်ကာဖြင့် အမယ်အိုသွား– သွားပုံကိုပါ ပြတော်မူပြီးလျှင် ထိုနေရာတွင် ဟောဟဲ ဟောဟဲ နှင့် လဲနေပုံကို ပြတော်မူ၏။ ထိုအခါ ခေမာ မိဖုရားမှာ ရုပ်အဆင်းအပေါ်၌ အလွန်ငြီးငွေ့သော သံဝေဂဖြစ်နေ တုန်းဝယ် အောက်ပါ ဂါထာကို ဟောပြတော်မူသည်။

အာတုရံ အသုစိ ပူတိ , ပဿ ခေမေ သမုဿယံ
ဥဋ္ဌရန္တံ ပဋ္ဌရန္တံ, ဗာလာနံ အဘိပတ္ထိတံ။

ခေမေ –ခေမာ၊ အာတုရံ– ကိုးဆယ့်ခြောက်ဖြာ, ဘေးရောဂါတို့ လွန်စွာခံခက်, နှိပ်စက်အပ်ထသော၊ အသုစိ –အပြေးနှစ်, ဆေးသုတ်သင်လည်း, မစင်မကြယ်, ရွံ့ဖွယ်ကောင်းထသော၊ ပူတိ– ဆေးကြောသုတ်သင်, တန်ဆာဆင်လည်း, အမြင်သာဟုတ်, အတွင်းပုပ်၍နေထသော၊ ဥဋ္ဌရန္တံ– မျက်စိနားနှာ, အဂါရှိတိုင်း, အထက်ပိုင်းဝယ်, ရွံ့ဖွယ်သိုးပုပ်, အန်ထုတ်၍နေထသော၊ ပဋ္ဌရန္တံ–

ကျင်ကြီးကျင်ငယ်, အသွယ်သွယ်ဟု, မဖွယ်မရာ, အဖြာဖြာကို, မှန်စွာနှေး, ယိုချ၍နေထသော၊ ဗာလာနံ– ဘဝါဘဝ, သံသာရက, ရာဂစရိုက်ပွား, ငမိုက်သားတို့သည်၊ အဘိပတ္ထိတံ– ရှိရင်းပြောင်းပြန်, မမှန်ကန်အောင်, ကြံဖန်လေးမြတ်, တောင့်တအပ်ထသော၊ သမုဿယံ– သုံးဆယ့်နှစ်ဝ, ကောဋ္ဌာသတို့, လုံးဝခိုမ်း, ဤကိုယ်ကြီးကို၊ ပဿ– ဉာဏ်ရောင်လင်းသလောက်, အတွင်းရောက်အောင်, ထွင်းဖေါက်စေ့ဝှ, ကြည့်ရှုစမ်းပါလော။

သောတာပန်တည်။ ။ ဤဂါထာနှင့်တကွ ထပ်၍ ဟောပြတော်မူအပ်သော တရားတော်ကို နာရ၍ သောတာပန်တည်သည်၊ ထိုအခါ ဗုဒ္ဓအထံတော်သို့ စောစောက မလာမီသည့်အတွက် မိမိမှာ အပြစ်ရှိသည်ဟု ယူဆ၍ အောက်ပါဂါထာဖြင့် ကန်တော့သည်၊ ထို့နောက် နန်းတော်သို့ပြန်၍ ရှင်ဘုရင့်ထံ ဘိက္ခုနီပြုဖို့ရန် ခွင့်ပန်လေသည်၊ ဘိက္ခုနီဖြစ်၍ တစ်လခွဲကြာသောအခါ ရဟန္တာဖြစ်၍ ပညာတေဒဂ်ရ ဘိက္ခုနီဟု ထင်ရှားလေသည်။

ခေမာမိဘုရားကန်တော့ဂါထာ

နမော တေ သဗ္ဗဒဿာဝိ, နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ, နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝိ– ကြွင်းမဲ့ဥဿုံ, အလုံးစုံကို, အကုန်သိမြင်, ရှင်တော်မြတ်ဘုရား၊ ....တေ တဝ–ဉာဏ်တော်ကြီးသလောက်, ကရုဏာရောက်၍, စောင့်ရှောက်ကယ်တင်, အရှင်မြတ်ဘုရားအား၊ နမော– မိမိရုပ်တွင်, စိတ်ကြီးဝင်၍, အထင်လွဲလေ, အပြစ်တွေကို, ကျေစေဖို့ရာ, ရှိခိုးကန်တော့ပါ၏ဘုရား။

ကရုဏာကရ– သနားကြင်နာ, ကရုဏာ၏, တည်ရာစင်စစ်, ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား။ တေတဝ– ကရုဏာကြီး သလောက်, ဥာဏ်ရောင်တောက်၍, မျက်မှောက်သိမြင်, အရှင်မြတ်ဘုရားအား။ နမော– အမှန်သိရ, ယခုမှပင်, ကျေနပ်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

တိဏ္ဏသံသာရ– သံသရာပြင်ကျယ်, ရေပင်လယ်ကို, အလွယ်လွန်မြောက်, ကမ်းသို့ရောက်၍, ဝမ်းမြောက်ကြည်လင်, ရှင်တော်မြတ်ဘုရား။ ...တေတဝ– ကရုဏာကြီးမား, မေတ္တာပွား၍, သနားကယ်တင်, အရှင်မြတ်ဘုရားအား။ နမော– ကယ်တင်ရတွင်, ကိုယ်ပါဝင်သဖြင့်, အစဉ်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

အမတံ ဒဒ– မအိုမသေ, အမြဲနေရန်, အေးနိဗ္ဗာန်ကို, ကေန်ပေးတတ်, ရှင်တော်မြတ်ဘုရား။....တေတဝ– မအိုမသေ, အမြဲနေကြောင်း, တရားကောင်းကို, ကောင်းကောင်းသိမြင်, အရှင်မြတ်ဘုရားအား။ နမော–နိဗ္ဗာန်ကိုပင်, ကိုယ်တိုင်မြင်သဖြင့်, ကြည်လင်မြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ဘုရား။

ဝတ္ထုမှတ်ချက်။ ။ ဤဝတ္ထု၌ ခေမာထေရီအလောင်းသည် ရှေးဘုရားလေးဆူ၏ လက်ထက်တော်၌ ဘုရားရှင်တို့ကို ဆည်းကပ်ခဲ့ရုံမက, ဘိက္ခုနီလည်းဖြစ်ခဲ့, ကျောင်းအမလည်းဖြစ်ခဲ့ပါသည်၊ သို့ပါလျက် နောက်ဆုံးဘဝ၌ အဆင်းကို သာယာနေသောကြောင့် ဘုရားအထံမသွားပုံ, ဗိမ္ဗိသာရမင်းသူတော်ကောင်းနှင့် ပေါင်းရ၍ ဘုရားအထံရောက်ရပုံ, တရားရပုံကို သတိပြုပါ။

• • • • • • • • • • •

သုမေဓာထေရီ ဝတ္ထု

အမှာ။ ။ ဗုဒ္ဓါနုဿတိဘာဝနာနှင့် မဆိုင်သော်လည်း ကျောင်းတရားနှင့်ဆိုင်သောကြောင့် ထည့်လိုက်ပါသည်။

ကျောင်းအမဖြစ်ခဲ့။ ။ ကောဏာဂုမ်မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ ဤသုမေဓာထေရီအလောင်းဖြစ်သော အမျိုးသမီးသည် စည်းစိမ်ဥစ္စာကြွယ်ဝသောအမျိုး၌ဖြစ်၍ ဓနဥာနီအလောင်း ခေမာထေရီအလောင်းတို့နှင့်အတူ သံဃာကျောင်း လှူခဲ့ဖူးလေပြီ။ ထိုကောင်းမှုကြောင့် လူပြည်နတ်ပြည်အစုန်အဆန် လှည့်လည်ခဲ့ရပြီ။ [ပုဂ္ဂလိကကျောင်းမဟုတ်သည်ကို သတိပြုခဲ့ပါ။]

ဤဘုရားလက်ထက်တော်။ ။ ဤဘုရားလက်ထက်တော်သို့ရောက်သောအခါ မန္တာဝတီမြို့ဝယ် ကောဠမင်း၏ မိဖုရားခေါင်ကြီးမှွားမြင်သောမင်းသမီးဖြစ်၍ ရှေးဝါသနာအလျောက် ဘိက္ခုနီတို့နှင့် အကျွမ်းတဝင်နေထိုင်ကာ သူတော်ကောင်းတရားကို နာယူလေ့ရှိ၏။ ထို့ကြောင့်မင်းသမီးသည် ကိုယ်တိုင်လူသီလနှင့်ပြည့်စုံ၍ အခြား အမျိုးသမီးတို့အားလည်း ကာမဂုဏ်အပြစ်ကို ညွှန်ပြလျက် ဆန်းဆန်းပြားပြား တရားဟောလေ့ရှိသည်။

မိဖုရားဖြစ်ဖို့စီစဉ်။ ။ မယ်တော်ခမည်းတော်တို့သည် ဝါရဏာဝတီမြို့၌ အနိကရတ္တ ရှင်ဘုရင်ကလေး၏ မိဖုရားဖြစ်ဖို့ရန် စီမံပြီးဖြစ်၏။ သို့သော် ထိုမျှလောက် တရားသိ၍ ကာမဂုဏ်၏ အပြစ်ကို နစ်နစ်ကာကာ နားလည်နေသော မင်းသမီးသည် မယ်တော်ခမည်းတော်တို့၏ စကားကိုလက်မခံဘဲ, "သမီးတော်စောင့်ထားတဲ့ အပြဟ

စရိယမှ ရှောင်ကြဉ်ရသောသီလကို တစ်သက်လုံးအပျက်မခံနိုင်ပါ။ လူဝတ်ကြောင်ဘဝနှင့်တော့ အစာမစားဘဲ အသေခံပါတော့မည်” ဟု သံတော်ဦးတင်လေသည်။

ဘုရင်ကလေးလာပြီ။ ။ စိမ်ထားသော လက်ထပ်ချိန်နီးသော အခါ မင်းကလေးလာနေပြီဟု ကြားရသော သုမေဓာမင်းသမီးသည် သူ၏ဆံပင်ကိုသန်လျက်ဖြင့်ဖြတ်၍ ပြာသာဒ်တံခါးကို ပိတ်ထားပြီးလျှင် ဈာန် ဝင်စားသလိုတရားရှု၍ နေလေသည်၊ ရှင်ဘုရင်ကလေးသည်ပြာသာဒ်ပေါ်သို့တက်၍ တံခါးပြင်မှ “တိုင်းပြည်အာဏာနှင့် စည်းစိမ်အားလုံးကိုအပ်ပါမည်” ဟုအမျိုးမျိုးချော့မော့ပြောဆိုရှာလေသည်။

တရားပြန်၍ဟောခြင်း။ ။ သုမေဓာသည် အတွင်း၌နေ၍ “လေးကျွန်းလုံးကို အစိုးရတဲ့ မန္ဓာတ်စကြာမင်းသော်မှ လောကီအာရုံ ကာမဂုဏ်တို့ကိုခံစား၍ မတင်းတိမ်နိုင်ဘဲ သေမင်းနိုင်ငံသို့ လိုက်ရပါတယ်၊ အမဲရိုးကိုမလွတ်နိုင်သော ခွေးငတ်ကလေးကဲ့သို့ ပုထုဇဉ် အငတ်ကလေးတွေသာ ကာမဂုဏ်အမဲရိုးကို မလွတ်နိုင်ဘဲ ကိုက်၍နေရာကြပါတယ်၊ မိမိဦးခေါင်းမီးလောင်သူဟာ ထိုမီးငြိမ်းဖို့ရာ အရေးတကြီး လိုအပ်သကဲ့သို့, ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီးတွေ အလောင်ခံနေရသော မိမိမှာတော့ တို့မီးတွေငြိမ်းဖို့က အရေးကြီးပါတယ်၊ ဤသို့ပြောပြီးလျှင်...

တံခါးဖွင့်၍တရားဟော။ ။ တံခါးကိုဖွင့်၍ ကြည့်လိုက်သော အခါ မယ်တော်ခမည်းတော်နှင့် အနီကရတ္တရှင်ဘုရင်ကလေးပါ ပြာသာဒ်မြေပြင်၌ ထိုင်လျက် မျက်ရည်စက်လက်ဖြစ်နေကြသည်ကို

မြင်ရလေသော် .... တရားမသိသူတို့အတွက် တင်ထဲ ငို၍နေရာ သံသရာကြီးသည် အလွန်ရှည်လျားခဲ့ပါပြီ၊ မျက်ရည်တွေ အမိ၏ နို့ရည်တွေ သတ်ကြဖြတ်ကြလို့ ဖြစ်ရသော သွေးတွေဖြင့် ပင်လယ်ဝေနေသော သံသရာတစ်လျှောက်ကြီးကို သတိရကြစမ်းပါ၊ ဤသို့စသည်ဖြင့် သံသရာ အပြစ်မြင်စရာတရားတို့ကို ဟောပါလေသည်။

ဘိက္ခုနီပြုခွင့်ရပြီ။ ။ ဤသို့မိဖုရားလောင်း၏ တရားကောင်းကို ကြားနာရသော ရှင်ဘုရင်ကလေးသည် သူ့ကိုယ်တိုင်ပင် ကျေနပ်၍ မင်းသွီးအား ဘိက္ခုနီပြုခွင့်ပေးပါရန် ယောက္ခမလောင်းမင်းကြီးကို တောင်းပန်သောကြောင့် အားလုံးကျေနပ်စွာ ဘိက္ခုနီပြုခွင့် ရလေသည်၊ ထို့နောက် တရားအားထုတ်လေရာ လောကီအဘိညာဉ်နှင့် တကွ ရဟန္တာဘိက္ခုနီဖြစ်၍ အောက်ပါ ဥဒါန်းဂါထာကို ကြွေးရင့်ပါသတည်း။ [ရွတ်ကောင်းအောင် တစ်ချို့ကို ပြင်ထားပါသည်။]

ကာလေ ကောဏာဂမနဿ, သဒ္ဓီ သခီဟိ မေ ကတံ၊
ဝိဟာရဒါနံ သံဃဿ, အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

ကောဏာဂမနဿ– ကောဏာဂုမ်ဟု, သုံးဘုံထင်ရှား, မြတ်ဘုရား၏။ ကာလေ–မှင့်တော်မူရာ, လက်ထက်တော်အခါ၌ သခီဟိ–ဝန္ဓာနီ, ခေမာထေရ်ဟု, ဂုဏ်ရည်ထွန်းတောက်, အဖေါ်ယောက်တို့နှင့်၊ သဒ္ဓီ– စိတ်ရောကိုယ်ပါ, မကွာမကွဲ, အပြိုအတူသာလျှင်၊ အဂ္ဂံ– ရှိလေသမျှ, လှူဒါနထက်, ခေါင်ကလွမ်းဖုံး, အသာဆုံးဟူ၍ ဗုဒ္ဓေန– ဆူဆူထွတ်ထား, မြတ်ဘုရားသည်၊ ဝဏ္ဏိတံ–မပြတ်ထုတ်ဖော်, ချီးမွမ်းတော်မူအပ်သော၊ သံဃဿ– အရပ်ဆယ်ဖြာ, ပို့မေတ္တာဖြင့်, ကောင်းစွာမွေ့လျော်, နေတော်မူသော သံဃာအပေါင်းအား

ဝိဟာရဒါနံ– တရားဖြင့်ပျော်, မွေ့လျော်ဖို့, ရည်ရော်ငဲ့စောင်း, ကျောင်းအလှူကို၊ မေ(မယာ)– သုမေဓာဟု, ခုခါထင်ပေါ်, တပည့်တော်သည်၊ ကတံ–အသိအလိမ္မာ, ဉာဏ်ပညာဖြင့်, သဒ္ဓါဖွေးဖြူ, ပေးလှူအပ်ခဲ့ပြီတကား။

တံ မူလံ တံ သမောဓာနံ, သာ ဝေ ခန္ဓီသာသနေ၊
တမေဝ ပစ္ဆိမေ ကာလေ, ခေမံ ဓမ္မရတာယ မေ။

တံ ဝိဟာရဒါနံ– ကောဏာဂုမ်ဟု, သုံးဘုံထင်ပေါ်, လက်ထက်တော်ဝယ်, ပျော်ပျော်အတူ, ထိုကျောင်းအလှူသည်၊ မူလံ– လူနတ်စည်းစိမ်, အကြိမ်ကြိမ်ဟု, ရိပ်ငြိမ်ရရန်, အကြောင်းရင်း အခြေခံပါတကား။....တံ(ဝိဟာရဒါနံ)– အဖေါ်သုံးယောက်, ကောင်းစွာဆောက်၍, ဝမ်းမြောက်ကြည်ဖြူ, ထိုကျောင်းအလှူသည်၊ သမောဓာနံ– ဗုဒ္ဓမြတ်စွာ, သာသနာနှင့်, မကွာတွေ့ကြုံ, ပေါင်းဆုံရကြောင်း, ကောင်းသောအလှူပါတကား။

သာဝေ– သံဃာတော်များ, ဘာဝနာပွားရ, တရားငဲ့စောင်း, နေဖို့ ကောင်းသည့်, ထိုကျောင်းအလှူသည်ပင်၊ သာသနေ–ဗုဒ္ဓမြတ်စွာ,သာသနာတော်မြတ်, အရပ်ရပ်၌၊ ခန္ဓီ– ယုံကြည်ရုံမျှ,မကတိုးတက်, ဉာဏ်ရောင်ထွက်၍, နှစ်သက်ဖို့ရာ, အကြောင်းရင်းပါတကား။ တမေဝ– သဒ္ဓါတရား, ခါခါပွား၍,တရားကိုယူ, ထိုကျောင်းအလှူသည်ပင်၊ ပစ္ဆိမေကာလေ– ယခုကြုံရာ, နောက်ဆုံးအခါ၌၊ ဓမ္မရတာယ– သူတော်သူမြတ်, တရားဓာတ်ဖြင့်, မပြတ်မွေ့လျော်, ပျော်၍နေသော၊ မေ(မမ)– သုမေဓာဟု, ခုခါထင်ပေါ်, တပည့်တော်၏။ ခေမံ– ဒုက္ခခပ်သိမ်း, အေးငြိမ်းရာမှန်, အေးနိဗ္ဗာန်ကြီးပါတကား။

မှတ်ချက်။ ။ သုမေဓာနှင့် ခနဋ္ဌာနီ ခေမာထေရီတို့သည် ကောဏာဂုမ်မြတ်စွာဘုရား၏ လက်ထက်တော်၌ သံယိကကျောင်းလှူသော (ပုဂ္ဂလိကမဟုတ်သော) ကျောင်းအမများဖြစ်ခဲ့ကြ၏။

တံမူလံ။ ။ထိုကျောင်းအလှူသည် လောကီစည်းစိမ် အကြိမ်ကြိမ် ရဖို့ရန် အရင်းခံအကြောင်းလည်းဖြစ်၏။

တံသမောဓာနံ။ ။ ထို ကျောင်းအလှူသည် ယခုအခါဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ကြုံမိဖို့ရာ (တွေ့ဆုံကာမတ္တာမဟုတ်ဘဲ) သာသနာပြုသူဖြစ်ဘို့ရန် အကြောင်းရင်း အခြေခံဖြစ်၏။

သာဝေခန္ဓီ။ ။ ထိုကျောင်းအလှူသည် သာသနာတော်နှင့် တွေ့ရာအခါ၌ ယုံကြည်ရုံသာမက, သာသနာတော်၏အဆုံးအမကို နှစ်သက်သော အသိဉာဏ်ဖြစ်ဖို့ရန် အကြောင်းမှန်လည်းဖြစ်၏။

တမေဝ ခေမံ။ ။ သာသနာတော်၏ အဆုံးအမကိုနှစ်သက်လွန်းလှ၍ တရားဖြင့်ပျော်မွေ့နေရာ ယခုအခါ၌ကား ထိုကျောင်းအလှူကြီးသည် နိဗ္ဗာန်ကြီးဖြစ်လာပြီတကား။ ဤသို့အားရပါးရ ဥဒါန်းကြူးရင့်ပါသည်။

အပြောအဟောကောင်းပုံ။ ။ သုမေဓာထေရီသည် ရှေးပါရမီကောင်းသည်အားလျော်စွာ ယခုဘဝ၌ ဘုရင်၏သျှီးတော်ဖြစ်သော်လည်း မိဖုရားစိတ်မဖြစ်ဘဲ ငယ်စဉ်ကစ၍ ဘိက္ခုနီတို့နှင့် အပေါင်းများသောကြောင့် တရားစိတ် အရည်ဝနေရကား ရှေးကလှူအပ်ခဲ့သော ကျောင်းအတွက် ရအပ်သောနိဗ္ဗာန်ကိုပင် "ရှေးကကျောင်းအလှူကြီးသည် ယခုအခါ နိဗ္ဗာန်ကြီးဖြစ်လာပါပကော" ဟုဝမ်းမြောက်ဝမ်းသာ ပြောလေသည်။

ကရောန္တော ဝ သဒ္ဒဟန္တိ, ယေသန္တာ သန္တသာသနံ၊
နိဗ္ဗိန္ဒန္တိ ဘဝဂတေ, နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။

ယေသန္တာ– သူမြတ် ဖြစ်ရန်, ရုပ်နှင့်နာမ်ဝယ်, ဓာတ်ခံကိန်းအောင်း, အကြင်သူတော်ကောင်းတို့သည်၊ သန္တသာသနံ– အေးအေးမြမြ, ငြိမ်သက်လှသည့် ဗုဒ္ဓဟောဖေါ်, အဆုံးအမတော်ကြီးကို၊ သဒ္ဒဟန္တိ– ကြောင်းကျိုးပြတန်, ခွဲဝေဘန်၍, အမှန်လုံးစုံ, ယုံကြည်ကြပေကုန်၏။ တေသန္တာ– တရားဝမ္မ, ဩဝါဒကို, ကျွန်သိမြင်, ထိုသူတော်စင်တို့သည်၊ ဝေဂကရောန္တိ– သံသရာမှ, မြန်စွာလွတ်ကြောင်း, ဇဲစောင်းမယုတ်, ဤသို့သာပြုလုပ်ကြကုန်၏။

တေသန္တာ– သံသရာဘေး,လာမည့်အရေးကို, တွေးမ၍ကြောက်တတ်, ထိုသူမြတ်တို့သည်၊ ဘဝဂတေ– ဘဝဖန်ခါ, သံသရာဝယ်, ခန္ဓာနှင့်စပ်, အရပ်ရပ်၌၊ နိဗ္ဗိန္ဒန္တိ– ဝိပဿနာဉာဏ်, အမြင်သန်သဖြင့်, အမှန်ကိုယ်တွေ့, ငြီးငွေ့ကြကုန်၏။ နိဗ္ဗိန္ဒန္တာ– ဝိပဿနာဉာဏ်, အမြင်သန်သဖြင့်, အမှန်ကိုယ်တွေ့, ငြီးငွေ့ကြကုန်သည်ရှိသော်၊ ဝိရဇ္ဇရေ– မဂ်ဉာဏ်သို့ဆက်, တရားတက်၍, တပ်မက်ခင်မင်, လိုချင်မှုမရှိကြတော့သတည်း။

ဆိုလိုရင်း။ ။ ဗုဒ္ဓမြတ်စွာ၊ အဆုံးအမတော် ဖြစ်သော သာသနာတော်သည် အလွန်ငြိမ်သက်၏။ ရှေးဘုရားသာသနာ တော်ကို ငြိမ်သက်မှု အထုံပါသော သူတော်ကောင်းတို့သည် တရား တော်ကို ယုံကြည်၍ ဝိပဿနာဉာဏ်ဖြင့် ရှုကာ ဘဝခန္ဓာကြီးကို ငြီးငွေ့ကြကုန်၏။ ထိုငြီးငွေ့မှုမှဆက်၍ တိုးတက်သောအခါတပ်မက်ခင်းကွာလျက် မဂ်ဉာဏ်သို့ တက်ကြရသည်– ဟူလို။

အမြင်ချင်းမတူကြ။ ။ ဤ သုမေဓာထေရီဝတ္ထုမှ မင်းသမီးနှင့် မယ်တော်ခမည်းတော် မင်းကလေးတို့၏ အမြင်ချင်းမတူပုံကို သတိပြုပါ။ မင်းသမီးသည် မိဖုရားအဖြစ်ဖြင့် ခံစားရမည့် စည်းစိမ်ကြီးကို "ခွေးငတ်ကလေး မလွတ်နိုင်သော အမဲရိုးကဲ့သို့ မြင်နေ၏။ ခွေးငတ်ကလေးသည် သွားရေတမြားမြားဖြင့် အမဲရိုးကိုကိုက်နေသော်လည်း အမဲရိုးမှ အသားမထွက်လာတော့၊ အမဲရိုးကိုက်ရင်း ကိုက်ရင်းဖြင့် ပင်ပမ်းနေရသကဲ့သို့, ကာမဂုဏ် စည်းစိမ်တွေလည်း ခံစားရင်း ခံစားရင်း ခံစားဖို့ရှာရသော ဒုက္ခ, မင်းပြစ် မင်းဒဏ် ခံရသော ဒုက္ခတို့ဖြင့် ကိုယ်ပန်းစိတ်ပန်း ပန်း၍နေရတော့၏။ သို့ပါလျက် ထို ကာမဂုဏ်စည်းစိမ်ကို မယ်တော် ခမည်းတော်နှင့် ဘုရင်ကလေးတို့က ရောမ စည်းစိမ်ကြီးဟု ယူဆနေကြလေသည်။

ကျီးကန်းသားတစ်။ ။ ကျီးကန်းအများတွင် ကျီးတစ်ကောင်သည် အမဲသားတစ်ကို ရထား၏။ ထိုအမဲသားတစ်ရသော ကျီးကန်းကို အခြားကျီးတို့က ဝိုင်း၍ထိုးကြ၏။ ထို့အတူ ကာမဂုဏ်စည်းစိမ်ရနေသူကို မရသူတို့က အတင်းပြောကာ နှုတ်ဖြင့်လည်း ထိုးကြ၏။ သူခိုးဓားပြတို့ကလည်း ရိုက်နှက်ခိုးယူကြ, လုယက်ကြ၏။ ထို့ကြောင့် သုမေဓာမင်းသမီးသည် မိဖုရားစည်းစိမ်ကို အမဲသားတစ်လို မြင်၏။ မယ်တော်ခမည်းတော် မင်းကလေးတို့ကား စား၍မကုန်နိုင်အောင် ကြီးကျယ်သော စည်းစိမ်ကြီးဟု မြင်နေကြသည်။

တောင်ပေါ်ရောက်နှင့် တောင်အောက်နေ။ ။ မိတ်ဆွေ ၂ယောက်သည် အညောင်းပြေအောင် လမ်းလျှောက်ရင်း အလွန်မမြင့်သော တောင်အနီးသို့ ရောက်သွားကြလေရာ, တစ်ယောက်

လူသည် မောသောကြောင့် တောင်ခြေ၌နားနေ၏။ တစ်ယောက်ကား မမောသောကြောင့် တောင်ပေါ်သို့ တက်သွား၏။ တောင်ပေါ်သို့ ရောက်သောအခါ ပတ်ဝန်းကျင် ရှုမျှော်ခင်းသည် အလွန်သာယာ၏။ ထိုသို့သာယာကြောင်းကို တောင်အောက် မိတ်ဆွေအား လှမ်း၍ ပြော၏။ တောင်အောက်မိတ်ဆွေက "သူမတက်နိုင်သောကြောင့် ညာတာပါကွာ, ဘာ ထူးပြီး သာယာဦးမှာလဲ" ဟု ငြင်းသည်၊ တောင်ပေါ်က ထပ်ပြော၏၊ တောင်အောက်ကငြင်းသည်။

တွဲ၍ခေါ်။ ။ ထိုသို့ငြင်းနေသည်ကို တောင်ပေါ်ကလူကမခံ ချင်၍ ဆင်းလာပြီးလျှင် "လာပါကွာ, တွဲခေါ်ပါ့မယ်"ဟု ပြော၍ တောင်ထိပ်ရောက်အောင် တွဲခေါ်သွား၏။ တောင်ထိပ်ရောက်သော အခါ နဂိုမယုံသော မိတ်ဆွေက "ဟာ– ဟုတ်သားဘဲ, တယ်– ရှုခင်းသာယာပါလား"ဟုဝန်ခံ၏။ "ခုတွင်ကတော့ ငါညာတယ် ဆို" ဟုပြောသောအခါ "အဲဒီတုန်းကတော့ ငါက ဒီအပေါ်မှ မရောက်သေးဘဲကိုကွ" ဟုပြောလေသည်။

တွဲခေါ်နေပြီ။ ။ ဤနည်းအတိုင်းပင် အပေါ်ကနေ၍ တရားဖြင့်မြင်နေသူက ဟောပြော ဆုံးမသော်လည်း တရားမသိဘဲ အောက်က နေသူသည် ကောင်းစွာမလိုက်ချင်ဘဲ, (နှုတ်ဖြင့်မငြင်း သော်လည်း) စိတ်ထဲက ငြင်းနေ၏။ ယခုအခါ ဤ"ဗုဒ္ဓါနုဿတိ ဘာဝနာ" စာစောင်ကလေးက လောကီအာရုံ ကာမဂုဏ်တွေဖြင့် မောနေသော အသင်တို့အား တောင်ထိပ်ကဲ့သို့မြင့်သော အသိဉာဏ် ရဖို့ရန် တွဲ၍ခေါ်နေပြီ မဟုတ်ပါလော။

ဆုတောင်းခန်း

အမှာစကား။ ။ ပြအပ်ခဲ့သော ဝတ္ထုများ၌ နောက်နောက် ဘုရားသာသနာတော်ဝယ် မည်သည့် ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်ရပါလို၏။ ဤသို့စသည်ဖြင့် ဆုတောင်းကြပုံကိုတွေ့ရ၏။ ယခုအခါမြန်မာများ ဆုတောင်းသလို ဆုတောင်းပုံကိုလည်ကောင်း, မြန်မာများ ရေစက် ချသလို "ရေတစ်စက်တစ်စက်"ချသော ရေစက်ချကိုလည်းကောင်း မတွေ့ရပါ။ အကိတ္တိ ဇာတ်, ဝေဿန္တရာဇာတ်စသော ဇာတ်တော်များ ၌လည်းကောင်း, ပစ္စေက ဗုဒ္ဓါအား လှူဒါန်းရာ၌လည်းကောင်း, မိမိအလိုရှိအပ်သောဆုကို တောင်းကြသည်ကို တွေ့ရ၏။ ထို့ကြောင့် အကိတ္တိဇာတ်တော်ကို နည်းမှီ၍ "ရတနာ့ဂုဏ်ရည်"၌ ရေးသားအပ်ပြီး သော ဆုတောင်းခန်းကို (အနည်းငယ်ဖြည့်စွက်၍) ဤ၌ ပြပါဦးမည်။

[ဆောင်] ဓာတ်မရိုက်ခင်, ကောင်းစွာပြင်မှ, ပုံတွင်ကျန, ရုပ်သွင် လှသို့, မုချမှန်စွာ, သံသရာဟု, ကမ္ဘာရပ်ခွင်, ဓာတ် အပြင်၌, စိတ်စဉ်ကျန, ရုပ်သွင်လှ၍, ခေမမြို့နန်း, အရောက်မြန်းဖို့, ပြင်စမ်းစေချင်, ဆုပန်းစင်ကို, ပန်ဆင်လေကွဲ့– နေ့စဉ်တဲ့။

• • • • • • • • • • •

၁။ ပုညေနာ• နေန စညေန, သိဝံ ပတ္ထေ တဒန္တ ရေ၊
ဓိရံ ပသေ သုဏော ဓိရံ, ဓိရေန သဟ သံဝသေ။

အနေနပုညေန– ယခုခဏ, ပြုစုရသည့်, သုခအကျိုး, ကောင်းမှု မျိုးကြောင်းလည်းကောင်း။ အညေနစ– ရှေးရှေးကပြု, ကောင်းမှုထိုထို, ကုသိုလ် မူလ, ဟူသမျှကြောင့်လည်းကောင်း။ သိဝံ–အရိယာအပေါင်း,

သူတော်ကောင်း တို့,ပျော်အောင်းရာမှန်, အေးနိဗ္ဗာန်ကို၊ ပတ္တေ, ပတ္တေယျာမိ– ရည်ရွယ်လိုအင်, ဆုထူးဆင်လျက်, ဆောလျင်ပြန်စွာ, ဆုတောင်း ပါ၏။ တဒန္တ ရေ– ဆုထူးဂုဏ်အင်,မစုံလင်၍, ကြုံတင်နေရာ, သံသရာ ၌၊ ဝိရံ– ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက်ဘိတောင်း, ပညာရှိသူတော်ကောင်းကို၊ ပသေ, ပသေယျာမိ– ထိုဣဘုံဝယ်, ကြုံသရွေ့ပင်, တွေ့မြင်ရပါလို၏။ ဝိရံ– ပညာရှိများ, ဆိုစကားကို၊ သုဏော, သုဏောယျာမိ– နှစ်သက်ကြည်ညို, နာယူရပါ လို၏။ ဝိရေန– ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက်ဘိတောင်း, ပညာရှိသူတော်ကောင်းနှင့်၊ သဟသံဝသေ– ရေစက်ဟောင်းချင်း, အကြောင်းရင်းကြောင့်, ပေါင်းသင်းနေထိုင်ရပါလို၏။

မှတ်ချက်။ ။ ပညာရှိသူတော်ကောင်း ပညာရှိသူယုတ်မာဟု ၂မျိုးရှိရာ, (၁)နိဗ္ဗာန်ကို လိုအပ်သော ဆုဖြင့်ရဖို့ရန်, (၂)ပညာရှိသူတော်ကောင်းကို တွေ့မြင်ဖို့ရန်, (၃) ထိုသူ၏ ဆုမွှစကားကို နာယူဖို့ရန်, (၄) ထို ပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းမိဖို့ရန် ဆုတောင်းသည်၊ မရိုးမသား ဆိုးဝါးသော ပညာရှိကား သူယုတ်မာထက် ကြောက်စရာကောင်းသေး၏။

၂။ ဝိရော အသံ သယံစာပိ, ဝိရော ကုသလကရဏော၊
ဥစ္ဆေ အမေစ အခဏ္ဍ– ပဋ္ဌသီလော ဇာတိယာ။

သယံစာပိ– မိမိကိုယ်တိုင်ကလည်း။ ဝိရော–ရိုးသားထက်မြက်, အချက်ချက်၌, သွက်လက်ဘိတောင်း, ပညာရှိ သူတော်ကောင်းသည်၊ အသံ–စင်စစ် မကွာ, ဖြစ်ရပါလို၏။ ကုသလကရဏော– ကုသိုလ်ပြုရန်, ပေါ်ပေါက်ပြန်သည်ရှိသော်၊ ဝိရော– မကြောက်မရွံ့, နောက်မတွန့်ဘဲ, ရဲဝံ့သတ္တိ, လုံ့လရှိသည်ဖြစ်၍၊ ဇာတိယာ– မီးရှူးသန့်စင်, ဖွားမြင်ခါစ, ကလေးအရွယ်မှစ၍၊ အခဏ္ဍပဋ္ဌသီလော– ကိုယ်ဝတ်သဖွယ်, မကွယ်မပ, ငါးဝပဋ္ဌသီ, အစဉ်တည်လျက်သာ လျှင်၊ ဥစ္ဆေစ– ဂုဏ်သိရ်မောက်မိုး, မြင့်မြတ်သော အမျိုးဌာလည်းကောင်း။ အမေစ– ဥစ္စာပြည့်ဖြိုး, ကြွယ်ဝသောအမျိုးဌာလည်းကောင်း။ အသံ– တမြင့်ထဲ မြင့်, ဆင့်ကဲတင့်ဖို့, အသင့်မကွာ, ဖြစ်ရပါလို၏။

မှတ်ချက်။ ။ ပညာရှိသူတော်ကောင်းနှင့် ပေါင်းရသော်လည်း မိမိက သူတော်ကောင်းပညာရှိ မဟုတ်လျှင် အကျိုးမများပါ၊ ထို့ကြောင့်....(၁) ကိုယ်တိုင်လည်း ပညာရှိ သူတော်ကောင်းဖြစ်ဖို့ရန်, (၂) ကုသိုလ်ကောင်းမှုပြုစုရေးဌာ တွန့်ဆုတ်တွန့်ဆုတ် မဖြစ်ဘဲ ရဲရင့်ဖို့ရန်, (၃) မြင့်မြတ်သော အမျိုးဌာလည်းကောင်း, (၄)ကြွယ်ဝသော အမျိုးဌာလည်းကောင်း ဖြစ်ဖို့ရန်, (၅)ငယ်စဉ်က စ၍ ငါးပါးသီလကို ဝတ်အပ်သော အဝတ်ကဲ့သို့ အမြဲတည်ဖို့ရန် ဆုတောင်းသည်။ [အမျိုးမသန့်လျှင် စိတ်လည်း ညံ့တတ်၏။]

၃။ ဒဒတော မေ နခီယေထ, ဒတ္တာ နာနတပေယျ–ဟံ၊
ဒဒံစိတ္တံ ပသာဒေယျံ, အဒိန္နံ နေ ဗလံ ဟရေ။

မေ–တပည့်တော်၏၊ ဓနံ–စည်းစိမ်ဥစ္စာရတနာသည်, ဒဒတော– စွန့်ကြဲပေးကမ်း, လှူဒါန်းပါသော်လည်း၊ နခီယေထ– မကုန်နိုင်ပါ စေသတည်း၊ ဒတ္တာစ–စွန့်ကြဲပေးကမ်း, လှူဒါန်းပြီး၍ လည်း၊ နာနေ တပေယျံ–နောင်တတစ်ဖန်, မပူပန်ရပါလို၊ အဟံ– တပည့်တော်သည်, ဒဒံ–စွန့်ကြဲပေးကမ်း, လှူဒါန်းတုန်း အခိုက်မှာ လည်း၊ စိတ္တံ–မိမိ စိတ်ကို၊ ပသာဒေယျံ–ကြည်လင်ရွှင်လန်း,

ဝမ်းမြောက်စေနိုင်ရပါလိုတ်။ အဒိန္ဒ–ကိုယ်ထိလက်ရောက်, မျက်မှောက်ကြည်ဖြူ, မလှူမပေး အပ်သောပစ္စည်းကို၊ နဝ ဗလ ဟရေ – အနိုင်အထက်, နှိပ်စက်ကလူ, မယူမဖျက်, မခိုးဝှက်နိုင်ပါစေသတည်း ။

မှတ်ချက် ။ ။ (၁) စွန့်ကြဲလှူဒါန်း၍မကုန်နိုင် မခန်းနိုင်ဖို့ရန်, (၂)စွန့်ကြဲပေးကမ်း လှူဒါန်းပြီးနောက် "လှူဒါန်း ပေးကမ်းမိတာ မှားလေခြင်း" ဟု နောင်တမရဖို့ရန်, (၃) လှူဒါန်းပေးကမ်းတုန်း အခိုက်အတန့်မှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ဖို့ရန်, (၄) ကြည်ကြည်ပျူပျူမပေးဘဲ ရန်သူမျိုးများမဖျက်ဆီးနိုင်ဖို့ရန် ဆုတောင်းသည် ။

၄။ ဖုသိတေ လောကဓမ္မေဟိ, ယထာကမ္မံ ဘဝါဘဝေ၊
ယေန စိတ္တေန ကမ္မေန, တံ စိတ္တံ နမယီ ဝသေ ။

ဘဝါဘဝေ–ဘဝငယ် ဘဝကြီး, အသီးသီး၌၊ ယထာကမ္မံ–ရှေးရှေးကဖန်, အကြောင်းကံအားလျော်စွာ၊ လောကဓမ္မေဟိ – ဖြစ်ကပျက်တုံ, တွေ့ကြုံရရှိ, လောကဓမ်တရားမျိုးတို့သည်၊ ဖုသိတေ–တစ်နေ့မထိ, တစ်နေ့ထိဖြင့်, တွေ့ထိနှိပ်စက်အပ်သည်ရှိသော်၊ ယေန စိတ္တေန–မတည်တံ့နိုင်,မခံ့ခိုင်လတ်, အကြင်သို့သောစိတ်ဓာတ်ကြောင့်၊ ကမ္မေန – တရားမမြင်, နားမဝင်ဘဲ, အားအင်ရိန္ဓမ်း, ပင်ပမ်းတုန်လှုပ်ရကုန်၏။ တံ စိတ္တံ–ကောင်းဆိုး ၂ တန်, လောကဓမ်ကြောင့်,ဖေါက်ပြန်ကြရိုး,ထိုစိတ်မျိုးသည်၊ မယီ–တပည့်တော်၏ သန္တာန်၌၊ နဝသေ–တစ်ရံတစ်ဆစ်မျှ, မဖြစ်ရပါစေသတည်း ။

မှတ်ချက် ။ ။များစွာသောလူတို့သည် အကောင်းလောကဓမ်နှင့် တွေ့သောအခါစိတ်တစ်မျိုးပြောင်းကာ တကြွကြွ တရွရွဖြစ်တတ်၏။ မကောင်းလောကဓမ် နှင့် တွေ့ကြုံရသောအခါ စိတ်အနေလည်း

အောက်ကျ၍ မရှင်မပျည်ကိုးငယ်နေတတ်ကြ၏။ ဤဂါထာဖြင့် ပစ္စည်းတိုးတက်ခြင်းစသော အကောင်းလောကဓမ်, ဆွေးမျိုးဥာတိစည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းစသော မကောင်းလောကဓမ်နှင့် တွေ့ကြုံလျှင် ဣန္ဒြေပျက်အောင် မတုန်လှုပ်ဖို့ ဆုတောင်းသည် ။

၅။ အဘိဏှာ ဣသာ မစ္ဆေရ, မိစ္ဆာဒိဋ္ဌိဘိ ပါပတော၊
မာနကောဓ ကာမလောလာ, ယာပျရောဂါ ဂတော သဒါ။

ပါပတော– အပါယ်လေးတန်, ရောက်ဖို့ရန်ဖြင့် ကေန်ညစ်ကျ, မကောင်းမှုဖြစ်သော၊ အဘိဏှာစ– သူများစည်းစိမ်ကို မတရားလိုချင် တတ်သော လောဘလည်းကောင်း။ ဣသာစ– သူများဂုဏ်သိရ, သူစည်းစိမ်ကို, မမြိန်နိုင်တောင်း, စောင်းမြောင်း ငြူစူတတ်သော ဣသာမှုဂုင်း။ မစ္ဆေရမိစ္ဆာဒိဋ္ဌိဘိစ– ကိုယ့်စည်းစိမ်ကို, ဝန်တိုတတ်ခြင်း, မှားယွင်းသောမိစ္ဆာအယူတို့မှလည်းကောင်း။ မာနကောဓ– မောက်မာ တက်ကြွ, မာန်မာနနှင့်, ဒေါသထန်ပြင်း, ကြမ်းတမ်းခြင်းမှ လည်းကောင်း။ ကာမလောလာ– ကာမဂုဏ်ဗွက်, အာရုံတွက်ကြောင့်, ရောက်ရက် ခတ်မျော်, လျှပ်ပေါ် လော်လီခြင်းမှ လည်းကောင်း။ ယာပျရောဂါ– ကုစား ဖေးမ, မအေးရအောင်, ဘေးဘယစုံ, အဖုံဖုံသောရောဂါမျိုးမှလည်းကောင်း။ သဒါဂတော– ဝိန်းကြာဖက်ပြင်, ရေမတင်သို့, ကင်းစင်လွင့်ပျောက်, မကပ်ရောက်ပါစေသတည်း။

မှတ်ချက်။ ။ ဤဂါထာဖြင့်အဘိဏှာဣသာမစ္ဆရိယမိစ္ဆာ ဒိဋ္ဌိ မာန ဒေါသတို့မှလည်းကောင်း, ကာမဂုဏ်အတွက် လျှပ်ပေါ် လော်လီခြင်းမှလည်းကောင်း, အပြဲဆေးကုနေရသော အနာရောဂါမှ လည်းကောင်း, ကင်းလွတ်ဖို့ရန် ဆုတောင်းသည်။

၆။ ယေန ပုတ္တေစ ဒါရေစ, ဓနဝညံ ပိယာနိစ၊
လဒ္ဓါ နညာနိ တပ္ပေန္တိ, သော လောဘော နမယိ ဝေ။

ယေန လောဘေန– လိုချင်မက်မော, အကြင် လောဘဇော ကြောင့်၊ ပုတ္တေစ– ချစ်ရှစ်မင်ဦး, သားသမီးတို့ကိုလည်းကောင်း။ ဒါရေစ– ချစ်မင်ဦးဖွယ်, ဇနီးသယ်တို့ကိုလည်းကောင်း။ ဓနဝညံ– ဥစ္စာစပါး, အစားစားဖြင့်, များပြားဘိတုံ, အဖုံဖုံကိုလည်းကောင်း။ အညာနိ– ဆိုပြီးကို ထား, အများ အပြားဖြစ်ကုန်သော၊ ပိယာနိစ– ဝတ်စားတန်ဆာ, ဘဏ္ဍာစသည်, အလိလိသောနှစ်သက်ဘွယ်တို့ကိုလည်းကောင်း။ လဒ္ဓါ– လိုသေးမရှိ, ပြည့်ပြည့်စုံစုံ, ကုံလုံခိုင်ဖြိုး, ပိုင်ပြီးဖြစ်ပါလျက်၊ နတပ္ပေန္တိ– တော်လောက်ပြီ အောင့်အဲ့၍, ရောင့်ရဲတင်းတိမ်မှုမရှိကြကုန်၊ သောလောဘော– မီးခိုးမဆုံး,မိုးမဆုံးမျှ, ရလေလိုလေ, အနေညစ်ဆိုး, ထိုလောဘ မျိုးသည်၊ မယိ– နိဗ္ဗာန်ရွေပြည်, ရဖို့ရည်၍, အတည်မဋ္ဌာန်,ငါ သန္တာန်၌၊ နဝေ– ထိုဣဒ္ဓိထုံးအရ, နှလုံးလှအောင်, လုံးဝပုံသေ, မဖြစ်နိုင်ပါစေသတည်း။

အပြစ်မဆိုထိုက်သောလောဘ။ ။ များစွာသော လူတို့၌ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် သား, လင်, ခင်ပွန်းတို့၌ချစ်ခင်သောလောဘ, နေထိုင်စားသောက်ဖို့ရာ အိမ်ရာလယ်မြေဆန်ရေစပါး ဝတ်စားဇာန်ဆာတို့ကို လိုချင်သောလောဘ, ခေတ်အလိုက် လိုချင်စရာတို့ကို လိုချင်သောလောဘ, ဤလောဘရိုးရိုးကို အပြစ်မဆိုထိုက်ပါ။

အပြစ်ဆိုထိုက်သောလောဘ။ ။ ထိုလိုချင်စရာအားလုံး ခေတ်အလိုက် ပြည့်စုံနေပါလျက် မတင်းတိမ်နိုင်ကြဘဲ မီးခိုးမဆုံး ဖိုးမဆုံးအောင် ရလေလိုလေ လောဘမျိုးကား အပြစ်တင်ထိုက်ရုံ

မက, ထိုလောဘကြောင့် ယခုဘဝ၌ မတရားစီးပွားရှာမိ၍ မင်းပြစ်မင်းဒဏ်ခံရ, သေခါနီး၌ ကိုယ့်ပစ္စည်းဥစ္စာနှင့် သားသမီး ဇနီးခင်ပွန်းစသော သံယောဇဉ်တို့ကို စွဲလမ်းမှုကြောင့် တဆေပြိတ္တာဖြစ်ရတ၏။ ထိုလောဘမျိုးကား အပြစ်တင်ထိုက်ပါသည်၊ ထို့ကြောင့် ဘုရားအလောင်း အကိတ္တိအရှင်ရသေ/သည် မိမိ၌ ထိုလောဘအကြီးစားမျိုးမဖြစ်ဖို့ရန်ဆုတောင်းသည်။

၇။ ခေတ္တံ ဝတ္ထုံ ဟိရညဉ္စ, ဂဝဿံ ဒါသပေါရိသံ၊
ယေန ဇာတေန ဝီယန္တိ, သော ဒေါသော နမယိ ဝေ။

ဇာတေန– အကြောင်းအားလျော်စွာ, ဖြစ်ပေါ်လာသော၊ ယေန ဒေါသေန– အကြင်ရန်ကြမ်း, ဒေါသစွမ်းကြောင့်၊ ခေတ္တံ– မိမွေ ဘမွေ, အထွေထွေသော လယ်သည်လည်းကောင်း။ ဝတ္ထုံ– မိဘဘက်မှ, ဆင်းသက်၍လာ, အမျိုးမျိုးသော ယာသည်လည်းကောင်း။ ဟိရညဉ္စ– စိန် ကျောက်ရွှေငွေ, အထွေထွေသည်လည်းကောင်း။ ဂဝဿံ– နွားမြင်းစသည်, အလိလိသည်လည်းကောင်း။ ဒါသပေါရိသံ– ကျွေးကျွန်ပေါက်ဖွား, ယောကျ်ား အပေါင်းသည်လည်းကောင်း။ ဝီယန္တိ– ရန်သူလက်နက်, ကိုယ့်လက်ချက်ကြောင့်, ပျောက်ပျက် ဆုံးပါးကြရလေကုန်တ၏။ သော ဒေါသော– ထိုသို့ ပျက်ပြား, ဆုံးပါးရကြောင်း, မကောင်းရှုန်ကြမ်း, ဒေါသ စွမ်းသည်၊ မယိ– သံသရာရေး, အမြဲအေးဘို့, မြော်တွေးစိတ်ကြံ, ငါ့သန္တာန်၌၊ နဝေ– တရံတဆစ်မျှ, မဖြစ်ရပါစေသတည်း။

ဒေါသဖြစ်ပုံ။ ။ စိတ်ညစ်ခြင်း, စိတ်ကောက်ခြင်း, စိတ်ဆိုးခြင်း, စိတ်အားငယ်ခြင်း, စိတ်ညှိုးနွမ်းခြင်း, ကြမ်းကြမ်းတမ်းတမ်းလုပ်ခြင်း, ငိုခြင်း, ဆဲခြင်း, ငေါက်ငန်းခြင်း, သူ့ဘေးကိုရိုက်နှက်

သတ်ပုတ်ခြင်း, ကိုယ့်ကိုယ်ကို ထုခြင်း, ရိုက်ခြင်း, စိတ်ပေါက်၍ အဆိပ်သောက်ခြင်း, ကြိုးဆွဲချခြင်း, ဤအားလုံးသည် ဒေါသ ဓာတ်ခံရှိသူ၌ ဖြစ်တတ်သော ကြမ်းတမ်းမှုများတည်း။

ငွေကုန်လူပမ်း။ ။ ထိုဒေါသကြောင့် သူတပါးကို ရိုက်နှက် သတ်ပုတ်မိလျှင် အပြစ်အားလျော်စွာ ငွေကုန်ရ၏။ ထိုအခါ ရှိသမျှ ငွေနှင့်စိန်ရွှေ လက်ဝတ်လက်စားများကိုပါ ရောင်း၍ ကုန်သင့်က ကုန်ရ၏။ သူတစ်ပါးကို သတ်မိလျှင် ရှိသမျှပစ္စည်း ကုန်အောင်ပင် ငွေထိုးရ၏။ သို့မဟုတ် သေစားသေရသောကြောင့် ရှိရှိသမျှ သက်ရှိ သက်မဲ့တွေနှင့်ကွဲရ၏။ ကိုယ့်ကိုယ်ကို အဆိပ်သောက်၍ ဖြစ်စေ, ကြိုးဆွဲချ၍ဖြစ်စေ သေလျှင်လည်း ထိုအတူရှိသမျှနှင့် ကွဲရတော့၏။

သာ၍ကြောက်ဖွယ်။ ။ သာ၍ကြောက်စရာကောင်းသည်ကား ထိုဒေါသကြောင့် အပြစ်ကျူးလွန်မိသူသည် သေခါနီးကျူးလွန် မိလျှင် ငရဲပြိတ္တာ တဆေးသရဲ တစ်မျိုးမျိုးဖြစ်ဖို့သေချာ၏။ မသေမီက ကျူးလွန်၍ သေခါနီးမှ သတိရလျှင်လည်း ထိုအတိုင်းပင်တည်း ထို့ကြောင့် ထိုဒေါသသည် သာ၍ ကြောက်ဖွယ်ကောင်း၏။

ကြောင်းကျိုးမသိသောတရား။ ။ လောဘဒေါသ ၂မျိုး လုံးပင်အပြင်းအထန် ဖြစ်သောအခါ အကြောင်းမှန်ကိုလည်း မသိတော့၊ အကျိုးမှန်ကိုလည်း မမြင်တော့၊ အမှောင်ခန်းထဲရောက်ခဲ့ သူသည် ဘာကိုမျှ မမြင်ရသကဲ့သို့, ဘာကိုမျှ စဉ်းစားဆင်ခြင်နိုင် သောဉာဏ်မရှိတော့၊ ထို့ကြောင့်တဏှာ ရာဂ လောဘအတွေ့ အားကြီးသူတွေ, ဒေါသအတွက် လက်လွန်ခြေလွန် ဖြစ်ကြသည်။ နေစဉ်နေစဉ် တေမြင်ရလေသည်

လောဘတက်လိုက်ပုံ ။ ။ ထိုသို့ကြီးသောလောဘသည် ယခု ဘဝရောက်မှဖြစ်ရသည်မဟုတ်၊ ရှေးရှေးဘဝများစွာကပင် လောဘ ကြီးသူ၏ စိတ်အစဉ်၌ လောဘ၏ ဓာတ်သတ္တိတွေ လိုက်ပါနေ၏။ ထို့ကြောင့်ပင် တစ်ချို့လူများ၌ ငယ်ရွယ်စဉ်ကပင် လောဘကြီးပုံ ထင်ရှား၏ အရွယ်ရောက်သောအခါ တဏှာရာဂကြီးပုံ ထင်ရှား၏။ ထိုတဏှာရာဂကြောင့် ဉာဏ်စက္ခု အလင်းမရတော့ဘဲ အမှားမှား အယွင်းယွင်းတွေ ဖြစ်ရလေသည်။

ဒေါသတက်လိုက်ပုံ ။ ။ထိုသို့ ကြီးမားသော ဒေါသလည်း ယခုဘဝကျမှ ဖြစ်ရသည်မဟုတ်၊ ရှေးရှေးဘဝများစွာကပင် ဒေါသ ကြီးသူ၏ စိတ်အစဉ်၌ ဒေါသ၏ ဓာတ်သတ္တိတွေ လိုက်ပါနေ၏။ ထို့ကြောင့်ပင် တစ်ချို့လူများ၌ ငယ်ရွယ်စဉ်ကပင် ဒေါသကြီးမားပုံ ထင်ရှား၏။ (ရောဂါမရှိဘဲလည်း) စိတ်ကောက်တတ်၏။ ငိုတတ်၏။ တော်တော်ကြီးသောအခါ သူတပါးနှင့် စကားပြောရာ၌ ဖြစ်စေ, ရောင်းဝယ်ရာ၌ဖြစ်စေ, သူတပါးနှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်၏။ ဆန့်ကျင်ဘက်ဖြစ်၍ ကိုယ့်စိတ်ကို မချုပ်တည်းနိုင်လျှင် အမှားမှား အယွင်းယွင်း ပြောဆိုပြုလုပ်၍ သူများအမှားသည်ပင် ကိုယ့်အမှား ဖြစ်ရတတ်၏။ ဤလောဘ၊ဒေါသ ၂မျိုးလုံးသည် ဓာတ်ခံ ပျောက် အောင် မဖျောက်နိုင်ပါမူ နောက်နောက်ဘဝသို့လည်း ဓာတ်လိုက် နေဦးမည်သာ။

တရားဆေးကိုမီဝဲပါ။ ။ ထု တဏှာရာဂ[illegible] ဒေါသ ၂မျိုးလုံးပင် စိတ်အစဉ်မှာ အနာရောဂါနှင့်တူ၏။ ဗုဒ္ဓမြတ်စွာသည် တဏှာ ရာဂ လောဘ ရောဂါကို ကုစားဖို့ရာ အသုဘ ဘာဝနာ

ဆေးကိုပေးတော်မူ၏။ ဒေါသ ရောဂါကို ကုစားဖို့ရာ မေတ္တာ
ကရုဏာဆေးကိုပေးတော်မူ၏။ ထို့ကြောင့် တဏှာ လောဘရောဂါ
ပျောက်ဖို့ရာလှသူတွေကို သူတို့၏ခန္ဓာကိုယ်အတွင်း ရောက်အောင်
ဥာဏ်ဖြင့်ထွင်းဖေါက်၍ (ခေမာမိဖုရား ရှုသလို) အသုဘဟု ရှုပါ
လော၊ စိတ်ဆိုးစရာ မုန်းစရာသတ္တဝါမရှိအောင် သတ္တဝါတိုင်းကို
"ကျန်းမာပါစေ, ချမ်းသာပါစေ"ဟု မေတ္တာစကၠုကရုဏာစကၠုဖြင့်
ကြည့်ရှုပါလော၊ ထိုသို့ရှုနိုင်လျှင် လောဘ ဒေါသတက်ခံပျောက်၍
နောက်ဘဝ၌ လောဘနည်းသူ ဒေါသနည်းသူ ဖြစ်နိုင်ပါသည်။

ဆုတောင်းရုံဖြင့်မပြီးပါ။ ။ ဆုတောင်းနေရုံမျှဖြင့်ကား
ဘုရားရှင်နှင့် မတွေ့သမျှ ထိုလောဘ ဒေါသ စသော ကိလေသာ
ရောဂါတွေ ပျောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် "မိမိကိုယ်တိုင်
ပညာရှိသူတော်ကောင်းဖြစ်ရပါလို၏။ ဘဝတိုင်း ပညာရှိသူတော်
ကောင်းနှင့်ပေါင်းရပါလို၏" ဟုဆုလဲတောင်းပါ။ ဆုတောင်းနှင့်
ညီအောင်တဏှာရာဂ လောဘ ဒေါသမကြီးဖို့ရန် ဘုရားရှိခိုးချိန်မှ
စ၍ အချိန်ရသမျှ စူးစူးစိုက်စိုက်ဘုရားကိုလဲ အာရုံပြုပါ။ မေတ္တာလဲ
ပို့ပါ။ ထိုသို့အလုပ်မလုပ်ဘဲ ဆုတောင်းနေရုံဖြင့်ကား ဆုမပြည့်ဘဲ
မိမိမှာရှိနေသော လောဘဒေါသတို့က ပညာရှိသူတော်ကောင်း
တို့နှင့်မကွဲ–ကွဲအောင်ခွဲ၍ ဒုက္ခတွေပင်လယ်ဝေနေသော သံသရာထဲမှ
ပျောက်နိုင်ဘဲ ရှိပါလိမ့်မည်။

ဆုတောင်းခန်းပြီး၏။

. . . . . .

ကျမ်းပြီးနိဂုံး

ခပ်ရွယ်ရွယ်ကကြားခဲ့ရ ။ ။ သက်တော်ထင်ရှား ဘုရား
အစစ် အမှန်ကို ရှုပ်ပွားတော် ဆင်းတုတော် စေတီတော် များက
ကွယ်နေ၏။ ဘုရားရှင်၏ နှုတ်တော်မှ ထိတ်ဖေါ် ညွှန်ပြအပ်သော
တရားစစ် တရားမှန်ကို အရှုံ့ဝမ္မကထိကပုဂ္ဂိုလ်တို့၏ ဟောတရားနှင့်
တရားစာအုပ်များက ကွယ်နေ၏။ အရိယာဖြစ်ပြီးသော သံဃာစစ်
သံဃာမှန်ကို ဘုန်းကြီးများက ကွယ်နေ၏။... ဤသို့ ရှေးဆရာတော်
ကြီးများ၏ စကားကို ခပ်ရွယ်ရွယ်ကပင် ကြားခဲ့ရဖူးပါသည်။

မခံချင်ခဲ့ပါ။ ။ ထိုစကားကိုကြားရစဉ်က မိမိဉာဏ်၌ သဘော
မသက်ဝင်ခဲ့ဘဲ "ဆင်းတုတော် စေတီတော်နှင့် ဟောတရားတွေ
တရားစာတွေ ဘုန်းကြီးတွေကို အထင်သေးလေခြင်း" ဟုမခံချင်
စိတ်ပင်ဖြစ်ခဲ့ ဖူးပါသည်၊ သို့သော် ယခုအသက်ကြီးရင့်သောအခါ
များစွာသောဗုဒ္ဓဘာသာဝင်တို့၏ ရတနာ ၃ပါး ကိုးကွယ်ကြပုံမှာ
ထိုစကားအတိုင်း ဖြစ်နေကြသည်သာ များနေပါသည်။

စဉ်းစားထိုက်သည်။ ။ယခုအခါ ထို ဆရာတော်ကြီးများ၏
စကားကိုစဉ်းစားထိုက်ပါသည်၊ ဗုဒ္ဓဘာသာဝင် အများတို့သည်
ဆင်းတုတော် စေတီတော်၏အနီးသို့ သွား၍ဖြစ်စေ, အိမ်မှာဖြစ်စေ,
ဘုရားရှိခိုးကြရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရားတိုင်အောင်
အာရုံမပြုနိုင်ဘဲ ဆင်းတုတော် စေတီတော်ကို လက်အုပ်ချီကာ မိမိတို့
နှုတ်တက်ရသော ဘုရားရှိခိုးကို ရွတ်ဆို ကြသူကသာ များနေသည်
မဟုတ်ပါလော၊ တရားနာရာ၌လည်း တရားသဘောတိုင်အောင်
မရှုးစိုက်ဘဲ ဝမ္မကထိကတို့၏ အရွတ် အဆို ကောင်းပုံကို အာရုံပြုနေ

ကြသည်မဟုတ်ပါလော၊ သံယာကို ကိုးကွယ်ရာ၌လည်း အရိယာ သံယာများတိုင်အောင် စိတ်မရောက်နိုင်ဘဲ လက်ရှိ ဘုန်တော်ကြီး များကို ရှိခိုးရုံ လူဒါန်းရုံမျှဖြင့် ပြီးနေကြသည်သာမက, အကယ်၍ ဘုန်းကြီးချင်း ရန်ဖြစ်ကြလျှင် မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ, မိမိတို့ ဘုန်းကြီးဘက်က ပါဝင်ကြသည်မဟုတ်လော၊ ထိုသူတို့၏ ကိုးကွယ်မှုသည် အဘယ်မှာ ဘုရားစစ်, တရားစစ်, သံယာစစ် ထိအောင် စိတ်ရောက်နိုင်ပါတော့ မည်နည်း။

တရားရသောဝတ္ထုကိုပြရခြင်း။ ။ ထို့ကြောင့် ဤကျမ်းစာ ကလေးကို ရေးသားရာ၌ သက်တော်ထင်ရှား မြတ်ဘုရားကိုမဖူးရသော် ဘုရားအစစ်တိုင်အောင် အာရုံရောက်၍ တရားထူးပေါက်ကြသော ကာဠီသူဌေးကတော်၏ ဝတ္ထုကိုလည်းကောင်း, စေတီတော်ကို ဖူးမျှော်စဉ် မာရ်နတ်ဖန်ဆင်းအပ်သော ပုံတော်ကို ဖူးရ၍ တရားပေါက်သော ဖုဿဒဝမဏ္ဍိုရ်၏ ဝတ္ထုကိုလည်းကောင်း, ကရဝိက်ငှက်၏အသံကို ကြားရ၍ သက်တော်ထင်ရှား မြတ်စွာဘုရားကို သတိရသဖြင့် တရားပေါက် ကြသော အသန္ဓိမိတ္တာမိဖုရားနှင့် မောင်းမခုနစ်ရာ၏ ဝတ္ထုကိုလည်း ကောင်း။ ပြထားပါသည်၊ ထို့ကြောင့် မိမိတို့လည်း သက်တော်ထင်ရှား မြတ်ဘုရားကို မဖူးရစေကာမူ ဘုရားရှိခိုးတိုင်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ကြိုးစားကြပါ။

ဣ၊ နမော တေ ဝိဇေတုံ မေ,
ဃေတော ဒဒတော ဇယံ၊
နဋ္ဌထမ္ဘ သမ္ဘသန္ဓံ,
ကရ မေ ဃယမင်္ဂလံ။

ဣ–အန္တ ရာယ်ကင်း, ရန်စွယ်ရှင်း၍, ကောင်းခြင်းစဉ်ကာ, မယှဉ်သာအောင်, မင်္ဂလာကြီး, ဖြစ်ပါစေသတည်း။... နဋ္ဌထမ္ဘ–ထောက်ပံ့မည့်လူ, ကူညီမည့်နတ်, ရံပတ် ဝဲယာ , မြဟွာလည်းမရှိ ပါဘဲ၊ သမ္ဘသန္ဓ–ကိုယ်နေရှိန်မမျှက်, တသိရ်ထွက်ဘို့, ဗြိမ်သက် ဖွေးပြူ, အေးအေးလူလူသာလျှင်၊ ဃယတော–ပါရမီစက်ဟုန်, လက်နက်စုံပြင့် ချက်ကုန် မလွဲ....., ပွဲတိုင်းမရှောင်, နွဲတိုင်းပင် အောင်တော်မူထသော၊ ဃယဒဒတော– အောင်ရာ စည်းကမ်း , အောင်နည်းလမ်း၌, မှိုင်ပြမ်းမလစ်, အသစ်အဆန်း, တစ်ဂဏန်းက, မှန်းဆ၍မြော်, ပန်းရအောင်လည်း, လမ်းပြ ပေးသနားတော်မူထ သော၊ တေတဝ–မကိုင်ရှောင်လျှံ, သျှောင်ပျံမှာ, အောင်လံစွင့်စွင့် လွင့်တလူလူ,အောင်တော်မူ အရှင်မြတ်အား။ မေ (မမ)– မအောင် သေးခင်,အောင်ကြွေးတင်၍, အောင်မြင်ရန်မြော်, တပည့်တော်၏။ ဝိဇေတုံ–မရှောင်ခပင်း, အခေါင်နင်း၍, အောင်ခြင်းကြီး အောင်ပါ ရခြင်းအကျိုးငှါ၊ နမော–အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို အမျိုးစုံ မှန်းဆ၍, တမ်းတရှိခိုးပါ၏ဘုရား။ မေ(မမ)–မအောင်သေးခင် , အောင်ကြွေးတင်၍, အောင်မြင်ရန်မြော်, တပည့်တော်အား။ ဃ ယမင်္ဂလံ–အောင်ရန်အတိတ်,အောင်နိမိတ်ပြင့်,အောင်ဘိသိက်သွင်း, အောင်ဟိတ်ကျင်း၍, အောင်ခြင်းဆင်ကာ, မင်္ဂလာကို၊ ကရ–သပြေ အနု, ငွေခရုပြင့်,ဃေတုပုံ, မေရုတုန်အောင်, အဖုံဖုံ အမှုအေးဖို့ ပြုပေးတော်မူပါ....အောင်တော်မူ အရှင်မြတ်ဘုရား။

ဗုဒ္ဓါနုဿတိဘာဝနာ ပြီးပြီ။

. . . . . .

နာက်ထပ်ပြည့်စွက်ချက်

သရုံင်ရှာ ဟန္ဓာသိမ်တော်

၁၃၃၅ ခုနှစ် သီတင်းကျွတ်လက မရောက်သည်မှာ အတော်ကြာနေသော မွေးဇာတိ သရိုင်ရှာသို့ ဒါယကာများ၏ ပင့်လျှောက်ချက်အရ သံဃာတစ်ရာနှင့်အတူ သွားခဲ့ပါသည်၊ ထိုအခါ ဒကာထိန်ဝင်းလည်း ပါလာပါသည်၊ ထိုအချိန်ဝယ် စေတီလှဘုရားပိုင်းအတွင်း၌ ပဌမ ရှေကျင်သာသနာပိုင် ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဒုတိယ ရှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရဟန်းပြုရာ (ရဟန္တာ သမုတ်အပ်သော သိမ်တော်–ဟု ထင်ရှားသော) ရှေးသိမ်တော်ကို တွေ့ရသောကြောင့် ဒကာထိန်ဝင်း၌ အပိုးတန်သော ရှေးဟောင်းပစ္စည်းကို ထိန်းသိမ်းလိုသောဆန္ဒ ပြင်းပြသွားပါသည်။

သိမ်တော်၏ လေးစားထိုက်မှု

အခြားပြို့ရွာတို့၌ "ရဟန္တာ သမုတ်အပ်သော သိမ်တော်" ဟုကျော်စောသော သိမ်တော်များကို တွေ့ရသော်လည်း ထိုသိမ်တော်များ၌ ထင်ရှားသောမည်သည့်ပုဂ္ဂိုလ်များ ကံပြုဖူးကြောင်းကို မည္သည်ပြနိုင်ကြပါ၊ ဤသိမ်တော်၌ကား ထင်ရှားသော ပဌမ ရှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် ဒုတိယ ရှေကျင်သာသနာပိုင် ဆရာတော်ကြီးများ ကံပြုရာဌာန ဖြစ်သောကြောင့် အလွန်အလေးပြုထိုက်ပါသည်" ဟု ဒကာထိန်ဝင်းက လျှောက်ပါသည်။

ရဟန္တာသိမ်တော် ဖြစ်နိုင်ခြင်း

ထိုသိမ်၏ ရဟန္တာသမုတ်အပ်သော သိမ်တော် ဖြစ်နိုင်ဖို့ အကြောင်းမှာလည်း ထိုသိမ်တော်၏ အနီး၌ မောင်ရင်ချန်ရ တည်သွားအပ်သော လေးကျွန်းမြေ စေတီတော်ငယ်တစ်ဆူ ရှိခဲ့ဖူးခြင်း (ယခု ပြင်ထား

သည်၊) ရှေညောင်ရွာ ဘုရားဝိုင်းအတွင်း၌ မောင်ရင်ဗျာန်ရ၏ ဗျာန်ကြွသောအခါ တက်ရာအထိမ်းအမှတ် အုတ်ပလွင်သည် ယနေ့အထိရှိနေသေးခြင်း, သရိုင်ရွာနှင့်နီးသော မှက်ထိရွာဝယ် အဘိညာဉ်ရ ရဟန္တာဖြစ်သော အရှင်သုမေဓာ၏ သီတင်းသုံးဖူးခြင်း, ဤအကြောင်းများကြောင့် ရဟန္တာသမုတ်အပ်သော သိမ်တော်ဖြစ်နိုင်ပါသည်၊ [မှက်ထိရွာကို ရှေးက သရိုင်နှင့်တွဲ၍ "မှက်ထိ သရိုင်"ဟု ရာဇဝင်၌ တစ်ဆက်တည်းခေါ်ထားသည်၊ ထိုမှက်ထိ၌ ယခုတိုင်အောင် "သုမေဓာဘုရား"ဟု ထင်ရှားသော စေတီတော် တစ်ဆူ ရှိပါသေးသည်၊ ထိုစေတီတော်ကို ဘုန်းကြီး၏ ဘိုးနှင့်ညီ အစ်ကိုတော်သော ဘိုးစံပေါက ပြင်ထားသည်–ဟု သိရပါသည်၊ ဘုန်းကြီးလည်း ကလေးတုန်းက ထိုဘုရားပွဲကို လှည်းဖြင့် တပျော်တပါး လိုက်သွားဖူးပါသည်။

စေတီတော်ကြီး သရိုင်ရွာသို့ သံဃာတစ်ရာနှင့်အတူ ပဌမအခေါက် ရောက်စဉ်က သရိုင်ရွာဝယ် ရဟန္တာသိမ်တော် အနီးအပါး၌ ပြိုပျက်နေသော စေတီတော်ကြီးတစ်ဆူကို တွေ့ရပါသည်၊ အခြားစေတီတန်ဆောင်းများကို ဆိုင်ရာအမွေခံဆွေမျိုးများက ပြုပြင်ထားသောကြောင့် ကြည်ညိုဖွယ်ကောင်းသလောက် ထိုစေတီတော်ကြီးမှာ မျက်နှာငယ်သလိုဖြစ်နေရကား သံဃာများ ဆွမ်းစားသွားစဉ် ကျောင်းဝိုင်းအတွင်း တစ်ပါးတည်းလမ်းလျှောက်ရင်းပင် စေတီတော်ကြီးကို လှမ်း၍ မျှော်ကာ မိမိ၏ ဒါယကာ ဒါယိကာမတို့ စုပေါင်း၍ ပြုပြင်လိုသောဆန္ဒ ဖြစ်နေပါသည်။ [မိမိသည် စေတီ ရှိပြီးနေရာ၌ အသစ်တည်ခြင်းကို မလိုလားသော်လည်း အဟောင်းပြင်ခြင်းကိုကား လိုလားပါသည်။]

ထိုအကြောင်းကို ဒကာထိန်ဝင်းသိသောကြောင့် "သိမ်တော်ရော စေတီတော်ကြီးပါ သူနှင့်နှမ–မလှတို့က ပြုပြင်ပါမည်"ဟု တာဝန်ယူပါသည်၊ ယခု ၁၃၃၆ ခုနှစ် ဝါတွင်းမှာ ရွှေတိုဂုံစေတီတော်နှင့် တူအောင် ပြုပြင်အပ်သော စေတီတော်ကြီးလည်း ပြီးစီးပြီးဖြစ်၍ သီတင်းကျွတ်သောအခါ ရေစက်ချပူဇော်ပွဲအတွက် ဤဗုဒ္ဓါနုဿတိ ဘာဝနာ ကျမ်းစာအုပ်ကလေးကို ထပ်မံ ပြည့်စုံကောင်းသောအားဖြင့် သိမ်တော်နှင့် စေတီတော်ကြီးကို ပူဇော်ရပါသတည်း။

ရည်မှန်းချက် ။ ။ဒကာထိန်ဝင်းနှင့် နှမ–ဒေါ်လှတို့သည် ပြုပြင်ဖို့ရန် ၂သောင်း(မ)တည်၍ မဟာ ဂန္ဓာရုံ ကျောင်းတိုက်ဖိုးကုတ်သိမ်ဒကာ ဦးညီညီ–ဒေါ်လှမေ တို့က တစ်သောင်းလည်းကောင်း, ဦးမောင်ကြီး နဝကမ္မမှ ငါးထောင်လည်းကောင်း, ဒုဗိုလ်မှူးကြီးဟောင်း ရွှေတိုဂုံ ဂေါပကလူကြီး, ဦးအောင်သိန်း–ဒေါ်ညွှန့်မေ တို့ကခုထောင်လည်းကောင်း, ရန်ကုန်မဟာဗောဓိကျောင်းဒကာ ဦးကိုကိုလေး မောင်နှမတို့က တစ်ထောင်လည်းကောင်း, အခြား ဒကာဒကာမတို့က တတ်အား သမျှလည်းကောင်း ပါဝင်သော အလှူတော်ငွေများကို လက်ခံလျက် ရပ်ရွာ ဒကာဒကာမတို့၏ အကူအညီဖြင့် ပြုပြင်ခဲ့ရာ ယခုအခါပြီးမြောက် ပြီးသော သိမ်တော်နှင့် စေတီတော်သည် နယ်သူ နယ်သား လူ အများကို သုဂတိဘဝနှင့် နိဗ္ဗာန်ရသည်အထိ ကယ်တင်တော်မူပါ စေသတည်း။

အရှင်ဇနကာဘိဝံသ

၁၃၃၆ ခုနှစ်
ပဌမ ဝါဆိုလ။

ပါဝင်သော အကြောင်းအရာများ

ဤနောက်ထပ်ဖြည့်စွက်ချက်၌ ပါဝင်သော အကြောင်းအရာများကား....

(၁) အဇာတသတ် မဟာရာဇာ, (၂) ဝမ္မာသောက မဟာရာဇာ, (၃) သီးလုံးဆရာတော်, (၄) ရွှေကျင်ဆရာတော်, (၅) ဆင်ဖြူမရှင် မိဖုရားကြီး, (၆) ခရစ်ယာန်သာသနာပိုင်, (၇) ခရစ်ယာန်ဘာသာဝင်များ, (၈) အရှင်အရိယဝမ္မ, (၉) ခရစ်တော်, ဤအကြောင်းအရာတို့တွင် အဇာတသတ် မဟာရာဇာမှ စ၍ မိဖုရားကြီးတိုင်အောင် ဗုဒ္ဓမြတ်စွာကို အလွန်အမင်းကြည်ညိုကြပုံ, ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ကြ–ဖြန့်ကြပုံ ပါသောကြောင့် ဤကျမ်းနှင့်လျော်ရကား ထည့်သွင်းရပါသည်၊ ခရစ်တော်နှင့်ဆိုင်သော အကြောင်းအရာတို့ကိုကား ခရစ်တော်သည်ပင် ဗုဒ္ဓမြတ်စွာ၏ မဟာယာနဂိုဏ်း၌ တရားကျင့်ခဲ့၍ ဗုဒ္ဓအလိုတော်ကျ မိမိသာဝကတို့ကို ဩဝါဒပေးနိုင်သော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် ထည့်သွင်းလိုက်ရပါသည်။

အဇာတသတ်မဟာရာဇာ

ဘုရားကြည်ညိုပုံ

ဗုဒ္ဓအထံ မသွားဝံ့–သွားဝံ့

အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာ၏ သာသနာပြုကျောင်းဒကာလည်းဖြစ်, သောတာပန်လည်းဖြစ်သော ခမည်းတော် ဗိမ္ဗိသာရမင်းကို လုပ်ကြံမိခြင်း, ရှင်ဒေဝဒတ်၏ ဗုဒ္ဓမြတ်စွာကို လုပ်ကြံရာတွင် အထမမြောက်သော်လည်း အားပေး အားမြှောက် ပြုမိခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာ အပေါ်၌ ကြီးစွာသော အပြစ်များကို ပြုမိခဲ့လေသည်၊ ထို့ကြောင့်

ဗုဒ္ဓမြတ်စွာ အထံသို့ မချဉ်းကပ်ခင် ဘုရားအမည်ခံ နေကြသော တိတ္ထိဆရာကြီးတို့ အထံသို့သွား၍ မိမိသိလိုသော ပြဿနာများကို မေးလျှောက်ဖူးလေသည်။

သို့သော် သဲကို ဆီပွတ်၍ ဆီမရသကဲ့သို့ နဂိုရင်က အဆီအနှစ် မရှိသော တိတ္ထိဆရာကြီးတို့အထံမှ အဆီအနှစ်ကို မရသောကြောင့် တန်ဆောင်မုန်းလပြည့်ညဉ့်အခါ၌ အဘယမင်းသား၏သားတော် ဖြစ်၍ မိမိနှင့် ငယ်သူငယ်ချင်းဖြစ်သော ဘုရားကျောင်းဒါယကာ သမားတော်ဇီဝကကို အဖေါ်ပြုကာ မသွားဝံ့ သွားဝံ့ဖြင့် ဇီဝက၏ သရက်ဥယျာဉ် ကျောင်းတိုက်ဝယ် သီတင်းသုံးတော်မူသော ဗုဒ္ဓ မြတ်စွာ၏ အထံတော်သို့ မြို့သူမြို့သားများ မူးမတ်များ ခြံရံလျက် အဖူးမြော်ရောက်လေသည်။

ငြိမ်သက်စွာ ဖူးမြင်ရခြင်း

ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် တစ်ထောင့်နှစ်ရာ ငါးဆယ်သော ရဟန်းများနှင့်အတူ စည်းဝေးရာ တန်ဆောင်း၌ သီတင်းသုံးတော်မူ၏။ တိုတစ် ထောင် ကျော် ရဟန်းတော်တို့သည် ချောင်းဆိုးသံ, ချီသံကိုမျှ မပြုကြဘဲ တိတ်ဆိတ်စွာလည်းကောင်း, လက်လှုပ်ခြေလှုပ်မရှိစေဘဲ ငြိမ်သက်စွာလည်းကောင်း ထိုင်နေကြသောကြောင့် လှိုင်းလေ ကင်းစင်၍ ကြည်လင်နေသော ရေကန်ကြီးသည် ကြာမျိုးငါးပါးဖြင့် တင့်တယ်သကဲ့သို့ အလွန် တင့်တယ်ပေသည်၊ အဇာတသတ် မင်းသည် ကြယ်ပေါင်းခသော လဝန်းကဲ့သို့ ထိုသံဃာတော်များ အလယ်၌ တင့်တယ်တော်မူသော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသောအခါ မကိုင်ဆေးဘဲ မိမိ၏ အချစ်ဆုံး သားတော်ကလေးကို ဤသံဃာတော်

များကဲ့သို့ ငြိမ်သက်စေလိုသော ဆန္ဒပင်ဖြစ်ပေါ်၍လာရုံမျှမကဘဲ ဥဒါန်းကျူးသလို နှုတ်ကထွက်၍ ရုတ်တရက် ပြောဆိုမိလေသည်။ [ထူးခြားကောင်းမွန်သောအရာကို မြင်ရကြားရစားရသောအခါတို့၌ ချစ်သူကို သတိရတတ်သည်မှာ လောကထုံးစံပင် ဖြစ်သည်။]

ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း

ရှင်ဘုရင့်စကား၏ အခြားမဲ့၌ပင် ဘုရားရှင်တော်သည် "မဟာရာဇာ..မိမိချစ်သော သားတော်သို့ စိတ်ရောက်သွားတယ်ကိုး" ဟုမိန့်တော်မူသည်၊ [ဗုဒ္ဓမြတ်စွာသည် ရှင်ဘုရင်၏နှုတ်က အသံမထွက်မီပင် "ဤမဟာ ရာဇာသည် ငါဘုရားက စတင်၍ စကားမပြောလျှင် ဘာစကားကိုမျှ စ၍လျှောက်ဝံ့မည်မဟုတ်၊ ထို့ကြောင့်ရဟန်းသံဃာကိုကြည့်၍ သားတော်အပေါ်၌စိတ်ရောက်သွားသည်း ငါဘုရားက စ၍ စကား ပြောလိုက်မှ သူလျှောက်လိုသောအချက်ကို လျှောက်ဝံ့တော့မည်" ဟုစဉ်းစားတော်မူပြီးဖြစ်သောကြောင့် ရှင်ဘုရင်က နှုတ်မြွက်၍ ဥဒါန်းစကားကို ပြောဆိုပြီးလျှင် ပြီးခြင်းဘုရားရှင်က စတင်၍ မိန့်တော်မူသည်၊] ထိုသို့မိန့်တော်မူလိုက်သောအခါကျမှ လွန်စွာ ဝမ်းမြောက်သောကြောင့် ရိုသေစွာထိုင်၍ဝပ်ချလေသည်။

ပြဿနာ မေးလျှောက်ခြင်း

ထိုင်ပြီးသောအခါ "ဗုဒ္ဓမြတ်စွာသည် ပြဿနာ မေးဖို့ရန် ခွင့်ပြုတော်မူပါလျှင် ပြဿနာတစ်ရပ် ကို မေးလျှောက်လိုပါသည်" ဟုလျှောက်၍ ဘုရားရှင်က ခွင့်ပြုတော်မူသောအခါ တိတ္ထိဆရာကြီးတို့၏ အထံ၌ မေးခဲ့သောပြဿနာကိုပင် မေးလျှောက်လေသည်၊ ထိုပြဿနာကား "ထိုထိုအတတ်ရှင်တို့သည် မိမိတို့အတတ်ကို မှီ၍ ချမ်းသာစွာ အသက်

မွေးနိုင်သောကြောင့် အတတ်၏ လက်တွေ့အကျိုးကို ခံစားရသကဲ့သို့ ရသေ့ရဟန်းပြုလုပ်ခြင်း၌ ထိုကဲ့သို့လက်တွေ့မျက်မြင်အကျိုးကိုပြနိုင်ပါသလော" ဟူသော အမေးပင်ဖြစ်သည်၊ [နောက်ဘဝရောက်မှ ရမည်ဆိုသောအကျိုးသည် လက်တွေ့မဟုတ်သောကြောင့် လက်တွေ့အကျိုးကိုသာမေးခြင်းတည်း။]

အမှာ။ ။ ထိုပြဿနာတို့၏ အဖြေများကို သာမည ဖလသုတ် မြန်မာပြန်၌ ကြည့်ပါ။

မဟာရာဇာ သရဏာဂုံတည်ခြင်း

မဟာရာဇာသည် တစ်ဆင့်ထက်တစ်ဆင့် သာလွန်မွန်မြတ်သော (ရဟန်ပြုရခြင်း၏) အကျိုးများကို ကြားနာရသောအခါ ပြဿနာအဖြေတို့၏ အဆုံးအဆုံး၌ သာဓုသာဓုခေါ်၍ ဗုဒ္ဓအထံတော်သို့ စောစောမရောက်မီဘဲ သမဏာပြဟ္မဏာအမည်ခံနေကြသော တိတ္ထိဆရာကြီးတို့အထံဝယ် ဤပြဿနာတို့ကို မေးနေမိခြင်းအားဖြင့် အချိန်ဖြုန်းခဲ့မိသည့်အတွက် နောင်တရရှာလေသည်၊ ထို့ကြောင့် ဤပြဿနာအဖြေများပြီးဆုံးသောအခါ "မြတ်စွာဘုရား... အလွန်နှစ်သက်ဖွယ်ကောင်းပါပေသည်၊ ဥပမာအားဖြင့် လျှောက်ထားရပါလျှင်... မှောက်ထားသောအိုးကို လှန်လိုက်သကဲ့သို့လည်းကောင်း, ဖုံးထားအပ်သော အရာဝတ္ထုကို ဖွင့်ပြလိုက်သကဲ့သို့လည်းကောင်း, မှောင်နေသော တိုက်ခန်း အတွင်း၌ ဘာကိုမျှ မမြင်ရသူအား မီးထွန်း၍ပြလိုက်သကဲ့သို့လည်းကောင်း, ဗုဒ္ဓမြတ်စွာသည် ရဟန်းပြုရခြင်း၏ လက်တွေ့ဒိဋ္ဌအကျိုးကို မမြင် နိုင်သော ဒကာတော်အား နည်းပရိယာယ်အမျိုးမျိုးဖြင့် ရဟန်းပြုရ ခြင်း၏ လက်တွေ့ဒိဋ္ဌအကျိုးကို ပြတော်မူသည်မှာ အလွန်နှစ်သက် ဖွယ်ကောင်းပါပေသည်၊ ဒကာ

တော်သည် ဗုဒ္ဓမြတ်စွာကို အသက် အပ်၍ဆည်းကပ်ကိုးကွယ်ပါ၏။ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကိုလည်း အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏။ အရိယာသံဃာတော်ကိုလည်း အသက်အပ်၍ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍ ဒကာတော်ကို ဥပါသကာဟု မှတ်တော်မူပါ"၊ ဤသို့လျှောက်ပြီးလျှင် ...

အပြစ်ကိုဝန်ချခြင်း

မြတ်စွာဘုရား... အဖြစ်ကို ရလိုခြင်းကြောင့် တရားမင်းဖြစ်သော ခမည်းတော်ကို လုပ်ကြံခဲ့မိသောဒကာတော်မှာ မိုက်သည့်အလျောက် မလိမ္မာသည့်အလျောက် တွေဝေသည့်အလျောက် အပြစ်လွန်ခဲ့ပါပြီ၊ ဒကာ တော်၏ ထိုအပြစ်ကို နောင်အခါ စောင့်စည်းဖို့ရာ အပြစ်အဖြစ်ဖြင့် လက်ခံတော်မူပါ" ဤသို့ လျှောက်သောအခါ ဗုဒ္ဓမြတ်စွာကလည်း "အသင်မဟာရာဇာမှာ အပြစ်လွန်လာခဲ့ပြီ၊ ထိုအပြစ်ကို နောင်ခါ စောင့်စည်းဘို့ရာ အပြစ်အဖြစ်အားဖြင့် ငါတို့လက်ခံကြကုန်၏။ ဤသို့အပြစ်ကို အပြစ်ဟု သိ၍ တောင်းပန်ဝန်ချခြင်း, နောက်နောင်အခါဤအပြစ်မျိုးမဖြစ်ရအောင် စောင့်စည်းခြင်းသည် ဗုဒ္ဓမြတ်စွာတို့၏ အဆုံးအမဖြစ်သော သာသနာတော်၌ ကြီးပွားကြောင်းပင်ဖြစ်ပေသည်" ဟုမိန့်တော်မူသည်။

မဟာရာဇာ ပြန်ခြင်း

ဤသို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသောအခါ လွန်စွာစိတ်ချမ်းသာ၍ မြတ်စွာဘုရားအား ပြန်လိုကြောင်း ခွင့်တောင်းပြီးလျှင် မြတ်စွာဘုရားဘက်သို့လက်အုပ်ချီကာ နောက်ဆုတ်နောက်ဆုတ် သွားလျက် ဗုဒ္ဓမြတ်စွာကို မမြင်လောက်သောနေရာရောက်မှ ရိုသေစွာ ဝပ်ချ၍ ပြန်သွားလေသည်။

ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း

အဇာတသတ် မဟာရာဇာ ပြန်သွားသောအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား မိန့်တော်မူသည်မှာ– ဘိက္ခုတို့... ဤမဟာရာဇာမှာ သောတာပန် ဖြစ်လောက်သော ကုသိုလ်အမြစ် (ကောင်းမှုပါရမီ) ပါခဲ့ပေ၏။ သို့သော် ခမည်းတော်ကို လုပ်ကြံမိသော အကုသိုလ်က ထိုကုသိုလ်အမြစ်ကို ဖြတ်ပစ်လိုက်ပြီ၊ အကယ်၍ခမည်းတော်ကို မလုပ်ကြံမိလျှင် ဤတရားနာရာအရပ်၌ပင် သောတာပန် ဖြစ်လောက်ပါပေသည်၊ ယခုသော် ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းမိ၍ ခမည်းတော်ကို လုပ်ကြံမိသောကြောင့် သောတာပန် မဖြစ်ရရှာတော့ချေ။ ဤသို့ မိန့်တော်မူပြီ။

မဟာရာဇာ၏ အကျိုးများစွာရပုံ

မဟာရာဇာသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာရသောအခါ သောတာပန် ဖြစ်လောက်အောင်ပင် ယုံကြည်မှုကို ရရှိသောကြောင့် သောတာပန် မဖြစ်ရသော်လည်း များစွာအကျိုးရပါသည်၊ ခမည်းတော်ကိုလုပ်ကြံပြီးသည်ကစ၍ ကောင်းစွာအိပ်မပျော်သော မဟာရာဇာသည် တရားတော်ကို နာရ, သရဏဂုံတည်ရသောကြောင့် အလွန်စိတ်ချမ်းမြေ့ရကား အိပ်ပျော်ခြင်း အကျိုးကိုလည်း ရပါ သည်၊ နဂိုက အဝီစိငရဲကြီး၌ ကျရမည်ဖြစ်သော်လည်း အဝီစိ၏ အခြေအရံဖြစ်သော ဥဿဒဂရဲငယ်၌သာ ခံရပါတော့မည်၊ အနှစ်ခြောက်သောင်းကြာ၍ ထိုဂရဲမှ လွတ်လာသောအခါ "ဝိဇိတာဝီ" အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်ရပါလိမ့်မည်၊ ထိုသို့ ပစ္စေကဗုဒ္ဓါ အလောင်းအလျာ ဖြစ်လောက်အောင်ပင် ထိုဘဝ၌ သာသနာပြုကိစ္စကို အားသွန်ခွန်စိုက်ကြိုးစားပါသည်၊ ပုထုဇဉ်ဘဝဖြင့် ဗုဒ္ဓ

မြတ်စွာကို ကြည်ညိုသော ဥပါသကာတို့တွင် အဇာတသတ်မဟာရာဇာကို "အသာဆုံး ဥပါသကာ" ဟု ကျမ်းစာ၌ ဆိုပါသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံကြောင်း ကြားရပုံ

ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံကြောင်းကို ရာဇကြိုဟ်ပြည်၌ အမတ်များသည်မဟာရာဇာ၏ အလျှင် ကြားရသောအခါ အမတ်တို့စဉ်းစားကြသည်မှာ– မဟာ ရာဇာသည် ဗုဒ္ဓမြတ်စွာကို အတူမရှိအောင် ကြည်ညိုရကား ရိုးရာ နေထိုင်ပုံဖြင့် ကြားရလျှင် နှလုံးကွဲလောက်အောင် စိတ်ထည်း၌ ပူလောင်ပေလိမ့်မည်၊ ထို့ကြောင့် တစ်မျိုးတစ်မည် ကြံ၍ သံတော်ဦးတင်မှ သက်သာရာရဖွယ်ရှိသည်၊ ဤသို့စဉ်းစားမိကြသောကြောင့် မဟာရာဇာအား "အိပ်မက်မကောင်းသဖြင့် ယတြာချေမှု ဘေးကင်းစရာရှိပါသည်"ဟု လှည့်ပတ်၍ သံတော်ဦးတင်ကာ "စုတမဂ္ဂဖြင့် ပြည့်သော လှေလောင်းစကျင်း၌ ခေတ္တလျောင်းနေဖို့" အကြံပေးကြလေသည်၊ ထိုအခါ အကျိုးလိုလားသောအမတ်များဖြစ်၍ "ထိုအတိုင်းပြုလုပ်တာပေါ့"ဟုခွင့်ပြုလေသည်။

သံတော်ဦးတင်ကြပုံ

စတုမဂ္ဂဖြင့် ပြည့်သော စကျင်းထဲ၌ ဘွဲ့ဖြူဝတ်လဲတော်ကိုဝတ်ထားသော မဟာရာဇာ ကို နာခေါင်းပေါ်ရုံမျှ အိပ်စေပြီးမှ လိမ္မာ ပါးနပ်သော အမတ်တစ်ယောက်သည် ဆံပင်တို့ကို ဖားယားချပြီးလျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်ဘက်သို့ လက်အုပ်ချီ၍ ... အရှင်မဟာရာဇာ... သေခြင်းမှ လွတ်ကင်းနိုင်သောပုဂ္ဂိုလ်မရှိပါ၊ ကျွန်တော်မျိုးတို့ ကိုးကွယ်ရာဖြစ်တော်မူသော ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရာ

လယ်ယာမြေကောင်း ဖြစ်တော်မူသော ဘိသိက်ရေစင်ကို ဦးထိပ်၌ သွန်လောင်းလိုက်သကဲ့သို့ စိတ်နှလုံးကို အေးမြစေနိုင်သော ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူပါပြီ၊ ဤသို့ သံတော်ဦးတင်လိုက်သောအခါ မဟာရာဇာသည် အမှတ်သညာ မရှိတော့ဘဲမေ့သွား၏။ အိပ်နေရာ စတုမဓူကျောင်း၌ရှိသော စတုမဓူများပင် အပူငွေ့ထွက်လောက်အောင် တစ်ကိုယ်လုံးပူလာလေသည်၊

ဒုတိယ တတိယကျောင်းသို့ ရွှေ့ရပုံ

ထိုအခါ အမတ်တို့သည် မဟာရာဇာကို ဒုတိယ စတုမဓူကျောင်းသို့ ပြောင်းရွှေ့၍ အပူသက်သာမှ သတိရသဖြင့်"အဘတို့ . . ဘာစကားပြောလိုက်ကြပါသလဲ" ဟု မေးနိုင်လေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူကြောင်းကို သံတော်ဦးတင်ကြပြန်သော် ရှေ့အတိုင်း သညာကင်း၍ မေ့သွားလေရာ တစ်ကိုယ်လုံးပူကာ စတုမဓူမှ အငွေ့ထလာလျှင် တတိယ စတုမဓူကျောင်းသို့ ပြောင်းရွှေ့ကြရပြန်သည်၊ သက်ရသာရာရ၍ ထပ်မေးသောအခါ ထိုအတိုင်းသံတော်ဦးတင်ကြရလျှင် ထပ်၍မေ့မျောသွားလေသည်၊ ထိုအခါအပူငွေ့ထနေသော တတိယစတုမဓူကျောင်းမှ ဆယ်ယူကြပြီးလျှင် ရေဖြင့်စင်ကြယ်စေ၍ အေးမြနေသော ရေအိုးတို့ဖြင့် လောင်းပေးကြရလေသည်။

သရက်ဥယျာဉ် သွားခြင်း

မဟာရာဇာသည် သတိရသောအခါ ဆံပင်တို့ကို ကျောပေါ်သို့ဖြန့်၍ ရင်ကိုဖိထားပြီးလျှင် ငိုကြွေးလျက်လမ်းမဘက်သို့ထွက်းသွားလေရာ မောင်းမအများပင် နောက်က လိုက်သွားကြလေသည်၊ မဟာရာဇာသည်

မြို့မှထွက်၍ ဇီဝက၏သရက်ဥယျာဉ်သို့ သွားပြီးလျှင် ပဌမဆုံး တရားနာရသော အရပ်ကို တစိမ့်စိမ့်ကြည့်လျက်– "အလုံးစုံကို အကုန်မြင်သော ရှင်တော်မြတ်ဘုရား . . . ဤနေရာ၌ ထိုင်တော်မူ၍ တရားဟောတော်မူကာ ဒကာတော်၏ သောကပြောင့်ကို နှုတ်တော်မူခဲ့သည်မဟုတ်ပါလားဘုရား။ ဒကာတော်သည် ရှင်တော်မြတ်ဘုရားကို အသက်အပ်၍ ဆည်းကပ်ခဲ့သည် မဟုတ်ပါလားဘုရား၊ ယခုတော့ လျှောက်ထားသမျှကို ပြန်၍မျှ မိန့်တော်မမူတော့ပါလား ဘုရား" ဤသို့ ဘုရားရှင်၏ ဂုဏ်တော်ကို ပြောဆိုကာ ငိုကြွေးရှာလေသည်။

ဓာတ်တော်ရဘို့ ကြိုးစားခြင်း

ဤသို့ငိုကြွေးရင်းပင် စဉ်းစားမိသည်မှာ– ငါသည် ငိုနေရုံဖြင့် ကိစ္စပြီးမည်မဟုတ်၊ အရိုးဓာတ်တော်များကိုရဖို့ အရေးကြီးသည်၊ ဤသို့သတိရ၍ ကုသိနာရုံပြည် မလ္လာမင်းတို့အထံသို့ ဓာတ်တော်များကို မိမိအဖို့ ရလိုကြောင်း, မိမိလည်းဓာတ်တော်များကို ဌာပနာရာ ပုထိုးတော်တည်၍ ကိုးကွယ် ပူဇော်လိုကြောင်းကို တမန်လွှတ်၍ အကြောင်းကြားလေသည်၊ ထိုသို့ အကြောင်းကြားပြီးသော်လည်း "ကျေကျေနပ်နပ် ဝေငှ၍ပေးလျှင် ကိစ္စအေးနိုင်၏။ ကျေကျေနပ်နပ် ဝေငှ၍ မပေးလျှင် ရနိုင်သောနည်းလမ်းဖြင့်အရယူမည်"ဟု စိတ်ကိုဆုံးဖြတ်လျက် စစ်တပ်နှင့်တကွ မိမိကိုယ်တိုင် ကုသိနာရုံပြည်သို့ ထွက်သွားလေသည်။

အခြားမင်းများ

အဇာတသတ်မင်းကဲ့သို့ ထိုစဉ်က ဗုဒ္ဓဘာသာ ဖြစ်နေကြသော ဝေသာလီပြည်ရှင် လိစ္ဆဝီမင်းတို့သည်လည်းကောင်း, ကပိလဝတ်ပြည့်ရှင် သာကီဝင်မင်းတို့သည်

လည်းကောင်း, အလ္လကပ္ပတိုင်း၏ မင်းတို့သည်လည်းကောင်း, ရာမရွာစားကောဠိယမင်းတို့သည်လည်းကောင်း, ဝေဒေဒိပကပုဏ္ဏားသည်လည်းကောင်း, ပါဝါတိုင်းရှင် မလ္လာမင်းတို့ သည်ဂင်း,အသီးအသီး ဓာတ်တော်တို့ကို ရဖို့ရန် တမန်စေလွှတ်၍ ကိုယ်တိုင်လည်း စစ်တပ်ဖြင့် ထွက်လာကြလေသည်။

ဒေါဏပါမောက္ခကြီးက သတိပေးရခြင်း

ကုသိနာရုံပြည်သို့ ရောက်လာကြသော ခုနစ်ပြည်ထောင်မင်းတို့က ဓာတ်တော် ဝေငှဖို့ရန် ရာဇသံပေးကြသော်လည်း ကုသိနာရုံပြည် မလ္လာမင်းတို့ကမူ "နမယံ ဒဿာမ ဘဂဝတော သရီရာနံ ဘာဂံ– ငါတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ဝေငှ၍မပေးနိုင်"ဟု အပြင်းအထန်ငြင်းဆန်နေရကားဓာတ်တော်များအတွက် စစ်တိုက်ကြရတော့မည်ကဲ့သို့ ဖြစ်လေသည်၊ ထိုအခါ များစွာသော ဇမ္ဗူဒီပ်မင်းတို့၏ ဆရာဖြစ်ဖူးသော ဒေါဏပြဟ္မဏ ပါမောက္ခသည် မြင့်သောအရပ်သို့တက်၍ အားလုံးကြားအောင် ပြောသော်လည်း အသီးသီးကြုံးဝါးနေကြသောအသံဖြင့် ဆူညံနေကြသောကြောင့် ပဌမအကြိမ်၌ မည်သူမျှမကြားရ၊ ဒုတိယ ထပ်မံပြောဆိုပြီးခါနီးသောအခါ အနည်းငယ်ကြားရ၍ "ဆရာ့အသံနှင့်တူတယ်"ဟု ပြောကြပြီးလျှင် အားလုံးတိတ်ဆိတ်သွားကြလေသည်၊ ထိုအခါ ပါမောက္ခဆရာကြီးသည် အောက်ပါစကားကို ပြောပြလေသည်။

အမောင်တို့ ... ဆရာ့စကားကို နားစိုက်ကြစမ်းပါ၊ ဆရာတို့၏ ဗုဒ္ဓမြတ်စွာသည် ခန္ဓီဝါဒ (သည်းခံခြင်းကို ဟောတော်မူလေ့) ရှိတော်မူကြောင်းကို အားလုံးအသိဖြစ်ပါတယ်၊ အမြတ်ဆုံး

ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ဝေစုရဖို့ အတွက် သတ်ကြမြတ်ကြ စစ်ဖြစ်ရတယ်"ဆိုတာ ကြားလို့မှ မတော်ပါ။

အမောင်တို့အားလုံး ဝမ်းသာရှင်ပျ ညီညွတ်ကြပါ၊ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်တို့သည် စေတီပုထိုးတော်၌ ဌာပနာ၍ အားလုံးကိုးကွယ်ကြဖို့ရာ အရပ်တိုင်း၌ ပြန့်နှံ့တော် မူစေချင်ပါတယ်၊ ဗုဒ္ဓမြတ်စွာကို နိုင်ငံအနှံ့အပြား လူအများက ကြည်ညိုကြပါတယ်၊ ထို့ကြောင့်ဓာတ်တော်တို့ကို အညီအမျှဝေငှဖို့ရာ ရှစ်ပုံပုံကြပါစို့။ [ဒေါဏပါမောက္ခကြီးသည် အနာဂါမ်တည်ပြီးသော အရိယာပုဂ္ဂိုလ်ဟုစတုက္ကဏ္ဍတ္ထရ,ပဌမပ, ဒေါဏသုတ်၌ ဆိုသည်။]

ဓာတ်တော်ဝေပုံ

ဤစကားကို ပြောပြပြီးသောအခါ အားလုံးမင်းများသည် ထိုအတိုင်းသဘောတူကြသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များတည်ရာ ရွှေခေါင်းတော်၏ အနီးသို့ ရောက်လာကြ၍ ဓာတ်တော်များကို မြင်ရသောအခါ ဖြေမဆည်နိုင် တဖြိုင်ဖြိုင်ကျလာသော မျက်ရည်များဖြင့် " အို... သဗ္ဗညုတုရား... ရှေးက လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော ကိုယ်တော်ကို ဖူးမြင်ရသလို, ယခုမမြင်ရတော့ဘဲ အရိုးဓာတ်တော်များကိုသာ ဖူးမြင်ရပါပေါ့ဘုရား" ဟု တသင်ကြွေးကြွေးရှာသည်။

မှတ်ချက်။ ။ ဗုဒ္ဓမြတ်စွာ၏ အရိုးတော်များကို ပထဝီအာပေါစသော ဓာတ်ကြီးများ အစုအဝေးဖြစ်သောကြောင့် "ဓာတ်တော်" ဟု ကျမ်းဂန်တို့၌ သုံးစွဲထား၏။ ထိုအရိုးတော်များတွင် စွယ်တော်

၄ဆူ, ညှပ်ရိုးတော် ၂ဆူ, နဖူးသင်းကျစ်တော် ၁ဆူ, ဤခုနစ်ဆူသာ ပင်ကိုယ်အတိုင်းတည်၍ ကြွင်းအရိုးတို့မှာ အစိတ်စိတ် အမှွာမှွာ ဖြစ်ကြသည်တဲ့၊ လူနတ်အများ ကိုးကွယ်နိုင်အောင် ဘုရားရှင် ကိုယ်တော်တိုင် အဓိဋ္ဌာန်တော်မူခဲ့သောကြောင့်တည်း။

လက်ျာစွယ်တော်

ထိုသို့အမှတ်တမဲ့ ဝိုကြွေးနေခိုက်၌ ဒေါဏ ပါမောက္ခကြီးသည် လက်ျာစွယ်တော်ကို ကောက်ယူ၍ သူ၏ ဦးရစ်ခေါင်းပေါင်း အတွင်းသို့ တင်သွင်းလိုက်၏ ၊ ထို့နောက် ဓာတ်တော်ဝေနေခိုက်မှာ သိကြားမင်းက "ဒေါဏ ပါမောက္ခကြီးသည် လက်ျာစွယ်တော်နှင့် လျော်အောင် ခမ်းခမ်းနားနား ပူဇော်နိုင်မည် မဟုတ်"ဟု သိ၍ ထိုဦးရစ်ခေါင်းပေါင်း အတွင်းမှ တာဝတိံသာသို့ ပင့်ပြီးလျှင် စူဠာမဏိစေတီတော်၌ တည်စေလေသည်၊ ဒေါဏပါမောက္ခကြီးလည်း ဓာတ်တော်ကို ဝေပြီးမှ သူ၏စွယ်တော်ကို မတွေ့ရ၍ ဓာတ်တော်ခြင့်သောခွက် ကိုသာ ပူဇော်ရရှာတော့သည်။

ဓာတ်တော်၏ အရွယ် အဆင်းတော်

အရိုးဓာတ်တော်တို့တွင် အငယ်ဆုံး ဓာတ်တော်သည် မုံညင်းစေ့ ပမာဏ ရှိ၍ အဆင်းအားဖြင့် မြလေးပန်းငုံ အဆင်းရှိ၏။ အလတ်စားဓာတ်တော်သည် အလယ်၌ ချိုးအပ်သော ဆန်ကျိုးပမာဏရှိ၍ အဆင်းအားဖြင့် ပုလဲအဆင်းရှိ၏။ အကြီးဆုံး ဓာတ်တော်သည် အလယ်၌ ခွဲအပ်သော ပဲနောက်စေ့ ပမာဏရှိ၍ အဆင်းအားဖြင့် ရွှေအဆင်း ရှိ၏ ဟု မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဗုဒ္ဓဝင်ပါဠိတော်၌ မိန့်သည်။

ဓာတ်တော်များကို ပူဇော်ကြပုံ

ပြအပ်ခဲ့သော မင်းတို့သည် အသီးအသီး ဝေစုရသော ဓာတ်တော်တို့ကို မိမိနေပြည်တော်သို့ ဆောင်ယူ၍ စေတီ–ပုထိုးတော် တည်ကြပြီးလျှင် ထိုစေတီ–ပုထိုးတော်အတွင်းသို့ သွင်းကာ ပူဇော်ကြလေသည်၊ အဇာတသတ်မင်းကား ကုသိနာရုံပြည်မှ ၂၅ယူဇနာ ဝေးသောရာဇဂြိုဟ်ပြည်တိုင်အောင် ဓာတ်တော်တို့ကို ပူဇော်ရင်း ခုနစ်နှစ် ခုနစ်လ ခုနစ်ရက် ကြာသောအခါ မိစ္ဆာအယူရှိသူတို့ကကဲ့ရဲ့ကြသောကြောင့် (ထိုသူတို့အား အပြစ်မများစေခြင်းငှါ) ရဟန္တာများ၏ မေတ္တာရပ်ခံချက်ဖြင့် ရာဇဂြိုဟ်မြို့သို့ရောက်အောင် ပင်ဆောင်ရလေသည်၊ ထို့နောက်ဓာတ်တော်တို့ကို ဌာပနာဖို့ရာ စေတီ–ပုထိုးတော်ကို တည်၍ အမြဲပူဇော်မှုကို ပြုလေသည်၊ ဝိပ္ပလိ ဝနအရပ်၌ နေကြသော မောရိယမင်းတို့ကားဓာတ်တော်ဝေပြီးမှ ရောက်လာ၍ မီးသင်ဂြိုဟ်ရာဌာနမှ မီးကျီး(မီးသွေး) ကိုသာ ရကြသောကြောင့် ထိုမီးကျီး(မီးသွေး)များကိုပင် စေတီတည်၍ ပူဇော်ကြရသည်။

စေတီတော်များကြောင့် မင်္ဂလာရှိပုံ

ဤနည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော် ဌာပနာရာ စေတီ–ပုထိုးတော်တို့သည် ဇမ္ဗူဒီပ်မြေ အပြင်၌ ပြည်ရွာပေါင်း ဆယ်ဌာနဝယ် ပူဇော်ဖွယ်အဖြစ်ဖြင့် တည်နေရကား ထိုစေတီတော်များကို ပူဇော်နေရသော တိုင်းသူပြည်သားတို့မှာ အမြဲကုသိုလ်တိုးပွားနေသောကြောင့် စေတီတော်များသည် ဇမ္ဗူဒီပ် မြေအပြင်ကို ကြက်သရေ မင်္ဂလာရှိအောင်

တန်ဆာဆင်ထားသကဲ့သို့ ဖြစ်ပါပေသည်။ "ထိုကဲ့သို့ မြင့်မြတ်သော စေတီ–ပုထိုးများကို အမြဲပူဇော်နေကြရသော သူတော်ကောင်းမိဘ တို့၌ မိဘစကားကို နားထောင်သော အရာရာပြည့်စုံ၍ လိမ္မာသော ပညာရှိ သားကောင်းထွန်းကားနိုင်သည်" ဟု ဟိတောပဒေသ၌ ဆိုသည်။

စွယ်တော်ဆံတော် သွားတော်များ

ဗုဒ္ဓမြတ်စွာ၏ စွယ်တော်ဂဆူတွင် လက်ျာ စွယ်တော် တစ်ဆူကို သိကြားမင်းပင့်၍ တာဝတိံသာ နတ်ပြည်၌ နတ်အများ ပူဇော်ကြရသည်၊ တစ်ဆူကား ဂန္ဓာရပြည်၌ အပူဇော်ခံတော်မူရ သည်၊ တစ်ဆူကို ကာလင်္ဂမင်း၏ နေပြည်၌ နဂါးမင်းဆောင်ယူ၍ ပူဇော်လေသည်၊ သွားတော်ဂဝနှင့် ဆံတော် မွေးညှင်းတော်တို့ကို နတ်အများတို့သည် စကြဝဠာ အရပ်ရပ်သို့ ပင့်ဆောင်၍ ပူဇော် ကြလေသည်။

ဓာတ်တော်တိုက်

ဤပြအပ်ပြီးသော အစီအစဉ်ဖြင့် ဓာတ်တော် တို့ကို ထည့်သွင်း ဌာပနာရာဖြစ်သော စေတီတော်များကိုအရပ်ရပ်၌ တည်ပြီး၍ ကာလအတော်ကြာလသော် အရှင်မဟာကဿပသည် အနာဂတ်ကာလ၌ ဗုဒ္ဓဘာသာဝင်မဟုတ် သေးသော မင်းများ၏လက်ထက်ဝယ် ဓာတ်တို့တို့မှာ အန္တ ရာယ် ဖြစ်မည့်အရေးကို တွေးမြင်တော်မူ၍ အဇာတသတ် မဟာရာဇာနှင့် တိုင်ပင်ပြီးလျှင် ဓာတ်တော်များကို သိမ်းဆည်းထားဖို့ရန် စီစဉ်ရ တော့၏။ ထို့ကြောင့် မဟာရာဇာသည် ဓာတ်တော်တို့ကို မြှုပ်နှံ သိမ်းထားဖို့ရန် ဓာတ်တော်တိုက်ကို စီမံလေသည်။

ဓာတ်တော်များကို သိမ်းယူပုံ

အရှင်မဟာကဿပ မထေရ်မြတ်သည် ထိုထို မြို့ရွာ စေတီတော်များ၌ ဌာပနာအပ်သော ဓာတ်တော်များ၏ အနာဂတ် အန္တ ရာယ်ကို ဆိုင်ရာမင်းတို့အား ပြောပြလေသော် ထိုမင်းတို့၏ သဘောတူညီ ချက်ဖြင့် ထိုမင်းတို့လက်၌ ပူဇော်ဖို့မျှ အနည်းငယ်စီကို ချန်ထား၍ အားလုံး ဓာတ်တော်များကို ရာဇဂြိုဟ်မြို့သို့ ပင့်ခဲ့ရလေသည်။ [ရာမ ရွာ၌ ဓာတ်တော်တို့ကို နဂါးတို့က ပူဇော် စောင့်ရှောက်ထားသော ကြောင့် အန္တ ရာယ်မရှိနိုင်၍ ချန်ခဲ့သည်၊ ထိုဓာတ်တော်တို့ကို သီဟိုဠ် ကျွန်း၌ သာသနာထွန်းသောအခါ မဟာစေတီ၌ ဌာပနာလိမ့်မည်။

ဓာတ်တော် သိမ်းဆည်းရာဌာန

အရှင်မဟာကဿပ မထေရ်သည် ရာဇဂြိုဟ် မြို့၏ အရှေ့တောင်ထောင့်အရပ်၌ ရပ်တော် မူ၍ "ဤအရပ်မြေအတွင်း၌ ရှိသမျှကျောက်ခဲ ကျောက်တုံးတို့သည် ကွယ်ပပျောက်နိုင်သတည်း၊ မြေသည် သန့်ရှင်း စင်ကြယ်ပါစေသတည်း" ဤသို့အဓိဋ္ဌာန်တော်မူ၏။ မဟာရာဇာသည် ထိုအရပ်၌ အတောင်ရှစ်ဆယ်နက်အောင် တူးစေ၍ ရသမျှ မြေတို့ကို အုတ်ဖုတ်စေပြီးလျှင် ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီများကို တည်စေ၏။ လူအများက "မဟာရာဇာသည် မဟာသာဝကတို့၏ စေတီတော်များကို တည်စေ၏" ဟုမှတ်ထင်ကြလေသည်။

ဓာတ်တော်များကို သိမ်းဆည်းပုံ

အတောင်ရှစ်ဆယ်နက်သောအခါ ထိုမြေပြင်၌ သံပြားတို့ကို ခင်းစေ၍ သီဟိုဠ်ကျွန်း၌ ထူပါရုံ စေတီတော်မျှ ပမာဏရှိသော ကြေနီကျောင်း ဆောင်ကို တည်စေ၏။ ထို့နောက် အဆင့်ဆင့် အပြင်ဘက်ကင်ုနိုင်

လောက်သော ရှစ်မျိုး ရှစ်မျိုးစီသော စန္ဒကူးအစရှိသော နံ့သာ ရတနာကြေတ်တို့ကို ငုံနိုင်လောက်သော စန္ဒကူးနီစေတီတော် အစ ရှိသော ရှစ်ဆူ ရှစ်ဆူသော စေတီ–ပုထိုးတော်တို့ကို ပြုလုပ်စေ၏။ ထိုသို့ ပြုအပ်ပြီးသော ကြေတ်တို့တွင် ပဌမကြေတ်၌ ဓာတ်တော်တို့ကို သွင်း၍ အဆင့်ဆင့် ငုံနိုင်သော ခုနစ်လုံးသော ကြေတ်တို့အတွင်းသို့ သွင်းပြီးမှ ထိုကြေတ်တို့ကို ပဌမစေတီတော်သို့ သွင်းစေ၏။ ထိုနောက် ဒုတိယ တတိယစသော စေတီတော်အတွင်း၌ စေတီငယ်များပါ အဆင့်ဆင့် သွင်းစေ၏။ ဤနည်းအားဖြင့် စန္ဒကူးနီကြေတ်, စန္ဒကူနီ စေတီတော်စသည်ဖြင့် ဆင့်ကာဆင့်ကာ သွင်း၍ နောက်ဆုံး၌ ဖလ စေတီတော်သို့ သွင်းလေသည်၊ ထို ဖလစေတီတော်သည် သီဟိုဠ် ကျွန်း၌ ထူပါရုံစေတီတော်မျှ ပမာဏရှိ၏။ ထိုစေတီ၏ အထက်၌ ရတနာကျောင်းဆောင်ကိုလည်းကောင်း, ထိုကျောင်း၏ အထက်အ ထက်၌ ရွှေ ကျောင်းဆောင်, ငွေကျောင်းဆောင်, ကြေးနီကျောင်း ဆောင်တို့ကိုလည်းကောင်း, အဆင့်ဆင့်ဖုံးအုပ် မိုးကာစေသည်။

အားရစွာပူဇော်ပုံ

အထက်ဆုံး ကြေးနီ ကျောင်းဆောင်ပေါ်၌ ကား ရတနာသဲမှုန့်တို့ကို ဖြန့်ကြဲစေပြီးလျှင် ရေပန်း ကုန်းပန်း အမျိုးမျိုးဖြင့် ပူဇော်ထား၏။ ငါးရာငါးဆယ် ဇာတ်နိပါတ်အရှေ့, သုဒ္ဓါဒနမဟာရာဇာနှင့် မယ်တော်မာယာ အရှေ့, ဖွားဘက်တော် ရယောက် အရှေ့စသော ရှေ့တုများကို ထုလုပ်ပူဇော်၏။ ရေဖြင့်ပြည့်သော ရွှေရေအိုးငါးရာ, ငွေရေအိုး ငါးရာကိုလည်း ပူဇော်ထား၏။ ငါးရာသော တံခွန်တို့ကိုလည်း စိုက်ထူ၏။ နံ့သာဆီဖြင့် ပြည့်သော ဘွဲ့ဖြူအဝတ်မီးစာလည်းပါသော ရွှေဆီမီးခွက်, ငွေဆီမီးခွက် ငါးရာစီတို့ဖြင့်လည်း ပူဇော်လေသည်။

အရှင်မဟာကဿပနှင့် မဟာရာဇာ

အရှင်မဟာကဿပမထေရ်သည် "ပန်းတို့ သည် မနွမ်းပါစေကုန်သတည်း၊ နံ့သာတို့ သည် ရနံ့မပြယ်ပါစေကုန်သတည်း။ ဆီမီး တို့သည် မငြိမ်းပါစေကုန်သတည်း" ဤသို့ဝိဿဇ္ဇနာပြီးလျှင် "အနာဂတ် ကာလ၌ ဝိယဒဿီ (ဝိယဒါသ)အမည်ရသော မင်းသားသည် ထီးဖြူကိုစိုက်ထူ၍ အသောကမဟာရာဇာ ဖြစ်လိမ့်မည်၊ ထိုတရား မင်းသည် ဤသိမ်းဆည်းအပ်ပြီးသော ဓာတ်တော်တို့ကို အရပ်ရပ်ပြန့်နှံ့အောင်ပြုလိမ့်မည်" ဟုစာလုံးတို့ကိုထွင်းစေတော်မူသည်။

ကျောင်းဆောင်မှ ထွက်ခဲ့ကြခြင်း

အဇာတသတ်မဟာရာဇာလည်း စေတီတော် ကျောင်းဆောင်တို့ကို အစဆုံးကျောင်းဆောင် မှစ၍ တံခါးပိတ်လျှက် ထွက်ခဲ့ရာ နောက်ဆုံး ကြေးနီကျောင်းဆောင်မှ ထွက်သောအခါ (ရှေးက "တံခါးရွက်ကို ဆွဲ၍ပိတ်ရသော နေရာဝယ် ထားအပ်သော ကြိုး၌) သံကောက်နှင့် မင်းတုတ်ကိုတပ်ပြီးလျှင်... ထိုနေရာ၌ပင် ကြီးစွာသောပတ္တမြားတုံးကို ထား၍ အနာဂတ်ကာလ၌ ဆင်းရဲသောမင်းသည် ဤပတ္တမြားတုံးကို ယူ၍ ဓာတ်တော်တို့ကို ပူဇော်ပါလော" ဟု အက္ခရာစာလုံးကို ထွင်းထား(ရေးသား)စေလေသည်။

အားလုံး အနိစ္စ အနိစ္စ

ဤသို့အရှင်မဟာကဿပနှင့် အဇာတသတ် မဟာရာဇာတို့သည် ဓာတ်တော်တို့ကို သိမ်း ဆည်း၍ ဌာပနာသောအားဖြင့် ကိုယ်စီကိုယ်ငါ ဃာသနှဲ့တာဝန်ကို ဆောင်ကြပြီးလျှင် အရှင်မဟာကဿပမထေရ် မြတ်သည် သက်တော် တစ်ရာ့နှစ်ဆယ်အရွယ်တော် ရောက်သော

အခါ ပရိနိဗ္ဗာန်စံတော်မူ၍ အဇာတသတ်မဟာရာဇာလည်း ကံ အားလျော်စွာ ကွယ်လွန်ရလေသည်၊ အားလုံး အနိစ္စ, အနိစ္စ, အနိစ္စ တို့ပါတကား။

သိကြားမင်းက ဝိသကြ္ခေစလွှတ်ပုံ

အဇာတသတ် မဟာရာဇာနှင့် အရှင်မဟာကဿပတို့၏ ဓာတ်တော်သိမ်းမည်းမှု ပြီးစီးသောအခါ သိကြားမင်းသည် ထိုဓာတ်တော်သိမ်းဆည်းရာဌာန အရပ်၌ အစောင့်အရှောက်ထားဖို့ရန် ဝိသကြ္ခေနတ်သားကို စေခိုင်းလေသည်၊ ဝိသကြ္ခေနတ်သားသည် တိုအရပ်သို့သွား၍ ဓာတ်တော်သိမ်းထားရာ တိုက်ခန်းအတွင်း၌ ဖလ်ရောင်တောက်နေသော သန့်လျက်တို့ကို စွဲကိုင်ထားသောယန္တရားစက်ရုပ်တို့ကို လေအဟုန်ကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပတ်ပတ်လည်လှည့်နေအောင် တပ်ဆင်ထားပြီးလျှင် ပတ်ဝန်းကျင်၌ အုတ်တိုက်ကဲ့သို့သော ကျောက်တိုက်အကာအရံကို ပြု၍ အပေါ်၌ ကျောက်ချပ်ဖြင့် ပိတ်ပြီးလျှင် မြေမှုန့်တွေကိုထည့်၍ မြေကို အညီအမျှပြုပြီးနောက် အပေါ်က ကျောက်စေတီတော်ကို တည်ထားလေသည်။

ဝမ္မာသောကမင်း၏ စေတီတော်များ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး၍ အနှစ် ၂၁၈နှစ် မြောက်၌ "ဝိယဒဿီ" မည်သော မင်းသားသည် ညီတော် နောင်တော်များကို လွှမ်းမိုး၍ အာဘိသိတ်ခံ မဟာရာဇာ ဖြစ်လာလေသည်၊ ထို မဟာရာဇာသည် ရှေးဦးစွာ ဗြာဟ္မဏာတို့ကို ရိုးရာအတိုင်းကိုးကွယ်သော်လည်း နိဂြောဓ သာမဏေကို တွေ့မြင်ရသည်မှစ၍ သာသနာတော်ကို ကြည်ညိုလာသောအခါ ဗုဒ္ဓမြတ်စွာ၏ ဝမ္မဂွန္ဓာပေါင်း

ရှစ်သောင်းလေးထောင်ကို ကြည်ညိုလာ၍ ၉၆ ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ်ကာ ရှစ်သောင်းလေးထောင်သော စေတီတော်များနှင့်တကွ ရှစ်သောင်းလေးထောင်သော ကျောင်းတိုက်တို့ကို တည်ဆောက်လေသည်။

ဓာတ်တော်တိုက်ကို ဖွင့်ခြင်း

ထိုအခါစေတီတော်များ၌ ဌာပနာရန်ဓာတ်တော်တို့ကို စုံစမ်းသောအခါ ထိုနေရာကို တွေ့၍ အစဉ်အတိုင်း ဓာတ်တော်တိုက်ကို ဖွင့်လေသည်၊ "အနာဂတ်အခါ၌ ဆင်းရဲသောမင်းသည် ဤပတ္တမြားတုံးကို ယူ၍ ပူဇော်ရစ်စေသတည်း" ဟူသော စာတမ်းကိုတွေ့ရသောအခါ ဗိမိုက်ဘုရင်မင်းကို "ဆင်းရဲသောမင်းဟု ဆိုရသလား" ဟုတွေးကာ မခံခြင် စိတ်ဖြစ်ပါသော်လည်း ထပ်၍ ဖွင့်သောအခါ "အနာဂတ်ကာလ၌ အသောကဝမ္မရာဇာသည် ဤ ဓာတ်တော်တို့ကို ပြန်.နှ.အောင်ပြုရစ်လိမ့်မည်" ဟူသော အရှင်မဟာကဿပ၏ စာတမ်းကို တွေ့ရသဖြင့် လက်ခမောင်းခတ်၍ အားတက်သရောဖြစ်ကာ လွန်စွာ ဝမ်းမြောက်လေ၏။ ထို့နောက် ဓာတ်တော်တို့ကို အနည်းငယ်သာ ထိုနေရာ၌ ချန်ထား၍ များစွာသော ဓာတ်တော်တို့ကို ဇမ္ဗူဒီပ (မဇ္ဈိမဒေသ)၌ အနှံ့အပြား တည်ထားသော စေတီတော်များဝယ် ဌာပနာသောအားဖြင့် လူများ၏ကိုးကွယ်ဖို့ရာ ဖြစ်စေလေသည်။

သာသနာပြု သားတော်သမီးတော်များ

ဝမ္မသောက မဟာရာဇာသည် ရှစ်သောင်းလေးထောင်သော စေတီတော်များကို တည်ရခဲ့ဖြင့် အားမရသေးဘဲ သာသနာတော်နှင့် ဆွေမျိုးဥာတိ တော်စပ်လို

သောကြောင့် အိမ်ရှေ့မင်းလောင်းဖြစ်သော သားတော် မဟိန္ဒကို သာသနာတော်တွင်းသို့ သွင်းကာ ရဟန်းပြုစေ၍ သွီးတော် သံဃ မိတ္တာကို ဘိက္ခုနီပြုစေလေသည်၊ ထိုသားတော်သမီးတော်များသည် သီဟိုဠ်ကျွန်း၌ သာသနာတော်ကို တည်စေ၍ သာသနာတော်ကို ထွန်းလင်းအောင်လည်းကောင်း, တည်တံ့အောင်လည်းကောင်း, ဆောင်ခဲ့ကြပေသည်။

ကျောက်တိုင် ကျောက်ပြားများ

ဗွောသောကမဟာရာဇာသည် ဗုဒ္ဓမြတ်စွာ၏ သြဝါဒ တရားတော်တို့ကို ကျောက်တိုင် ကျောက်ပြားပေါ်၌ ထွင်းစေ၍ လူအများ မြင်လောက်သော နေရာအနှံ့အပြား၌ စိုက်ထူကာ သြဝါဒ တရားတော်များကို တစ်တိုင်းပြည်လုံး လိုက်နာအောင် ကြိုးစားခဲ့ပေသည်၊ ထိုမဟာရာဇာ၏ ကြိုးစားမှုကြောင့် ဗုဒ္ဓသြဝါဒတော်ကို လိုက်နာသူတွေ ကျွန်ဗွီယနိုင်ငံ၌ များပြားလာရကား တိုင်းပြည်အုပ်ချုပ်ရာ၌လည်း ဗြိမ်ဝပ်ပိပြားဖို့ရာ ဗုဒ္ဓသြဝါဒတော်များသည် အထောက်အကူဖြစ်လာပါသတဲ့၊[ထိုမဟာ ရာဇာလက်ထက်၌ ဒုတိယသံဂါယနာတင်ရပုံကို အနာဂတ်သာသနာရေး ကျမ်းစာ၌ ပြထားပြီ။]

ဘုရားကြည်ညိုမှု သာသနာတော်ကို ပြုလိုကြ

ပြပြီးအပ်သော အဇာတသတ် မဟာရာဇာနှင့် အသောက မဟာရာဇာ တို့သည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို ကောင်းစွာ သိမြင်ကြ၏။ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်နှင့် အရိယာသံဃာတော်များသည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို ထိန်သိမ်းနိုင်ကြပေသည်"ဟု ယူဆ၍ ဓာတ်တော်တို့ကို လည်းကောင်း၊ အရိယာသံဃာတော်တို့ကိုလည်းကောင်း, . ပူဇော်

ထောက်ပံ့ခဲ့ကြပေ သည်၊ မှန်၏– ဗုဒ္ဓမြတ်စွာ၏သာသနာ ကွယ်ပလျှင် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များလည်း ကွယ်ပရမည်သာဖြစ်၏၊ ဗုဒ္ဓမြတ်စွာ၏ဂုဏ် တော်များနှင့် အဆုံးအမသာသနာတော်ကို မကွယ်ပအောင်ဆောင် နေသော ပုဂ္ဂိုလ်များကား ပိဋကတို့ကို သင်ယူ ပို့ချတော်မူကြသော ဆရာ အဆက်ဆက်နှင့် တရားတော်အတိုင်း နေထိုင်ကြသော သံဃာ များသာဖြစ်သည်။

ဆရာဒကာ သာသနာပြု

လူဝတ်ကြောင်ဖြစ်လျှင် ထိုသာသနာတော် ထိုသံဃာတော်များ တည်မြဲခိုင်ခဲ့အောင် သာသနပြု ပုဂ္ဂိုလ်များကို ကူညီ ထောက်ပံ့သော အားဖြင့် အားပေးကြရသည်၊ ဆရာသမား သံဃာတော်များဖြစ်လျှင်လည်း ကိုယ်တိုင် ကျင့်သောအားပြင့်လည်းကောင်း, တပည့်သံဃာ ဒကာ ဒကာမ တို့ကို တရားသိအောင် စာပေပို့ချခြင်း ဟောပြခြင်းအားဖြင့် လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်သည့်ဘက်က အားသွန်ကြိုးပမ်း စွမ်းတော်မူကြပေသည်၊ မြန်မာမင်းနှင့် မြန်မာမင်း များလက်ထက်၌ သာသနာပြုတော်မူကြသော ဆရာတော်များစွာကို လက်လှမ်းမှီသမျှ မှန်းချက်ကြည့်ပါ။

သီးလုံးဆရာတော်

ဗန်းမော်ဆရာတော်, သင်္ဂဇာဆရာတော်, ရွှေကျင်ဆရာတော် စသောရှေးဆရာတော်ကြီးများ၏ ဆရာဖြစ်တော်မူသော သီးလုံးဆရာတော်ဘုရားကြီး သည်ဗုဒ္ဓမြတ်စွာကို လွန်စွာကြည်ညိုသော ဆရာတော်ဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကိုလည်း အထူးကောင်းမွန်အောင် ဆောင်တော်မူ၏။ စာရေးတော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ ဆင်းတု

တော်ကို အနီးအပါး၌ ပူဇော်၍ ဗုဒ္ဓမြတ်စွာကို အမြဲသတိရအောင် ကြိုးစားတော်မူပါသည်တဲ့၊ ဝိမိအထံ နည်းခံဖို့လာသော ရဟန်းတော်များကိုလည်း ကျောင်းတိုက် အပြင်စရပ်၌ နေစေပြီးလျှင် အကျင့်စာရိတ္တကို ကျေနပ်တော်မူမှ ကျောင်းတိုက်အတွင်း၌ နေခွင့်ပေးတော်မူပါသည်တဲ့၊ ဤမျှလောက် သာသနာတော် သန့်ရှင်းရေးကို အလေးပေးတော်မူပါသည်။

ရှေကျင်ဆရာတော် ထိုဆရာတော်ကြီးမှ နည်းရတော်မူသော ရှေကျင်ဆရာတော်ဘုရားကြီးသည် ရဟန်းငယ်ဘဝ(၁၂ဝါလောက်)အချိန်က သစ်ဆိမ့်ကြီးရွာ ရွှေပိန်းကြီးဘုရားတိုက်အတွင်း၌ ရွှေသာလျောင်း ရုပ်ပွားတော်ကို ဖူးမျှော်နေစဉ် သက်တော်ထင်ရှား မြတ်ဘုရား ထင်မြင်လာသောကြောင့် ဝမ်းနည်း လွမ်းဆွတ်သလိုဖြစ်ကာ မျက်ရည်ကျသဖြင့် သက်တော်ထင်ရှား မြတ်ဘုရားကို နှိပ်နယ်သလို နှိပ်နယ်၍ ဝတ်ပြုခဲ့ပါသတဲ့၊ ထိုမျှလောက် ကြည်ညိုသောကြောင့် ဗုဒ္ဓမြတ်စွာကို ကျေးဇူးဆပ်သောအားဖြင့် သာသနာတော်ကိုလည်း သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ကြိုးစားတော်မူခဲ့ပါသည်။

ရှေကျင်ဆရာတော်ကြီးနှင့် မိဖုရားကြီး မယ်တော်ဆင်ဖြူမရှင် မိဖုရားကြီးသည် ရှေကျင်ဆရာတော်ဘုရားကြီးကို အထူးကြည်ညိုဟန် တူပါသည်၊ ထို့ကြောင့် သီပေါမင်း ပါတော်မူရမည့်နှစ်ဖြစ်သော ၁၂၄ရခုနှစ် ပဌမဝါဆိုလပြည့်ကျော် ၅ရက်နေ့၌ မင်းကွန်းငွေတောင်တောရဝယ် သီတင်းသုံးတော်မူသော ရှေကျင်ဆရာတော်ဘုရားကြီးအထံသို့ နောက်ပါ

လူတယောက်နှင့်တကွ "ငရွှန်း" အမည်ရှိသော မင်းခယောက်ျား တစ်ယောက်ကို ပိတ်သက်နှိုးစသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းဖို့ရန် စေလွှတ်၍ ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားကိုလည်း မှတ်သားခဲ့ဖို့ရန် မှာလိုက်လေသည်၊ ထိုဒါယကာလာ၍ အကျိုးအကြောင်းကို လျှောက်ထားသောအခါ အောက်ပါဩဝါဒကို မိန့်တော်မူပါသည်။

ဆရာတော်၏ဩဝါဒ "ယခုလို အိုမင်းမစွမ်းအရွယ်သို့ရောက်လာသော ဒါယိကာမကြီးမှာ ဤဘဝအတွက် စားရန်ဝတ်ရန် အိပ်နေရန်များ၌ စိတ်ဆင်းရဲဖွယ်မရှိ၊ နောက်ဘဝအတွက်သာ စိစစ်ဖို့ရန် လိုတော့သည်၊ နောက်ဘဝအတွက် သာသေလမ်းကောင်းအောင် အထူးပြုပြင်ချိန်တန်ပြီ၊ ထို့ကြောင့် တရားစာလည်းရ, ဘုရားရှိခိုးလည်း ရသော ဗုဒ္ဓပဏာမ (ဘုရားရှိခိုး) သုံးဂါထာကို နှုတ်တက်ရအောင် ကျက်၍ နေ့စဉ်မပြတ် ဘုရားကို အာရုံပြုရမည်" ဟုဩဝါဒစကားကို ရေးသားပြီးလျှင် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သော ဝိစိကြေဝန္ဒနာကျမ်း၌ပါသောပဏာမ ၃ဂါထာ ကို ရေးပေးတော်မူပါသည်တဲ့။ [ထိုဂါထာများသည် ထိုဘုရားရှိခိုး စာအုပ်၌လည်းကောင်း, ရှေးရိုက် ရတနာဘုဏ်ရည်၌လည်းကောင်းပါသည်။]

ပရဟိတဝန်ဆောင်များ ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှစ၍ သူတပါး၏စီးပွားချမ်းသာကို ဆောင်တော်မူလိုသောကြောင့် ဗုဒ္ဓဖြစ်အောင် ကြိုးစားတော်မူခဲ့သည်၊ ကြိုးစားသည်အားလျော်စွာ ဗုဒ္ဓဖြစ်တော်မူသော အခါ ၄၅ဝါတိုင်အောင် လူနတ်ပြဟ္မာ သတ္တဝါအများ၏ စီးပွားချမ်းသာကိုဆောင်တော်မူ၏။ ထိုသို့ ဆောင်တော်မူသောကြောင့်

ယခုတိုင်အောင် သူတော်ကောင်းအဆက်ဆက် မကုန်ပျက်သေးဘဲ ဗုဒ္ဓသာသနာတော်ဝယ် ဆရာအဖြစ် ဒကာအဖြစ်၌ ထင်ရှားကာ အနာဂတ်၌ ကျွတ်တမ်းဝင်ဖို့ ရေးရှုကြသော ပရဟိတဝန်ဆောင် စစ်စစ် သာသနာပြုများ ဖြစ်နေကြပါသည်။

ခရစ်တော် ဗုဒ္ဓါနုဿတိဘာဝနာကို ကောင်းစွာ ပွားများသော ပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာကိုပါရမီဖြည့်စဉ်က စ၍ ကြည်ညိုလှသောကြောင့် ဗုဒ္ဓမြတ်စွာ၏ နစဉ်အခါကဲ့သို့ ပရဟိတ ဆောင်နေသော ပုဂ္ဂိုလ်များကို မြင်ရကြားရသောအခါ ရဟန်း သံဃာဖြစ်လျှင် ဂိုဏ်းဂဏမရွေးဘဲ လေးစားသောစိတ် ဖြစ်နိုင်၏။ လူဝတ်ကြောင်းဖြစ်လျှင်လည်း အမျိုးဘာသာမရွေး ပုဂ္ဂိုလ်မရွေးဘဲ လေးစားကြည်ညိုနိုင်ပါသည်၊ ထို့ကြောင့် မိမိသည် များစွာသော လူတို့အပေါ်၌ မေတ္တာတရား ကရုဏာတရား သစ္စာတရား ခန္တီ တရားတို့ကို ပြန့်နှံ့အောင် သြဝါဒပေးနိုင်၍ မိမိကိုယ်ကို အနစ်နာ ခံသွားသော ခရစ်တော်ကို နစ်နစ်ကာကာ လေးစားသောကြောင့် ခရစ်တော်၏သာဝကများနှင့် ဆက်ဆံရာ၌ လွန်စွာပြေပြစ်ပါသည်။

သာသနာပိုင်နှင့် တွေ့ရပုံ အတော်ကြာသော အခါတုန်းက မိမိအထံသို့ အဝတ်အစား ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး ရောက်လာပါသည်၊ နောက်ပါ ပုဂ္ဂိုလ်တို့က "မြန်မာလူမျိုးဖြစ်သော ခရစ်ယာန်သာသနာပိုင်ပါ"ဟု ပြောသော ကြောင့် "အား... ဒီလိုဆိုလျှင် ဟိုဘက်နားမှာရှိသော ကုလားထိုင်ကို ယူပါ"ဟုနောက်ပါလူအများကိုပြော၍မိမိထိုင်နေသော ကုလားထိုင် မျိုး၌ထိုင်စေပါသည်၊ (နောက်ပါလူများလည်း"ဂိုဏ်းအုပ် ဂိုဏ်း

ထောက်များ"ဟုနောက်မှသိပါသည်၊) သူတို့သာသနာပိုင်ကို မိမိက အရေးပါပုံကိုကြည့်၍ အားလုံးက ပီတိဖြစ်နေကြဟန်တူပါသည်၊ မိမိအထံသို့ လာရခြင်းမှာ ဆရာကြီး ဦးဖေမောင်တင်က မြန်မာ ဘုန်းတော်ကြီးများနှင့် ရင်းနှီးလိုလျှင် (မိမိ၏အကြောင်းကို ပြော ပြ၍) မန္တ လေးရောက်တဲ့အခါ အဲဒီဘုန်းကြီးအထံ ဝင်ကြပါ– ဟု ညွှန်ပြသောကြောင့် ဝင်လာရကြောင်းကို သိရပါသည်၊ ထို့နောက် ကျောင်းတိုက်ကို လှည့်ပတ်ကြည့်ရှု၍ ကျောင်းတိုက်၏ သာယာပုံကို ချီးကျူးကာ အတော်ကြာကြာနေပြီးမှ ပြန်ကြပါသည်။

ဦးဖေမောင်တင် ဆရာကြီးသည် တစ်နေ့သ၌ (ယခုအခါမြန်မာစာ ပါမောက္ခဖြစ်နေသော) ဆရာဥုးတင်အေး အိမ်သို့ သွားရာဝယ် မိမိဟောအပ်သော တရားတိတ်ခွေကို နာနေ ခိုက်နှင့် ကြုံကြိုက်ပါသည်တဲ့၊ ထိုတရားသည် အနတ္တလက္ခဏာနှင့် ဆိုင်သောတရားဖြစ်ဟန်တူ၏။ ဆရာကြီးရောက်လာသောအခါ ဦးတင်အေးတို့က တရားတိခွေကိုရပ်ဖို့ ပြုလုပ်စဉ် ဆရာကြီးက မရပ်ပါနှင့်ဟု တား၍ ထိုတရားကို နာယူနေပါသည်တဲ့။

မိမိထံလာခြင်း ဆရာကြီးသည် မန္တ လေးသို့ ရောက်သောအခါ တပည့်များကို မိမိထံသို့အပို့ခိုင်း၍ တက္ကသိုလ်မှ တပည့်များနှင့်အတူ ရောက်လာပါသည်၊ ရောက်လျှင်ရောက်ခြင်းပင် "အမေရိကသို့ တရားဟောဖို့ရန်သွားစဉ်က အနတ္တအကြောင်းကို ပိုင်း၍မေးကြပါသည်၊ မိမိသည် ကျေနပ်အောင်မဖြေနိုင်ခဲ့ပါ"ဟု စကားချီ၍ အနတ္တအကြောင်းကို မေးပါသည်၊ မိမိလည်းရှင်းပြ လိုက်ပါသည်။

နောက်တစ်ကြိမ် ဆရာကြီးသည် တစ်နှစ်ခြားပြီးနောက် မန္တလေးသို့ ရောက်လာပြန်၏။ ထိုအကြိမ်၌လည်း အနတ္တအကြောင်းကိုပင် ဆွေးနွေးပါသည်၊ ထိုသို့ဆွေးနွေးနေစဉ် နေ့လည်လဘက်ရည်သောက်ချိန်ကျ၍ လဘက်ရည်သောက်ဖို့ရန် လာခေါ်သောအခါ "ဆရာတော်နှင့် ဆွေးနွေးရတာ စကားပြတ်ရော့မယ်၊ ငါ့ဖို့ဒီယူခဲ့ကြ" ဟုပြော၍ လက်ဘက်ရည်သောက်ရင်း ဆွေးနွေးမှုအပြတ်မခံခဲ့ပါ။ ထိုတစ်ခေါက်၌ကား ရင်းနှီးပြီး ဖြစ်သောကြောင့် အနတ္တလက္ခဏာကို ဆရာကြီးကျေနပ်သည့်အထိ ဆွေးနွေးသွားပါသည်၊ ဤမျှလောက်ပင် မိမိကို ယုံကြည်သောကြောင့် ခရစ်ယာန်သာသနာပိုင်ကြီးကို - မန္တလေးရောက်သောအခါ မိမိအထံဝင်ဖို့ညွှန်ကြားဟန်တူပါသည်။

ခရစ်ယာန်ဘာသာဝင်များ စည်းကမ်းရှိပုံ ခရစ်တော်၏ အယူဝါဒကို လိုက်နာကြသော ဘာသာဝင်တို့သည် များသောအားဖြင့် အရာရာ၌ စည်းကမ်းရှိကြ၏။ အိမ်တွင်းနေထိုင်ပုံ, မိမိတို့အချင်းချင်းပေါင်းသင်းဆက်ဆံပုံ, သွားလာဝတ်စားပုံ, ဘုရားကျောင်း၌ ဝတ်ပြုပုံ, ဆိုင်ရာတာဝန်ကို ဆောင်ကြပုံ, (ရှေးခေတ်က) တပည့်တို့အား ပညာသင်ပေးပုံ, ကိစ္စအားလျော်စွာ စည်းဝေးကြပုံ, နောက်ဆုံး၌ အသုဘ ပို့ဆောင်ပုံတိုင်အောင် ငွေကုန်မများစေဘဲ ကုန်သမျှလည်း အရာထင်အောင် စည်းကမ်းသေဝပ်ကြပုံကို တွေ့ရ၏။ ထိုသို့ အရာရာ၌ စည်းကမ်းသေဝပ်ကြသောကြောင့်ပင် ဗုဒ္ဓဘာသာဝင် မိဘတို့၏ သာသီးတစ်ချို့လည်း ခရစ်တော်၏ သာဝကအဖြစ်သို့ ရောက်သွားကြလေသည်။

မိမိလည်း စည်းကမ်းပေးပါ၏ စည်းကမ်းလိုက်နာမှု စည်းကမ်းသေဝပ်မှုသည် မည်မျှအရေးပါ၍ အရာရောက်ပါသနည်း၊ ထို့ကြောင့်ပင် မိမိကျောင်းတိုက်၌ သံဃာများအား ဗုဒ္ဓမြတ်စွာ၏ ကောင်းမြတ်သော စည်းကမ်းကို လိုက်နာကြအောင် နေ့စဉ် နံနက်တိုင်း ဩဝါဒပေးနေရပါသည်၊ မိမိ၏ ရင်းနှီးသူ ဒကာ ဒကာမများကိုလည်း ဘာသာရေးကိစ္စတို့၌ အကုန်အကျမများအောင် ကုန်ကျသမျှ အကျိုးရှိအောင် စပ်မိတိုင်း ဩဝါဒပေးနေပါသည်၊ သို့ပါလျက်လည်း ကြိုးစားသလောက် အထမမြောက်ပါ။

မကြာမကြာ စဉ်းစားမိခြင်း "ယခုအချိန်တိုင်အောင် နိုင်ငံအများ၌ ဘာသာဝင်အများ တည်ရှိစေနိုင်သော ခရစ်တော်သည် အဘယ်သို့သော ဩဝါဒများကို ပေးသွားပါသနည်း"ဟု မကြာမကြာ စဉ်းစားမိပါသည်။ ထိုသို့စဉ်းစားသောအခါ မေတ္တာကရုဏာကိုသာ ပဓာနထား၍ ပေးသွားသောဩဝါဒများကိုသိရပါသည်၊ "ထိုကဲ့သို့ လူအများတို့အား ကောင်းမွန်သော ဩဝါဒကိုပေးနိုင်သော ခရစ်တော်သည် ငယ်ရွယ်စဉ်ကနှစ်ပေါင်းအတော်ကြာအောင် မိမိနေရပ်မှ ပျောက်ကွယ်နေသည်" ဟုလည်း သိရပါသည်၊" ထိုသို့ ဩဝါဒမှန်များကို ပေးနိုင်သော ခရစ်တော်သည်နောက်ဆုံး၌ မသမာသူ လူအချို့၏ လုပ်ကြံခြင်းကို ခံရရာသည်" ဟုလည်းကောင်း, "ထိုသို့ လုပ်ကြံခံရရာ လက်ပါးကပ်တိုင်မှာလည်း ဒေါသမထွက် သည်းခံလျက်သာ ခန္တီမေတ္တာဩဝါဒကို ပေးရှာ သည်"ဟုလည်းကောင်း သိရပါသည်။

ပြဿနာဘုရင် "ခရစ်တော်၏ အတ္ထုပ္ပတ္တိဝယ် ပျောက်ကွယ်နေရာ နှစ်ပေါင်း အတော်များစွာ၌ ခရစ်တော်သည် ဘယ်နေရာသို့ ရောက်နေပါသနည်း" ဟူသော ပြဿနာသည်လည်းကောင်း, တိုင်ဩဝါဒမွန်များကို ခရစ်တော်သည် အဘယ်မှ ရခဲ့ပါသနည်းဟု လည်းကောင်း "ထိုဩဝါဒတရားမွန်များကို ပေးစွမ်းနိုင်သော မေတ္တာ ကရုဏာရှင် ခရစ်တော်ကို အဘယ်အကြောင်းကြောင့် အဘယ်ကဲ့သို့သော မနာလိုသူများက ထိုကဲ့သို့ ရက်ရက်စက်စက် ဖျောက်ဖျက်ရပါသနည်း" ဟုလည်းကောင်း ဤပြဿနာဘုရင်သည် ပိမိစိတ်မှာ တစ်ခါတစ်ခါ ပေါ်လာပါသည်။

ပြဿနာပေါ်ရခြင်း၏ အကြောင်း အဘယ်ကြောင့် ပြဿနာဘုရင်သည် မကြာမကြာပေါ်လာရသနည်း- ဟု မေးလျှင် ပိမိလည်း ပိမိနိုင်ငံအတွက် ဘာသာမရှေး သာသနာမရှေး ဂိုဏ်ဂဏမရှေး ကောင်းစေလိုသော ဆန္ဒဖြင့် ကြိုးစားနေရာဝယ် မကြာမကြာ မနာလိုသူများကို တွေ့ရ၏။ အနောက်အရှက်ကို ခံခဲ့ရ၏။ ထိုအခါ ပိမိနှင့် ရင်းနှီးသူတို့၏ အကူအညီကိုလည်းကောင်း, ပိမိ၏အလုပ်ကို အကောင်းဟု ယူဆကြသော ပုဂ္ဂိုလ်အများ၏ (နှုတ်ဖြင့်မျှ) ကူညီခြင်းကိုလည်းကောင်း, လုံလောက်အောင်မရသည့်အတွက် ခရစ်တော်၏ဖြစ်ပုံကို ကိုယ်ချင်း စာပိသောကြောင့်ဖြစ်ပါသည်။

ပြဿနာဘုရင်၏ အဖြေ ထိုသို့တစ်ခါတစ်ခါပေါ်လာသော ပြဿနာဘုရင်၏ အဖြေကို မကြာမီက ဖတ်ရသော "ဗုဒ္ဓဝါဒ ပြဿနာများ" ဟူသော စာအုပ်၌ တွေ့ရပါသည်၊ ထိုစာအုပ်ကား အိန္ဒိယ တရားဝန်ကြီးချုပ်ဟောင်း

ဒေါက်တာဘေကာ အမှုးရှိသော ထိပ်တန်းပရိသတ်ဝယ် ခရစ်ယာန် ဘုန်းတော်ကြီး ဂျေဝစ်ဆလင် အယ်(မ်)အေ အင်္ဂလိပ်ဘာသာ ပါမောက္ခက မေး၍, နိုင်ငံခြားသားဖြစ်သော အန္ဒိယ ဘုံဘိုင်မြို့, ဗုဒ္ဓဝိဟာရကျောင်းနေ အရှင်အရိယဝမ္ဗ (ဘီအေ)က ဖြေဆိုအပ်သော အကြောင်းအရာတို့ကို ဖေါ်ပြသော ကျမ်းစာအုပ်ဖြစ်ပါသည်၊ ထိုပြဿနာဘုရင်၏ အဖြေကို မေးခွန်းအမှတ် ၁၂၌ တွေ့ရပါသည်။

အရှင်အရိယဝမ္ဗ "အရှင်အရိယဝမ္ဗ" ဆိုသော ပုဂ္ဂိုလ်သည် သူကိုယ်တိုင် ခရစ်ယာန်အယူကို ယူပြီးမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ခေတ်ပညာတတ်ပုဂ္ဂိုလ်ဖြစ်ရုံသာမက, ကမ္ဘာပေါ်၌ရှိသော ဘာသာအယူဝါဒပေါင်း ၂၉မျိုးကို ၂၂နှစ်ကျော် လေ့လာပြီး ပုဂ္ဂိုလ်လည်းဖြစ်သည်၊ အမေရိကန် ဘာသာရေးတရားဟောဖိုကြွ၍ ထိုအမေရိကမှာပင် ပြန်လွန်တော်မူပါသည်၊ ထိုအမေးအဖြေများသည် မူလက အင်္ဂလိပ်လိုရှိသော်လည်း ဦးကိုကိုကြီး(တောင်တွင်းကြီး)က မြန်မာပြန်၍ ရန်ကုန်မှ ဦးတင်မောင်က ရိုက်နှိပ်ဖြန့်ချိသောကြောင့် ဘုန်းကြီးတို့ ကြည့်ရှုခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

ခရစ်တော်၏ ၁၂နှစ်အရွယ် ထူးခြားသောလူတို့ဝယ် ငယ်ငယ်ကတည်းက အသိဉာဏ် ပါလာတတ်၏။ ထိုအသိဉာဏ်ကြောင့် လူအများကဲ့သို့ နမော်နမဲ့မနေတတ်, ပြောတိုင်းလည်း မယုံတတ်ဘဲ အရာရာ၌ စဉ်းစားတတ်၏။ မိမိ မသိသောအရာကို မေးချင်မြန်းချင်တတ်၏။ လူအများ၏ အလုပ်ကို

ဝေဘန်နိုင်၏။ ဤကား ဥာဏ်ထူးပါသူ လူတချို့၏ ထုံးစံပင်တည်း။ ခရစ်တော်၏အလောင်းအလျှာဖြစ်သော သူငယ်သည် တစ်ဆယ့်နှစ်နှစ် အရွယ်သို့ရောက်သောအခါ ရေဟူဒီလူမျိုးတို့၏ ထုံးစံအရ နွေဦးရာသီပွဲတော်အတွင်းဝယ် ရေဟူဒီဘုန်းတော်ကြီးကျောင်းသို့ အဖိုးဖြစ်သူနှင့်အတူ လိုက်သွားလေသည်၊ ထိုကျောင်း၌ ရေဟူဒီ ဆရာတော်များသည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်းစသော တရားတို့ကိုဆွေးနွေးကြ၏။ ထိုအခါ ခရစ်တော်အလောင်း သူငယ်သည် ထိုဘုန်းတော်ကြီးများထံ မေးမြန်းခွင့်တောင်းရာ သူ့အဖိုး၏အရှိန်အဝါကြောင့် မေးမြန်းခွင့်ရလေသည်။

ဖန်ဆင်းပုံကို မေးခြင်း

(ထာဝရဘုရားသခင်ကိုပင် "ယေဟိုးဝါ" ဟု သုံးစွဲထားသည်၊) ယေဟိုးဝါသည် အချို့ကို လူချမ်းသာ, အချို့ကို လူဆင်းရဲ, အချို့ကို ပညာရှိ, အချို့ကို ပညာမဲ့, အချို့ကို လူကောင်း, အချို့ကို လူယုတ်မာ, အချို့ကို လူချောလူလှ, အချို့ကို အရုပ်ဆိုးအကျည်းတန်, အချို့ကို အသက်ရှည်, အချို့ကို အသက်တို, အချို့ကို မျက်စိကောင်း, အချို့ကို မျက်မမြင်, အချို့ကို အားအင်ပြည့်, အချို့ကို အားအင်နဲ, အချို့ကို ကျန်းကျန်းမာမာ, အချို့ကို ရောဂါသည်, ဤသို့စသည်ဖြင့် လူချင်းမတူအောင် အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

ဘုန်းတော်ကြီးများ

ကလေး၏အမေးကို ကြားရသော ရေဟူဒီ ဘုန်းတော်ကြီးများသည် မဖြေနိုင်၊ ပရိသတ်အားလုံးလည်း အံ့အားသင့်သွားကြသည်၊ ထို့ကြောင့် ဘုန်းတော်ကြီးများက ထိုအဖြေကို "ထာဝရဘုရားသခင် ယေဟိုးဝါသာလျှင် သိနိုင်စရာရှိပါသည်" ဟုပြောကြလေသည်။

နောက်ထပ် မေးဖြေပုံ

"ယေဟိုးဝါသည် အတိတ်အနာဂတ် ပစ္စုပ္ပန်ဟူ၍ ဒုပါးသောကာလကို သိပါလျက် အဘယ့်ကြောင့် ငရဲဘုံကိုဖန်ဆင်းခဲ့ပါသနည်း" ဟုထပ်မံမေးသော အခါ "ယုတ်မာညစ်ညမ်းသူတို့ကို အပြစ်ပေးဖို့ရန် ယေဟိုးဝါသည် ငရဲဘုံကို ဖန်ဆင်းခဲ့သည်" ဟုဖြေကြသည်။

ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခြင်း

"ယေဟိုးဝါသည် သူ၏ ဖန်ဆင်းမှု ဆိုင်ရာ အနာဂတ်ကာလ၏ သဘောကိုကြိုတင်၍ သိပါလျက် ဘာ့ကြောင့် ယုတ်မာညစ်ညမ်း ဆိုးသွမ်းမည့်သူတို့ကို ဖန်ဆင်းလိုက်ပါသနည်း" ဟု ထပ်၍မေးသောအခါ ရေဟူဒီ ဘုန်းတော်ကြီးများသည် မည်သို့မျှ မဖြေနိုင်ကြတော့ဘဲ ထိုမျှလောက် စဉ်းစားဉာဏ် ကြီးမားနေသော သူငယ်ကို ဂိုဏ်းချုပ်အဖြစ်သို့ တင်မြှောက်ကြလေသည်။

အဖြေမှန်ရအောင် ကြိုးစားခြင်း

ခရစ်တော်ဖြစ်မည့် ထိုသူငယ်သည် ကြီးကျယ်သော ဂိုဏ်းချုပ်ရာထူးကို ရသော်လည်း ထိုရာထူးဖြင့် တင်းတိမ် အားရမနေဘဲ မိမိမေးအပ်သော ပြဿနာတို့၏ အဖြေမှန်ကို ရှာကြံမည်ဟု သိန္နဒ္ဒာန်ချလိုက်၏။ ထို့နောက် ဘုရားရှိခိုးကျောင်းမှ ထွက်ခဲ့၍ မြို့တော်မှ ထွက်လာပြီးလျှင် ငါးမိုင်ခြောက်မိုင်ကျော်ခန့် လျှောက်မိသောအခါ ခရီးသွားကုန်သည်တစ်စုနှင့်တွေ့၍ တိုင်းတစ်ပါးမှလာသော ကုန်သည်များဟု သတိပြုမိ၏။ ထို့ကြောင့် ခေါင်းဆောင်ကုန်သည်ကြီးထံ ချဉ်းကပ်၍ မည်သည့်တိုင်းပြည်မှ မည်သည့်ကိစ္စဖြင့် လာကြပါသနည်း" ဟု မေးမြန်းလေသည်။

တီဘက်ပြည်မှ ကုန်သည်များ ထိုအခါ ခေါင်းဆောင်က တီဘက်ပြည်မှဖြစ်ကြောင်း မိမိတို့တိုင်းပြည်မှ သားရေဦးချိုများကို ဂျေရှဆလင်မြို့မှ ရွှေငွေ ကျောက်သံပတ္တမြား, အခြားအဖိုးစာန် ဆေးဝါးများဖြင့် လဲလှယ်ယူဖို့ရန် လာကြကြောင်းကို ပြောပြလေ သည်၊ ထိုခေါင်းဆောင်နှင့် စပ်မိစပ်ရာစကားများကို ပြောရင်းပင် ခေါင်းဆောင်၏ စိတ်နေစိတ်ထား ဗဟုသုတများကို သဘောကျ သောကြောင့် "လောကဌ လူအချို့က ဆင်းရဲ, လူအချို့က ချမ်းသာ, လူအချို့က အဆင်းလှ, လူအချို့က အရုပ်ဆိုး,ဤသို့စသည် ကွဲပြား ကြခြင်း၏ အကြောင်းကို (ရေဟူဒီ ဘုန်းကြီးများအား ပဌမဆုံး မေးအပ်သည့်အတိုင်း) မေးလေသည်။

ခေါင်းဆောင်၏အဖြေ အို ချစ်စရာကောင်းသော သူငယ်.... ဤသို့ လူတစ်ယောက်နှင့် တစ်ယောက်တို့ မတူကြခြင်း၏ အကြောင်းမှာ ရှေးရှေးဘဝတို့က ပြုအပ်ခဲ့သော ကာယကံ, ဝစီကံ, မနောကံဟူသော ကံချင်း မတူကြခြင်းပင်ဖြစ်ပါသည်၊ [ဤတရားတော်သည် ဥပရိပဏ္ဏာသ, ကမ္မဝိဘင်ဝဂ္ဂ, စူဠကမ္မဝိဘင် သုတ်၌ ပါ၏။] ထိုအဖြေကို ကြားရသောအခါ "မိမိပြုအပ်သော ကံ၏အကျိုးကို မိမိပင်ရသည်"ဟု သဘောပေါက်သွားဟန်တူ၏။ ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူအား "မည်သူ ဟောကြားအပ်သည့် တရားတို့ကို လိုက်နာပါသနည်း"ဟု မေးလေသည်။

ဗုဒ္ဓအကြောင်းကို ကြားရခြင်း အိုချစ်ဖွယ်ကောင်းသော သူငယ် .... ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သောတရားတော်ကို လိုက်နာ ကျင့်သုံးသူ ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာသည် အလုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတ

ဉာဏ်တော်၏ အရှင်ဖြစ်ပါသည်၊ ထိုဉာဏ်တော်ဖြင့် ကြောင်းကျိုးဆက်စပ်သော သစ္စာလေးပါးတရား, ပဋိစ္စသမုပ္ပါဒ်တရား စသော တရားတော်များကို ဟောတော်မူခဲ့ပါသည်၊ ဤသို့ ဗုဒ္ဓအကြောင်းကို ကြားရသောအခါ ထိုတရားတော်ကို သိလိုလှသောကြောင့် "မိမိကို တီဘက်ပြည်သို့ ခေါ်ဆောင်၍ ဆရာတော်ကြီးတစ်ပါးအထံ အပ်နှံပေးဖို့ရန် တောင်းပန်လေသည်၊ ထိုအခါ သူငယ်က အုပ်ထိန်းသူ မကင်းသေးသောအရွယ်ဖြစ်၍ အလွန်ငယ်သောကြောင့် မိဘတို့က ကျေကျေနပ်နပ် မအပ်နှံဘဲ ခေါ်၍မသွားနိုင်ကြောင်းကို ငြင်းပယ်လေသည်။

ခေါ်သွားဘို့ သဘောတူခြင်း အို ကုန်သည်ခေါင်းဆောင်ကြီး.... ကျွန်ုပ်သည် အသက်အရွယ် ငယ်သော်လည်း အသိဉာဏ်အားဖြင့် မနုနယ်ပါ၊ ရာထူးဌာနန္တရအားဖြင့် မြင့်မားသူဖြစ်ပါသည်၊ ကျွန်ုပ်၏ ခံ့ညား ထယ်ဝါသော ဝတ်စုံနှင့် ဤအထိမ်းအမှတ် လက်စွပ်ကို ကြည့်ပါ၊ ကျွန်ုပ်သည် "ရာထူးနှင့် ထိုက်တန်၍ မှတ်ကန်သောတရားကို မတွေ့တွေ့အောင် ရှာမည်" ဟူသော သန္ဓိဋ္ဌာန်ဖြင့် ကျွန်ုပ်၏ကျောင်းကို စွန့်ခွာခဲ့သူဖြစ်ပါသည်၊ ကျွန်ုပ်သည် အသင်နှင့်တွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ, ခေါ်သွားသည်ဖြစ်စေ, မခေါ်သွားသည်ဖြစ်စေ, အမှန်တရားကိုရှာဖို့ရန် ဤမြို့, ဤဒေသမှ အမှန်မုချ ထွက်ခွါရမည် ဖြစ်ပါသည်၊ ဤသို့ ပြောသောအခါ သူငယ်၏ ပြင်းထန်သော ဆုံးဖြတ်ချက်ကို ကြားရသော ကုန်သည် ခေါင်းဆောင်ကြီးသည် တီဘက်ပြည်သို့ ခေါ်သွားဖို့ရန်နှင့် ဆရာတော်ကြီး တစ်ပါးထံ အပ်နှံ ပေးဖို့ရန် သဘောတူလေသည်။

တိဘက်ပြည်သို့လိုက်ရခြင်း ကုန်သည်တို့သည် ထိုနေ့၌ပင် တိဘက်ပြည်သို့ပြန်ကြရန် စီစဉ်ပြီးဖြစ်သောကြောင့် သူငယ်သည် ချက်ခြင်းပင်ထိုကုန်သည်တို့နှင့်အတူ တိဘက်ပြည်သို့ လိုက်သွားခွင့်ရ၏။ ၄လကြာမျှ အလွန် ပြင်းပြင်းထန်ထန် ခရီးသွားရပြီးနောက် တိဘက်ပြည်သို့ရောက်၍ တောင်ပိုင်း မွန်ဆရာတော်ကြီး အရှင် အရိယပုတ္တာမထေရ်၏ အထံ၌ အပ်နှံလေရာ, ဆရာတော်ကြီးသည် အစမ်းသဘောအားဖြင့် လက်ခံတော်မူ၍ ပညာသင်ပေးတော်မူ၏။ ၆လကြာသောအခါ ဆရာတော်သည် သူငယ်၏ ထက်သန်သော ဆန္ဒကို သိတော်မူသောကြောင့် သံဃာတော်၃၀ ကျော်နှင့် အလွန်ကြီးမားသော ပရိသတ်အလယ်မှာ သာမဏေအပြစ်ဖြင့် ချီးမြှောက်၍ "ဇိဝကိရိတ" ဟူသော ဘွဲ့နာမည်ကို ပေးလေသည်၊ [ထိုနာမည်ကို ဟေပြဘာသာအားဖြင့် "ယေရှုခရစ်" ဟုခေါ်ပါသတဲ့၊ ပါဠိစကား အလိုအားဖြင့် "ဇိဝ = အသက်ရှိသော +ကိရိတ= မကိုင်ရှသရဖူ" ဟုဖြစ်၏။]

ရဟန်းဖြစ်၍ အားထုတ်ခြင်း သာမဏေ ဇိဝကိရိတသည် ဂုနစ်နှင့် ခြောက်လတိုင်တိုင် သာမဏေများ ကျင့်ရသော သိက္ခာကို ကျကျနန ထိန်းသိမ်းခဲ့သောကြောင့် အသက် ၂၀ အရွယ်သို့ ရောက်သောအခါ ဘိက္ခု (ရဟန်း) အပြစ်ရောက်အောင် ဆရာတော်ကြီးက ချီးမြှောက်တော်မူသည်၊ ရဟန်းတော်ဇိဝကိရိတသည် ဗုဒ္ဓတရားတော်ကို အလွန်နှစ်သက်သောကြောင့် တစ်ချိန်၌ တရားတော်များကို သင်ယူလေ့ကျက်၍ တစ်ချိန်၌ သမထကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပိဋကတရားကျမ်းစာတို့ကိုလည်း တတ်မြောက်၍

ဈာန်အဘိညာဉ်ကိုလည်း ပေါက်ရောက်ပါသည်တဲ့၊ ဆရာဖြစ်သော ဆရာတော်ကြီးကလည်း ဈာန်အဘိညဉ်ရသော ရဟန္တာတစ်ပါးဖြစ်သောကြောင့် ရဟန်းတော် ဇိဝကိရိတ၏ အနာဂတ်အရေးကို တွေးတော်မူပြီးဖြစ်သည်။

ပြန်ပို့ရန် ခွင့်မပြုလို ရဟန်းတော် အရှင်ဇိဝကိရိတသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ကိုယ်တိုင် သိရသောအခါ မိမိ၏ ဆွေမျိုးသားချင်းဖြစ်ကြသော ရေဟူဒီ (ဣသရေလ) လူမျိုးတို့အား သူသိသလို သိစေချင်သော ဆန္ဒသည် အလွန်ပြင်းပြနေ၏။ ထို့ကြောင့် ရဟန်းဖြစ်၍ ဆယ်နှစ်လောက်ကြာသောအခါ (ရဟန်း၀ါဆယ်၀ါရသောအခါ) သူ၏ မွေးဖွားရာနိုင်ငံသို့ ပြန်၍ ဗုဒ္ဓတရားများကို ဟောလိုပါကြောင်း ဆရာတော်ထံ ခွင့်တောင်းလေသည်၊ သို့သော် ဆရာတော်သည် သူ၏ အနာဂတ်အရေးကို တွေးပြီးဖြစ်၍ သူထင်သလို သူလူမျိုးတို့က လိုက်နာကြမည်မဟုတ်သည့်အပြင်, အချို့က သူ့ကိုပင် ဘေးရန်ပြုကြမည့် အကြောင်းကို ကြိုတင်၍ မြင်ထားသောကြောင့် ပဌမအကြိမ် ခွင့်တောင်းသော အခါ ပြန်ခွင့်မပြုချေ။

သြဝါဒ ရချက် ညွှန်ပြ၍ ပြန်ခွင့်ပြုခြင်း ပဌမတစ်ကြိမ် ခွင့်မပြုသော်လည်း ရဟန်းတော် ဇိဝကိရိတသည် သူ၏ သားချင်း ဆွေမျိုးတို့အား သူသိအပ်သော တရားမှန်ကို ဟောပြလိုသော ဆန္ဒ၏ ပြင်းပြမှုကြောင့် အကြိမ်ကြိမ် ခွင့်တောင်းလေရာ, အောက်ပါ သြဝါဒ ရချက်ကို ညွှန်ပြ၍ "ထို အတိုင်းလိုက်နာနိုင်လျှင် သွားခွင့်ပြုမည်" ဟုအမိန့်ရှိကာ သြဝါဒ ရချက်ကိုပြောပြလေသည်။

၁။ အကယ်၍ ရေဟူဒီလူမျိုးများ (သို့မဟုတ်) ကျသရေလလူမျိုးများက တံထွေးများ ထွေးရှိုးဖြစ်စေ, ခဲများဖြင့် ပေါက်၍ ဖြစ်စေ, ဆဲရေးရှိုးဖြစ်စေ, အသင့်ကိုဆန့်ကျင်ဘက်ပြုအုံ့, ဤသို့ပြုသည်တိုင်အောင် အသင်က ဗျာန်အဘိညာဉ် တန်ခိုးကို အသုံးပြု၍ မတုံ့ပြန်ပါနှင့်။

၂။ အကယ်၍ တစ်စုံတစ်ယောက်က မဟုတ်မမှန် လုပ်ကြံ၍ စွပ်စွဲအုံ့, အသင်က ပကတိတည်ငြိမ်သော သဘောဖြင့် သည်းခံရမည်။

၃။ အကယ်၍ တစ်စုံတစ်ယောက်က အသင်၏ မျက်မှောက်မှာပင် ဗုဒ္ဓမြတ်စွာကိုဖြစ်စေ, တရားတော်ကိုဖြစ်စေ, ဗုဒ္ဓမြတ်စွာ၏ (အရိယာကဖြစ်ပြီးသော) သာဝကသံဃာတော်ကို ဖြစ်စေ, မတရားသဖြင့် ပြောဆို စွပ်စွဲသည်ဖြစ်အုံ့, နည်းပရိယာယ်ကို သုံးလျက် သူတို့ အမှန်သိအောင် ပြောဆို ညွှန်ပြရမည်, ဘာ့ကြောင့်နည်း.... သူတို့သည် ဗုဒ္ဓ ဝမ္မ သံဃ အစစ်၏ အကြောင်းကို ကောင်းကောင်းမသိကြ၍ ပြောဆို ပြုမှုကြသည် အတွက် သူတို့ကို အပြစ်မှ ခွင့်လွှတ်ရမည် ဖြစ်သောကြောင့် တည်း။

၄။ အကယ်၍ တစ်စုံတစ်တယောက်က အမှားကိုပင် အမှန်ထင်နေသည် ဖြစ်အုံ့, နားလည်လာသည်တိုင်အောင် ဥပမာပုံ ဆောင်၍ ထိုသူအား ရှင်းလင်းဟောပြောရမည်။

၅။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ, သင့်ကိုဆန့်ကျင်ဘက် ပြုလုပ်နေသော ရန်သူအား မုန်းတီးခြင်း, ဒေါသဖြစ်ခြင်း စသော လက္ခဏာကို အရိပ်အမြွက်မျှ မပြပါနှင့်။

၆။ အသင်သည် အခါမလပ် မမေ့မလျော့သော စိတ်ဓာတ်ဖြင့် မေတ္တာ ကရုဏာ ကမ္မဋ္ဌာန်းကို ပွားများလျက် ကမ္ဘာလောက တစ်ဝှမ်းလုံးကို အသင်၏ မေတ္တာ ကရုဏာတို့ဖြင့် လွှမ်းမိုးနိုင်ပါစေ။

၇။ တစ်စုံတစ်ယောက်ကဖြစ်စေ, လူတစ်စုကဖြစ်စေ, သင့်ကိုရိုက်နှက် သတ်ဖြတ်စေကာမူ အသိတရား ကင်းမဲ့သူတို့ အပေါ်ဝယ် မေတ္တာ ကရုဏာ ပွားများကာ ဗုဒ္ဓမြတ်စွာ၏ ခန္ဓီဂုဏ်တော်ကို အောက်မေ့လျက် သေသည့်အချိန်အထိ သည်းခံပါလေ။ [ခရစ်တော်၌ ဖြစ်မည့်အန္တ ရာယ်ကို မြင်၍ ဤသြဝါဒများကို ပေးလိုက်ဟန်တူပါသည်။]

နောက်ဆုံး သြဝါဒပေးခြင်း

ဇ့်ရှင် ဗီဝကီရိတ... အသင်သည် ရေဟူဒီ လူမျိုးများကို မည်သည့်နည်းနှင့်မျှ မပြုပြင်မပြောင်းလွဲနိုင်" ဟု အမှန်ကို သိပါသော်လည်း ပြန်ခွင့်ပေးရချေတော့မည်, အသင်သည် ကျသရေလ လူမျိုးများကို မပြုပြင်နိုင်သော်လည်း သင်ကွယ်လွန်ပြီးသောအခါ သူတို့သည် သင်ဟောပြောအပ်သော တရားထဲမှ ချစ်ခင်မှုမေတ္တာ, သနားကြင်နာမှု ကရုဏာ, အချင်းချင်းလေးစားမှု, (တချို့ဟောပြော၍ မရသူတို့၌) ဥပေက္ခာပြု၍ လစ်လျူရှုမှု, သည်းခံမှု ခန္ဓီ, အပြစ်မှ ခွင့်လွှတ်မှု, ကြိုးစားအားထုတ်မှု, ဤရခုစသော တရားများ ကိုသာ လိုက်နာ၍ "သင်၏ နာမည်ဖြင့် ဘာသာအယူဝါဒတစ်ရပ်ကို ထူထောင်ကြလိမ့်မည်" ဟု မိန့်တော်မူလေသည်, အရှင်ဗီဝကီရိတ သည်လည်း "ဆရာတော်၏ သြဝါဒများကို သေသည့်အထိလိုက်နာပါမည်" ဟု ကတိပြုကာ မိမိနေရာဌာနသို့ ပြန်လာခဲ့လေသည်။

အတ္ထုပ္ပတ္တိရေးခြင်း ကျေးဇူးဆပ်ခဲ့ခြင်း

အရှင်ဗိဝကိရိတမည်သော ခရစ်တော်သည် မိမိကိုယ်တိုင် တစ်ဆယ့်ရှစ်နှစ်အတွင်း တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို စာရွက်ပေါင်း (၁၀၀)ပေါ်၌ မှတ်တမ်းတင်ပြီးလျှင် ကြိုးဖြင့်ကျကျနန ဖွဲ့ချည်၍ သူ့အား တရားဝမ္မ ဟောပြောသင်ပြသော ကျေးဇူးတော်ကို ဆပ်သောအားဖြင့် ဆရာတော် အရှင်အရိယပုတ္တာကို ကန်တော့ခဲ့လေသည်။

ပါမောက္ခ ဂိုးရစ်(ခ်)

ခရစ်တော်၏ ဘဝနှစ်လုံးလုံး ပျောက်ကွယ်နေသော အကြောင်းကိုခရစ်ယာန်ဘာသာဝင်တို့ သိကြသော်လည်း ထူးထူးထွေထွေ သုတေသန မပြုကြသောကြောင့် "မည်သည့်နေရာ၌ ရောက်နေသည်" ဟု သိသူမရှိကြ၊ သို့သော် အမေရိကတိုက် ချီကာဂိုမြို့က ဂိုရစ်(ခ်)မည်သော ပါမောက္ခသည်ကား ခရစ်တော်ကို အလွန်ကြည်ညိုလှသောကြောင့် ထိုဘဝနှစ်လုံးလုံး ခရစ်တော်၏ မြုပ်ကွယ်နေသော အကြောင်းကို အမှန်အတိုင်းသိလိုသောဆန္ဒ ပြင်းပျနေ၏။ ထို့ကြောင့် အမေရိကန်၌ ရှိကြသော ခရစ်ယာန်ဂုဏ်းချုပ်– ဂိုဏ်အုပ်များကို မေးကြည့် လေရာ, မည်သူမျှ ကျေနပ်လောက်အောင်မဖြေနိုင်ကြ၊ ထို့ကြောင့် သူကိုယ်တိုင် သုတေသနပြုလုပ်ဖို့ရာ ဘက်သလီဟန်, ဂျေရှဆလင်, ကိုင်ရို, တူရကီ, အိန္ဒိယနိုင်ငံတို့၌ စုံစမ်းသော်လည်း အကြောင်း မှန်ကို မသိခဲ့ရ၊ တိဘက်ပြည်သို့ ရောက်သောအခါ ခရစ်တော်၏ ဆရာဖြစ်သော ဆရာတော်ကြီး၏ အထံ၌ ခရစ်တော် ပြန်ခါနီး ဆက်ကပ်သွားသောမှတ်တမ်းကို တွေ့ရသောကြောင့် ထိုမှတ်တမ်းကို

ဂိုးရစ်(ခ်)က "အများမသိသေးသော ခရစ်တော၏ ဟောပြောချက်များ"ဆိုတဲ့ နာမည်ဖြင့် ၁၉၂၅ခုနှစ်က စာအုပ်ထုတ်ဝေခဲ့ပါသည်တဲ့။

တရားမွဲတို့၌ အနောက်အရှက်ခံရ

ခရစ်တော်သည် မိမိနေရပ်ရောက်၍ ယုဒယာပြည်၌ တရားဟောသောအခါ "သူဟောတဲ့ တရားတွေဟာ ယေဟိုးဝါ (ဘုရားသခင်)ရဲ့ တရားတော်များမဟုတ်ဘူး" ဟုပြော၍ တံထွေး–အထွေးခံရ၏။ ဂျေရှုဆလင်နှင့် ဘသာလီဟန်မြို့တွေမှာ ဟောတော့လဲ ဒီအတိုင်းပြစ်ပြန်၏။ ဟောတဲ့တရားက ဘယ်လောက်ကောင်းကောင်း တစ်နည်းနည်းနှင့် တိုက်ဖျက်ကြ, ပုတ်ခတ်ကြသတဲ့၊ ဒီလိုအဖြစ်အပျက်နှင့် တွေ့ရတဲ့အခါ အရိယပုတ္တာဆရာတော်က "ပရိယာယ်သုံးတန် သုံးရတယ်" ဆိုတဲ့စကားကို သတိရ၍ "သူဟောတဲ့ တရားများဟာ ယေဟိုးဝါ (ထာဝရဘုရားသခင်)ရဲ့ တရားများဖြစ်ကြောင်း သူဟာ ရေဟိုးဝါရဲ့သားတော်ဖြစ်ကြောင်းကို" ပရိယာယ်ဖြင့် (တင်စား၍) ပြောလိုက်ပါသည်တဲ့။

မွေဟောင်းတရားတော်

ဤသို့တင်စား၍ ပရိယာယ်ဖြင့်ပြောလိုက်သော်လည်း မွေဟောင်း၌ "သင်၏ မျက်လုံးကို တစ်စုံတစ်ယောက်က ထိုးဖေါက်၍ယူသည်ရှိသော် သင်ကလည်းထိုသူ၏ မျက်လုံးကို ထိုးဖေါက်၍ ယူပါလေ၊ တစ်စုံတစ်ယောက်က သင်၏နှာခေါင်းကို လှီးဖြတ်သည်ရှိသော် သင်ကလည်း ထိုသူ၏ နှာခေါင်းကို လှီးဖြတ်ပါလေ၊ တစ်စုံတစ်ယောက်က သင်၏ အသက်ကို သတ်ဖို့ရန် ကြိုးပမ်း အားထုတ်သည်ရှိသော သင်ကလည်း

သူ၏ အသက်ကိုသတ်ဖို့ရန် ကြိုးပမ်းအားထုတ်ပါလေ ငါသည် သင့်အား လက်စားချေရေး အပြိုက်ဆေးကို တိုက်ကျွေးတော်မူသည်"ဟု အလေးအနက်ပြထား၏။

ဓမ္မတရားတော်

မေတ္တာ ကရုဏာတရားကိုပွားများလေ့ရှိသော ခရစ်တော်ကား....."တစ်စုံတစ်ယောက်က သင်၏ ခြုံစောင်ကို ယူသွားသည်ရှိသော် သင်၏အင်္ကျီကိုပါချွတ်၍ လှူဒါန်း ပေးကမ်းပါလေ၊... တစ်စုံတစ်ယောက်က သင်၏ လက်ျာဘက်ပါးကို ရိုက်သည်ရှိသော် ထိုသူအားသင်၏ လက်ဝဲဘက်ပါးကို ရိုက်ပါစေ၊ အစစအရာရာသည်းခံပါ၊ သည်းခံခြင်းသည်သာ ကုသိုလ်တရားကို တိုးပွားစေနိုင်ပါသည်၊ သင်၏ အိမ်နီးချင်းများကို ကိုယ့်ကိုယ်ကို ချစ်ခင်သကဲ့သို့ ချစ်ခင်ပါ၊ မည်သည့် သက်ရှိသတ္တဝါကိုမျှ အန္တရာယ် မပြုပါနှင့်" ဤသို့သူ၏ နောက်လိုက်များကို ဟောပြသည်။ ["သက်ရှိ" ဟူရာ၌ တိရစ္ဆာန်များလည်းပါဝင်၏။]

ကွပ်မျက်ခံရခြင်း

ခရစ်တော်၏ တရားတော်ကို အထူး မကျေနပ်ကြသူတို့မှာ ရေဟူဒီ ဘုန်းကြီးများတည်း။ ထိုဘုန်းကြီးတို့က "ဘသာလီဟန်မြို့မှ မေရီ၏သား အင်နာယေရှု ခရစ်၏မြေးသည် ယေဟိုးဝါ (ဘုရားသခင်)၏ အယူဝါဒကို မထိမဲ့မြင် သေးသိမ်ယုတ်ညံ့အောင် ပြုလုပ်လျက်ရှိသည်"ဟု တရားစွဲဆိုကြ၏။ ထိုအခါ ရောမလူမျိုးရှင်ဘုရင်သည် ရောမလူမျိုးတို့၏ ဥပဒေအရ အပြစ်ပေးသောကြောင့် ရာဇဝတ်ကောင်များကို ကားတင်၍ ကွပ်မျက်နေကျဖြစ်သော ဆီနိုင်တောင်ထိပ်၌ လက်ဝါးကပ်တိုင်မှာ တင်၍ ကွပ်မျက်ခြင်းကို ခံရရှာပါသည်၊ ထို့နောက် ခရစ်တော်သည်

တန်ခိုးပြာဋိဟာကို ပြနိုင်သူ ဖြစ်သောကြောင့် တန်ခိုးဖြင့် ပြန်၍ ယှဉ်ကာ သူ့အား တန်ပြန်မည်စိုးရိမ်၏။ ထို့ကြောင့်ခရစ်တော်၏ အလောင်းကို ကျောက်ဂူထဲ၌ပြုပ်၍ အလွန်ကြီးသော ကျောက်တုံးကြီးများကို တင်ထားပြီးလျှင်– ရောမစစ်သည်တော်၅၀ကို လည်း အစောင့်ချထားပါသည်တဲ့။

ခရစ်တော်၏ နောက်ဆုံးအချိန်

ခရစ်တော်သည် မသမာသူတို့၏ စွပ်စွဲမှုကြောင့် ကွယ်လွန်ရသော်လည်း ထိုနောက်ဆုံးအချိန်ထိအောင် မသမာသူတို့၏ အပေါ်၌ ဒေါသဖြစ်သော လက္ခဏာအမှုအရာကိုမျှမပြဘဲခန္ဓီတရားကို လက်ကိုင်ထား၍ "မသမာသူတို့သည် သူတို့ကိုယ် သူတို့ မည်သည့်အပြစ်ကို ပြုကြသည်ဟု မသိသောကြောင့်သာ ပြုမိကြရှာသည်" ဟုခွင့်လွှတ်သော အနေအားဖြင့် မေတ္တာမပျက် ကရုဏာမပျက်ဘဲ ငြိမ်သက်စွာ ဒုက္ခကို ခံသွားရှာပါသည်၊ ထိုအချိန်၌ တိဘက်က အရိယပုဂ္ဂ ဆရာတော်ကြီး၏ သြဝါဒကို လုံးဝ လိုက်နာနေဟန်တူပါသည်။

ခရစ်တော်၏ တရားတော်များ

ခရစ်တော်၏ မေတ္တာကရုဏာ သစ္စာ ခန္ဓီ–စသော တရားများသည် ကမ္ဘာသူ ကမ္ဘာသား လူအများ လိုက်နာရမည့် တရားမွန်များဖြစ်၏။ ထိုတရားမွန်များကို တိဘက် အရိယပုဂ္ဂ ဆရာတော်ထံမှ ရခဲ့သောကြောင့် မိမိ၏ အမျိုးသား အမျိုးသွေးတို့အား ဟောပြောခဲ့သည်၊ ထိုမျှလောက် တရားတော်ကိုပင် ခရစ်ယာန်ဘာသာဝင် အများစုတို့ တရိုတသေ လိုက်နာကျင့်သုံး၍ နေကြသည်မှာလည်း ချီးကျူးစရာ ကောင်းလှပါပေသည်၊ ထိုသို့ လိုက်နာကြသောကြောင့်ပင် အနေ

အထိုင် အသွားအလာ အဝတ်အစား စည်းကမ်း သေဝပ်ကြ၍ အချင်းချင်း ယိုင်းပင်းကူညီကာ မေတ္တာ ကရုဏာ ထားကြပုံမှာ ချီးကျူးစရာဖြစ်ပါပေသည်။

ကျွန်သင့်သေးသော တရားတော်များ

သို့သော်ခရစ်တော်သည် ၁၂နှစ်အရွယ်မှ စ၍အသက်၃၀တိုင်အောင် ၁၈နှစ်ကာလမျှ ဆည်းပူး၍ရအပ်သော တရားတော်များသည် မည်မျှလောက် များပြားဖွယ်ရှိသည်ဟုကား မစဉ်းစားဘဲ မနေထိုက်ပါ။ ခရစ်တော် ဟောပြောအပ်သော တရားစာသည် နံပါတ် ၆၀၀မျှရှိသည်ဟုလည်း တွေ့ရပါသည်၊ ထိုတရားတို့တွင် သစ္စာ ၄ပါးတရား, ပဋိစ္စသမုပ္ပါဒ်တရား, ဗောဓိပက္ခိယတရားစသော တရားမွန်တို့သည် ကေန် ပါမည်သာဖြစ်၏။ ထိုတရားမွန်တို့ကား (အဘိဓမ္မာကို အခြေခံကစ၍ လေ့လာခွင့်မရသူတိုင်း) သဘော မပေါက်နိုင်ကြပါ၊ ထို့ကြောင့် ခရစ်တော်ကွယ်လွန်သောအခါ ထိုတရားမွန်များလည်း တပါတည်း ကွယ်လွန်ခဲ့ဟန်တူပါသည်။ [ယခုမြန်မာနိုင်ငံနှင့်တကွ ထေရဝါဒဗုဒ္ဓဘာသာဝင်အများစုလည်း ထိုတရားမွန်များ၌ သဘောပေါက်သူနည်းပါးလှ၏။ ထို့ကြောင့် ထိုတရားတော်များသည် ဗုဒ္ဓဘာသာဝင်တို့ အတွင်း၌ မကွယ်စေ ကာမူ သင်စာကျက်စာ အဖြစ်ဖြင့်သာ ထင်ရှားနေပါတော့သည်။]

သိလိုသောအပြေများ ပြည့်စုံပြီ

ခရစ်တော်နှင့်စပ်၍ (၁) ခရစ်တော်သည် ၁၈နှစ်လုံးလုံး ဘယ်အရပ်သို့ ရောက်နေ ပါသနည်း၊ (၂) ထိုဩဝါဒမွန်များကို အဘယ်မှရခဲ့သနည်း။ (၃) ထိုမေတ္တာရှင် ကရုဏာရှင်ခရစ်တော်ကို

အဘယ်ကြောင့် ရက်စက်စွာ ပြုလုပ်ကြပါသနည်းဟူသော ပြဿနာ၃ရပ်အတွက် "(၁) ခရစ်တော်သည် ၁၈နှစ်ကာလပတ်လုံး တိဘက်ပြည်တောင်ပိုင်းဆရာတော်ကြီး အရိယပုတ္တမထေရ်မြတ်ထံ ရောက်နေပါသည်၊ (၂) ထိုဩဝါဒမွန်များကို ထိုဆရာတော်၏ အထံမှရခဲ့ပါသည်၊ (၃) တိဘက်ပြည်မှ ပြန်လာ၍ မေတ္တာ ကရုဏာ သစ္စာ ခန္ဓီစသော တရားမွန်များကို ဟောသောအခါ "ယေဟိုးဝါ (ထာဝရဘုရားသခင်)၏ အယူဝါဒနှင့် မတူသောကြောင့် ထာဝရ ဘုရားသခင်ကို သေးသိမ်အောင်ဟောသည်" ဟုယူဆကြသော ရေဟူဒီဘုန်းကြီးများ၏ တရားစွဲဆိုချက်အရ "ရောမလူမျိုးတို့၏ ဥပဒေဖြင့် လက်ဝါးကပ်တိုင်ငင်၍ ကားစင်တင်၍ ကွပ်မျက်လိုက်ကြ သည်" ဟူသော အဖြေ၃ရပ်ထွက်လာပါသည်။

ခရစ်ယာန်ဘာသာဝင်တို့ ဩဝါဒကို လိုက်နာခြင်း၏ အကြောင်း

ထိုသို့ခရစ်တော်၏ မတရားအနိုပ်စက် ခံရသည်ကိုသိလျက်နှင့် ခံနေကြရသော ခရစ်ယာန်ဘာသာဝင်တို့သည် လွန်စွာ အသဲနာကြသော်လည်း ရှင်ဘုရင်ကို မတုပနိုင်သောကြောင့်အချင်းချင်းပို့၍မေတ္တာသက်ဝင်ကာ ခရစ်တော်၏ မေတ္တာ ကရုဏာ သစ္စာ ခန္ဓီတရားတို့ကို လက်တွေ့လိုက်နာ ခဲ့ကြပါလိမ့်မည်၊ ထိုသို့ ရှေးဘာသာဝင်တို့က လိုက်နာကြ၍ ဂိုဏ်းအုပ် ဂိုဏ်းချုပ်ဆရာကြီးတို့ကလည်း လက်ဆင့်ကမ်းသကဲ့သို့ ခရစ်တော်၏ ဖြစ်ပုံကို အဆက်ဆက် ဟောပြောခဲ့ကြသောကြောင့် ယနေ့အထိ ခရစ်ယာန်ဘာသာဝင်တို့သည် စည်းကမ်းသေဝပ်စွာ ခရစ်တော်ကို ကိုးကွယ် ဆည်းကပ်သောအားဖြင့် ဘုရားရှိခိုး ကျောင်းသို့သွား၍ ဩဝါဒတရားကို နာယူနိုင်ကြဟန်တူပါသည်။

ဗုဒ္ဓဘာသာဝင်တို့ ဘယ်သို့နည်း

ခရစ်တော်၏ မွန်မြတ်သောဩဝါဒကို မည်သည့် ပုဂ္ဂိုလ်ထံမှရခဲ့သည်ဟု သိကြရပြီ၊ ထိုဩဝါဒကို ဟောပြောမှုကြောင့် ကွပ်မျက်ခံရသော်လည်း ခရစ်ယာန်ဘာသာဝင်တို့က ကောင်းမွန်စွာ လိုက်နာရစ်ကြသောကြောင့် ခရစ်တော်၏ ဒုက္ခခံခြင်းသည် အကျိုးရှိသောခံရခြင်းဟု ယူဆ၍ စိတ်ကို ဖြေမည်ဆိုလျှင် ခရစ်ယာန်ဘာသာဝင်တို့ ဖြေနိုင်စရာ ရှိပါသေး၏၊ မိမိတို့ ဗုဒ္ဓရှင်တော်ကား ပါရမီဘဝပါးကို ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်တော်မူခဲ့စဉ်က အသက်ပေါင်းများစွာကို စွန့်ခဲ့ရသည်အားလျှော်စွာ ဗုဒ္ဓလက်ထက်တော်၌လည်းကောင်း, ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အတော်ကြာအောင် လည်းကောင်း မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်များနှင့်တကွ မိမိတို့၏ ထေရဝါဒီ ဗုဒ္ဓဘာသာဝင်တို့ပါ ဩဝါဒကို လိုက်နာခဲ့ကြပါသော်လည်း ယခုအခါ ဗုဒ္ဓမြတ်စွာ၏ မွန်မြတ်သော စည်းကမ်း ဥပဒေတော်တို့ကို တစတစ လိုက်နာသူ နည်း၍နည်း၍ လာရကား သိပ်မကြာသော ကာလဝယ် ဗုဒ္ဓ၏ ဩဝါဒတော်များကို ထိန်းသိမ်းရသော ရဟန်းတော်များပင် လူရာမဝင်သလောက် အောက်ကျနောက်ကျ ဖြစ်ရမည့်အရေးကို တွေးမိ ပါသည်။

ဗုဒ္ဓဝါဒတော်ကို ထုတ်ဖော်ကြစို့

ထို့ကြောင့် ယခုအချိန်က ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်တို့ကို အများသိအောင်ပြန်၍ ထုတ်ဖော်ဖို့ရန် အချိန်တန်ပြီဟု ထင်ပါ သည်၊ ဗုဒ္ဓမြတ်စွာသည်၊ သတ္တဝါတို့၏ ယခုဘဝအကျိုး, နောင်သံသရာ အကျိုး၂ မျိုးလုံး မလွတ်ရအောင် ဝိနည်း သုတ္တန် အဘိဓမ္မာ ဟူသော ပိဋကတရားတော်များကို ထုတ်ဖော် ဟောတော်မူခဲ့၏။

မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု၌ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်သည် အများဆုံး အခြေခံဖြစ်၏။ ထို့ကြောင့် ဝိနည်းတရားတော်သည် ရဟန်းသာမဏေများကို ကိုယ်နှုတ်ယဉ်ကျေးအောင် ဆုံးမသော တရားတော်ဖြစ်သော်လည်း အချို့ ယဉ်ကျေးမှုများကို ဗုဒ္ဓဝါဒီ လူဝတ်ကြောင်များလည်း လိုက်နာကျင့်သုံးခဲ့ကြပါသည်။

ယဉ်ကျေးမှု အမျိုးမျိုး

အဝတ်ယဉ်ကျေးမှု,အစားယဉ်ကျေးမှု, အသွားအလာယဉ်ကျေးမှု, အနေအထိုင် ယဉ်ကျေးမှု, အပြောအဆိုယဉ်ကျေးမှု, ဆရာတပည့်ဆက်ဆံရာ၌ ယဉ်ကျေးမှု, ဆရာနှင့်ဒကာ ဆက်ဆံရာ၌ ယဉ်ကျေးမှု, ဟောပြောရာ၌ ယဉ်ကျေးမှု,အကြည်အရှုယဉ်ကျေးမှု, ရဟန်းသမဏေ အချင်းချင်းဆက်ဆံရာ၌ ယဉ်ကျေးမှု, ဂိလာနနှင့် ဂိလာနပြုစုသူတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု, သမီးခင်ပွန်းဆက်ဆံရာ၌ ယဉ်ကျေးမှု, မိဘနှင့် သာသမီးတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု, မိတ်ဆွေသူငယ်ချင်း ဆက်ဆံရာ၌ ယဉ်ကျေးမှု, ရေချိုးရာ၌ ယဉ်ကျေးမှု, ကုဋိ(အိမ်သာ) တက်ရာ၌ ယဉ်ကျေးမှု, စိတ်နေစိတ်ထား ယဉ်ကျေးမှု စသော အားဖြင့် ယဉ်ကျေးမှု အမျိုးမျိုးရှိ၏။

ဗုဒ္ဓတရား၌ အာလုံးပါရှိ၏

ဤအားလုံးသော ယဉ်ကျေးမှုများကို ဝိနည်းတော်, (အထူးအားဖြင့်) သေခိယသိက္ခာပုဒ်များ၌လည်းကောင်း, သုတ္တန်တရားတော်, (အထူးအား ဖြင့်) သိဂါလောဝါဒသုတ်, မင်္ဂလသုတ်တို့၌လည်းကောင်း, စိတ်နှင့်ဆိုင်ရာ များစွာသော သုတ္တန်တို့၌လည်းကောင်း, အစုံအလင် ဟောတော်မူ–ပညတ် တော်မူထားပါသည်၊ ထိုအားလုံးအတွက်

ရေးရလျှင် ကျမ်းစာအုပ် တစ်အုပ်ဖြစ်သော်လည်း ပြည့်စုံဉီးမည် မဟုတ်ပါ။ [အဘိဓမ္မာတရား တော်ကား ရုပ်နာမ် ကို အသေးစိပ် ဖေါ်ပြထားသော တရားတော် ဖြစ်ပါသည်၊ သိထိုက်သမျှ အဘိဓမ္မာ အချို့ကိုလည်း သုတ္တန်တရား တော်၌ ပါပြီးဖြစ်ပါသည်။]

ယဉ်ကျေးမှု ရှိလျှင် အထင်သေးမခံရ

ရဟန်းရှင်လူ မည်သူမဆို ထိုယဉ်ကျေးမှုများကို သူနေရာနှင့်သူ အသုံးပြုနေပါလျှင် သာသနာတော်လည်း မကွယ်ပနိုင်, လူမျိုးလည်းအတင်သေးမခံရ, သာသနာတော်လည်း အထင်သေးမခံရ, လူမျိုးလည်း အောက်တန်းမကျနိုင်ပါ။ ယခုသော်ကား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေဖြစ်သူတို့က မိမိအကျိုးလည်းရှိမည့် ယဉ်ကျေးမှုကို အသုံးပြုနည်းပါးသောကြောင့် သာသနာတော်ကို လူအများက အထင်မကြီးတော့ဘဲ တဖြည်းဖြည်း အထင်သေးလာ ကြပါသည်၊ "တိုင်းသူပြည်သား လူအများကိုလည်း တိုင်းတစ်ပါး သားတို့က အထင်ကြီးမှုနည်းနေသည်" ဟုထင်ပါသည်၊ ထို့ကြောင့် "တိုင်းပြည်အကျိုး သာသနာတော်အကျိုးကို အဖက်ဖက်က တိုးစေ နိုင်သော ကိုယ်နှုတ် စိတ် ယဉ်ကျေးမှုများကို သူ့နေရာနှင့်သူ အသုံးပြုတတ်ဖို့ရန် ပြန်၍ထုတ်ဖေါ်သင့်သည်" ဟု ယူဆပါသည်။

ပြင်မှ ဖြစ်တော့မည်

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ပျောက်ကွယ်သွားအောင် လုပ်လို့ကားဖြစ်နိုင်မည်မဟုတ်ပါ၊ တိုင်းပြည်၌ အကျိုးရှိအောင် ပြင်ဖို့သာ လွယ်ကူပါမည်၊ မှန်ပါသည်– ဝိနည်းတော်နှင့်လျော်ညီစွာ အကျိုးရှိသော သာသနာတော်ကို ဆရာတော်ကြီးများလည်း လိုလား

တော်မူကြပါသည်၊ ထိုထိုတိုက်ပိုင် ကျောင်းပိုင် ပုဂ္ဂိုလ်များကလည်း နှစ်သက်ကြပါသည်၊ ဝိနည်းကို နားလည်သော လူဝတ်ကြောင် ဒါယကာ ဒါယိကာမများကလည်း ဝတ်ကြေတန်းကြေ လူဒါန်း နေရစေကာမူ စေတနာ မထက်သန်ကြသောကြောင့် အကျင့်ကောင်းသော လယ်ယာမြေကောင်းဝယ် ဒါနမျိုးစေ့ကို စိုက်ပျိုးလိုကြပါသည်၊ တိုင်းပြည်အုပ်ချုပ်သော မင်းတို့ကလည်း အများစုက ဗုဒ္ဓဘာသာ မိဘမှ ဆင်းသက်လာကြသောကြောင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လိုကြပါ၏။ သို့သော်... ဘုန်းတော်ကြီးများက ဘာသာရေး၌သာ ရှင်းရှင်းမနေကြဘဲ နိုင်ငံရေးကို ဝင်စွက်ခဲ့ကြသော ရှေးဖြစ်ပုံကိုတွေးကာ နောင်ရေးအတွက် စိတ်မအေးအောင် ဖြစ်ပြီးလျှင် ပြုပြင်ရမည့် နည်းကောင်းကို မပြင်နိုင်ကြပါ။

အစိုးရတတ်နိုင်ပါသည်

ဘုန်းကြီးကား လွတ်လပ်ရေးမရခင်ကပင် သာသနာရေးကို ပြုပြင်လိုသော ဆရာသမားများ အထံမှ ရအပ်သောသြဝါဒဖြင့် အနာဂတ်သာသနာရေးကို ရေးခဲ့ပါသည်၊ မိမိအလိုကျ တစ်နိုင်ငံလုံးကို ပြုပြင်ခွင့်မရသော်လည်း မိမိအုပ်ချုပ်ရာ ကျောင်းတိုက်ကို တစ်မျိုးပြီးတစ်မျိုး ပြုပြင်၍လာခဲ့ရာ အုပ်ချုပ်သောအစိုးရ မပါလျှင် အရာရာ၌ မလွယ်ကူကြောင်းကို ကောင်းကောင်း သိမြင်ပါသည်၊ ထို့ကြောင့် အစိုးရကိုယ်တိုင် တာဝန်ယူ၍ ပြုပြင်သင့်ပါသည်၊ အစိုးရပါလျှင် သာသနာတော် ပြုပြင်လိုသော ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအများပင် သဘောတူကြပါလိမ့်မည်။

အစမ်းပြုပြင်ခြင်း

ဝိမိကျောင်းတိုက်၌ ယခုအခါ အစမ်းပြုပြင်နေပါပြီ ၊ ကျောက်တိုက်၌ နေလိုလျှင် ဂုဏ်ကိုလည်းကောင်း, လာဘ်ကိုလည်းကောင်း မမြော်ကိုးဘဲ ရိုးရိုးစာသင်၍ ဝိနည်းကို သိအောင်လည်း သင်, သိသလောက်လည်း ကျင့်ဖို့ရန် အထူးတိုက်တွန်းပါသည်၊ ငွေဖြင့် ကိုယ်တိုင်ဝယ်ထားသော နိသဂ္ဂိ ပစ္စည်းများ မရှိရအောင် စင်ကြယ်ဖို့ အထူးညွှန်ပြပါသည်၊ နေ့၌သာ စာအံ စာချ၍, ညဉ့်အခါ "ဘုရားဝတ်ပြုချိန်မှစ၍ စာမချ စာမအံ ရတော့ဘဲ အားလုံး တရားထိုင်စေပါသည်။

ရှေးနည်းအတိုင်း လိုက်ပါ

စည်းကမ်းအသစ်ဖြင့် သာသနာတော်သို့ရောက်လာသော ပုဂ္ဂိုလ်တိုင်း၌ ယခုခေတ် အတိုင်း စာသင်ရုံ စာချရုံမျှဖြင့် လောဘ ဒေါသ ဣဿာ မစ္ဆရိယ မာန်မာန နည်းပါး၍ သဒ္ဓါတရား တိုးပွားအောင် မတတ်နိုင်ကြောင်းကို လက်တွေ့အဖြစ်အပျက်က သက်သေပြလျက်ရှိပါသည်၊ ထို့ကြောင့် မြန်မာပြည် ရှေးခေတ်က လင်္ကာသူမွန် သီလဝန် မထေရ်မြတ်တို့သည် နေ့အဖို့၌ ပရိယတ်ကို သင်ယူပို့ချ၍, ညဉ့်အဖို့၌ ပဋိပတ်ကို ကျင့်ကြသကဲ့သို့လည်းကောင်း, ခရစ်တော်သည်လည်း တီဘက်ပြည်၌ သာမဏေအဖြစ်– ရဟန်းအဖြစ်ဖြင့် နေစဉ်က တချိန်၌ ပရိယတ်, တစ်ချိန်၌ ပဋိပတ်ဖြင့် နေခဲ့သကဲ့သို့လည်းကောင်း, ထိုသို့နေရခြင်းကိုပင် ရှေးဆရာတော်ကြီးများက လည်း ကျေနပ်တော်မူကြပါသည်၊ ထို့ကြောင့် ထိုဝိနည်းကိုပင် ယခုအချိန်ကစ၍ လိုက်နာနိုင်အောင် ကြိုးစားသင့်ကြပါသတည်း။

. . . . . .

နောက်ဆက်တွဲနိဂုံး

ဤစာရေးချိန်၌ သရိုင်အပင့်

ဤစာရေးရာ အချိန်အခါသည် သရိုင်ရှာ၌ ပြင်နေသော သိမ်တော်နှင့် စေတီတော်ကြီးပါ အားလုံး ပြီးစီး၍ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့၌ သံဃာတော်များနှင့် အတူ (သံဃာများကို လိုသလောက်များများ ပါစေ၍) ကြွလာဖို့ရန် နယ်သံဃာများ ပါဝင်သော အစည်းအဝေးက စေလွှတ်ခံရသော ဒါယကာများ၏ ပင့်လျှောက်ချိန်နှင့်ကြုံကြိုက်နေပါသည်။

အဖူးအမျှော်သွားမည်

ထိုသို့ ပင့်လျှောက်ချက်အရ ပြီးစီးပြီးသော သိမ်တော် စေတီတော်ကို အဖူးအမျှော်သွားရင်း နယ်သံဃာတော်များနှင့် ဒကာ ဒကာမများ၏ ဆန္ဒကို ပြည့်ဝစေရန် ရည်သန်လျက် ရန်ကုန်က စေတီတော်ဆိုင်ရာ ဒကာများလည်း လာဖို့ရန် အကြောင်းကြားစေရပါတော့သည်။

သွားဘို့အစီအစဉ်

မနှစ်က သံဃာ တစ်ရာနှင့်အတူ သွားခဲ့ရာ ဝယ် ပရိတ်တရား နာလိုကြသော ပတ်ဝန်းကျင် ရပ်ရွာများသို့ အစုခွဲ၍ကြွသောအခါ သံဃာနည်းနေရကား ယခု အခေါက်၌ သံဃာတစ်ရာ့ငါးဆယ်နှင့် အတူ သွားဖို့ရန် စီစဉ်ရပါသည်၊ မနှစ်က ဝက်လက်ရောက်ချိန်မှာ နေ့ဆွမ်းအတွက် အချိန်မီရောက်ဖို့ မသေချာသောကြောင့် အသွားအပြန် ရန်အောင်မန်းကားကြီး ၃စီး,(မြောင်းမြဆရာတော်ပါသည့်အတွက်) လင့်ရိုဘာ ၂စီးဖြင့် သွားခဲ့ရ၏။ ဤအခေါက်၌ကား ဝက်လက်၌ နေ့ဆွမ်းမီဖို့ အချိန်ရှိသောကြောင့် အသွား၌ တွဲလုံးယူထားသော မီးရထား

ခုတွဲဖြင့်သွား၍ အပြန်ကျမှ ကားကြီးငှစင်းလောက်ပြင့် ပြန်ဖို့ရန် စီစဉ်ရပါသည်။

နံနက်ဆွမ်း

ထိုသို့ သွားရာ၌ နံနက်စောစော ရထားလည်း မီအောင်သံယာများလည်းအဆာပြေရုံ ဆွမ်းစားနိုင်အောင်ကျောင်းတိုက်ကို ဂရုစိုက်နေသော ဘူတာအနီးက ဒကာဦးမ၏ အိမ်၌ ဆွမ်းစားဘို့စီစဉ်ရပါသည်၊ နံနက်ဆွမ်းလည်း စားအပြီး, မေတ္တာသုတ် ပရိတ်လည်း ရွတ်အပြီးနှင့် ရထားလာချိန် အဆင်သင့်အောင် စီစဉ်ရာ အားလုံးအသင့်ပင် ဖြစ်ပါသည်။

အင်းကြီးကို လှေဖြင့်ကူး

ဝက်လက်နှင့်သရိုင် အလယ်လောက်တွင်(အလျားအားဖြင့် ရွှေဘိုအထက် ဆည်ကြီးများနှင့် ဆက်မိ၍) အနံ၂မိုင်ခန့်ကျယ်သော အင်းကြီးရှိ၏။ အင်း၏ အလယ်၌ လှည်းသွားနိုင်သော တာရိုးရှိသော်လည်း လှည်းမစီးသော သံယာများအတွက် လှေဖြင့် သွားရခြင်းက သက်သာ၏။ ကားဖြင့်သွားဖို့ လမ်းလည်းမကောင်းလှ၊ ထို့ကြောင့် မနှစ်ကလို လှေဖြင့်သွားဖို့ရန် စီစဉ်ရ၏။ လှေဖြင့်သွားသောအခါ ပတ်ဝန်းကျင်ရှာများနှင့် ရေသတ္တဝါတွေကို မေတ္တာဖြန့်သည့်အနေအားဖြင့် မေတ္တာသုတ်, ရတနာသုတ်, မဟာသမယသုတ်တို့ကို မနှစ်ကလို သံပြိုင်ညီညီ ရွတ်ဆိုကြဘို့လည်း စီစဉ်ရပါသည်၊ သို့သော် မနှစ်က မြင်တော်ရှာ၌ ကြိုဆိုကြသော ပရိသတ်ဝယ် သြဝါဒပေးပြီး၍ ဖေါင်သို့ ဆင်းသောအခါ ဖေါင်က မခိုင်သောကြောင့် ဤနှစ်၌ လှေကို ၂စင်းစီ ၂စင်းစီ (ပူးတွဲခြင်းမျိုး မဟုတ်ဘဲ) ဦးချင်းညီရုံ ဆက်၍ အလယ်လှေ၌ အသံချဲ့စက် ထားပြီးလျှင် သာသာယာယာ ရွတ်ဆို သွားကြရပါသည်။

သရိုင်နေခိုက်

မနှစ်က သရိုင်၌ ခုရက်နေခဲ့သလို ဤနှစ်၌လည်း ခုရက်နေ၍ စေတီတော်ကြီးနှင့် သိမ်တော်ကို ညဉ့်အခါ၌ ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ်တော်ကို သံပြိုင်ညီညီ ရွတ်ဆိုပူဇော်ကြပါသည်၊ တစ်ချို့ညဉ့်ဝယ် သရိုင်နှင့် ပတ်ဝန်းကျင် ရွာများ၌ မေတ္တာသုတ်စသော သုတ်တော်များကို ရွတ်ဆိုကြပါသည်၊ ရပ်သူနယ်သားအားလုံးပင် ဗုဒ္ဓမြတ်စွာကို သက်တော်ထင်ရှားထင်မြင်လာသည့်အထိ တဖြေးဖြေး အာရုံပြုတတ်အောင် ဟောပြောခဲ့ပါသည်၊ ဒါနကို အနည်းငယ်စီသာ မှန်မှန်ပြုဖို့နှင့် ကိုယ်ကျင့်ကောင်းအောင်သီလကိုသာ ရှေးကထက်ကြိုးစားကြဘို့ တစ်အိမ်နှင့် တစ်အိမ်, တစ်ရွာနှင့်တစ်ရွာ မေတ္တာပို့ကြဘို့ လူမှုကိစ္စရှိလျှင် ခင်ခင်မင်မင်ကူညီကြဘို့ တိုက်တွန်းခဲ့ပါသည်။

စားရေးသောက်ရေး

စာရေး သောက်ရေးမှာ မနှစ်ကလိုပင် ဆွမ်းကပ်ရာ၌ မေတ္တာဘာဝနာနှင့်လည်း လိုက်လျောအောင်လည်းကောင်း, သားငါးမစား– နတ်သုဓာကို သာစားသော အထက်နတ်များနှင့်လည်း လိုက်လျော၍ ရပ်ရွာနယ်ပယ်ကို စောင့်ရှောက်လိုသော ဆန္ဒများ ဖြစ်ပေါ်လာအောင်လည်းကောင်း, အကုန်အကျ မများအောင်လည်းကောင်း, သားစိမ်းငါးစိမ်း သားကြီး ငါးကြီးများ မစိမ်ကြဘို့ရန်နှင့် မုံ့ပဲသွားရည်စာကို မြို့အစာများ မပါစေဘဲ ရပ်ရွာ၌ဖြစ်သော မုံ့ပဲ လဘက် ရည်ကြမ်းကို သာ ကပ်ကြဖို့ရန် မနှစ်က ညွှန်ပြသလို ဤနှစ်၌လည်း ညွှန်ရပါသည်။

ဟံလင်းမြို့ဟောင်း

ဤ ဒုတိယအကြိမ် သွားရာ၌ လိုက်ပါသော သံယာများကို ဗဟုသုတရစေဖို့ရန် ဟံလင်းမြို့ဟောင်းသို့ ရေပူချိုးဖို့ပို့ရပါသည်၊ ထိုသို့ပို့သောအခါ နေ့ဆွမ်း

အတွက် သရိုင်ဇာတိ (ညီဝမ်းကွဲတော်သူက) တာဝန်ယူဖို့ရန် အကြောင်းကြားထားသော်လည်း "ထိုအကြောင်းကို ကြားရသော ဒါယကာ (သူကြီးဟောင်း)က သူလဲ ဆွမ်းကပ်ပါရစေ"ဟု ဝက်လက်ရောက်လျှင် ရောက်ခြင်း လျှောက်သောကြောင့် ဂ၅ပါးစီ ခွဲ၍ ဆွမ်းကပ်စေရတော့သည်။

ရေမချိုးခဲ့ရ

သရိုင်ရွာမှ ညောင်ပင်တွင်းသို့သွား၍ လှေဖြင့် ဆားတောင်ကြီးရွာသို့ သွားပြီးမှ ဟံလင်းသို့ သွားရ၏။ ရောက်လျှင် ရောက်ချင်း အချိန်ပိုမရ၍ ဆွမ်းခံဆွမ်းစားရ သောကြောင်လည်းကောင်း, ဆွမ်စားပြီး ဆွမ်းဆန်စိမ်းလောင်းလို ကြသော ကြောင့်လည်းကောင်း, သူတို့ဆန္ဒကို ပြည့်စေရသည့်အပြင် အချိန်မီပြန်၍ စမ္ပန်းရွာ– ညောင်ပင်တွင်းရွာတို့၌ ပရိတ်ရွတ်ကြရ သောကြောင့် ရေချိုးခွင့် မရခဲ့ကြပေ။ "နောက်တစ်ကြိမ်၌ ဟံလင်းကြီးဝယ် ညအိမ်ဘို့ လျှောက်ကြပါသည်။] ဟံလင်းမြို့ဟောင်း သွားရာ၌ ကိုယ်တိုင် လိုက်–မသွားသော်လည်း ဆွမ်းဆန်စိမ်းလောင်း သောအခါ ရဟန်း တော်တပါးအတွက် လူဝတ်ကြောင်ကပ္ပိယ တစ်ယောက် တောင်းဖြင့် လိုက်ပါဖို့ရန် ခေါင်းဆောင် စာချဘုန်းကြီး က စီမံပါသည်တဲ့။

မင်းရွာနှင့် ကျည်းပင်ကန်

ဤဒုတိယအခေါက်၌ မင်းရွာနှင့် ကျည်းပင်ကန်ရွာ တို့မှ ပရိတ်ရွတ်ပင့်ကြ, ဆွမ်းကပ်လိုကြသောကြောင့် သူတို့ အလိုကိုလည်း ပြည့်စေဖို့ရန် ပြန်ခါနီး နောက်ဆုံးညဉ့်၌ ငါးဆယ်စီခွဲ၍ ပို့ရသောကြောင့် ဝက်လက်၌ သံဃာငါးဆယ်သာ ညဉ့်အခါ၌ ပရိတ်ရွတ်–မိမိက တရားစကား ပြော၍ ထိုခရီးအတွက် အများ အလိုပြည့်အောင် စီစဉ်ရပါသည်။

သံသရာခရီး

အို သူတော်ကောင်းတို့... အသွားအပြန် ငါးရက် မျှသာ ကြာမည့် ခရီးအတွက် အတူပါလာသူများ မဆင်းရဲဖို့ရန် ရထားတွဲလုံးရအောင် စီစဉ်ရ, ပါလာသူတို့ လေ ထအောင် ရထားမစီးခင် ဖြစ်သလို နံနက်ဆွမ်းစားဖို့ စီစဉ်ရ, အပြန်ခရီးအတွက် ကားကြီးများရအောင် စီစဉ်ရ, သရိုင်ရွာနေခိုက် နေရေး စားရေးကို ကြိုတင်၍ စီစဉ်ရခြင်းအားဖြင့် အတော်ကလေး ကိစ္စများပုံတို့ကို သိမြင်ကြသော မိမိ၏ သံဃာများနှင့် ဒါယကာ ဒါယိကာမများသည် နိဗ္ဗာန်အထိ ရှည်လျားသော သံသရာခရီး အတွက် မည်၍မည်မျှ တင်ကြို၍ စီမံထားသင့်ကြောင်းကို သဘော ပေါက်လောက်ပါပြီ။

ပြုပြင်နိုင်ပါစေ သတည်း

ထိုသို့သဘောပေါက်ကြလျှင် ငါးပါးသီလ လုံခြုံ စွာဖြင့် ဤစာအုပ်ကလေးကို ကြည့်၍ကြည့်၍ ဗုဒ္ဓါ နုဿတိဘာဝနာကို အထူးလေ့လာကြပါ။ မေတ္တာ ဘာဝနာကို နေ့စဉ်မှန်မှန်(အချိန်အနည်းငယ်ဖြစ်စေ) ပွားများ ကြပါ။ မိမိစိတ်၌ အဘိဓျာ ဣဿာ မစ္ဆရိယ မာန ဒေါသနှင့် ကာမဂုဏ်၌ လျှပ်ပေါ် လော်လီမှုမရှိအောင် အတူးသတိထားကြပါ။ ဗုဒ္ဓသာ သနာတော်ကို လူဒါန်းထောက်ပင့်ရာ၌လည်းကောင်း, ကိုယ်တိုင် သာသနာ့ဝန်ထမ်း ရဟန်းပြုရာ၌လည်းကောင်း, အမျိုးဘာသာ သာသနာ တော်ကို ဖျက်ရာ မရောက်အောင် စည်းကမ်း သေဝပ်စွာ ပြုတတ်ဖို့ရန် ဤကျမ်းစာ၌ ညွှန်ပြသည်ကို လိုက်နာ၍ သံသရာခရီး အတွက် လူကောင်းသူကောင်းများ ဖြစ်ကြပါစေသတည်း။

နိဂုံးချုပ်။ ။ ဗုဒ္ဓါနုဿတိ , ဘာဝနာရှိမှ , မိမိဘာသာ, သာသနာကို, ကောင်းစွာသိမြင်, စောင့်ရှောက်ချင်၏။

စောင့်ချင်လာသော်, ကြောင်းကျိုးမြော်က, ခုပေါ်ကာလ, ပကာသနနှင့်, ဒါနစုစု, ကုန်ကျမှုတို့, အပြုဘက်မှာ, မရောက်လာဘဲ ဖျက်ရာသို့ပင်, အများဝင်၏။

သို့စင်သာသနာ, ပြုလိုပါမူ, ပကာသန, မပါကြဘဲ, ဒါနစုစု, ကောင်းအောင်ပြုလော့၊ တစ်ခုဒါန, ပါရုံမျှဖြင့်, သံသာရကြီး, လမ်းခရီးကား, ဘယ်နည်းနှင့်မျှ, မဖြောင့်ကြဘူး။

သီလအကျင့်, လုံအောင်ကျင့်လျက်, အသင့်မေတ္တာ, ကရုဏာနှင့် သစ္စာခန္ဓာ, စိတ်လည်းရှည်၍, ကိုယ်စီစီတ်မှု, ဖြောင့်အောင် ပြုမှ, ယခုလည်းကောင်း, နောင်လည်းကောင်းလိမ့်။

အကောင်းဖုံဖုံ, အကုန်စုံလျှင်, ပြည့်ဘုံအမတ, နိဗ္ဗာနကို, ရဖို့ အကြောင်း, ဆုမတောင်းလည်း, သူကောင်းစံဖို့, ခေမာမြို့ ကား, ငါတို့တွက်တာ, အနီးမှာတည်း။

မှန်စွာလမ်းစဉ်, ဤသို့မြင်၍, လူရှင်များစု, သာသနာပြုဘို့, ယခု နောက်နှောင်း, အချိန်ကောင်းသဖြင့်, စုပေါင်းသေချာ, စီရင် ပါသည်, ... ဗုဒ္ဓါနုဿတိ–နုဿတိ။

ဗုဒ္ဓါနုဿတိဘာဝနာ
နောက်ဆက်တွဲပါပြီးပြီ။

. . . . . .

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် (၂၄၉/၂၀၀၀)(၅)

စာအုပ်စာတမ်း စာနယ်ဇင်းမျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၂၁၈/၂၀၀၀)(၅)

မျက်နှာဖုံးရိုက် – နယူးဘားမားပိဋကပုံနှိပ်တိုက်

အုပ်ရေ – ၅၀၀၀

အကြိမ် – တတိယအကြိမ်

ခုနှစ် – ၂၀၀၀–ခုနှစ်, မေလ

တန်ဖိုး – ( )

ထုတ်ဝေသူ – ဦးမောင်မောင်၊ မဟာဂန္ဓာရုံစာပေ၊ (မြ–၀၃၂၇၁)၊ပိန်းတန်းရပ်,အမရပူရမြို့။

ပုံနှိပ်သူ – ဦးမောင်မောင်၊ (၀၁၈၂၄) နယူးဘားမားအော့ဖ်ဆက်ပိဋကပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံ ဇရပ်ဝင်း, အမရပူရမြို့။